


www.burmeseclassic.com
BURMESE CLASSIC .com
ဇော်ထက်အောင်
စစ်ရန်နိုင်ငံနှင့်လျှို့ဝှက်ကျွန်း
www.burmeseclassic.com

www.burmeseclassic.com

ဦမက်ကီပါဒေဟုံ
ဝိုန့်ဒ်ဒို
(နည်းပညာတက္ကသိုလ်)
စီစဉ်သည်။

# ဇော်ထက်အောင်

## စင်ရန်နိုင်နှင့်လျှို့ဝှက်ကျွန်း

(ဇာတ်လမ်းအသစ်စက်စက်၀/ဆုံးလုံးချင်းဝတ္ထု)

မိုးဆမ်းပန်း စာပေ
၁၉/၂၁၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၅၄၈၃

www.burmeseclassic.com

www.burmeseclassic.com

တမူခွင့်ပြုချက်အမှတ် - ၅၀၁၃၇၀၀၉၀၉၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၁၂၀၉၀၉
၂၀၀၉ ခု နိုဝင်ဘာလ၊ အုပ်ရေ-၅၀၀၊ တန်ဖိုး-၁၃၀၀၊ ဒီဇိုင်း-မြို့သူ(ဝသန်)၊ ကာလာခွဲ-
အီးဆဲလ် တအုပ်ချုပ်-မောင်မောင်၊ ဦးနှင်းဆွေ(၀၉၈၃ မြ)၊ ပန်းလက်ဆောင်စာပေ၊ ၅၁၆/က၊ မှလဲ
(၄)လမ်း မ/ဥက္ကလာပ၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဦးကျော်လှိုင်(၀၅၅၇၃)၊ စေတနာအော့(ဖ်)ဆက်၊
အမှတ်(၅၉)၊ ၁၉ လမ်း၊ ရန်ကုန်မြို့မှ အဖုံးနှင့်အတွင်းပုံနှိပ်ပါသည်။ ပထမအကြိမ်

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း" (CIP)

၈၉၅.၈၃

ဇော်ထက်အောင်
စဝ်ရန်နိုင် နှင့် လျှို့ဝှက်ကျွန်း / ဇော်ထက်အောင်။ - ရန်ကုန်
ပန်းလက်ဆောင်စာပေ၊ ၂၀၀၉။
၇၂ - စာ၊ ၁၂.၇ × ၁၇.၇၈ စင်တီ။
(၁) စဝ်ရန်နိုင် နှင့် လျှို့ဝှက်ကျွန်း



## အခန်း (၁)

ကောင်းကင်ပြာပြာသည် ကြည်လင်သန့်စင် သာယာနေသည်။

တောက်ပသော နေခြည်လက်တံနုနုများသည် ဇရစ်ပင်လယ်အော်ပေါ်၌ ထိုးဖြာကျဆင်းလျက်ရှိနေပေသည်။

ဟိုးတားခရုပ်ဖ်ရေယာဉ်တစ်စီးသည် ရေပြင်ပေါ်၌ လျှပ်တိုက်ပြေးလွှားမောင်းနှင်လျက်ရှိသည်။

ဆတ်သွားဖူးကျွန်းသို့ ဟိုးတားခရုဖ်ရေယာဉ်က ဦးတည်မောင်းနှင်၍နေ၏။

ရေယာဉ်ပေါ်၌ ရေယာဉ်မောင်းသူ လူငယ်တစ်ဦးနှင့် စဝ်ရန်နိုင်တို့ လိုက်ပါလာကြသည်။ စဝ်ရန်နိုင်သည် သူ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးသည့် နေရာဒေသ သစ်တစ်ခုသို့ ခရီးထွက်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေယာဉ်ဘေး၌ ပင်လယ်ပျော် ငှက်များ လေဟုန်စီး၍ ပျံသန်း၍နေကြသည်။

ကျွန်းအနီးသို့ ဟိုးဗားခရစ်ဖ်ရေယာဉ် တဖြည်းဖြည်းနှင့် ချဉ်းကပ်လာသည်။

စိမ်းစိုသည့် သစ်ပင်ကြီးများ ထူထပ်စွာပေါက် ရောက်နေသည့် သစ်တောအုပ်ကြီးများကို ဦးစွာမြင်တွေ့လိုက်ရသည်။

စဝ်ရန်နိုင်သည် မြင်ကွင်းများကို သေချာစွာကြည့် ရှုနေမိသည်။

သူ၏စိတ်ထဲ၌လည်း ထူးဆန်းနေသည်ဟု ထင်မိသည်။

သူ့အနေဖြင့် ဤနေရာသည် လွင်တီးခေါင်နေရာ တစ်ခုဖြစ်မည်ဟုသာ သတ်မှတ်ထားခဲ့သည်။ အထင်နှင့်အမြင် လုံးဝ ကွဲလွဲနေသဖြင့် စဝ်ရန်နိုင် အံ့ဩသွားရသည်။

ရေယာဉ်မောင်းသူဘက်သို့လှည့်၍ -

"ဒီကျွန်းပေါ်မှာ သစ်ပင်ကြီးတွေ ပေါက်နေတာ တကယ်ကော ဟုတ်ရဲ့လား"

ရေယာဉ်မောင်းသူက ရယ်မောလိုက်ပြီး -

"ဟုတ်ပါတယ် . . သူတို့ဆီမှာ စက်ယန္တရားကြီးတွေ အပြည့်အစုံရှိတယ် အစ်ကို။ သူတို့က အဲဒီစက်ယန္တရားကြီး တွေကို အသုံးပြုပြီး ကျွန်းပေါ်က အရာအားလုံးကို ဖန်တီးပြုပြင်ထားကြတယ်။ အင်း . .သူတို့ဆိုတာက သိပ္ပံပညာရှင်ကြီးတွေကို ပြောတာပါ။ အစ်ကိုလဲ သိထားတယ်မဟုတ်လား"

ဤကျွန်းပေါ်၌ရှိနေသော ပုဂ္ဂိုလ်များသည် လိုအပ်သည့် အရာမှန်သမျှကို အောင်မြင်စွာ ဖန်တီးစွမ်းဆောင်နိုင်စွမ်း





ရှိသည်ဟူသော အဓိပ္ပာယ်နှင့် ပြောလိုက်ခြင်းပင်ဖြစ်သည်။

စဝ်ရန်နိုင်သည် ဆတ်သွားဖူးကျွန်းပေါ်၌ အရေးကြီး သောတာဝန်တစ်ခုဆောင်ရွက်ပေးရန် ထွက်လာခဲ့ခြင်းဖြစ် သည်။

သူ့ကို အရေးကြီးသော လုပ်ငန်း တာဝန်တစ် လာ ဆောင်ပေးရန်အတွက် ဒေါက်တာစံသာမြတ်က ငှားရမ်းထား ပေသည်။ ဒေါက်တာ စံသာမြတ်က ဆတ်သွားဖူးကျွန်းသို့ အလွယ်တကူ လာရောက်နိုင်ရန် ဟိုးဗားခရပ်(ဖ်)ရေယာဉ် တစ်စီးကြိုတင် စီစဉ်ပေးထားသည်။ ထို့ကြောင့် စဝ်ရန်နိုင်သည် သတ်မှတ်ထားသော နာရီ၌ ဟိုးဗားခရပ်(ဖ်)ရေယာဉ်ဖြင့် ခရီးထွက်လာခဲ့ခြင်းဖြစ်သည်။

ဒေါက်တာစံသာမြတ်က သူ့ကိုယ်တိုင်စောင့်ကြိုနေမည်ဟု အကြောင်းကြားထားခဲ့သည်။ ထို့ပြင် နံနက်စာပါ အသင့်ပြင်ဆင်ထားပေးပါမည်ဟု မှာကြားခဲ့သည်။

နံနက်စာကောင်းကောင်း စားရန်အတွက် စဝ်ရန်နိုင် တွေးလိုက်မိသည်။

စဝ်ရန်နိုင် ရေယာဉ်မောင်းသူအား -

"ဆတ်သွားဖူးကျွန်းပေါ်မှာ လူ ဘယ်နှစ်ယောက် အထိ ရှိသလဲ"

ရေယာဉ်မောင်းသူ ခေတ္တမျှစဉ်းစားလိုက်ပြီး -

"ခြောက်ယောက်လောက်ပဲ ရှိပါတယ်၊ နောက် ထမင်းချက် အမျိုးသမီးကြီးတစ်ဦး ရှိသေးတယ်၊ သူ့ရဲ့နာမည်က ဒေါ်သဇင်တဲ့ . .။ ကျွန်းပေါ်မှာရှိတဲ့ လူတွေကို ချက်ပြုတ်ကျွေးမွေးဖို့ ဒေါ်သဇင်က တာဝန်ယူထားရတယ်။ မနေ့တုန်းကပဲ ကျွန်းပေါ်ကို လူနှစ်ယောက် ရောက်လာကြသေးတယ်။ အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲ။ အမျိုးသမီးကတော့ အတော်လေး ဆွဲဆောင်မှုရှိတယ်"

ဟိုးတားခရပ်(ဗ်)ရေယာဉ်သည် ကမ်းခြေသဲသောင်ပြင်ပေါ်သို့ ထိုး၍တက်သွားသည်။ ထို့နောက် ညင်သာစွာ ရပ်၍သွားသည်။

ကမ်းခြေရှိ ကြိမ်တဲအိမ်ငယ်ကလေး တစ်လုံးအတွင်းမှ အရပ်ခပ်ပုပု၊ ဆံပင်ဖြူဖြူနှင့် လူတစ်ဦးထွက်လာသည်။ ထိုလူသည် ဟိုးဗားခရပ်(ဗ်)ရှိရာသို့ ခပ်သွက်သွက်လျှောက်လာနေသည်။

ထိုလူကို မြင်လိုက်သည်နှင့် -

ဒေါက်တာ "စံသာမြတ်"ဖြစ်မှန်း စဝ်ရန်နိုင် ခန့်မှန်းလိုက်သည်။

သဲသောင်ပြင်ပေါ်၌ ဒေါက်တာစံသာမြတ်က ခြေတစ်ဘက် တော့နဲ့ထော့နဲ့ဖြင့် လျှောက်လာနေသည်။

စဝ်ရန်နိုင်က ဟိုးဗားခရပ်(ဗ်) ရေယာဉ်ပေါ်မှ ခုန်ဆင်းလိုက်သည်။

ညာလက်ကို ဆန့်၍ ကမ်းပေးလိုက်ရင်းမှ -

"ကျွန်တော် စဝ်ရန်နိုင်ပါ"

"ဟုတ်ကဲ့ . . . ခင်ဗျား အချိန်မီ ရောက်လာတဲ့ အတွက် ဝမ်းသာပါတယ်။ ကျွန်တော့်နာမည် ဒေါက်တာ စံသာမြတ်ပါ။ ဇဒါသဋ္ဌာက ခင်ဗျားအတွက် မနက်စာ အသင့်ပြင်နေပါပြီ"

ဟိုးဗားခရပ်(ဗ်)ရေယာဉ် ကျွန်းပေါ်မှ ပြန်လည်ထွက်ခွာသွားသည်။

စဝ်ရန်နိုင်သည် ဒေါက်တာစံသာမြတ်၏ နောက်မှ လိုက်ပါသွားသည်။

သဲသောင်ပြင်၏အထက်၌ ကွန်ကရစ်ဖြင့်ပြုလုပ်ထားသော လူသွားလမ်းငယ်တစ်ခုရှိသည်။ ထိုကွန်ကရစ် လမ်းကို သစ်ပင်အုပ်





ကြီးများကြားမှ ဖြတ်၍သွားပြီး နှစ်ထပ် တိုက်အိမ်ကြီးတစ်လုံး၏ အိမ်ရှေ့အထိ ဖောက်လုပ်ထားသည်။

သစ်ပင်များမှာ ထူထပ်စွာ ပေါက်ရောက်၍နေသည်။ အကိုင်းအခက်အရွက်များမှာလည်း ထူးခြားစွာ စိမ်းစို၍နေသည်။

သစ်ပင်များကြားမှနေ၍ နှစ်ထပ်တိုက်အိမ်ကြီးဆီသို့ စဝ်ရန်နိုင် လှမ်း၍မသိမသာ အကဲခတ်လိုက်သည်။ သို့သော်သေချာစွာ မမြင်နိုင်ပဲဖြစ်နေပေသည်။

စဝ်ရန်နိုင်သည် သစ်ပင်အုပ်ကြီးများကြည့်ရင်းမှ

"ဒီလိုနေရာမျိုးမှာ ဒါလောက်စိမ်းစိုတဲ့ အပင်မျိုးတွေ ပေါက်နေတာ အံ့ဩစရာပဲ။ ဒီအပင်မျိုးတွေက ဒီဒေသမျိုးမှာ ပေါက်ရောက်တယ်ဆိုတာကလဲ သဘာဝပုံမှန်ဖြစ်စဉ်မှမဟုတ်တာ"

ဒေါက်တာစံသာမြတ်က ပြန်၍ရှင်းပြသည်။

"တကယ်တော့ . . ဒါဟာ သဘာဝပုံမှန်ဖြစ်ရိုး ဖြစ်စဉ် မဟုတ်ပါဘူး။ ကျွန်တော်တို့ဆီမှာရှိတဲ့ အဆင့်မြင့် စက်မှုသိပ္ပံနည်း ပညာသုံး စက်ကိရိယာတွေကိုအသုံးပြုပြီး "သီးသန့်ရာသီဥတု"ကို ဖန်တီး တီထွင်ခဲ့ကြတယ်။ မြို့ပြ ဒေသတွေအတွက် ရာသီဥတုထိန်းသိမ်းရေးနည်းပညာတွေကိုပါ ကျွန်တော်တို့ရှာဖွေတွေ့ရှိခဲ့ကြပါတယ်။ အဆင့်မြင့် စက်မှုသိပ္ပံနည်းပညာနဲ့ စက်ကိရိယာပစ္စည်းတွေရဲ့ အကူအညီနဲ့ ကိုယ်ပိုင်ရာသီဥတုကို လိုသလို ဖန်တီးနိုင်ကြပါတယ်။ ဒါပေမယ့် ကုန်ကျစရိတ်က အဆမတန်ကြီးမားလွန်းတယ်။ ဒါကြောင့် ရာသီဥတုထိန်းချုပ်ရေး စီမံကိန်းတွေကို ခေတ္တ ရပ်ဆိုင်းထားခဲ့ရတယ်"

စဝ်ရန်နိုင်၏လက်ထဲ၌ ပါလာသော ခရီးဆောင် သေတ္တာကလေးကို ဒေါက်တာစံသာမြတ်က တစ်ချက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား တာဝန်ယူရမယ့် လုပ်ငန်းအတွက် လိုအပ်တဲ့ပစ္စည်းကိရိယာတွေအားလုံး ခင်ဗျားရဲ့ သေတ္တာလေးထဲမှာ အပြည့်အစုံပါလာတာသေချာပါတယ်နော်..."

"ဓာတ်ပုံလုပ်ငန်းသုံးပစ္စည်းမှန်သမျှကိုအသေးငယ်ဆုံးဖြစ်အောင်ချုံ့ထားပါတယ်။ ဒါမှသယ်ရပြုရတဲ့အခါမှာ ဝန်မကျယ်တော့ပဲ ပိုပြီး အဆင်ပြေပါတယ်။ ကျွန်တော့်လုပ်ငန်းနဲ့ ပတ်သက်တဲ့ ပစ္စည်းမှန်သမျှ ဒီသေတ္တာ ထဲမှာ အားလုံး အပြည့်အစုံပါ.ပါတယ်။ ပစ္စည်းတွေက သိပ်သေးနေလို့ ဒီသေတ္တာလေးတစ်ခုတည်းနဲ့တင် လုံလောက် နေတာပါ။ ကျွန်တော်ထင်ပါတယ် ..နောက်ပိုင်းမှာ ဒါထက်ပိုပြီး သေးငယ်လာကြဦးမှာပါ"

ဒေါက်တာစံသာမြတ်က ခေါင်းညိတ်လိုက်သည်။

"မှန်တယ်ဗျို့ ပညာရှင်တွေက ပစ္စည်းတွေကို အသေးငယ်ဆုံးဖြစ်အောင် ဖန်တီးယူပြီး ပစ္စည်းရဲ့တန်ဖိုးကိုတော့ ဈေးမြှင့်ပြီး ရောင်းလာကြတယ်"

နောက်ဆုံးသစ်ပင်အုပ်ကြီး တစ်ခုကိုဖြတ်ကျော် လိုက်ကြသည်။

ထိုအခါတွင်မှ -

အဆောက်အအုံကြီးတစ်ခုလုံးကို စစ်ရန်နိုင် သေချာ စွာမြင်တွေ့လိုက်ရလေတော့သည်။

အဝါနုရောင် ဆေးသုတ်ထားသော ကွန်ကရစ် အဆောက်အအုံကြီးတစ်ခုဖြစ်ပေသည်။

သေချာစွာကြည့်လိုက်လျှင် အိမ်ဟုပင် မဆိုနိုင် ပေ။

အရပ်ရှစ်မျက်နှာသို့ ပြန့်ကားလျက်တည်ဆောက် ထားသော ဧရာမအဆောက်အအုံကြီးတစ်ခုသာလျှင်ဖြစ်ပေသည်။





စစ်ရန်နိုင်က -

"အဆောက်အအုံကြီးက အတော်ကျယ်မယ်လို့ထင်တယ်"

"မြေပေါ်အထပ်နှစ်ထပ်မှာ အခန်းပေါင်းသုံးဆယ်ရှိတယ်။ မြေအောက်ခန်းထဲမှာတော့ မီးခံသံမဏိသိုလှောင် ခန်းတွေနဲ့ စက်မှုသိပ္ပံပညာကိရိယာပစ္စည်းတွေနဲ့ ဓာတ်ခွဲခန်း တွေရှိပါတယ်။ ကျုပ်တို့လုပ်ငန်းနဲ့ပတ်သက်ပြီး လုံလောက်ပြည့်စုံတဲ့နေရာအကျယ် အဝန်း ရှိပြီးသားပါ"

"ဒီကျွန်းက အတော်ကျယ်သလား"

"ဧက ငါးရာလောက်တော့ရှိမယ်၊ ကျွန်းတစ်ကျွန်းလို့ သတ်မှတ်နိုင်လောက်တဲ့အကျယ်အဝန်းမျိုးတော့ မရှိပါဘူး"

အဆောက်အအုံကြီး၏ အတွင်းဘက်ပိုင်းသို့ ဝင် လိုက်မိလျှင် မျက်နှာကျက်ပေါ်၌ ခိုတွယ်လျက်ရှိသော အင်းဆက်ပိုးမွှား သဏ္ဍာန်အရာကလေးများက အသက်ဝင်လှုပ်ရှားလာကြသည်။

သေးငယ်သော ထိုပစ္စည်းကလေးများသည် ရုပ်သံမှန်ဘီလူးများ၊ မိုက္ကရိုဖုန်းလိုင်းလွှတ်ပစ္စည်းများ၊ အနီ အောက်ရောင်ခြည်ပစ္စည်းများ ဖြစ်ကြသည်။

ထိုပစ္စည်းကလေးများသည် ဘက်ပေါင်းစုံသို့ ရွေ့လျားနိုင်စွမ်းရှိကြသည်။ ပင်မဝင်ပေါက်ခန်းမအတွင်းသို့ ဝင်ရောက်လာသူတစ်ဦးအား အနီးကပ်ထောက်လှမ်းနိုင်စွမ်း ရှိပြီး သက်ဆိုင်ရာသို့ ချက်ခြင်း သတင်းပို့နိုင်စွမ်းရှိသည့် အဆင့်မြင့်အချက်ပေး အီလက်ထရွန်းနစ်ထောက်လှမ်းရေးကိရိယာများပင်ဖြစ်သည်။

ဒေါက်တာစံသာမြတ်က လက်ညှိုးဖြင့်ညွှန်ပြ၍ -

"ဒီလိုအသေးစားပစ္စည်းကလေးတွေက ကျုပ်ရဲ့အဆောက်အအုံနေရာအနှံ့မှာရှိတယ်။ ဒီအခန်းထဲမှာ အပူရှိန်ပြောင်းလဲလာရင်၊



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင် ပြောင်းလဲသွားရင်၊ မကောင်းတဲ့ အနံ့အသက် တစ်မျိုးမျိုး ဝင်လာရင် သူတို့က ချက်ခြင်းအချက်ပေးတော့တာပဲ"

"ညဘက်မှာဆိုရင် အခန်းထဲမှာ လှုပ်ရှားမှုတစ်ခုခု တွေ့တာနဲ့ အချက်ပေးနိုင်စွမ်းရှိတယ်.."

"ဆက်သွယ်ရေးယာဉ်ဆိုလို့ ဟိုးဟားခရပ်(ဖ်)ယာဉ် တစ်စီးပဲရှိတာလား"

"နောက်ထပ် မော်တော်ဘုတ်တစ်စီး ရှိပါသေးတယ်။ အရေးပေါ်ကိစ္စမှာ အသုံးပြုဖို့ပါ။ ဒါပေမယ့် မသုံးဖြစ်လှ ပါဘူး။ သူ့ကို လှေအိမ်ထဲမှာပဲထည့်ပြီး သိမ်းထားရတာက များပါတယ်။ ဟိုးဟား ခရပ်(ဖ်) ရေယာဉ်ကတော့ ဒီကျွန်းကို လာမယ့် ဧည့်သည်တွေကို သယ်ယူပို့ဆောင်ပေးဖို့နဲ့ ရိက္ခာ ပစ္စည်းတွေ သယ်ယူပေးတဲ့နေရာမှာ အသုံးပြုတယ်"

သူတို့နှစ်ဦးသည် မြေညီထပ် ခန်းမဆောင်ကြီး၏ အစွန်းတစ်ဘက်ရှိ စားသောက်ခန်းထဲသို့ ရောက်ရှိလာကြသည်။

စားပွဲပေါ်၌ လူသုံးယောက်စာအတွက် ခင်းကျင်းပြင်ဆင်၍ ထားသည်ကို တွေ့လိုက်ရသည်။

စစ်ရန်နိုင်က ပြတင်းပေါက်အနီးရှိ ထိုင်ခုံတစ်လုံး၌ ထိုင်လိုက်သည်။

"ကျွန်တော့်ရဲ့အလုပ်က ချက်ခြင်း ပဲစရတော့မှာလား.. ဒေါက်တာ"

ဒေါက်တာစံသာမြတ်က -

"အော်ပရေးရှင်းကိစ္စက ဒီညပဲ စ,ပြီး လုပ်ကြမှာပါ။ ကျွန်တော့် ကျူပ်တို့ရဲ့အဖွဲ့ဝင်တွေကိုတော့ နံနက်စာစားပြီးတဲ့ အချိန်မှာ ခင်ဗျားနဲ့ တွေ့ကြရပါလိမ့်မယ်"





ကျန်နေသော ထိုင်ခုံလွတ်နေရာကို ဒေါက်တာစံသာမြတ်က လက်ညှိုးထိုးပြလိုက်ရင်းမှ -

"ကျွန်တော်နဲ့အတူ မနက်စာအတူစားလေ့ရှိတဲ့လူကတော့ ဒေါ်သဉ္ဇာပါပဲ။ သူက မနက်တစ်ချိန်တည်းပဲ ကျွန်တော်နဲ့အတူ စားတာပါ။ ဒေါ်သဉ္ဇာ အခုပဲရောက်လာပါလိမ့်မယ်"

အော်တိုမက်တစ် တံခါးတစ်ချပ် နံရံမှ ညင်သာစွာ ပွင့်၍လာသည်။ သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦး သည် ငွေလင်ဗန်းတစ်ချပ်ကိုင်လျက် စားသောက်ခန်းထဲသို့ဝင်လာသည်။

ငွေလင်ဗန်းအတွင်း၌ သစ်သီးဖျော်ရည် ထည့်ထားသည်။ ဖန်ချိုင့်တစ်ခု၊ ကြက်ဥ၊ ဝက်အူချောင်းနှင့် ဝက်သား ကင်များ၊ ပုစွန် ကြော်များ ထည့်ထားသည့် ပန်းကန်ပြားများ။

ထိုအမျိုးသမီးက စစ်ရန်နိုင်အား ခေါင်းအသာညိတ် ၍ နှုတ်ဆက်ကြသည်။ သူမ၏ပါးစပ်မှ စကားတစ်ခွန်းမျှ ပြောခြင်းမရှိပေ။

ဒေါက်တာစံသာမြတ်က မိတ်ဆက်ပေးသည်။

"စစ်ရန်နိုင် . . . ဒါ ကျွန်တော့်အိမ်က ထမင်းချက် တာဝန်ယူထားတဲ့ ဒေါ်သဇင်ပါ။ သူက ဆွံ့အ,နားမကြားဖြစ်နေပေမယ့် တကယ်တော်တဲ့ အလုပ်သမားကောင်းတစ်ယောက်ပါ"

ဒေါ်သဇင်က မတ်တတ်ရပ်၍ ကြည့်နေသည်။ ဒေါက်တာ စံသာမြတ်၏ နှုတ်ခမ်းလှုပ်ရှားပုံကိုကြည့်၍ အဓိပ္ပာယ်ကောက်ယူ နေခြင်းဖြစ်ပုံရသည်။

စားသောက်ဖွယ်ရာများ စားပွဲပေါ်၌ တင်၍ ပြင် ဆင်ပေးပြီး ဒေါ်သဇင်အခန်းထဲမှ ထွက်သွားသည်။

စစ်ရန်နိုင် မျက်မှောင်မသိမသာကြုတ်လိုက်မိသည်။

ဆွံ့အ,နားမကြားသော ဒေါ်သဇင်ကို မည်သည့် အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ထမင်းချက်အဖြစ်ရွေးချယ်၍ခန့်ထားရလေသနည်း။

ဇရပတ်လည်ဝန်းရံထားသော ကျွန်းငယ်လေးတစ်ခု ပေါ်၌ ဒေါက်တာစံသာမြတ်သည်လူမသိ၊ သူမသိနေထိုင်နေသည်။ သူ့တွင် လျှို့ဝှက်ဖုံးကွယ်ထားလိုသည့် အကြောင်း အချက်များရှိနေမည်မှာ သေချာလှပေသည်။

နောက်ထပ်မိနစ်အနည်းငယ်မျှအကြာ၌ -

တတိယမြောက်လူတစ်ဦးရောက်လာသည်။

ထိုလူသည်ဒေါ်သဉ္ဇာပင်ဖြစ်သည်။

ဒေါ်သဉ္ဇာသည် လမ်းလျှောက်တုတ်တစ်ချောင်းဖြင့် အခန်းထဲသို့ခပ်ဖြည်းဖြည်းဝင်လာသည်။

စဝ်ရန်နိုင်က ထိုင်နေရာမှထ၍ရပ်လိုက်သည်။

ဒေါက်တာစံသာမြတ်က ပြုံးရွှင်သော အမူအရာဖြင့်

"ကျွန်တော် မိတ်ဆက်ပေးပါရစေ။ ဟောဒီပုဂ္ဂိုလ်ကတော့ နန်းဝတီမြို့ကလာတဲ့ စဝ်ရန်နိုင်ပါ။ ဒါက..ဒေါ်သဉ္ဇာပါ စဝ်ရန်နိုင်"

စဝ်ရန်နိုင်က ဒေါ်သဉ္ဇာကို မသိမသာ အကဲခတ် ကြည့်မိသည်။

သူမ၏အသက်မှာ (၇၀)ပတ်ဝန်းကျင်ခန့် ရှိပေလိမ့်မည်။

သူမ၏မျက်နှာပြင်ပေါ်၌ အရေးအကြောင်းများ ထင်ရှားစွာ ပေါ်လွင်နေသည်။ လက်များက မတည်မငြိမ် ရှိနေသည်။

ဒေါ်သဇင်နှင့် အရပ်အမောင်း အတူတူပင်ဖြစ် သည်။

ဒေါ်သဉ္ဇာ၏ ဦးခေါင်းထက်မှ ဆံပင်များမှာ ဖြူဖွေး လျက် ရှိနေကြသည်။

ရှိုးသား၍ အပြစ်ကင်းစင်သော မျက်လုံးများကို စဝ်ရန်နိုင် တွေ့နေရသည်။





ဒေါ်သဉ္ဇာက လှိုက်လှဲစွာပြုံး၍ -

"အခုလိုတွေ့ရတာ ဝမ်းသာပါတယ် စဝ်ရန်နိုင်။ နန်းဝတီမြို့ကို မရောက်ဖြစ်တာလည်း အတော်ကြာသွားပြီကွယ်။ အခြေအနေတွေ တိုးတက်ပြောင်းလဲနေတယ်ဆိုတာ လောက်ပဲ သတင်းစကားအဖြစ်နဲ့ သိရတယ်"

ဒေါ်သဉ္ဇာ၏အသံမှာ သာယာနာပျော်ဖွယ်ရှိသော အသံမျိုး ဖြစ်သည်။ နားထောင်၍ နှစ်လိုဖွယ်ရာရှိသော အသံဖြစ်သည်။

စဝ်ရန်နိုင်က အလိုက်သင့်ပြန်ပြောသည်။

"ဟုတ်ကဲ့ . .. နန်းဝတီမြို့ကြီးတစ်မြို့ဆိုတော့ စီမံကိန်းလုပ် ငန်းတွေ များပြားတဲ့ နေရာဒေသတစ်ခုပါပဲ"

သုံးဦးသား နံနက်စာ စားသောက်နေချိန်အထိ ထမင်းချက် အမျိုးသမီး ဒေါ်သဇင်ပြန်၍ ဝင်မလာသည်ကို စဝ်ရန်နိုင် သတိပြုမိ သည်။

ဒေါ်သဉ္ဇာနှင့် ဒေါ်သဇင်တို့ အဆင်ပြေပုံမရဟု စဝ်ရန်နိုင် ကောက်ချက်ချမိသည်။

ဒေါက်တာစံသာမြတ်က သစ်သီးစုံဖျော်ရည်ကို အရသာ ခံ၍သောက်ရင်း ဒေါ်သဉ္ဇာအား ရှင်းပြပြောဆိုလိုက်သည်။

"ဒီနေ့ည ကျွန်တော်တို့ လုပ်ကိုင်ကြမယ့် အော်ပရေးရှင်း လုပ်ငန်းအားလုံးကို မှတ်တမ်းတင်ဖို့၊ ဓာတ်ပုံရိုက်ဖို့၊ ဗွီဒီယိုရိုက်ပေး ဖို့အတွက် စဝ်ရန်နိုင် ရောက်လာတာပါ"

ဒေါက်တာစံသာမြတ်က အားရသောလေသံဖြင့် -

"အခု..အော်ပရေးရှင်းလုပ်ငန်း အောင်မြင်သွားတယ်ဆိုရင် ကျွန်တော်တို့မှာ ပြည့်စုံတဲ့ မှတ်တမ်းတွေ ရှိထားဖို့ လိုအပ်တယ် လေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သဥ္ဇာက လက်ကာပြလိုက်ပြီး –

"နေပါဦး . . မင်းလုပ်ကိုင်မယ့် အော်ပရေးရှင်း လုပ်ငန်းဟာ မအောင်မြင်ဘဲနဲ့ ပျက်စီးသွားခဲ့မယ်ဆိုရင်ကော . ."

"ကျွန်တော့်မှာ ဆုံးရှုံးပျက်စီးခဲ့ရတဲ့ နေ့တွေ၊ ရက်တွေ မရှိတော့ပါဘူး။ ကျွန်တော် ဒေါ်သဥ္ဇာကို ခဏ ခဏ ပြောခဲ့ပြီးပြီပဲ"

ဒေါ်သဥ္ဇာက မျက်မှောင်ကြုတ်လျက် –

"မှန်ပါတယ်။ ဒီလ.ပိုင်းတွေထဲမှာ မင်း . . ငါ့ကို ပြောခဲ့တာ အကြိမ်မနည်းတော့ပါဘူး။ အခု . . မင်းလုပ်ငန်း တွေဟာ ငါ ကုန်ကျထားခဲ့ရတဲ့ငွေတွေပြန်ရအောင် လုပ်နေတာပဲမဟုတ်လား။ ငါ့အနေနဲ့ ငွေတွေကို မိုက်မိုက်မဲမဲဖြုန်းတီးပစ်နေတာမျိုးတော့ မဟုတ်ဘူးနော်"

ဒေါက်တာစံသာမြတ်က ခေါင်းယမ်းလိုက်ပြီး –

"ဘာဖြစ်လို့ ဒီလိုစကားမျိုးတွေကို ပြောနေရတာလဲ။ အဓိပ္ပာယ်မရှိလိုက်တာဗျာ . ."

ရုတ်တရက် –

မျက်နှာကြက်၌ တပ်ဆင်ထားသော အချက်ပေးကိရိယာမှ အနီရောင်မီးပွင့်ကလေး လင်းလိုက် မှိန်လိုက်ဖြင့် အချက်ပြသည်။ အချက်ပေးသံရှည်ပါ ဆက်တိုက်ပေါ်၍ လာသည်။

× × × × ×





## အခန်း (၂)

အချက်ပေးသံများသည် မြေအောက်ခန်း၏ အနောက်ဘက်မှ ဖြစ်သည်။

မြေအောက်တိုက်ခန်းအတွင်းသို့ အရေးပေါ်ဆင်း ရသည့် ကြောင်လိမ်လှေကားမှ တစ်ဆင့် ဒေါက်တာစံသာမြတ်က ဦးဆောင်၍ ပြေးဆင်းသွားသည်။

ဒေါက်တာစံသာမြတ်၏ လှုပ်ရှားမှုမှာ လျင်မြန် သွက်လက်လှပေသည်။

ကြောင်လိမ်လှေကားတွင် မီးရောင်ခပ်မှိန်မှိန်မျှသာ ထွန်းလင်း၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေအောက်တိုက်ခန်းအတွင်းသို့ရောက်လာကြသည်။

လုံးဝကွဲပြားခြားနားလွန်းလှသည့် နေရာသစ်တစ်ခု သို့ရောက်ရှိလာသကဲ့သို့စဝ်ရန်နိုင် ခံစားလိုက်ရသည်။

အပေါ်ထပ်နှင့်အောက်ထပ်သည်လွန်စွာမှပင်ကွာခြားလွန်းလှပေသည်။

သီးသန့်ကမ္ဘာတစ်ခုဟုပင်ထင်မှတ်မှားလောက်ရပေသည်။

အခန်းများအားလုံး၌ တောက်ပသော မီးရောင်များ လင်း၍နေသည်။

အခန်းများအားလုံးတွင် သံမဏိတံခါးကြီးများ တပ်ဆင်ထားသည်။ နံရံများ အစိမ်းရောင်ဆေးချယ်ထားသော ဓာတ်ငွေ့ပိုက်လိုင်းများတပ်ဆင်ထားသည်။

သံမဏိတံခါးကြီးများမှာ လျှပ်စစ်ဓာတ်ထိန်းချုပ် စနစ်ဖြင့်အဖွင့်အပိတ်ပြုလုပ်ပေးသော တံခါးကြီးများဖြစ်သည်။

ဒေါက်တာစံသာမြတ် ဝင်သွားသည့် သံမဏိတံခါးကြီးအတွင်း စဝ်ရန်နိုင် ပြေးဝင်လိုက်ပါသွားသည်။

စဝ်ရန်နိုင်ရောက်သွားသည့်နေရာမှာ -

လွန်စွာကြီးမားကျယ်ပြန့်လှသည့် ခွဲစိတ်ခန်းမ ဆောင်ကြီးတစ်ဆောင်ဖြစ်နေပေသည်။

ခန်းမကြီး၏အလယ်ကောင်သည် ကျယ်ပြန့်သော ကွက်လပ်ကြီးတစ်ခုဖြစ်သည်။ ဘေးတစ်ဘက်တစ်ချက်၌အနိမ့်မှအမြင့်သို့တစ်ဆင့်စီမြင့်တက်သွားသည့် ထိုင်ခုံများပြုလုပ်ထားသည်။

ထိုင်ခုံများကို စက်ဝိုင်းခြမ်းပုံပဘ်၍ တည်ဆောက် ထားသည်။

THEATRE ခန်းမဆောင်ကြီးတစ်ဆောင်ဖြစ်ပေသည်။





အခန်း၏အလယ်ကောင်၌ သံမဏိခွဲစိတ်စားပွဲကြီး တစ်လုံးရှိသည်။ လူတစ်ရာခန့်သည် ထိုင်ခုံများပေါ်၌ထိုင်၍ ခန်းမကြီး၏အလယ်ကောင်၌ ရှိနေသည့် သံမဏိခွဲစိတ် စားပွဲကြီးကို ကောင်းစွာကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

THEATRE ခန်းမဆောင်ကြီး၏အမြင့်မှာ ပေလေးဆယ်ခန့်မြင့်မားနေပေသည်။

ဤနေရာသည် အဆင့်မြင့် ခေတ်မီခွဲစိတ်ခန်းမကြီး တစ်ခုပင်ဖြစ်သည်။

ခွဲစိတ်ကုသခန်း၌ တပ်ဆင်ထားသည့် ပစ္စည်းကိရိယာမှာအဆင့်မြင့်ခေတ်မီကိရိယာချည်းပင်ဖြစ်သည်။ ပစ္စည်းများမှာ လိုအပ်ချက်မရှိအောင် လွန်စွာမှပင် ပြည့်စုံလှပေသည်။

ခွဲစိတ်ခန်းမဆောင်၏အလယ်၌ လူနှစ်ဦးရပ်နေကြသည်။

သက်လတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးနှင့် အသက်သုံးဆယ်အရွယ် အမျိုးသမီးတစ်ဦး . . .။

ထိုလူနှစ်ဦးသည် ခွဲစိတ်စားပွဲအနီး၌ ရပ်နေကြသည်။

သူတို့နှစ်ဦး၏အမူအရာမှာ မလှုံမလဲနှင့်ဖြစ်နေကြသည်။

ဒေါက်တာစံသာမြတ်၏အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဟေ့..မင်းတို့က ဒီနေရာကို ဘာလာလုပ်ကြတာလဲ"

ဒေါက်တာစံသာမြတ်က လှေကားတစ်များမှ ခုန်ကျော်၍ဆင်းသွားသည်။

"မင်းတို့က ခွင့်ပြုချက်မရှိပဲနဲ့ ဒီအထဲကို ဘာဖြစ်လို့ဝင်လာကြတာလဲ"

လူရွယ်ဖြစ်သူက မပွင့်တပွင့်လေသံဖြင့် -



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ . . ကျွန်တော်တို့နှစ်ယောက်က အရှေ့ဘက်ကမ်းခြေနားမှာ ရေကူးနေကြတာပါ။ အဲ . . နွယ်နီချိုက ခွဲစိတ်ခန်းထဲ ဝင်ကြည့်ကြရအောင်ဆိုပြီး ဒီအခန်းထဲဝင်လာခဲ့ကြတာပါ။ ဒီကိစ္စကို ခင်ဗျားအနေနဲ့ အပြစ်ပြောစရာ အကြောင်းမရှိဘူးလို့ ထင်တယ်။ ဒီနေ့ညမှာပဲ ဒီခွဲစိတ်ခန်း ထဲမှာ ကျွန်တော်တို့ အလုပ်လုပ်ကြမှာ မဟုတ်လား"

ဒေါက်တာစံသာမြတ် မကျေမနပ်ဖြင့် သက်ပြင်း တစ်ချက်လေးလဲ့စွာချလိုက်သည်။

ထို့နောက် စစ်ရန်နိုင်ဘက်သို့လှည့်လိုက်ပြီး -

"စစ်ရန်နိုင် . . . သူက ဗသုန်ပါ။ အရိုးအထူးကု ကျွမ်းကျင်သူတစ်ယောက်ပါ။ ဒီဘက်က အမျိုးသမီးကတော့ ဓာတုဗေဒပညာရှင် နွယ်နီချိုပါ။ အဲ . . သူတို့နှစ်ယောက်လုံး မနေ့ကမှရောက်လာကြတာပါ။ ကျုပ်ကလဲ သူတို့ကို ဒီနေရာတွေ လိုက်မပြရသေးဘူး"

"မင်းတို့နှစ်ယောက်လုံး ကျုပ်ရဲ့ခွင့်ပြုချက်မရပဲ ဒီအခန်းထဲ ဝင်မလာသင့်ကြဘူး။ ကျုပ်ရဲ့ အချက်ပေး ကိရိယာတွေက အချက်ပေးလိုက်လို့၊ ကျုပ်မှာ အနှောင့်အယှက်ဖြစ်သွားရပြီ"

နွယ်နီချိုက ခါးကိုကိုင်းညွှတ်၍ -

"ကျွန်မတို့ကို ခွင့်လွှတ်ပါ ဒေါက်တာ၊ တောင်းပန်ပါတယ်"

အခန်းတွင်းသို့ ဝင်လာစဉ်ကတည်းက စစ်ရန်နိုင်က အချိုးအစား ပြေပြစ်လှသော သူမ၏ ခန္ဓာကိုယ် အချိုးအစားကို သတိထားမိသည်။

ဗသုန်သည် အားကစားသမားတစ်ဦး၏ ကိုယ်လုံး ကိုယ်ထည်မျိုးရှိသူဖြစ်သည်။ ခန္ဓာကိုယ် ကျစ်လျစ်တောင့် တင်းကြံ့ခိုင်မှုရှိသည်။ ရုပ်ရည်ပြေပြစ်သူတစ်ဦးဖြစ်သည်။





နံနက်စာမစားမီ ရေဆင်းကူးခြင်းပင် ဖြစ်မည်ဟု စစ်ရန်နိုင် တွေးလိုက်မိသည်။

ဒေါက်တာစံသာမြတ်က စစ်ရန်နိုင်နှင့် ထပ်မံမိတ်ဆက်ပေးသည်။

"ဟောဒါကတော့ စစ်ရန်နိုင်ပါ။ သူကတော့ ဒီည အော်ပရေးရှင်းကိစ္စအားလုံးကို ဓာတ်ပုံရိုက်ယူမယ်၊ ဗွီဒီယို ရိုက်ယူမယ်၊ အသံသွင်းထားမယ် . . . လိုအပ်တဲ့ မှတ်တမ်းမှတ်ရာအားလုံးကို ဆောင်ရွက်ပေးမယ့် ပုဂ္ဂိုလ်ပဲ"

စစ်ရန်နိုင်က ဗသုန်ကို လက်ဆွဲနှုတ်ဆက်သည်။

နွယ်နီချိုက လှပစွာပြုံး၍ လက်ကမ်းပေးသဖြင့် လက်ဆွဲနှုတ်ဆက်လိုက်ရသည်။

သူတို့နှစ်ဦးသည် ခင်မင်နှစ်လိုဖွယ်ရာကောင်းသူ များပင် ဖြစ်မည်ဟု စစ်ရန်နိုင် တွေးလိုက်မိသည်။

× × ×

တစ်ဝက်တစ်ပျက်နှင့် ထားခဲ့ရသော နံနက်စာကို ဒေါက်တာစံသာမြတ်နှင့် စစ်ရန်နိုင်တို့နှစ်ဦးသား ဆက်၍စားသောက်ကြသည်။

စားသောက်ပြီးစီးလျှင် -

ဒေါက်တာစံသာမြတ်က ထိုင်ခုံနောက်မှီ၌ မှီလိုက် သည်။

"နောက် ငါးမိနစ်မှာ ခင်ဗျားနဲ့ ကျန်တဲ့လူတွေ တွေ့ကြရအောင်။ ကျုပ်တို့ ကိုးနာရီခွဲမှာတွေ့ပြီး ဆွေးနွေးရအောင်"

"ကောင်းပါတယ် ဒေါက်တာ။ ခင်ဗျားတို့ရဲ့ ခွဲစိတ် ကုသမှုအဖွဲ့မှာ လူဘယ်နှစ်ယောက်ပါသလဲ"

ဒေါက်တာစံသာမြတ်က နဖူးတစ်ချက် တွန့်လိုက်ပြီး -

"အင်း . . နွယ်နီချိုကတော့ ဆရာဝန်မဟုတ်ဘူး။ သူက ဓာတ်ခွဲခန်းကျွမ်းကျင်ပညာရှင် တစ်ယောက်ပါ။ ဒါပေမယ့် သူက



www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်တဲ့အချိန်မှာတော့ သူနာပြုဆရာမ တစ်ဦးအဖြစ် တာဝန်ယူပေးပါလိမ့်မယ်။ ကျွန်တော်တို့ဆီကို အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦး ရောက်လာဖို့ ကျန်ပါသေးတယ်။ သူက ဒီမနက်ပိုင်းမှာတင်ရောက်ရမှာ . . အခုချိန်ထိတော့ သူရောက်မလာသေးဘူး"

ဒေါ်သဉ္ဇာ စားသောက်ပြီးစီးသည်နှင့် စားသောက် ခန်းထဲမှ ထွက်ခွာသွားသည်။

စစ်ရန်နိုင်က –

"ဒေါ်သဉ္ဇာကတော့ ခွဲစိတ်ကုသမှု အဖွဲ့ဝင်တစ် ယောက်ပဲလား"

ဒေါက်တာစံသာမြတ် ဟက်ဟက်ပက်ပက် ရယ်မော လိုက်သည်။

"လုံးဝ မဟုတ်ပါဘူးဗျာ။ တကယ်တော့ ဒေါ်သဉ္ဇာ ဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်တစ်ယောက်ပါ။ ကျွန်တော် တို့ရဲ့ အေးဖွဲ့လွန်သိပ္ပံသုတေသနဌာနမှာ သူ့ရဲ့ငွေအများအပြားကို ထည့်ပေးထားခဲ့ပါတယ်"

စစ်ရန်နိုင်က မျက်မှောင်ကြုတ်လျက် –

"သူက ငွေကြေးအလုံးအရင်းနဲ့ ဘာဖြစ်လို့ ထည့်ပေးထားရတာလဲ"

"အဖြေကတော့ ရှင်းပါတယ် စစ်ရန်နိုင်။ သူကလည်း ထာဝရ အသက်ရှင်နေချင်လို့ပဲပေါ့"

"ကျွန်တော်အားလုံး ထာဝရ အသက်ရှင်နေချင်ကြတဲ့ ‌ေ တွေချည်းပဲ မဟုတ်လား"

"မှန်ပါတယ်။ ဒေါ်သဉ္ဇာက ကျုပ်တို့ရဲ့ အေးဖွဲ့လွန်သိပ္ပံ ပညာရပ်အပေါ်မှာ သံသယမရှိ ယုံကြည်ထားသူတစ်ဦးဖြစ်နေတယ်။ ကျုပ်တို့ရဲ့ သုတေသနပြုချက်၊ စမ်းသပ်တွေ့ရှိချက်တွေအပေါ်မှာ





လုံးဝယုံကြည်မှုရှိသူဖြစ်တယ်။ လူ့အသက်ဇီဝရှင်သန် ရှည်ဆန့်နိုင်မှုရဲ့ အဓိကလျှို့ဝှက်ချက်ကို ကျုပ်တို့က ရှာဖွေတွေ့ရှိထားပြီလို့ ယူဆထားတယ်"

ဒေါက်တာစံသာမြတ်က သူ၏ရှည်လျားသော လက်ချောင်းများကို ငေးစိုက်ကြည့်ရင်း –

"သူ့ရဲ့ယုံကြည် ယူဆချက် မှန်ပါစေလို့ပဲ ကျုပ် မျှော်လင့်ပါတယ်။ ဒီနေ့ညမှာတော့ အဖြေကို တိတိကျကျ သိကြရတော့မှာပါ။ ဒီနေ့ည ခွဲစိတ်ကုသစမ်းသပ်ချက်ကို ဒေါ်သဉ္ဇာပါ ဆင်းလာပြီး ကြည့်လိမ့်မယ်"

ဒေါက်တာစံသာမြတ် လက်ပတ်နာရီကိုကြည့်သည်။

"ကိုးနာရီခွဲပြီ . . ကျုပ်တို့ အစည်းအဝေးခန်းထဲ သွားကြရအောင်"

ဒေါက်တာစံသာမြတ်က စကြြံလမ်းအတိုင်း ရှေ့မှဦးဆောင်၍ထွက်ခွာသွားသည်။

× × ×

အစည်းအဝေးခန်းထဲ၌ အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦး စားပွဲဝိုင်းတစ်ခု၌ ထိုင်၍စကားပြောနေကြသည်။

ဒေါက်တာစံသာမြတ်နှင့် စစ်ရန်နိုင်တို့ဝင်လာသည်ကိုမြင်လျှင် စကားစဖြတ်လိုက်ကြသည်။

စစ်ရန်နိုင်အနေနှင့် ဝသုန်နှင့် နွယ်နီချိုကိုသာ သိထားသည်။

ကျန်လူသုံးဦးမှာ သူ့အတွက် လူစိမ်းများဖြစ်နေပေသည်။

ထိုလူများသည် ဤကျွန်း၌ အမြဲတမ်းတာဝန်ထမ်း ဆောင်နေသူများဖြစ်နိုင်သည်ဟုလည်း တွေးမိသည်။

ဒေါက်တာစံသာမြတ်က စတင်မိတ်ဆက်ပေးသည်။

"ဒါ . . ဒေါက်တာ မင်းဝေပါ။ သူက အာကာ[illegible] လွန်းပျံ



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်တွေပေါ်မှာ ခွဲစိတ်ကုသမှုဆိုင်ရာ နည်းပညာ ရပ်မှာ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တစ်ဦးပါ"

ဒေါက်တာမင်းဝေသည် အသက် (၅၅) နှစ်ခန့်အရွယ် ရှိသူဖြစ်သည်။ ဖျတ်လတ်တက်ကြွသော အမူအရာမျိုးရှိသည်။ ဦးခေါင်းပေါ်မှ ဆံပင်များဖြူစပြုနေပေပြီ။ မျက်နှာ ထားကြည်လင်ပြီး ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်ပုံရသည်။

ထို့ပြင် ငယ်နစဉ်အခါက အ ချိုးသမီးများ နှစ်သက်မည့် ရုပ်ရည်မျိုး ပိုင်ဆိုင်သူဖြစ်မည်မှာ သိသာထင်ရှား၍နေသည်။

ဒေါက်တာမင်းဝေက ပြုံး၍ စဝ်ရန်နိုင်ကို ခပ်တင်းတင်း ကိုင်၍ လက်ဆွဲနှုတ်ဆက်သည်။ ထို့နောက် နွယ်နီချိုနှင့် ဗသုန်တို့ကြားရှိ ထိုင်ခုံ၌ပြန်၍ထိုင်ချလိုက်သည်။

ဒေါက်တာမင်းဝေသည် နွယ်နီချိုလို မိန်းကလေး ချောချောလေးများနှင့် ပူးပူးကပ်ကပ်နေထိုင်ရခြင်းကို သဘောကျ နှစ်သက်ကျေနပ်ပုံရှိသည်။

ဒေါက်တာစံသာမြတ်က စားပွဲ၏ညာဘက်အစွန်းသို့ လျှောက်သွားပြီး လူရွယ်ဆရာဝန်တစ်ဦးနှင့် မိတ်ဆက်ပေးသည်။

"သူ ဒေါက်တာ ဆက်မော်ပါ။ သူလဲ ခွဲစိတ်ကုသမှုဆိုင်ရာ ဆရာဝန်တစ်ဦးပါ။ ဒေါက်တာမင်းဝေရဲ့ လက်ထောက် အကူအဖြစ် တာဝန်ယူပါလိမ့်မယ်"

ဒေါက်တာဆက်မော်က စဝ်ရန်နိုင်အား စူးစူးရဲရဲ စိုက်ကြည့်လိုက်သည်။

နောက်ဆုံးမိတ်ဆက်ရန် တစ်ဦးသာကျန်တော့သည်။

"ဟောဒီပုဂ္ဂိုလ်ကတော့ ဒေါက်တာ ထက်ခေါင်ပါ။ သူက ကျုပ်ရဲ့လူနာ ဘယ်အချိန် စ.တင် အသက်ဝင်လာပြီ ဆိုတာကို ပြောပါလိမ့်မယ်။ ခွဲစိတ်ကုသမှု ပြီးစီးသွားတဲ့ နောက်ပိုင်းမှာ ဒေါက်တာ





ထက်ခေါင်က လူနာကို တာဝန်ယူပြီး ကုသမှု ပေးသွားပါလိမ့်မယ်"

ဒေါက်တာထက်ခေါင် ထိုင်နေရာမှ ထ.လာသည်။

စားပွဲတစ်ဘက်မှနေ၍ လှမ်းပြီး လက်ဆွဲနှုတ်ဆက်သည်။

သူ၏အသက်မှာ လေးဆယ်ကျော်ခန့်ရှိပေလိမ့်မည်။

ဒေါက်တာထက်ခေါင်က လှမ်း၍မေးလိုက်၏။

"ဒေါက်တာ အာကာရော မရောက်သေးဘူးလား"

"အခုထိ မရောက်သေးပေမယ့် .. ဒီကိုရောက်လာမှာ သေချာပါတယ်။ အင်း .. ဒီနေ့ညမှာ အစားထိုးခွဲစိတ် ပြောင်းလဲကုသမှု လုပ်မယ်ဆိုတာ သူ မေ့မနေပါစေနဲ့လို့တော့ ဆုတောင်းရမှာပဲ"

ဒေါက်တာထက်ခေါင်က နဖူးကြောများတွန့်လိုက်ပြီး -

"သူရောက်မလာခဲ့ရင်တော့ ကျွန်တော်တို့ ဘာမှ လုပ်လို့ရနိုင်မယ် မထင်ဘူး"

ဒေါက်တာထက်ခေါင်က အပေါ်ကုတ်အင်္ကျီအတွင်း မှ စီးကရက်ဗူးကို ထုတ်ယူသည်။ စီးကရက်တစ်လိပ်ကို ထုတ် ယူပြီး ရွှေရောင်မီးခြစ်ဖြင့် ခြစ်၍မီးညှိဖွာရှိုက်လိုက်သည်။

ဒေါက်တာစံသာမြတ် နံရံတစ်ခုရှေ့သို့ လျှောက်သွားသည်။

စက်ခလုတ်ခုံပေါ်မှ ခလုတ်အချို့ကို နှိပ်သည်။

နံရံပေါ်ရှိ စကရင်ချပ်ပေါ်၌ လူသားတစ်ဦး၏ ခန္ဓာကိုယ် အစိတ်အပိုင်းများ အသေးစိတ်ကို ဖော်ပြထား သည့် ရုပ်ပုံပေါ်လာသည်။

ထိုရုပ်ပုံသည် ဘက်ပေါင်းစုံမှ ပြောင်း၍လှည့်ပြီး ပေါ်လာသည်။

ဒေါက်တာစံသာမြတ်က -

"ကဲ .. ကျုပ်တို့ရဲ့ ဆွေးနွေးပွဲလေး စ.လိုက်ကြရအောင်။ ..င်များတို့ကို ကျုပ်က ငှားရမ်းခေါ်လာခဲ့ပေမယ့် ဘာကိစ္စလုပ်ရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကိုတော့ ကျုပ်အနေနဲ့ ရှင်းမပြရသေးဘူးလေ...”

ဒေါက်တာစံသာမြတ်က စဝ်ရန်နိုင်ဘက်သို့ ဖြည်း ညင်းစွာလှည့်လိုက်ပြီး -

“စဝ်ရန်နိုင်..ခင်ဗျားကိုကျုပ် ဘာတွေများပြောထားပါသလဲ”

စဝ်ရန်နိုင်က သွက်လက်စွာပင် ပြောလိုက်သည်။

“ဒီကျွန်းပေါ်မှာ ဆေးပညာလောကနဲ့ ပတ်သက်ပြီး ထူးခြားတဲ့အစဉ်အလာ ပြောင်းလဲမှုကြီးတစ်ခု လုပ်ပါတော့မယ်။ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးကို အခြားလူတစ်ယောက်ရဲ့ခန္ဓာကိုယ်ပေါ်မှာ ခွဲစိတ်ပြောင်းလဲတပ်ဆင် ပေးမယ့် ခွဲစိတ်ကုသမှုလုပ်ငန်းကြီးကို လုပ်ဆောင်ကြမှာ ဖြစ်ပါတယ်။ အဲဒီ အော်ပရေးရှင်းတစ်ခုလုံးကို ဓာတ်ပုံ၊ ဗွီဒီယိုနဲ့ရိုက်ပြီး အသံဖမ်းမှတ်တမ်းတင်ထားမယ်လို့ ပြောခဲ့ပါတယ်”

ဒေါက်တာစံသာမြတ် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

“အဲဒီ စကားလုံးတွေအားလုံး အမှန်ပါပဲ စဝ်ရန်နိုင်။ ဒီကိစ္စကြောင့်လဲ ဒီကျွန်းပေါ်မှာ အထူးကျွမ်းကျင်ထက်မြက်တဲ့ဆေးဘက်ဆိုင်ရာပညာရှင်ကြီးတွေကိုဖိတ်ခေါ်စုစည်းထားရတာပါ။ သက်ဆိုင်ရာ ဆေးဝါးကုမှုနည်းပညာရပ်တွေမှာ အင်မတန်ထက်မြက်ထူးချွန်တဲ့ ဟောဒီက ဆရာဝန်ကြီးသုံးဦးက ဒီကျွန်းပေါ်ကို လွန်ခဲ့တဲ့ လ.ပေါင်းအတော်ကြာကြာ●တည်းက ရောက်ရှိနေထိုင်ခဲ့ကြပါတယ်..”

အဲဒီပုဂ္ဂိုလ်တွေဟာ လူ့ခန္ဓာကိုယ်မှာ ခွဲစိတ်ပြောင်းလဲတပ်ဆင်ပေးတဲ့အခါမှာ ဖြစ်ပေါ်လာနိုင်တဲ့ အခက်အခဲ၊ ပြဿနာတွေကိုကြိုတင်ပြီး လေ့လာသုတေသန ပြုနေခဲ့ကြ ပါတယ်။ ဒေါက်တာဗသုန်နဲ့ နွယ်နီချိုတို့က မနေ့ကပဲရောက် လာကြပါပြီ။ ဒေါက်တာအာကာဟာ ဒီနေ့ပဲရောက်လာမှာဖြစ်ပါတယ်။ ကျုပ်တို့ရဲ့အော်ပရေး





ရှင်းလုပ်ငန်းကိုဒီနေ့ညမှာပဲ စ,ပြီးအကောင်အထည်ဖော်မှာပါ”

စဝ်ရန်နိုင်က လှမ်း၍မေးသည်။

“ကျွန်တော် မေးစရာတစ်ခုရှိပါတယ်”

“မေးပါ...စဝ်ရန်နိုင်”

“အရေးကြီးတဲ့ ခွဲစိတ်ကုသမှုတွေလုပ်မယ်ဆိုရင် မနက်စောစောပိုင်းမှာပဲ လုပ်လေ့ရှိကြပါတယ်။ လူနာအနေနဲ့ ညပိုင်းမှာ အိပ်ရေးဝဝအိပ်ထားရင် ကျန်းမာရေးပိုပြီး ကောင်းမွန်တယ်လို့ သိထားရပါတယ်။ အခု .. ဒေါက်တာ တို့ရဲ့ အော်ပရေးရှင်းက ညဘက်မှ လုပ်ကြမှာဆိုတော့ ပုံမှန် ခွဲစိတ်ကုသမှု အစဉ်အလာတွေနဲ့ ဆန့်ကျင်နေတယ်လို့ ထင်မိပါတယ်”

ဒေါက်တာစံသာမြတ်က ရယ်မောလိုက်ပြီး -

“ဒီအတွက် ဘာမှ မပူပါနဲ့ စဝ်ရန်နိုင်။ ကျုပ်တို့ရဲ့ လူနာဟာ နှစ်ပေါင်းသုံးဆယ်ကျော်ကျော် အိပ်ရေးဝအောင် အိပ်ထားတဲ့ လူတစ်ယောက်ဖြစ်နေလို့ပါပဲ”

စဝ်ရန်နိုင် အလွန်အမင်း အံ့အားသင့်သွားရသည်။

“ခင်ဗျာ .. နှစ်ပေါင်းသုံးဆယ်ကျော် .. အိပ်နေ ခဲ့တယ်။ ဟုတ်ရဲ့လား ...ဒေါက်တာ”

“ဟုတ်ပါတယ် .. အတိအကျပြောရရင် သူဟာ နှစ်ပေါင်းသုံးဆယ့်သုံးနှစ်တိတိ အိပ်ပျော်နေတဲ့လူတစ် ယောက်ပါ။ ကျုပ်တို့ရဲ့ အေးဖွဲ့လွှန်သိပ္ပံသုတေသနဌာနနဲ့ ပတ်သက်ပြီး အကျွမ်းတဝင်ရှိထားခဲ့မယ်ဆိုရင်တော့ ဒီကိစ္စဟာ အံ့ဩစရာ အကြောင်းလုံးဝ မရှိပါဘူး”

စဝ်ရန်နိုင်က -

“လူတွေ သေဆုံးသွားတာနဲ့ ခင်ဗျားတို့က အေးဖွဲ့လွှန်နည်းစနစ်ဖြင့် အေးခဲသွားအောင် လုပ်ပေးလိုက်ကြတယ်။ ဒီလူဟာ အနာဂတ်ကာလ ၁၀၀ ဂ စ်ချိန်.ချိန်မှာ ပြန်ပြီးအသက် ရှင်လာနိုင်မယ်လို့ မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ယူဆထားကြတယ်။ ဆေးသိပ္ပံ ပညာဟာ တိုးတက်အောင်မြင်ဖြစ်ထွန်းလာတဲ့အချိန်မှာ အဲဒီ အေးဖွဲ့လွှန်အလောင်းကောင်တွေက ပြန်ပြီး အသက် ရှင်လာမယ်ဆိုတဲ့ ယုံကြည်ချက်ထားကြတယ်။ အဲဒီ ယုံကြည် ချက်အတိုင်း ကြိုးစားနေကြတဲ့ အေးဖွဲ့လွှန်ဆေးသိပ္ပံပညာရှင်တွေ အေးဖွဲ့လွှန်သုတေသန အဖွဲ့တွေဟာ အခုဆိုရင် ကမ္ဘာပေါ်မှာ အတော်များများ ရှိနေကြပါပြီ။ အဲဒီလို အဖွဲ့ အစည်းတွေထဲမှာတော့ ဒေါက်တာ့ရဲ့ အေးဖွဲ့လွှန်သိပ္ပံ သုတေသနဌာနဟာ ငွေကြေးအရ အအောင်မြင်ဆုံးနဲ့ ရှေ့ဆုံးကနေ ရပ်တည်နေတဲ့ သိပ္ပံသုတေသနဌာနဆိုတာ သိထားရပါတယ်။ ကျွန်တော်ပြောတာ မှန်ပါ့မလား မပြောတတ်ဘူး"

"ဟုတ်ပါတယ် ..စဝ်ရန်နိုင်။ ခင်ဗျားပြောတာ အားလုံးအမှန်ပါပဲ။ ကဲ..ဒေါက်တာမင်းဝေရေ..ကျေးဇူးပြုပြီးတော့ ကျုပ်တို့တစ်တွေ ဒီညမှာ ဘာတွေလုပ်ဖို့ ရည်ရွယ်ထားကြတယ်ဆိုတာ စဝ်ရန်နိုင်ကို ရှင်းပြပေးလိုက်ပါ"

ဒေါက်တာမင်းဝေက ထိုင်ရာမှ ထ၍ရပ်လိုက်သည်။

"အေးဖွဲ့လွှန် တိုက်ခန်းထဲမှာထည့်ထားတဲ့ အကောင်းဆုံး ပစ္စည်းတစ်ခုကို ရွေးထုတ်ယူမယ်။ အဲဒီပစ္စည်းကတော့ အသက်နှစ်ဆယ့်ငါးနှစ်အရွယ် အမျိုးသားတစ်ဦးရဲ့ ရုပ်အလောင်းပါပဲ။ သူဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်ကတည်းက သေဆုံးခဲ့တဲ့ လူတစ်ယောက်ပါ။ သူ့ရဲ့ ခန္ဓာကိုယ်မှာ လိုအပ်နေတဲ့ အင်္ဂါအစိတ်အပိုင်း မှန်သမျှကို ကျုပ်တို့က ခွဲစိတ်ပြီး ပြောင်းလဲတပ်ဆင်ပေးကြပါတယ် - ခွဲစိတ်ပြောင်းလဲမှုမှန်သမျှကိုလဲ အေးဖွဲ့လွှန်စနစ်နဲ့ပဲဆောင်ရွက်ပေးမှာဖြစ်တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ် ကျော်ကတည်းက ရှိနေခဲ့တဲ့ အေးဖွဲ့လွှန် အခြေအနေနဲ့ပဲ အော်ပရေးရှင်းလုပ်ကြ ယ်။ ပြီးတော့မှ အပူရှိန်ကို တဖြည်း ဖြည်းချင်းနဲ့ မြှင့်တင်ပေ ယ်။





တ်မှတ် ထားတဲ့ အပူချိန် အခြေအနေကို ရောက်လာတာနဲ့ ရဲ့နှလုံးကို လျှပ်စစ်စီးကြောင်းလွှတ်ပြီး နှိုးပေးမယ်။ အဲဒီအခါမှာ ဆုံးနေခဲ့တဲ့ခန္ဓာကိုယ်ဟာပြန်ပြီး နိုးထရှင်သန်လာမှာဖြစ်တယ်"

ဒေါက်တာဗသုန်က ဝင်၍ပြောလိုက်သည်။

"ဒါပေမယ့် . . ဒေါက်တာအာကာ မရှိဘူးဆိုရင် တော့ န်တော်တို့ ဘာတစ်ခုမှ ဆက်လုပ်နိုင်ကြာမှာ မဟုတ်ဘူး . .။ ဘာဖြစ်လို့လဲဆိုတော့ သူက ကျွန်တော်တို့ အားလုံးရဲ့ အဓိက နှောက် "ဖြစ်နေလို့ပဲ"

စဝ်ရန်နိုင်က နားမလည်နိုင်စွာဖြင့် -

"သူက အဓိကဦးနှောက်ဟုတ်လား"

ဒေါက်တာဗသုန်က ဆက်၍ပြောသည်။

"ဒေါက်တာအာကာဟာ ဦးနှောက်အထူးကု ဆရာဝန်ကြီး စ်ဦးပါ။ လူနာရဲ့ ဦးနှောက်ဟာ သူ့ရဲ့ပင်ကိုယ် ရောဂါကြောင့် တ်စီးနေခဲ့တယ်။ လူနာရဲ့ခန္ဓာကိုယ်မှာ လိုအပ်တဲ့ အခြားအင်္ဂါ စိတ်အပိုင်းတွေကို ပြောင်းလဲခွဲစိတ် တပ်ဆင်ပေးရသလို သူ့ရဲ့ နှောက်ကိုပါအစားထိုးလဲလှယ်ပေးရဦးဖို့လိုသေးတယ်။ ဒါကြောင့် နှောက်အထူးကု ဆရာဝန်တစ်ဦး ကျွန်တော်တို့မှာ မဖြစ်မနေ အပ်တယ်"

"ဒီကိစ္စဟာ အတော်ခက်ခဲလို့လား"

ဇာတုဗေဒပညာရှင် နွယ်နီချိုက ဝင်၍မေးသည်။

"ဒေါက်တာအာကာဟာ တိရစ္ဆာန်တွေရဲ့ဦးနှောက်ကိုအစား လဲလှယ် ခွဲစိတ်ကုသ တပ်ဆင်ပေးတဲ့နေရာမှာ တော်တော်များ အောင်မြင်မှုရထားခဲ့ဖူးသူပါ။ ဦးနှောက် အစားထိုးလဲလှယ်မှုနဲ့ ပ်သက်တဲ့ သူ့ရဲ့ဟောပြောပို့ချက် ကို ကျွန်မ ကောင်းကောင်း တောင်ဖူးခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် -

မျက်နှာကြက်၌ အစိမ်းရောင် အချက်ပြမီးပွင့် ကလေးတစ်ပွင့် လင်း၍လာသည်။

ဤတစ်ကြိမ်တွင်မူ -

ဒေါက်တာစံသာမြတ် တည်ငြိမ်စွာပင် ရှိ၍နေသည်။

"ဟော .. ဒါက ဧည့်သည်တစ်ယောက် ရောက်လာပြီဆိုတဲ့ အကြောင်း ဒေါ်သဇင်က အချက်ပေးလိုက်တာပဲ။ ဒေါက်တာ အာကာပဲ ဖြစ်ပါလိမ့်မယ်"

မကြာခင်မှာပင် -

အစည်းအဝေးခန်းအတွင်းသို့ ဝင့်ကြွားသော အမူအရာဖြင့် လူတစ်ဦး လှမ်း၍ဝင်လာသည်ကို တွေ့လိုက်ကြရသည်။

ထိုလူက လက်ဆွဲအိတ်ကို ကြမ်းပြင်ပေါ်သို့ချလိုက် သည်။

ဒေါက်တာအာကာက လေသံခပ်ကျယ်ကျယ်ဖြင့် -

"ကဲဟေ့ .. ဘယ်လိုလဲ။ "တစ္ဆေရဲတိုက်" ထဲက အခြေအနေတွေက ဘာတွေ ထူးခြားနေပြီလဲ"

သူက ရှိနေသူအားလုံးကို ရည်ရွယ်၍ပြောလိုက်ခြင်း ဖြစ်သည်။

ထို့နောက် -

ဒေါက်တာ အာကာ၏ပါးစပ်မှ လေသံခပ်ကြမ်းကြမ်း ထပ်မံ ပေါ်ထွက်လာလေတော့သည်။

"ဟော့ကောင် .. ဇသုန်။ မင်းက ငါမရှိတဲ့အချိန် မှာ နွယ်နီချိုကို သိမ်းပိုက်ဖို့ကြံစည်နေတာ မဟုတ်လား"

× × × × ×





## အခန်း (၃)

အချိန်အနည်းငယ် အတွင်းမှပင် -

ဦးနှောက်အထူးကု ဆရာဝန် ဒေါက်တာအာကာ၏ အကျင့်စရိုက်ကို စဝ်ရန်နိုင် ကောင်းစွာသိရှိလိုက်ရသည်။

ဒေါက်တာအာကာသည် အရက်အမျိုးအစား ကောင်းကောင်းကို နှစ်ခြိုက် နှံမင်စွာသောက်တတ်သူဖြစ် သည်။ ပါးစပ်မှလည်း ကြမ်းတမ်းသော စကားလုံးများကို ရေရွတ်ပြောဆိုတတ်သည်။

ဒေါက်တာအာကာသည် မည်သည့်အရာကိုမှ အလေးအနက် ထားတတ်သူတစ်ဦး မဟုတ်ပေ။

သို့သော် ဒေါက်တာအာကာပြောသော စကားအရ ဒေါက်တာအာကာ၊ နွယ်နီချို၊ ဇသုန်တို့သုံးဦးကြား၌ မပြေလည်သော ပြဿနာတစ်ခုရှိလိမ့်မည်ဟုလည်း စဝ်ရန်နိုင် တွေးလိုက်မိသည်။

ဒေါက်တာအာကာသည် မိန်းမချော၊ မိန်းမလှများ ကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



လျှင် စိတ်ဝင်စားတတ်သည့် လူစားမျိုးထဲကလည်း ဖြစ်နိုင်ပေသည်။

အချိန်မှာ မွန်းတိမ်းခါစ အချိန်သာရှိသေးသည်။

ဒေါက်တာအာကာ အတော်လေး မူးနေပြီဖြစ်သည်။

ညပိုင်း၌ အရေးကြီးသော ခွဲစိတ်ကုသမှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရမည်ကို သတိရလေမည်လားမသိပေ။

စစ်ရန်နိုင်သည် ဒေါက်တာအာကာနှင့် စကားပြော၍ အဆင်မပြေနိုင်ဟု တွက်ဆလိုက်သည်။

ထို့ကြောင့် သူသည် ဒေါက်တာထက်ခေါင်ဘက်သို့ လှည့်လိုက်သည်။

ထက်ခေါင်က နှစ်လိုဖွယ်ရာပြုံး၍ -

"ခင်ဗျားနဲ့ကျွန်တော် ကျွန်းပေါ်မှာ လမ်းလျှောက်ရင်း စကားပြောကြတာပေါ့"

"ကောင်းသားပဲ ... ပင်လယ်ကမ်းစပ်က တော်တော်လေးသာယာတယ်"

ကျွန်းပေါ်သို့ စစ်ရန်နိုင်နှင့် ထက်ခေါင်တို့ စကား တပြောပြောနှင့် လမ်းလျှောက်လာကြသည်။

ကောင်းကင်ပြင်း၌ပြာလဲ့ကြည်လင်၍နေ၏။

ရာသီဥတုက နွေးထွေးသာယာလျက်ရှိနေသည်။

စစ်ရန်နိုင်သည် သန့်ရှင်းလတ်ဆတ်သော လေနအေးကို အားပါးတရ ရှူရှိုက်လိုက်သည်။

စစ်ရန်နိုင်က စကားစ လိုက်သည်။

"ဒေါက်တာစံသာမြတ်နဲ့ ခင်ဗျား ဘယ်လိုဆက် သွယ်မိကြတာလဲ"

ထက်ခေါင်က -





"ဒီနှစ်ပိုင်းမှာမှ သူနဲ့ကျွန်တော် သိကြတာပါ။ သူ့ရဲ့အေးဖွဲ့လွှန်နဝရတ်ဆေးသိပ္ပံ သုတေသနဌာနက ဆေးပညာ လောကထဲမှာ နာမည်သတင်း ထင်ရှားကျော်ကြားနေတယ်၊ ဂုဏ်သိက္ခာပိုင်းအရလည်း မြင့်မားနေတယ်လေ"

စစ်ရန်နိုင်က ပခုံးတစ်ချက်တွန့်လိုက်ပြီး -

"နဝရတ်" ဆေးသိပ္ပံ သုတေသနဌာန ထင်ရှားကျော် ကြားတာဟာ ငွေကြေးပြည့်စုံဝေဟင့်တင်းမှုရှိတာ တစ်ခုတည်းကြောင့်ပါ။ ကျန်တဲ့အပိုင်း ဘာမှမရှိပါဘူး"

"ကျွန်တော်လည်း ဒီအချက်ကို နားလည်သဘော ပေါက်ပါတယ်၊ သူက ကျွန်တော့်ကို လုပ်ငန်းပိုင်းအရ လိုချင်တယ်လို့ ကမ်းလှမ်းလာတော့ ကျွန်တော်တောင် အံ့အားသင့်သွားရတယ်။ ကျွန်တော် သိရသလောက်တော့ ဒေါက်တာ စံသာမြတ်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက ဒီကိစ္စကို တစ်ဦးတည်းကျိတ်ပြီး ကြံစည်နေခဲ့တဲ့ လူတစ်ယောက်ပဲ"

"လူ့သေအလောင်းတွေကို အေးဖွဲ့လွှန်အခန်းတွေထဲ မှာ အေးခဲပြီး ထိန်းသိမ်းထားမယ်။ ဒီကိစ္စမှာ အလုပ်အများ ကြီး မလိုအပ်ပါဘူး။ ကွန်ပျူတာနဲ့ စက်ကိရိယာတွေက အလိုအလျောက် ဆောင်ရွက်သွားကြမှာ မဟုတ်ဘူးလား"

ဒေါက်တာထက်ခေါင်က ခေါင်းညိတ်လိုက်ပြီး -

"မှန်ပါတယ်။ နောက်လာမယ့် နှစ်အနည်းငယ် အတွင်းမှာ သာမန်ခွဲစိတ်မှု၊ ကုသမှုတွေကို လူ့သားဆရာဝန် တွေက ခွဲစိတ်ပေးနေစရာ မလိုတော့ဘူး။ ကွန်ပျူတာ စက်ယန္တရားတွေကပဲ ခွဲစိတ်ကုသပေးသွားတော့မယ်ဆိုတဲ့ အသံတွေကိုပါ ကြားနေရပါပြီ။ ဒီအခါ ခေတ်မှာကတော့ လုပ်ငန်းအားလုံးကို ကွန်ပျူတာ စက်ယန္တရား



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ပဲလုပ်ဆောင်နေကြပါပြီ"

ပင်လယ်ပျော်ငှက်အုပ် တစ်အုပ်သည် ရေပြင်ပေါ် မှ ဖြတ်သန်း၍ပျံသွားကြသည်။

သူတို့နှစ်ဦးသည် လေအိမ်တဲငယ်အနီးမှ ဖြတ်ကျော်လာကြသည်။

စင်ရန်နိုင်က -

"ဒီနေ့ညမှာ အော်ပရေးရှင်းလုပ်မယ့်အဖွဲ့ဟာ ခန္ဓာကိုယ်တစ်ခုလုံးရဲ့အင်္ဂါအစိတ်အပိုင်းပေါင်းများစွာကိုခွဲစိတ်အစားထိုးပြောင်းလဲတပ်ဆင် ပေးကြရမှာ မဟုတ်လား။ ဒီလုပ်ငန်းဟာ ဧရာမလုပ်ငန်းကြီးတစ်ခုဖြစ်နေတော့ ခင်ဗျားတို့အနေနဲ့အောင်မြင်မှုရနိုင်ကြပါ့မလား"

ဒေါက်တာထက်ခေါင်ကယုံကြည်စိတ်ချသောလေသံဖြင့် -

"ကျွန်တော်တို့အနေနဲ့အောင်မြင်မှာပါ..."

"နေပါဦး..ဒေါက်တာအာကာဟာဦးနှောက်အထူးကုဆရာဝန်လို့သာပြောတယ် ..သူ့ကိုကြည့်တာ တစ်မျိုးပဲနော်"

"သူ အော်ပရေးရှင်းလုပ်ငန်းလုပ်တာ ကျွန်တော် မြင်ဖူးပါတယ်။ အော်ပရေးရှင်းစားပွဲရှေ့ကိုရောက်ရင် သူ့ရဲ့ပုံစံဟာ အခု ခင်ဗျားမြင်နေရတဲ့ပုံစံနဲ့ တစ်ခြားစီးဖြစ်နေတာကိုမြင်ရပါလိမ့်မယ်"

"သူက တစ္ဆေရဲတိုက်လို့ပြောတဲ့စကားကတော့ မပြောသင့်ဘူး"

"ဒေါက်တာအာကာက စကားကို စည်းလွတ်ဝါးလွတ် ပြောတတ်တယ်။ သူပြောလိုက်တဲ့စကားရဲ့အဓိပ္ပာယ်ကို သူပြန်တွေးမိမှာ မဟုတ်ဘူး။ တစ်ခါတုန်းကလဲ သူဟာ နှလုံး အစားထိုး ခွဲစိတ်ကုသမှုတစ်ခုကို ဦးဆောင်ပြီး ခွဲစိတ်ကုသ ခဲ့တယ်။ ခွဲစိတ်ကုသမှုပြီးတဲ့





ချိန်မှာ သူက "ကျုပ်ဟာ တစ္ဆေ နတ်ဆိုးကြီး ဖြစ်သွားပြီ။ လူတစ်ယောက်ရဲ့နှလုံးသားကို ကောင်းကောင်း ထိန်းချုပ်နိုင်ပြီ .." လို့ ပြောင်အပြက် စကားပြောခဲ့ဖူးတယ်။ မကောင်းဆိုးဝါး တစ္ဆေနက်ဆိုတဲ့နာမည်ကိုသူ့အနေနဲ့မသုံးသင့်ဘူး။ သူ ခွဲစိတ်ကုသပေးခဲ့တဲ့ လုံးအသစ်နဲ့ လူနာဟာ (၂၁) ရက်ပဲ အသက်ရှင်ခဲ့တယ်"

"ကျွန်တော်တို့ ဒီညလုပ်ကြမယ့် အော်ပရေးရှင်းဟာ လူ့န္ဓာကိုယ်အင်္ဂါ အစိတ်အပိုင်းပေါင်းများစွာကို အစားထိုး ခွဲစိတ်တပ်ဆင်ကုသပေးမယ့် အော်ပရေးရှင်းပါ။ ဒီအော်ပရေးရှင်းသာ အောင်မြင်သွားခဲ့တယ်ဆိုရင်တော့ ကျွန်တော် တို့ဟာ လူသားအသစ်တစ်ယောက်ကိုအောင်မြင်စွာ ဖန်တီး နိုင်ပြီလို့ပြောနိုင်တယ်။ ဒေါက်တာသာမြတ်အနေနဲ့လည်း သူ့ရဲ့မြေအောက်အခန်းလှုံ့ခန်းတွေထဲမှာ ည့်သွင်းသို မှီးထားတဲ့ ဝိညာဉ်မဲ့ ခန္ဓာကိုယ်တွေကို အလှူရှင်တွေဆီက ရလာမယ့် အင်္ဂါအစိတ်အပိုင်းတွေနဲ့ အစားထိုးလဲလှယ်တပ်ဆင်ပေးလာနိုင်လိမ့်မယ်။ လူသားအသစ်တွေကိုကျွန်တော်တို့အနေနဲ့အောင်မြင်စွာ ဖန်တီးထုတ်လုပ်ပေးနိုင်တော့မှာ သေချာတယ်"

စင်ရန်နိုင်က -

"ခင်ဗျားတို့မှာ တခြားမလိုလားအပ်တဲ့ပြဿနာ တွေနဲ့ကော ကြုံတွေ့နိုင်ကြဘူးလား"

"ကြုံချင်လည်းကြုံနိုင်ပါတယ်"

"အေးဖွဲ့လွှန်နည်းစနစ်နဲ့ အေးခဲထားတဲ့ ဝိညာဉ်မဲ့ ခန္ဓာကိုယ်တစ်ခုကို ခွဲစိတ်ကုသမှုဆိုတာ မဖြစ်နိုင်ဘူးလို့ ကျွန်တော် ထင်တယ်"

"ခန္ဓာကိုယ်ကြီးတစ်ခုလုံး အေးခဲတင်းမာနေမယ်ဆိုရင်တော့ မဖြစ်နိုင်ဘူးပေါ့။ ဒါပေမယ့် ကျွန်တော်တို့က ခွဲစိတ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါအစိတ်တစ်ခုရဲ့အခြေအနေကိုကြည့်ပြီး လိုအပ်ချက်အပူချိန်
ပြောင်းလဲမြှင့်တင် ပေးသွားနိုင်ခဲ့ရင်တော့ဖြစ်လာရမှာပါ"

"ကျွန်တော်ကိုယ်တိုင် နှလုံးခွဲစိတ်မှုတစ်ခုမှာ တာဝန် ယူ
တုန်းက လူနာရဲ့နှလုံးကို 48°F အထိလျှော့ချပေးခဲ့တယ်။ ခန္ဓာကိုယ်
အပူချိန်ကိုလည်း 70°F အထိ လျှော့ချ ပစ်လိုက်တယ်။ သွေးလှည့်
ပတ်မှုနှုန်းနဲ့ ကျောက်ကပ်ရဲ့လုပ်ဆောင်မှုနှုန်းဟာ ကျဆင်းနေးကွေး
သွားခဲ့တယ်"

"အေးဖွဲ့လွှန်နည်းစနစ်နဲ့ အေးခဲထားတဲ့ဝိညာဉ်မဲ့ ခန္ဓာကိုယ်
တွေဟာ အလွှန်အလွှန် အေးစက်မနေကြဘူးလား။ လွှန်ခဲ့တဲ့နှစ်ပေါင်း
သုံးဆယ်ကျော်ကတည်းက အေးခဲထားခဲ့ကြတာ မဟုတ်လား"

"ဦးနှောက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှု အေးဖွဲ့လွှန် နည်း
စနစ်ကို မသုံးလို့မရဘူး။ အဲဒီလို အေးဖွဲ့လွှန်နည်းကို သုံးတဲ့အခါမှာလဲ
ဦးနှောက်ပိုင်းဆိုင်ရာမှာရှိတဲ့ ဆဲလ်တစ် သျှူးမျှင်ကလေးတွေကို
အေးခဲစေလို့လည်း မဖြစ်ပြန်ဘူး။ ဒီအချိန်မှာ ခွဲစိတ်နေတဲ့ဆရာဝန်က
ဆဲလ်တွေ၊ တစ်သျှူးတွေ ကို ပြန်လည်နွေးလာအောင် လုပ်ပေး
တယ်။ ဒီလိုမှ လုပ်မပေးခဲ့ရင် ကျန်တဲ့ဆဲလ်တွေ၊ တစ်သျှူးတွေ ပျက်စီး
သွားနိုင်တယ်"

"အခု . . . ခင်ဗျားပြောနေတဲ့ အေးဖွဲ့လွှန်ခွဲစိတ် နည်းနဲ့
လူ့ခန္ဓာကိုယ်ရဲ့ တခြားနေရာတွေမှာပါ သုံးလို့ရနိုင်ပါ့မလား"

"ရနိုင်ပါတယ်၊ အရိုးရောဂါ၊ မျက်စိအတွင်းတိမ်၊ ကင်ဆာ
ရောဂါကုသမှုတွေမှာ အေးဖွဲ့လွှန်နည်းစနစ်ကို သုံးနေကြပါပြီ။ ဒီနေ့ည
သူတို့လုပ်ဆောင်ပေးကြမယ့် အော်ပရေးရှင်းမှာ ခန္ဓာကိုယ်ရဲ့ အင်္ဂါ
အစိတ်အပိုင်းတွေကို အစားထိုးကုသတဲ့အခါမှာ ရိုးရိုးပုံမှန်အတိုင်း
ခွဲစိတ်ပေးသွား ကြမှာပါ။ နောက်ဆုံးအဆင့်ကျတော့မှ အေးဖွဲ့လွှန်





ခွဲစိတ် ကုသနည်းကို အသုံးပြုကြမှာပါ"

"အောင်မြင်နိုင်ပါ့မလား . . ဒေါက်တာထက်ခေါင်"

ဒေါက်တာထက်ခေါင်က ဖြည်းညင်းစွာပြုံးသည်။

ပင်လယ်လေက နည်းက်အေးစိမ့်စွာ တိုက်ခတ်. . . ၏။
ဒေါက်တာထက်ခေါင်က ပင်လယ်လေကို အားပါးတရ ရှူရှိုက်လို . .
သည်။

"ကကယ်တော့ ဒီအော်ပရေးရှင်းကြီးတစ်ခုလုံးရဲ့အောင်မြင်
မှုဟာ ကျွန်တော်နဲ့ တိုက်ရိုက်မပတ်သက်ဘူး။ ဘာဖြစ်လို့လည်း
ဆိုတော့ ကျွန်တော့်တာဝန်ပိုင်း ရောက်လာမှာ။ ကျွန်တော်က လူနာကို
ဆက်လက်ရှင်သန်နေအောင် ဂရုတစိုက်စောင့်ကြပ်ကြည့်ရှုကုသပေး
ရမှာ . . သူ လူ ကောင်းတစ်ယောက် ဖြစ်လာတဲ့အထိ အချိန်ဘယ်
လောက် ကြာမလဲဆိုတာကိုလည်း အတိအကျ မပြောနိုင်သေးဘူး။
ပြီးတော့ လူနာကို ရောဂါဝေဒနာတွေ မကျရောက်အောင်ပါ ကျွန်တော်
က ဂရုတစိုက် စောင့်ရှောက်ပေးရလိမ့်မယ်"

ကမ်းခြေ၏ ချိုးကွေ့သွားသော နေရာရှိ အုန်းပင် တန်းများ
ကြားမှ လူတစ်ဦးကို တွေ့လိုက်ရသည်။

ထိုလူသည် "ဆက်မော်"ဖြစ်သည်ကို စစ်ရန်နိုင် မှတ်
မိထားသည်။

"ဆက်မော်"သည် သူ၏ဖိနပ်တစ်ဘက်ကို ကြိုးချည်
နေသည်။

စစ်ရန်နိုင်နှင့် ထက်ခေါင်ကို လှမ်းမြင်လိုက်လျှင် ဘောင်း
ဘီတစ်ဘက်ကို ခြေဖျားအထိ လျှင်မြန်စွာချလိုက် ပြီး မတ်တတ်
ရပ်လိုက်သည်။

"ဒီနေ့ . . အတော်လေး သာယာတယ်ဗျို့"



www.burmeseclassic.com

www.burmeseclassic.com

ဆက်မော်က ထိုမျှသာပြော၍ သူတို့နှစ်ဦး၏ရှေ့မှ ခပ်သွက်သွက် ကျော်တက်ပြီး လျှောက်သွားသည်။

ဒေါက်တာထက်ခေါင်က မျက်ခုံးမှာင်တစ်ချက်ကြုတ်လိုက်ပြီး -

"ဒီလူ့ကိုကြည့်ရတာ တစ်မျိုးပဲ။ ရင်းရင်းနှီးနှီးလည်း မရှိဘူး။ ဒေါက်တာစံသာမြတ်က ဒီလိုလူမျိုးကို ဘာဖြစ်လို့များ ငှားထားရသလဲ မသိဘူး"

ဒေါက်တာထက်ခေါင်က မကျေမနပ်လေသံနှင့် မှတ်ချက်ပြုသည်။

စဝ်ရန်နိုင်က -

"သူလည်း တော်တဲ့ ခွဲစိတ်ဆရာဝန်တစ်ယောက် မဟုတ်လား"

"ဒီအလုပ်က တစ်ဦးနဲ့တစ်ဦး ပူးပေါင်းပြီး လုပ်ကြရမယ့် အလုပ်မျိုးဗျ။ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးပွင့်လင်းမှု ရှိဖို့လိုတယ်။ နောက်ဆုံးမှာ ဒေါက်တာအာကာကိုဝိုင်းဝန်းပြီး ကူညီပေးကြရမယ့် လူတွေချည်းပဲ"

သူတို့နှစ်ဦးသည် စကားမပြောဖြစ်တော့ပဲ၊ ရှေ့သို့သာ လမ်းလျှောက်လာကြသည်။

ဒေါက်တာဆက်မော်သည် သူ၏ ဘောင်းဘီခြေဖျား ကို ပြန်ချရာ၌ အနည်းငယ် တုန့်နှေး၍သွားခဲ့သည်။

ဒေါက်တာထက်ခေါင်အနေဖြင့် သတိထားမိချင်မှ ထား ပေမည်။

ဒေါက်တာဆက်မော်၏ခြေသလုံးတစ်နေရာ၌ တပ်ပြားဖြင့် ကပ်၍ ဝှက်ထားသော အရာတစ်ခုကို စဝ်ရန်နိုင် ၏မျက်လုံးများက မြင်တွေ့လိုက်သည်။

ထိုအရာသည် နေရောင်ခြည်အောက်၌ ဖျတ်ခနဲ လက်၍ သွားသည်။

စဝ်ရန်နိုင် အံ့သြသွားမိရသည်။

မည်သို့မျှ ဆက်စပ်စဉ်းစားမရနိုင်သည့် အကြောင်း အချက်တစ်ခုပင်ဖြစ်သည်။

ဒေါက်တာဆက်မော်သည် ခွဲစိတ်ဆရာဝန်လူရွယ်တစ်ဦး။ အခြားသူများနှင့် ရင်းနှီးခင်မင်စွာ နေလိုပုံမရှိပေ။

သို့သော် -

သူ၏ခြေသလုံးအောက်ဘက်၌ ပစ္စတိုသေနတ် အသေးစား တစ်လက်ကို တိပ်ပြားဖြင့် ချည်နှောင်၍ ကွယ်ဝှက်ထားသည်။

မည်သည့် ရည်ရွယ်ချက်နှင့် ပစ္စတိုသေနတ်ကိုယူ ဆောင် ကွယ်ဝှက်ထားရလေသနည်း။

ဆက်မော်တွင် မည်သည့်အကြံအစည်ရှိနိုင်လေ သနည်း။

× × ×






www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

စံရန်နိုင်သည် သူ့အတွက် သတ်မှတ်ပေးထားသော အခန်း အတွင်း၌ ဗွီဒီယိုရိုက်ကီရိယာများ၊ ရုပ်သေ၊ ရုပ်ရှင် ရိုက်ဓာတ်ပုံ ကင်မရာအသေးစားများ၊ အသံဖမ်းကိရိယာ၊ အသေးစားများနှင့် ဝါယာကြိုးများကို ပြန်လည်စစ်ဆေးကြည့်ရှုနေသည်။

စံရန်နိုင် နန်းဝတီမြို့၌ရှိနေစဉ်က သူ၏အထက်မှ သူ့အား အရေးတကြီးညွှန်ကြားချက်များ အမြန်ပေးလိုက်သည်ကို ပြန်၍သတိရနေမိသည်။

ထိုစဉ်မှာပင် –

အခန်းတံခါးပွင့်လာပြီး ဒေါက်တာအာကာက ဦးခေါင်းပြူ၍ လှမ်းပြီးပြောသည်။

"ဟော့ . . ကောင်လေ။ အောက်ထပ်မှာတော့ အားလုံး အစပျိုးနေကြပြီ။ မင်းပဲ ကျန်တော့တယ်"

ဒေါက်တာအာကာ ပြောလိုက်သည့်အဓိပ္ပာယ်ကို စံရန်နိုင်





ကောင်းစွာ နားလည်သည်။ အောက်ထပ်၌ လူအား လုံး စုဝေး၍ ဆွေးနွေးရင်း ကော့တေးလ်အရက် သောက်နေပြီဟု ပြောလိုက်ခြင်း ပင်ဖြစ်သည်။

စံရန်နိုင် ထိုင်ခုံမှထ၍ ရယ်လိုက်ပြီး –

"ဪ . . ဟုတ်ကဲ့ . . ဟုတ်ကဲ့"

"ကောင်လေး . . . မင်းက နန်းဝတီကလာတဲ့ ဓာတ်ပုံနဲ့ ဗွီဒီယိုသမားလား"

"ဟုတ်ပါတယ် . . . ဒေါက်တာ"

"ငါလည်း နန်းဝတီမြို့ကို ရောက်ဖူးပါတယ်။ ဒါပေမယ့် ကျွန်းတောမြို့ကို ပိုပြီး သဘောကျမိတယ်"

"ဟုတ်ကဲ့ ကျွန်းတောမြို့ကို လူအတော်များများ နှစ်သက် ကြတာ များပါတယ်။ ဒေါက်တာနဲ့ ကိုဗသုန်တို့က ကျွန်းတောမြို့မှာ တွေ့ခဲ့၊ သိခဲ့ကြတယ်လို့ ထင်ပါတယ်"

ဒေါက်တာအာကာ သဘောကျစွာ ရယ်မောလိုက်သည်။

"အဟက် . . ဟင် . . ဪ . . ဗသုန်လား။ သူနဲ့ ငါနဲ့ သိခဲ့တာ အတော်ကြာသွားပါပြီ။ သူကတော့ မိန်းကလေး ချောချောလှလှ တစ်ယောက်ကို မြင်လိုက်တာနဲ့ သဘောကျသွားတာချည်းပဲ။ ငါတို့က တွေ့လိုက်ရင် တစ်ယောက်နဲ့ တစ်ယောက် အမြဲနောက်ပြောင် ပြောဆိုနေကြတာချည်းပဲ"

"ဒါပေမယ့် မနက်ပိုင်းတုန်းက ဒေါက်တာ သူ့ကို နောက်လိုက်တာ နည်းနည်းလွန်သွားလား မသိဘူး။ စိတ်ခုသွားပုံရတယ်"

ဒေါက်တာအာကာက အရယ်မပျက်။

"ဪ . . ဟုတ်လား။ အင်း . . သူက နွယ်နီချိုကို တော်တော် ခွဲခွဲလမ်းလမ်း ဖြစ်နေတယ်ကွ။ သူ့ကို နှစ်ယောက် တွဲနေကြတာ တစ် နှစ်လောက်ရှိပြီ ထင်တယ်။ နွယ်နီချိုနဲ့ ပတ်သက်လာရင် သူက



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဆတ်ထိမခံနိုင်အောင်ဖြစ်တတ်တဲ့အကျင့်ရှိတယ်"

စဝ်ရန်နိုင်နှင့် ဒေါက်တာအာကာတို့ အောက်ထပ် မြေတိုက်ခန်းသို့အတူတူဆင်းလာကြသည်။

ဒေါက်တာအာကာသည် သူ၏ ဝသီအတိုင်း လေသံ ကျယ်ကျယ်ဖြင့်ပင် ပြောရှ်လာသည်။

ဖြည့်ခန်းမကြီးအတွင်းသို့ဝင်လိုက်ကြသည်။

အခန်းတွင်း၌ လူစုံရောက်ရှိနေကြပေပြီ။

ဒေါ်သဇ္ဇာပါ ရောက်ရှိ၍နေပြီဖြစ်သည်။

ကော္ဖီတေးလ်အရက်ခွက်များကို အားလုံးကိုမြှောက်လိုက်ကြပြီ ဆုမွန်ကောင်းတောင်းလိုက်ကြသည်။

× × ×

စဝ်ရန်နိုင်၏ အနီး၌ရှိနေသော ဒေါက်တာအာကာ ကယမကာတစ်ခွက်ကိုမော့သောက်လိုက်ပြီး…

"ကဲ..အော်ကရေးရှင်းလုပ်ငန်းစကြရအောင်။ ဘာဖြစ်လို့ ကိုးနာရီခွဲတဲ့အထိ စောင့်နေကြရဦးမှာလဲ"

ဒေါက်တာစံသာမြတ်က -

"အေးဖွဲ့လွှန် သံမဏိတိုက်ခန်းတွေထဲမှာ လိုအပ်တဲ့အေးခဲမှုအဆင့်ရောက်အောင် အအေးဓာတ်ကို ပြန်ပြီး ထိန်းညှိပေးနေရပါတယ်။ သတ်မှတ်တဲ့ဒီဂရီအထိရောက်မှ အော်ပရေးရှင်းကိုစလို့ရနိုင်မှာပါ"

စဝ်ရန်နိုင်က ပင်၍မေးသည်။

"အော်ပရေးရှင်း ပြီးသွားတဲ့အခါမှ အေးဖွဲ့လွှန် ဓာတ်သတ္တုကိုပြန်ထုတ်ပေးရမယ်လို့ထင်ထားပါတယ်။ အခုအချိန်မှာ အေးဖွဲ့လွှန်စံချိန်ပြည့်အောင် ဖြည့်တင်းပေးရမယ်ဆိုတာ နားမလည်ဘူး"

"အော်ပရေးရှင်းလုပ်တော့မယ်ဆိုရင် ဗိညာဉ်မဲ့ ကိုယ်ခန္ဓာ





တွေကို ထည့်ထားတဲ့ သတ္တုပေါင်းအိုးတာလ်ဟားထဲက နေထုတ်ယူပြီး ချက်ခြင်းဆောင်ရွက်လို့ မရနိုင်ပါဘူး။ ဘာ ဖြစ်လို့လည်းဆိုတော့ သတ္တုပေါင်းအိုးတာလားထဲမှာထည့်ထားတဲ့ခန္ဓာကိုယ်တွေဟာအနုတ်သုံးရာ့နှစ်ဆယ်ဒီဂရီဖာရင်ဟိုက်(-320°F)အထိပေးပြီးအအေးလွန်အောင် လုပ်ထား တယ်။ အလွန့်အလွန်အေးမြတဲ့ အေးဖွဲ့လွှန်အခြေအနေမှာရှိနေတယ်။

အဲဒီလို အခြေအနေမျိုးကနေ အော်ပရေးရှင်းလုပ် လို့ရနိုင်မယ့် အအေးဓာတ်ဒီဂရီရှိတဲ့အထိပြန်ရောက်လာ အောင် ဖန်တီးပေးရပါတယ်။ အအေးဓာတ်ကို ပြန်လျှော့ချ ထိန်းညှိပေးတာပါ။ အော်ပရေးရှင်းလုံးဝပြီးစီးသွားတဲ့အခါမှာ အအေးဓာတ်ကိုလုံးဝကင်းစင်အောင် လျှော့ထုတ်ပစ် လိုက်မှာပါ။ လူ့ခန္ဓာကိုယ်ရဲ့ပုံမှန်အပူချိန်အထိ တဖြည်းဖြည်းပြန်ပြီး တိုးမြှင့် ပေးရပါလိမ့်မယ်။ အေးခဲလွန်အဆင့် ကနေ အအေးဓာတ်ပြန်လျှော့ချထိန်းညှိတာဟာ ညကိုးနာရီခွဲရောက်တဲ့အချိန်မှာ အဆင်သင့်ပြီးစီးသွားပါလိမ့်မယ်။ အဲဒီအချိန်ကျမှ အော်ပရေးရှင်းလုပ်လို့ရတဲ့ အဆင့်ကိုရောက် လာပါလိမ့်မယ်"

ဒေါ်သဇ္ဇာက ဝင်ပြောသည်။

"အဲဒီအချိန်ရောက်ရင် ငါတို့အားလုံးပြည့်ပြည့်စုံစုံ မြင်လာကြရမှာပါ"

"မှန်ပါတယ် ဒေါ်သဇ္ဇာ.."

ခွဲစိတ်ခန်းမဆောင်ကြီးအတွင်း၌ဖြစ်သည်။

စဝ်ရန်နိုင်သည် သူ၏လုပ်ငန်းနှင့် ပတ်သက်သော ပစ္စည်းကိရိယာများကို တပ်ဆင်နေသည်။ သူနှင့်မလှမ်း မကမ်း၌ နွယ်နီချိုရှိနေသည်။ နွယ်နီချိုနှင့် စကားပြောခွင့် ရလာသည်။

နွယ်နီချိုသည် သူမ၏တာဝန်အရ ခွဲစိတ်ခန်းသုံး ကိရိယာပစ္စည်းများကိုစတီးလ်လင်ဗန်းများထဲ၌ တစ်ခုစီ,စီ၍ထည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

အပ်၊ ကတ်ကြေး၊ ဓား၊ သံမဏိအပ်၊ ဇာဂနာများကို စတီးလ်လင်ဗန်းများထဲ၌ အသင့်အသုံးပြု နိုင်ရန် ရွေးချယ် ထည့်သွင်းနေခြင်းဖြစ်သည်။

ခွဲစိတ်ခန်းသုံးပစ္စည်း ကိရိယာများအားလုံး ပြည့်စုံ၍နေပြီဖြစ်သည်။

ယခုပြုလုပ်မည့် ခွဲစိတ်မှု၌ မေ့ဆေးအသုံးပြုရန် မလိုသဖြင့် မေ့ဆေးပေးကိရိယာကိုမထားရှိပေ။

စဝ်ရန်နိုင်က လှမ်း၍ပြောသည်။

"မင်းက ဗသုန်နဲ့ တစ်ဖွဲ့တည်းလား"

သူမက နူးညံ့ပျော့ပြောင်းသော ဆံပင်များကိုအသာပင့်တင်လိုက်ပြီး -

"မဟုတ်ပါဘူး၊ သူက သူ့တာဝန်နဲ့ သူ့အလုပ်ပါ။ ကျွန်မနဲ့ မတူပါဘူး ...ဘာဖြစ်လို့လဲ ဟင်"

နွယ်နီချို၏မျက်ဝန်းအစုံမှာ တောက်ပရွှန်းလက်၍နေသည်။

"ဩော် ...ဒီလိုပါ၊ မနက်က ဒေါက်တာအာကာ ပြောလိုက်တဲ့ စကားကြောင့် မေးမိတာပါ"

သူမ၏မျက်နှာနနကလေး မသိမသာတင်းမာ၍သွားသည်။

"အို .. ဒီလူကြီးက ပါးစပ် သိပ်သရမ်းတဲ့ လူယုတ် မာကြီး။ ဒီက အလုပ်ကိစ္စတွေပြီးသွားမှ သူနဲ့ စာရင်းရှင်း ရမယ်"

"မင်းနဲ့သူ သိတာကြာပြီလား"

"ကြာလှပါပြီ။ ဒီခွဲစိတ်မှုမှာ ဒေါက်တာအာကာ ပါလာမယ်လို့ ကိုဗသုန်ပြောကတည်းက ကျွန်မ ဒီအလုပ်ကို ငြင်းမလို့ပဲ .."

ခွဲစိတ်ခန်းစားပွဲပေါ်၌ ပစ္စည်းကိရိယာများကို သူမ နေသားတကျ စီစဉ်၍ ချထားလိုက်သည်။ သူမက နောက် ဘက်သို့ အနည်းငယ်မျှဆုတ်၍ သူမပြင်ဆင်ထားရှိမှုကိုပြန်၍ကြည့်နေသည်။





နွယ်နီချိုက -

"ကျွန်မက ဓာတုဗေဒပညာရှင်ပါ။ ခွဲစိတ်ကုသရေးရှင်း အဖွဲ့အတွက် လိုအပ်မယ့်ပစ္စည်းတွေကို ကျွန်မက စီစဉ် ဆောင်ရွက်ပေးရတယ်။ ဒါပေမယ့် ဒီနေရာကို ကျွန်မရောက်လာရတဲ့ အဓိကအချက်က ကိုဗသုန် ခေါ်လာလို့ပါ။ ခွဲစိတ်ကုသရေးရှင်းလုပ်ငန်းတစ်ခုရဲ့ လက်ထောက်အဖြစ် ကျွန်မလိုက်ပြီး တာဝန်မယူတာ တော်တော်ကြာသွားပြီ"

စဝ်ရန်နိုင်က မျက်မှောင်တစ်ချက်တွန့်လိုက်ပြီး -

"နေပါဦး ...ဒေါက်တာစံသာမြတ်က ခွဲစိတ်ခန်းမှာ အလုပ်လုပ်နေကျ စပါယ်ရှယ်နာ့(စ်)ကို ဘာဖြစ်လို့ မငှားရတာလဲ"

"ဒေါက်တာစံသာမြတ်က ဒီလုပ်ငန်းနဲ့ပတ်သက်ပြီး တတ်နိုင်သမျှ လျှို့ဝှက်ထားချင်တယ်။ အခု ဒီနေရာကို ရောက်နေကြတဲ့ လူတွေအားလုံးဟာလည်း မရှိမဖြစ်လိုအပ် တဲ့ ပုဂ္ဂိုလ်တွေဖြစ်နေလို့ ခေါ်ထားရတာ"

"ဒီနေ့ညမှာ လုပ်မယ့် ခွဲစိတ်ကုသရေးရှင်းကြီး အောင် မြင်သွားခဲ့ရင် သူက ဆေးသိပ္ပံလောကနဲ့ တစ်ကမ္ဘာလုံး သိသွားအောင်လုပ်ချင်တဲ့ ဆန္ဒရှိတယ်။ တကယ်လို့ ဒီည ခွဲစိတ်ကုသရေးရှင်း မအောင်မြင်ခဲ့ရင် ဒီသတင်းပြင်ပကို ပေါက်ကြားပျံ့နှံ့သွားမှာမျိုး လုံးဝ မလိုလားဘူး။ မအောင် မြင်တဲ့ သတင်းပြင်ပကို ပေါက်ကြားသွားခဲ့ရင် အေးဖွဲ့လွန်စနစ်နဲ့ အေးခဲထားတဲ့ ဝိညာဉ်မဲ့ခန္ဓာကိုယ်တွေအတွက် ဘယ် သူက ငွေကုန်ကြေးကျ ခံချင်ကြတော့မှာလဲ။ သူ ဦးစီးနေတဲ့ နဝရတ် ဆေးသိပ္ပံသုတေသနဌာနကို ဘယ်သူကမှ ယုံကြည်မှုရှိကြတော့မှာ မဟုတ်ဘူး။ ဒေါက်တာ စံသာမြတ်ရဲ့ လုပ်ငန်းကြီးတစ်ခုလုံးပါ ပျက်စီးဆုံးရှုံးသွားလိမ့်မယ်။ ဒါကြောင့် ဒေါက်တာစံသာမြတ်ဟာ သူ့ရဲ့လုပ်ငန်းနဲ့ပတ်

မိုးဆံမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သက်ပြီးတတ်နိုင်သမျှလုံခြုံစိတ်ချရအောင် လျှို့ဝှက်ထားတာပါပဲ"

ထိုအချိန်မှာပင် -

ခွဲစိတ်ခန်းမဆောင်ကြီး၏အနောက်ဘက်တံခါးတစ်ချပ်ပွင့်လာသည်။

ဒေါက်တာအာကာသည် ခွဲစိတ်ခန်းသုံး ဝတ်စုံကို ဝတ်ဆင်လျက်အခန်းတွင်းသို့ဝင်လာသည်။

ဒုတိယလူစုဝင်လာသည်။

ဒေါက်တာစံသာမြတ်နှင့် ဆက်မော်ဖြစ်သည်။

နောက်ဘက်မှ ဗသုန်...။

ဒေါက်တာစံသာမြတ်က စစ်ရန်နိုင်ဘက်သို့ကြည့်လိုက်ပြီး -

"အားလုံးအဆင်သင့်ဖြစ်နေပြီလား..စစ်ရန်နိုင်"

"အဆင်သင့်ပါပဲ"

ဒေါက်တာစံသာမြတ် ကျေနပ်စွာ ခေါင်းညိတ်သည်။

ဒေါက်တာမင်းဝေ၏ လက်တစ်ဖက်ကို တွဲမှီ၍ ဒေါ်သဉ္ဇာ အခန်းထဲသို့ဝင်ရောက်လာသည်။

ဒေါက်တာမင်းဝေသည် ဒေါ်သဉ္ဇာအား ခွဲစိတ်စား ပွဲနှင့် မျက်နှာချင်းဆိုင် နေရာရှိထိုင်ခုံတန်း၌နေရာချထား ပေးလိုက်သည်။ ထိုနောက် ခွဲစိတ်ခန်းသို့ဝင်ရမည်။ ဝတ်စုံကို အလျင်အမြန် လဲလှယ်နေသည်။

နောက်ဆုံးဝင်လာသူမှာ ဒေါက်တာထက်ခေါင်ဖြစ် သည်။

လတ်တလောအခြေအနေ၌ ဒေါက်တာထက်ခေါင် တွင် မည်သည့်တာဝန်မျှ ရှိမနေပေ။ ကျန်အဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန် မပြီးမချင်း သူသည် အေးဆေးစွာကြည့်ရှုနေနိုင်မည်ဖြစ်သည်။

ဒေါက်တာထက်ခေါင်သည် ထိုင်ခုံမြင့်တစ်လုံး၌ ထိုင်လိုက်





သည်။

ဒေါက်တာမင်းဝေက ခွဲစိတ်ခန်းသုံး ဝတ်စုံလဲလှယ် ဝတ်ဆင်ပြီးနောက် ဒေါက်တာစံသာမြတ်ထံသို့ လှမ်း၍ အကြောင်းကြားသည်။

"လုပ်ငန်းစ လို့ရပါပြီ"

"အိုကေ..ကဲ...ဒေါက်တာဆက်မော်။ ခင်ဗျားက ကျုပ်ကို ဓာတ်လှေကားမောင်းတဲ့နေရာမှာ အကူအညီပေးပါ"

သူတို့အားလုံးသည် အန္တရာယ်ကာကွယ်သည့် ဖန်အုပ် ဆောင်းဦးထုပ်များကိုဆောင်းလိုက်ကြသည်။

× × ×

စစ်ရန်နိုင်သည် ရှေ့ဆုံးတန်း ထိုင်ခုံ၌ ထိုင်၍စိတ် ဝင်စားစွာ ကြည့်ရှုနေသည်။ ဒေါ်သဉ္ဇာကိုတစ်ချက်လှမ်းကြည့်မိသည်။

သူမ၏ဦးခေါင်း၌ အန္တရာယ်ကာ ဖန်အုပ်ဆောင်းကိုဆောင် ထားခြင်းမရှိပေ။

သို့ရာတွင် -

သာမန်မျက်စေ့နှင့် လုံးဝမမြင်တွေ့နိုင်သော ခရမ်း လွန် ရောင်ခြည်တန်းတစ်ခုသည် ခွဲစိတ်စားပွဲခုံနှင့် ထိုင်ခုံ တန်းများကြား၌ ထိုးထားကြောင်း သတိရလိုက်သဖြင့် တစ်ဘက်နှင့်တစ်ဘက် သီးခြား စီခြားနား၍ သွားပြီဖြစ် ကြောင်း နားလည်လိုက်သည်။

မြေအောက်ထပ်ရှိ သံမဏိအေးခဲတိုက်သည် ခွဲစိတ်ခန်းမ၏ အောက်ဘက်တည့်တည့်၌ တည်ရှိသည်။ ကြမ်းပြင် အောက်ခြေ အံတံခါးပေါက်တည့်တည့်၌ ဓာတ်လှေကားအိမ် တည်ရှိသည်။ ဓာတ် လှေကားအိမ်အတွင်းသို့ သတ္တုပေါင်းအိုး တလားကို ဟိုက်ဒြော်လစ် နည်းစနစ်ဖြင့် ရွှေ့လျားထည့်သွင်း ပေးသည်။ ထိုနောက် သတ္တုခေါင်း



www.burmeseclassic.com

www.burmeseclassic.com



အိုးတလားများကို ဓာတ်လှေကားဖြင့် လွယ်ကူစွာ အတင်အချပြု လုပ်ပေးနိုင်သည်။

ပထမဦးဆုံးတင်လာသည့် သတ္တုပေါင်းအိုးတလား ကြီး အတွင်းရှိ ဝိညာဉ်ကင်းမဲ့နေသူသည် လွန်ခဲ့သောနှစ် ပေါင်းသုံးဆယ် ကျော်ကာလက ဦးနှောက်ရောဂါဖြင့် ကွယ်လွန်ခဲ့ရသူ လူရွယ်တစ်ဦး ဖြစ်သည်။

ထိုလူရွယ်၏ ခန္ဓာကိုယ်အား ပြင်ပခန္ဓာကိုယ်အစွံ အဖြစ် အသုံးပြုကြမည်ဖြစ်သည်။

ဓာတ်လှေကားတက်လာပေပြီ။

ဓာတ်လှေကား တံခါးပေါက်ဝမှနေ၍ ဒေါက်တာ စံသာ မြတ်က အော်ပရေးရှင်းအဖွဲ့ဝင်များအား လှမ်းမေးလိုက်သည်။

"သတ္တုပေါင်းအိုးတလားကြီး ရောက်လာပါပြီ"

ဓာတ်လှေကား ပုံမှန်အနေအထားသို့ရောက်ရန် အချိန် အနည်းငယ် စောင့်ရသည်။

ထိုအချိန်အတောအတွင်း၌ စစ်ရန်နိုင်က ဒေါက်တာ ထက်ခေါင်ထံသို့ ချဉ်းကပ်၍မေးလိုက်သည်။

"ကျွန်တော်တို့ အသက်ရှင်သန်လာအောင် လုပ်ပေးရမယ့် လူက ဘယ်သူလဲ.."

ဒေါက်တာထက်ခေါင်က ပခုံးတစ်ချက်တွန့်လိုက်ပြီး

"လူရွယ်တစ်ယောက်ပါပဲ။ ဒါပေမယ့် ဒေါက်တာ စံသာ မြတ်က သူ့ရဲ့ဝိညာဉ်မဲ့ခန္ဓာကိုယ်ပိုင်ရှင်တွေရဲ့နောက်ကြောင်းရာဇဝင် ကိုလုံးဝလျှို့ဝှက်ပေးထားတယ်"

"ဒါဆို ...ဝိညာဉ်မဲ့ခန္ဓာကိုယ် ပိုင်ရှင်တွေမှာ ပိုင်ပိုင်နာမည် မရှိတော့ဘူးလား"





ဒေါက်တာအာကာက လှမ်း၍ပြောသည်။

"လွယ်ပါတယ်ကွာ။ "လူသစ်" လို့ပဲ ခေါ်ကြတာပေါ့"

ထိုစဉ်မှာပင် -

ဓာတ်လှေကားတံခါးပွင့်ဟ.လာသည်။

ဓာတ်လှေကားအိမ်အတွင်းမှ ငွေရောင်တောက်ပနေသော သတ္တုပေါင်းအိုးတလားကြီး တစ်ခုသည် ဟိုက်ဒြော လစ်စနစ်ဖြင့် ရွေ့လျားလာပြီး လူနာတင်ဘွန်းလှည်းကြီး ပေါ်သို့ရောက်လာသည်။

ဒေါက်တာစံသာမြတ်သည် သတ္တုပေါင်းအိုးတလား တင် ထားသည့် လက်တွန်းလှည်းကို သူကိုယ်တိုင်ပင် ခွဲစိတ် စားပွဲဆီသို့ တွန်း၍ယူလာသည်။

ဒေါက်တာစံသာမြတ်က သတ္တုပေါင်းအိုးတလားကြီး ကို ညွှန်ပြ၍ ရှင်းပြပြောဆိုနေသည်။

"ဟောဒီ သတ္တုပေါင်းအိုးတလားကြီးဟာ သာ ဓာတ်ဗူးရဲ့ အခြေခံသဘောတရားကိုယူပြီး ပြုလုပ်ထားတာ ပါ။ ဒီတလားကြီးရဲ့ အတွင်းပိုင်းမှာ နိုက်ထြိုဂျင်အရည် ထည့်သွင်းပြီး အအေးလွန်အောင် ဘည်ဆောက်ထားပါတယ်။ ဝိညာဉ်မဲ့ခန္ဓာကိုယ်ရဲ့ အပေါ်မှာ ဘစ်လက်မအထူရှိတဲ့ ပိုလီသင်္ချိန်းချည်မျှင်နဲ့ အလူမီနီယမ်ချည်မျှင်ကို ရောစပ် ပြီး ခြုံလွှမ်းရစ်ပတ်ပေးထားတယ်။ အတွင်းဘက်အခန်းနဲ့ ဘလားကြီးရဲ့ကြားမှာ လေဟာနယ်တစ်ခု သီးသန့်ဖန်တီး ပေးထား ဘယ်"

"ကျုပ်တို့အခုလုပ်နေတဲ့ ဒလုပ်ကမော်ဆရာတွေအောက် လမ်းဆရာတွေကိုမန်းမှုတ်မီးတိုင်ထွန်းပြီး သေသူကိုပြန်ပြီး ရှင်သန် နိုးကြားလာစေခြင်းမျိုး လုပ်တာမဟုတ်ဘူး။ လူသေတွေကို ပြန်အသက်ဝင်အောင် အသက်သွင်းတာမျိုးရဲ့ဝိညာဉ်ကို ပြန်ခေါ်ယူ



www.burmeseclassic.com

www.burmeseclassic.com

တာမျိုးတို့လည်း မဟုတ်ဘူး။ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းပေါင်းစုံကို ခွဲစိတ်လဲလှယ်အစားထိုး ပေးပြီး လူသားအသစ်တစ်ယောက်ဖြစ်လာအောင် ပြန် လည်မွေးဖွားပေးတာမျိုးပဲ ဖြစ်တယ်...။ မသက်ဆိုင်သူတွေက အထင်အမြင် လွဲမှားပြီး ကျုပ်တို့ကို အနှောင့်အယှက် ပေးလာတာမျိုး မဖြစ်ရအောင် သတိပြုဖို့လည်း လိုတယ်"

စဝ်ရန်နိုင်သည် သူ၏လုပ်ငန်းများအတွက် ခလုတ် များကို ဖွင့်လိုက်ပြီဖြစ်သည်။

ထိုအချိန်မှာပင် -

သတ္တုပေါင်းအိုးတလားကြီး၏အဖုံးမှ မှုလီသော ချက်များကို ဖွင့်လိုက်ပြီးသား ဖြစ်နေပေသည်။

× × ×

ခွဲစိတ်ခန်းအတွင်း၌ အပူချိန်မှာ သိသာစွာလျော့ကျလာ၏။

တစ်ခန်းလုံး အေးစိမ့်၍လာသည်။

ခွဲစိတ်စားပွဲပေါ်ရှိ အနိမ့်ပိုင်းနေရာ၌ အေးစိမ့်သော အငွေ့များ ယှက်သန်း၍လာသည်ကို စဝ်ရန်နိုင်မြင်တွေ့လိုက်ရသည်။

သတ္တုပေါင်းအိုးတလားကြီးအတွင်းမှ ဝိညာဉ်မဲ့ ခန္ဓာကိုယ်အား ထုတ်ယူလိုက်ကြသည်။ ဝိညာဉ်မဲ့ခန္ဓာကိုယ်ကြီး တစ်ခုအား ခြုံလွှာထူထူကြီးတစ်ခုဖြင့် ရစ်ပတ်ထားသကဲ့သို့ မြင်ရသည်။ ခွဲစိတ်ခန်းစားပွဲပေါ်သို့ ခန္ဓာကိုယ်ကြီးကို ယက်မော်နှင့် ဗသုန်က တင်လိုက်ကြသည်။

တစ်ခန်းလုံး တိတ်ဆိတ် အေးမြ၍နေသည်။

ဒေါက်တာစံသာမြတ်၏အသံက ကြည်လင်ပြတ် သားစွာ ထိုးဖောက်၍ထွက်လာသည်။

"ဒီခန္ဓာကိုယ်ကြီးရဲ့ အပြင်အကာခွံကို ကိုယ်ထည် အဖြစ် ပြန်သုံးမှာဖြစ်ပါတယ်"

ဒေါက်တာ စံသာမြတ် ဘေးဖယ်ပေးလိုက်သည်။

သူ၏အဖွဲ့ဝင်များ လုပ်ငန်းစတင်ကြတော့မည်ဖြစ် သည်။

ဒေါက်တာစံသာမြတ်က တက်ကြွသောလေသံဖြင့် ထပ်မံပြောသည်။

"နောက်ထပ် တက်လာမယ့် သတ္တုပေါင်းအိုးတလားကြီးထဲမှာတော့ ဦးနှောက်လှူထားတဲ့ ပုဂ္ဂိုလ်ရဲ့ ဝိညာဉ်မဲ့ ခန္ဓာကိုယ်ကြီး ပါလာပါလိမ့်မယ်"

စဝ်ရန်နိုင်က စိတ်ဝင်စားစွာကြည့်နေသော ဒေါသဋ္ဌာဘက်သို့ မသိမသာ လှမ်းကြည့်လိုက်မိသည်။

လုပ်ငန်းစတင်ပေပြီ။

နှယ်နီချို့က နိုက်တြိုဂျင်အရည်ဓာတ် ထည့်သွင်းထားသည့် သံမဏိအပ်ငယ်တစ်ချောင်းကို ဒေါက်တာမင်းဝေ အား ပေးမ်းပေးသည်။

ဒေါက်တာမင်းဝေသည် သူ၏အဖွဲ့ဝင်များ၊ သူနေရာ နှင့်သူ အသင့်ရှိ မရှိ အကဲခတ်လိုက်သည်။

အခြေအနေအားလုံး အသင့်အနေအထားနှင့် ရှိနေ သည်ကို တွေ့ရသဖြင့် စိတ်ကျေနပ်စွာ ခေါင်းတစ်ချက်ညိတ် သည်။

ဒေါက်တာမင်းဝေက ခါးကိုင်း၍ သူ၏ ခွဲစိတ်မှုလုပ် ငန်းကို စတင်ဆောင်ရွက်လေတော့သည်။

အချိန်မှာ ညကိုးနာရီလေးဆယ့်ရှင်မိနစ်တိတိ။

ခွဲစိတ်ကုသမှုအဖွဲ့ဝင်များသည် ဖြူဝင်းတောက်ပ သော မီးရောင်များအောက်၌ သွက်လက်စွာ လှုပ်ရှားလုပ်ကိုင်နေကြသည်။

× × ×







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ည...ဆယ်နာရီသုံးဆယ့်ငါးမိနစ်တိတိ...။

ဒေါက်တာမင်းဝေသည် ခွဲစိတ်စားပွဲမှ ခွာလိုက် သည်။ အန္တရာယ်ကာ ဖန်အုပ်ဆောင်းကို အထက်သို့အသာ ပင့်တင်လိုက် သည်။

"ကဲ..ပြည့်စုံပါပြီ။ ဒေါက်တာ ထက်ခေါင်ရေ၊ ဒီလူနာကို ခင်ဗျားလက်ထဲ ကျွန်တော် လွှဲလိုက်ပါပြီ"

ဒေါက်တာထက်ခေါင် ထိုင်နေရာမှ လျင်မြန်စွာ ဆင်းလာသည်။

ခွဲစိတ်စားပွဲအနီးသို့ ချဉ်းကပ်လိုက်ပြီး၊ သူ၏တာဝန် များကို စ.တင်ဆောင်ရွက်သည်။

ခွဲစိတ်ခန်းအတွင်း၌ သတ္တုပေါင်းအိုးတလားအခွံ လွတ်ငါးခု ရှိနေသည်။ ထိုခေါင်းတလားများအတွင်းမှ လူ့ ခန္ဓာကိုယ် အစိတ်အပိုင်းများကို ထုတ်ယူသုံးစွဲပြီးပြီဖြစ်သည်။

စဝ်ရန်နိုင်၏ ရုပ်သေ.ရုပ်ရှင်ကင်မရာများ၊ ဗွီဒီယို ကင်မရာများက ခွဲစိတ်အစားထိုးမှု လုပ်ငန်းအားလုံးကို ပြည့်စုံစွာ ရိုက်ကူးမှတ်တမ်းတင်ထားပြီးဖြစ်ပေသည်။





ဒေါက်တာစံသာမြတ်သည် အန္တရာယ်ကာဖန်အုပ်ဆောင်းကို အပေါ်မ.တင်လိုက်ပြီးမှ -

"အင်း...မြေအောက်အအေးတိုက်ခန်းထဲက သတ္တုပေါင်းအိုး ခေါင်းတလား အတော်များများထုတ်ပြီး အသုံးပြုလိုက်ရတယ်။ နမြောစရာ ကောင်းလိုက်တာ၊ ဒီလို သုံးမှ ဖြစ်မှာမို့လို့ ထုတ်ပြီး အသုံးပြုရတာပဲ။ သူ့ရဲဦးနှောက် ရောဂါက သူ့ရဲ့ခန္ဓာကိုယ်အင်္ဂါ အစိတ်အပိုင်းအတော်များ များကို အရင်ဆုံး ဖျက်ဆီးပစ်ခဲ့ပြီးသား ဖြစ်နေတယ်"

ဗသုန်ကဝင်ပြောသည်။

"အခုအခြေအနေက ပိုပြီးတော့ ကောင်းပါလိမ့်မယ်။ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်း အသစ်တွေနဲ့ လူသားအသစ် တစ်ယောက်အဖြစ်ပြန်လည်မွေးဖွားလာခွင့် ရသွားတာပေါ့"

အော်ပရေးရှင်း စ.တင်လုပ်ဆောင်စဉ်ကတည်းက စကားတစ်လုံးမျှ မပြောနိုင်ပဲ အလုပ်ထဲ၌ အာရုံဝင်စားနေ သော ဒေါက်တာအာကာက ခနဲ့သံဖြင့် ပြောသည်။

"ငါတို့အနေနဲ့ မင်းရဲ့အကူအညီကို ဘာမျှယူစရာ ရစရာ မရှိခဲ့ပါဘူး...ဗသုန်။ ဘာဖြစ်လို့လည်းဆိုတော့ လူနာရဲ့အရိုးအဆစ်တွေဟာ ပကတိအတိုင်း ကောင်းနေကြ သေးလို့ပဲ။ ဒီတော့ မင်းအနေနဲ့ ဘာမှ လုပ်ပေးစရာ မလိုအပ်ဘူးလေ"

ထိုစဉ်မှာပင် -

ခွဲစိတ်ခုတင်ဘေးမှ အမိန့်ပေးသံတစ်ခု ကျယ်လောင် စွာ ထွက်ပေါ်လာသည်။

အမိန့်ပေးလိုက်သူမှာ ဒေါက်တာ "ထက်ခေါင်" ပင်ဖြစ်သည်။

"လျှပ်စစ်ကျဉ်စက်...ဖွင့်လိုက်"

လျှပ်စစ်ခလုတ်အား လှတ်ထုတ်ပေးသည့် စက်အနီး၌ရပ်နေ



www.burmeseclassic.com

www.burmeseclassic.com



သောဒေါက်တာထက်မော်က ဓာတ်အားလွှတ်ခလုတ်တစ်ခုကိုအသာ ဖိနှိပ်လိုက်သည်။

လူနာ၏ခန္ဓာကိုယ်ထဲသို့လျှပ်စစ်ဓာတ်အားအချို့စီးဝင်သွားသည်။

စက္ကန့်အနည်းငယ်မျှကြာလျှင် -

ဒေါက်တာထက်ခေါင်ခေါင်းမော့လိုက်သည်။

"အိုကေ . . . သူ့ရဲ့နှလုံး ပြန် ခုန်လာပြီ။ သွေး လှည့်ပတ်မှု ပုံမှန်အတိုင်းဖြစ်လာပြီ။ သူ..အသက်ပြန်ဝင်လာပြီ"

လူသားအသစ်တစ်ဦးပြန်လည်မွေးဖွားရှင်သန်လာခဲ့ပြီဟု ဆိုရပေမည်။

× × ×

နောက်တစ်နေ့နံနက်ပိုင်း . . .။

အဖွဲ့သားများနံနက်စာစားချိန် . . .။

ထမင်းချက်ဒေါ်သဇင်က နံနက်စာ ပြင်ဆင်ပေးပြီး စားသောက်ခန်းမှထွက်ခွာသွားသည်။

ဒေါက်တာထက်ခေါင်က စ.တင်၍ပြောသည်။

"နောက်ထပ် (၇)ရက်အတွင်း အရေးကြီးတဲ့ရက် တွေပဲ။ အခု လူနာအတွက် အဓိကအဆုံးအဖြတ် ပေးမယ့်နေ့တွေ ပဲ။ ကျွန်တော်တို့လုပ်တဲ့ အလုပ်က ဆေးသိပ္ပံလောက မှာ ခြေလှမ်းသစ်တစ်ခု လှမ်းလိုက်တာပဲ။ လူနာဟာ သတိ ကောင်းကောင်းရ . . . ဘဲ့ အချိန်မှာ မမျှော်လင့်ဘဲ ရောဂါတွေ ဝင်လာရင် ခံနိုင်ရည်ရှိဖို့ လိုအပ်တယ်"

ဒေါက်တာစံသာမြတ်က စိတ်မရှည်သော လေသံဖြင့် ပြောသည်။

ဒေါက်တာထက်ခေါင်က ဒေါက်တာအာကာဘက်သို့





အကူအညီတောင်းခံသည့်အကြည့်မျိုးကြည့်လိုက်သည်။

"ဒေါက်တာအာကာ . .ခင်ဗျားက အဓိက ဦးနှောက် ပိုင်းဆိုင်ရာ ကျွမ်းကျင်တဲ့လူပဲ။ ခင်ဗျားကိုယ်တိုင်ပဲ အဖြေပေးလှ . . .ပါ..."

ဒေါက်တာအာကာသည် သူ၏လက်ချောင်းများကို စ . . . ပေါ်၌ ခပ်ဖွဖွခေါက်၍နေပြီးမှ -

"အင်း ..အမှန်အတိုင်း ဖြေရမယ်ဆိုရင်တော့၊ ကျုပ်တို့ရဲ့ လူနာဟာ တစ်သက်လုံးစကားပြောနိုင်မယ်လို့မထင်ဘူး"

ဒေါက်တာစံသာမြတ်က အံ့သြထိတ်လန့်သံဖြင့် -

"ဘာ . . .ဘယ်လို၊ ဘယ်တော့မှ စကားမပြောနိုင်၏ဘူး . . ဟုတ်ရဲ့လား"

"စကားပြောတဲ့ကိစ္စဟာ ဦးနှောက်ရဲ့ သီးသန့်အစိတ်အပိုင်းလေးတွေနဲ့ ဘိုက်ရိုက်ပတ်သက်နေပါတယ်။ မနေ့ညက ခွဲစိတ်လိုက်တဲ့ အချိန်မှာ လူနာရဲ့ဦးနှောက်အစိတ်အပိုင်း ထဲက မပျက်မစီးပဲ ကျန်ရစ်ခဲ့ပါတယ်ဆိုတဲ့အပိုင်းဟာ တကယ်ပဲ အကောင်း ပကတိ ကျန်ရစ်ခဲ့သလားဆိုတာဟာ သေချာပေါက် ပြောနိုင်ဖို့မလွယ် ပါဘူး။ ဦးနှောက်အစား ထိုး လဲလှယ်မှုဟာ အင်မတန်ကြီးမား ခက်ခဲတယ်ဆိုတာ ခင်ဗျားတို့အားလုံး သိထားပြီးသားပါ...။

အခုကိစ္စက အဆင့်မြင့်မားလှတဲ့ အေးဖွဲ့လွန်အော် ပရေး ရှင်းအဆင့်ကို ရောက်နေတယ်။ ဘာဖြစ်လာနိုင်မလဲ ဆိုတာ ခန့်မှန်းဖို့ မလွယ်လှပါဘူး။ ဦးနှောက်ရဲ့ အစိတ်အပိုင်း ကလေးတစ်ချို့ဟာ အောက်ဆီဂျင်ဓာတ်လျော့နည်းပြတ် တောက်သွားတာနဲ့ ဦးနှောက်ဟာ အရည်ပျော်ပျက်စီးသွားမယ်။ ဆဲလ်တွေပါ ချက်ခြင်းပျက်စီးသွား ကြလိမ့်မယ်"

"အဲဒီလို အခြေအနေ ရှိ.မရှိ ခင်ဗျားကိုယ်တိုင် စမ်း သပ်ကြည့်လို့မဖြစ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီမနက်မှာပဲ စမ်းသပ်စစ်ဆေးကြည့်မှာပါ။ စစ်ဆေးကြည့်လိုက်ရင် အဖြေရမှာပါ"

ဒေါက်တာစံသာမြတ်က ဒေါသသံဖြင့် ဟိန်းဟောက် ၍ ပြောသည်။

"ကျုပ်ကတော့ . . ကျုပ်တို့ရဲ့လူနာကို စံချိန်မီ ပြည့်ဝတဲ့ လူသားတစ်ယောက်အဖြစ်ပဲမြင်ချင်တယ်။ ဒီမှာ ဒေါက်တာ အာကာ . . ကျုပ်က ခင်ဗျားအတွက်လိုအပ်တဲ့အခကြေးငွေ အပြည့်အဝပေးပြီး သွားပြီ။ လူစဉ်မမီတဲ့၊ ဆွံ့အတဲ့လူတစ်ယောက်အဖြစ် ပြန်ပြီး ဖန်တီး နိုင်းတာ မဟုတ်ဘူးဆိုတာ ခင်ဗျားနားလည်ထားပါ"

ဒေါက်တာ အာကာကလည်း မထိမ့်မြင်လေသံဖြင့်

"ခင်ဗျားအတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာ ကြော်ငြာ ကောင်း ကောင်းတစ်ခု ဖြစ်မလာမှာကို ခင်ဗျားက သိပ်စိုး ရိမ်နေတယ် မဟုတ်လား"

ဒေါက်တာအာကာ၏လေသံကြောင့် ဒေါက်တာစံသာမြတ် ဒေါသအကြီးအကျယ် ထွက်သွားသည်။

ထိုင်ခုံမှ ထ၍ ဒေါက်တာ အာကာထံသို့ ခပ်သွက် သွက် လျှောက်သွားသည်။

ဒေါက်တာဗသုန်က ကြားမှနေ၍ဟန့်တားလိုက်သည်။

"ခဏနေကြပါဦး။ ဒီလောက်အထိလည်း ဒေါသ မကြီး ကြပါနဲ့၊ မပေါက်ကွဲကြပါနဲ့။ "လူသစ်"ကို စောင့်ကြည့်ကြဖို့ လိုပါသေး တယ်။ စိတ်ရှည်ရှည်ထားပါ။ ဒေါက်တာစံသာမြတ် . . အခြေအနေ စောင့်ပါဦး။ လူသစ်ရဲ့ အခြေအနေ ဘယ်လို ဖြစ်လာမယ်ဆိုတာ အချိန်က အဆုံးအဖြတ်ပေးပါလိမ့်မယ်"

ဒေါက်တာစံသာမြတ်၏ ခြေလှမ်းများ ရပ်တန့်၍ သွားသည်။ သို့သော် ဒေါသအရိပ်အငွေ့များက မပြေသေးပေ။





"ကျုပ်ရဲ့လူနာကို "လူသစ်" လို့ အလွယ် လာမခေါ်ကြနဲ့၊ အောက်ထပ်က ခွဲစိတ်ခန်းထဲမှာ ရှိနေတဲ့လူနာဟာ ခေတ်သစ်ဆေး သိပ္ပံနည်းပညာနဲ့ ခွဲစိတ်ဖန်တီးရယူထားတဲ့ လူသားအသစ်တစ် ယောက်ပါ။ စိတ်ကူးယဉ် ဇာတ်လမ်းတွေ ထဲက မကောင်းဆိုးဝါး သွားဝုပ်ဖုတ်ကောင်၊ တစ္ဆေ၊ သရဲ တစ်ကောင် မဟုတ်ပါဘူး။ ဒါဟာ ဇာတ်လန့် ချောက်ချား တုန်လှုပ်စရာ ကိစ္စမျိုးလည်း မဟုတ်ဘူး။ ကိစ္စဟာ အနာဂတ်ကာလမှာ ဆေးသိပ္ပံပညာရပ် တိုးတက်လာမှုကို အထောက်အကူ ကြီးမားစွာပြုလာနိုင်မယ့် အဖြစ်အပျက် တစ်ခုပါ။ အချက်ကို ခင်ဗျားတို့အားလုံး နားလည်ထားကြဖို့လိုတယ်"

စားသောက်ခန်းမအတွင်းသို့ ဒေါ်သဇင်ပြန်၍ဝင် လာသည်။ သူမ၏ လက်ထဲရှိ လင်ပန်းအတွင်း၌ ကော်ဖီပွဲ အတွက် ပစ္စည်းများ အပြည့်အစုံ ထည့်ယူလာသည်။

နွယ်နီချိုက လက်ဖက်ရည်သောက်ချင်ကြောင်းပြောသည်။ နွယ်နီချိုက ဆက်၍ပြောသည်။

"ဟင် . . . ကျွန်မတို့ အားလုံးထဲမှာ လူတစ်ယောက် နေတယ်။ ဟော် . . ဒေါ်သဉ္ဇာ ညက အိပ်ရာဝင် နောက် ကျသွားလို့ နိုင်သေးတာ ဖြစ်မယ်ထင်တယ်"

"ဒါနဲ့ . . ဒေါက်တာပြောတော့ ဒေါ်သဉ္ဇာက မနက်တိုင်း ဒေါက်တာနဲ့ အတူတူ မနက်စာ စားလေ့ရှိတယ်ဆို"

"မှန်ပါတယ် . . တစ်ခါတစ်လေမှာတော့ မစားဖြစ်ဘူး။ မနက်စာစားဖို့ ဆင်းမလာတဲ့နေ့တွေလည်း ရှိတတ်ပါတယ်"

ဒေါက်တာ အာကာက မျက်မှောင်တစ်ချက်ကြုတ် လျက် ပြောကြဲ့ပေးသည်။

"အဘွားကြီး ဒေါ်သဉ္ဇာရဲ့ အခန်းကို တစ်ယောက်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တော့သွားပြီးကြည့်သင့်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီအသက်အရွယ်ပိုင်းဟာ စိတ်လှုပ်ရှားမှုပြင်းပြင်းထန်ထန် မဖြစ်သင့်ဘူး။ ဝမ်းသာ၊ ဝမ်းနည်းတာတွေ ပြင်းပြင်းထန်ထန် ခံစားလိုက်ရရင် အသက်အန္တရာယ်ကို ထိခိုက်နိုင်တယ်။ သူ့ရဲ့အသက်အရွယ်က ဒီလိုအခြေအနေမျိုးကို ရောက်နေပြီလေ။ ညက အော်ပရေးရှင်းလုပ်တဲ့အခါမှာ အောင်မြင်မှုကို သူမြင်တွေ့သွားပြီး စိတ်လှုပ်ရှား သွားတာမျိုးလည်း ဖြစ်နိုင်တယ်"

နွယ်နီချိုက သွက်လက်စွာ ပြောသည်။

"ဒါဆို..ဒေါ်သဇ္ဇာ့အခန်းကို ကျွန်မပြေးပြီးကြည့်လိုက်မယ်လေ..."

ဒေါက်တာစံသာမြတ်က ဒေါ်သဇ္ဇာ အနေခ်င့် အယှက်ဖြစ်မည်ကိုစိုးရိမ်သော အမူအရာဖြင့် -

"ဒေါ်သဇ္ဇာ ...ဘာမှ မဖြစ်နိုင်ပါဘူး"

နွယ်နီချိုထိုင်ရာမှထ.သည်။

"ဘာမှ မကြာနိုင်ပါဘူး။ ကျွန်မ အခုပဲ ပြေးပြီး ကြည့်လိုက်ပါ့မယ်"

နွယ်နီချိုအခန်းထဲမှ ခပ်သွက်သွက်ထွက်သွားသည်။

နွယ်နီချိုအတွက် လက်ဖက်ရည်တစ်ခွက် ဖျော်ပေးနေသော ဒေါ်သဇင်ရှိရာ မီးဖိုဆောင်အခန်း၏ အခန်းပေါ ခလုတ်တစ်ခုဆီသို့ ဒေါက်တာစံသာမြတ်၏ မျက်လုံးအကြည့် မသိမသာ ရောက်သွားသည်။

ဤအချက်ကိုစဝ်ရန်နိုင် ကောင်းစွာ သတိပြုလိုက်မိသည်။

× × × × ×





## အခန်း (၆)

ဒေါက်တာ စံသာမြတ် သက်ပြင်းတစ်ချက်ချလိုက်ပြီး ထိုင်ခုံ၌ကျောမှီ၍ထိုင်လိုက်သည်။

"ဒေါ်သဇ္ဇာ အိပ်ပျော်နေတာလဲ ဖြစ်မှာပါ။ ဒါမှ မဟုတ် ပင်လယ်ကမ်းခြေကို ထွက်ပြီး လမ်းလျှောက်နေတာ လည်း ဖြစ်နိုင်တယ်"

ဒေါက်တာ "မင်းဝေ" က...

ပြတင်းပေါက်မှ အပြင်သို့ လှမ်း၍ကြည့်သည်။

သဲသောင်ပြင်ပေါ်၌ နေခြည်နုနုတို့က တလက်လက်လင်းဖြာ၍ကျနေပေသည်။

"ဒီမှာ ...ဒေါက်တာ၊ ခင်ဗျားရဲ့ကျွန်းပေါ်မှာ ရှိတဲ့ သဲမှုန်တွေဟာ တစ်ခြားနေရာက သဲမှုန်အမျိုးအစားနဲ့ လုံးဝမတူကြဘူးဆိုတာ ကျွန်တော် ကောင်းကောင်း သတိထားမိတယ်။ ခင်ဗျားရဲ့ကျွန်းပေါ်က သဲမှုန်တွေဟာ အတော် စိတ်ဝင်စားစရာ ကောင်းတယ်"

ဒေါက်တာစံသာမြတ်က လျှို့ဝှက်စွာပြုံးလိုက်ပြီး -

"လေအေးစက်တွေက အအေးဓာတ်ကို သာမန်ထက်ပိုပြီး ထုတ်လွှင့်ပေးကြတယ်။ ဒါကြောင့် ပတ်ဝန်းကျင်လေထုထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အေးစိမ့်တဲ့ စွတ်စိုထိုင်းမှိုင်းမှု အရမ်းများလာပါ လိမ့်မယ်။ ဒါကြောင့် ဒီကျွန်းပေါ်က သဲမှုန်တွေဟာ ခင်ဖျား မြင်သလို ထူးခြားနေတာ ဖြစ်ပါလိမ့်မယ်။ ဒီကျွန်းပေါ်မှာ သစ်ပင်တွေ၊ မြက်ပင်တွေ စိမ်းစိမ်းစိုစိုဖြစ်လာအောင် ကျွန်တော်ဖန်တီးစိုက်ပျိုး ထားနိုင်ခဲ့တယ်။ ဒီကျွန်းကို ကျွန်တော် ရောက်လာခဲ့တာ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ် ကျော်ကျော် လောက်ကပါ။ အဲဒီတုန်းက အခြေအနေနဲ့ အခု အခြေအနေ လုံးဝခြားနားနေပါပြီ..."

ဒေါက်တာ "မင်းဝေ" က ခေါင်းတစ်ချက် ညိတ်လိုက်ပြီး -

"အခုစိုက်ပျိုးထားတဲ့သစ်ပင်ကြီးတွေက ဘာအမျိုးအစား"

ဒေါက်တာ မင်းဝေ၏စကား မဆုံးလိုက်။

စားသောက်ခန်းအတွင်းသို့ နွယ်နီချို ပြေးလွှားဝင် ရောက်လာသည်။ သူမ၏မျက်နှာတစ်ခုလုံးဖြူဖတ်ဖြူ ‌လျော် ဖြစ်၍နေသည်။

နွယ်နီချို မျက်စိပျက် မျက်နှာပျက်ဖြင့် အမော တကော ပြောလိုက်သည်။

"အဘွားကြီး...အဘွားကြီး ဒေါ်သဏ္ဍာ ..ဘာ ဖြစ်နေသလဲ မသိဘူး။ ဟို..ဟိုမှာလည်း..သွေး..သွေးတွေနဲ့"

စဝ်ရန်နိုင် လျင်မြန်စွာ ထ၍ရပ်သည်။

နွယ်နီချို ပြေးလွှားသွားသည်။ နောက်သို့ စဝ်ရန်နိုင် ပြေး၍လိုက်သည်။ ကျန်လူများလည်း ချက်ခြင်းပင် ပြေးလွှားလိုက်ပါ လာကြသည်။

စင်္ကြံလမ်းအတွင်း၌ ပြေးလွှားသွားရင်း စဝ်ရန်နိုင် က နွယ်နီချို၏ရှေ့မှ ကျော်တက်ပြေးသွားသည်။

ဒေါ်သဏ္ဍာ၏အိပ်ရာမှ တွန့်ကြေရှုပ်ပွ၍နေ၏။

အိပ်ရာခင်းပေါ်၌ သွေးများစွန်းထင်း၍ နေသည်ကို တွေ့လိုက်ကြရသည်။





ပြတင်းပေါက်တစ်ခု၏ နံဘေးကြမ်းပြင်ပေါ်၌ ဒေါ်သဏ္ဍာ၏ လမ်းလျှောက်တုတ်ကောက်လဲကျ၍နေ၏။

လူကိုမူ ယခုထိမတွေ့မိကြသေး။

ဗသုန်က အော်၍ပြောသည်။

"ရေချိုးခန်းထဲ ရှာကြည့်ကြ"

အိပ်ခန်း၏တစ်ဘက်၌ ရေချိုးခန်းရှိသည်။

ရေချိုးခန်းအတွင်းသို့ စဝ်ရန်နိုင်နှင့် ဗသုန်တို့ဝင်၍ ကြည့်သည်။

ဒေါ်သဏ္ဍာ၏ အရိပ်အယောင်ကိုပင် မတွေ့ကြရပေ။

စဝ်ရန်နိုင်က -

"တစ်အိမ်လုံး အနှံ့ရှာမှဖြစ်မယ်ထင်တယ်"

အိပ်ခန်းအတွင်းသို့ဝင်လာကာ ဆက်မော်က အိပ်ရာ ခင်းကိုကြည့်၍ခေါင်းခါလိုက်သည်။

"ဒါ..အမျိုးသမီးတွေနဲ့ ပတ်သက်တဲ့ ကိစ္စပဲဖြစ် မယ်ထင် တယ်"

ဒေါက်တာစံသာမြတ်က သဘောမကျသည့်အမူအရာဖြင့် ဆက်မော်အား တစ်ချက်ကြည့်လိုက်သည်။

"စဝ်ရန်နိုင် ပြောတဲ့အတိုင်း တစ်အိမ်လုံးအနှံ့လိုက် ရှာ ကြည့်ကြမယ်..."

အပေါ်ထပ်ရှိ အိပ်ခန်းဆောင်များအတွင်းသို့ ဝင်၍ ရှာ ဖွေကြည့်ကြသည်။ ဆက်မော်နှင့် ဗသုန်တို့ စဝ်ရန်နိုင်၏ နောက်မှ လိုက်ပါလာသည်။

ဗသုန်က စဝ်ရန်နိုင်အား လှမ်းပြောသည်။

"ဒီအပေါ်ထပ်မှာတော့ အဘွားကြီးရဲ့အရိပ်အရောင်တောင် လုံး မတွေ့ရဘူး။ ဘီရို၊ ရေချိုးခန်း၊ သန့်ဇင်ခန်း၊ ခုတင်အောက်ပါ



www.burmeseclassic.com

www.burmeseclassic.com

မကျန်အောင် ကျွန်တော်တို့ ဝင်ရှာပြီးသွားပြီ"

ဆက်မော်က -

"အပြင်ထွက်ပြီး ရှာကြည့်ကြမယ်"

"ဒီအဘွားကြီး လမ်းလျှောက်တုတ်ကောက် မပါဘဲနဲ့ အပြင်ကို ဘယ်လိုသွားနိုင်မှာလဲ"

စဝ်ရန်နိုင် အောက်ထပ်သို့ဆင်း၍ အပြင်ဘက်သို့ထွက်လာသည်။

အဆောက်အအုံ၏ အပြင်သို့ရောက်ချိန်၌ -

တစ်စုံတစ်ရာကို သတိရလိုက်သည်။

စဝ်ရန်နိုင် အဆောက်အအုံအတွင်းသို့ ပြန်၍ဝင်ပြီး မြေအောက်တိုက်ခန်းအတွင်းသို့ ပြေးဆင်းသွားသည်။

ခွဲစိတ်ခန်း၏ သံမဏိတံခါးမကြီးမှ ကျော်ဖြတ်၍ ခွဲစိတ်ခန်း **THEATRE** အတွင်းသို့ စဝ်ရန်နိုင် ချက်ခြင်း လိုလိုပင် ရောက်ရှိလာသည်။

ခန်းမဆောင်အတွင်း၌ အဖြူရောင်မီးလုံးတစ်လုံး ထွန်းညှိ၍ထားသည်။

သို့ရာတွင် -

ခွဲစိတ်ခန်းမဆောင်အတွင်း၌ သူ့ထက် ဦးစွာရောက်ရှိနေသူတစ်ဦးကို စဝ်ရန်နိုင် တွေ့လိုက်ရသည်။

× × ×

ထိုလူမှာ -

ဒေါက်တာ အာကာပင်ဖြစ်သည်။

ခွဲစိတ်စားပွဲပေါ်၌ ခန္ဓာကိုယ်ကို ကိုင်းညွတ်၍ ဒေါက်တာ အာကာ တစ်စုံတစ်ခု ပြုလုပ်နေသည်။

စဝ်ရန်နိုင် ခွဲစိတ်စားပွဲအနီးသို့ရောက်လာလျှင် ဒေါက်တာ





အာကာ ခေါင်းမော့၍ကြည့်လိုက်သည်။

"ဟေး...လူသစ်က ဒီမှာပဲရှိနေပါတယ်။ မင်းက ဘာတွေကို စိုးရိမ်နေတာလဲ..ကောင်လေး"

ခွဲစိတ်စားပွဲပေါ်၌ ရှိနေသော အရာက စဝ်ရန်နိုင် အား ညှို့ယူဖမ်းစား၍ထားနေပေသည်။

လူနာ၏ဦးခေါင်း၌ တပ်ဆင်ဖုံးလွှမ်းထားသည့် အောက်ဆီဂျင်မာတ်ခွက်ပွင့်လွှတ်ခြင်းထောင်ကို ဖယ်ရှားထားသည်ကို တွေ့လိုက်ရသည်။

စဝ်ရန်နိုင်သည် လူနာကို ကြည်လင်ပြတ်သားစွာ မြင်တွေ့လိုက်ရသည်။

လူသစ်သည် အသက်နှစ်ဆယ်ကျော် အရွယ်မျှသာ ရှိသေးသည်။

အရုပ်အမောင်းကောင်းသည်။ ရုပ်ရည်ချောမောသူ တစ်ဦးဖြစ်ပြီး လူရည်သန့်ပြန့်မှုရှိသည်။

"လူသစ်"၏ ခန္ဓာကိုယ်သည် မူလပုံမှန် ဒီဂရီအခြေအနေသို့ တဖြည်းဖြည်း မြင့်တက်၍လာနေပေသည်။ သူ၏ ပင်ကိုယ်အသားရောင်သို့ တဖြည်းဖြည်းနှင့် ပြောင်းလဲ၍နေသည်။

လူနာ၏ လက်မောင်းနှစ်ဘက်၌ တပ်ဆင်ထားသော အကြောဆေးသွင်းအပ်များ၊ ပိုက်များကို ဖြုတ်သိမ်းထားပြီး ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ဒေါက်တာအာကာက ခေါင်းငုံ့၍ကြည့်လိုက်ပြီး -

"အင်း..."လူသစ်" မကြာခင်မှာ နိုးလာတော့မှာပါ။ ဒါကြောင့် အကြောသွင်း ဆေးပိုက်ကို ဖြုတ်ပစ်လိုက်တာ ပါ။ ဘာဖြစ်လို့လည်းဆိုတော့ အခုအချိန်မှာ သူ့အတွက်မလိုအပ်တော့ဘူးလေ။ အားဆေးရည်ပြတ်သွားတဲ့အချိန်မှာ သူဟာ အလိုအလျောက် ဆားငလာင်မွတ်



www.burmeseclassic.com

www.burmeseclassic.com



သိပ်လာလိမ့်မယ်။ လှုပ်ရှားမှုဖြစ်လာပြီး သတိရလာမယ်။ နိုးလာလိမ့်မယ်။ သူ့ကိုစာတ်ရောင်ခြည် ခပ်ဖျော့ဖျော့လေး လွှတ်ပေးထားဖို့တော့ လိုသေးတယ်။ ဒီကိစ္စက ဒေါက်တာထက်ခေါင်နဲ့ လွှဲထားလိုက်ရင် အဆင်ပြေသွားမှာပါ"

စဝ်ရန်နိုင်က -

"အဘွားကြီး ဒေါ်သဉ္ဇာကို ဒီအောက်ထပ်မှာ ခင်ဗျား ရှာကြည့်မိသေးလား"

× × ×

ဒေါက်တာအာကာက စိတ်မဝင်စားသည့်အမူအရာဖြင့် -

"အဘွားကြီးကိုရှာလို့မတွေ့ဘူး။ အခန်းထဲမှာ မရှိဘူးဆိုရင် သေသွားတာကလွဲလို့ ဘာဖြစ်နိုင်ဦးမလဲ...ကောင်လေး"

ဒေါက်တာအာကာသည် လူနာဖြစ်သည့် "လူသစ်" ၏ရင်ဘတ်ကို စူးစိုက်၍ သေချာစွာကြည့်နေသည်။ စဝ်ရန်နိုင်ပါ သေချာစွာ ကြည့်နေမိသည်။

လူသစ်၏ရင်ဘတ်အစုံသည် နိမ့်ချည်မြင့်ချည်ဖြင့် ခပ်မှန်မှန် လှုပ်ရှား၍နေသည်။

သာမန် ပုံမှန်လူသားတစ်ဦး ပကတိအိပ်စက်နေသည့် အတိုင်းပင်။

စဝ်ရန်နိုင်က စိတ်မရှည်သောလေသံဖြင့် -

"ဒီမှာ..ဒေါက်တာအကာ၊ အဘွားကြီးဒေါ်သဉ္ဇာ ပျောက်နေတယ်ဆိုတာကို သိလိုက်တာနဲ့ ခင်ဗျားက ဘာဖြစ် လို့၊ ဒီနေရာကို အလျင်စလိုဆင်းလာပြီး ရောက်နေရတာလဲ"

ဒေါက်တာအာကာက -

"ဒါတော့ ကျုပ်လည်းမပြောတတ်ဘူး။ အဘွားကြီးဒေါ်သဉ္ဇာ တစ်ယောက် ကျုပ်တို့ရဲ့ လူနာနားရောက်နေ မလားဆိုတဲ့အတွေးနဲ့





ဆင်းလာမိတာလည်း ဖြစ်နိုင်တာပေါ့"

"ခင်ဗျား စကားပြောတာ တည်တည်ငြိမ်ငြိမ် လေးလေးနက်နက် ပြောစမ်းပါ"

"ကျုပ်က အလေးအနက်ထားရဦးမယ်..ဟုတ်လား။ ညကလည်း ကျုပ်အလေးအနက်ထားပြီး အလုပ်လုပ်ခဲ့ပြီးပြီ။ နောက်ထပ် အနည်းဆုံး တစ်လကြာတဲ့အထိ အလေးအနက်ထားပြီး ကြည့်ရှုနေရဦးမှာပဲ"

ထိုအချိန်၌ -

အခန်းထဲသို့ ဒေါက်တာစံသာမြတ် ဝင်လာသည်။

စိတ်ပျက်လက်ပျက်လေသံဖြင့် ပြောသည်။

"ကျွန်တော်တို့အားလုံး နေရာအနှံ့ လိုက်ရှာကြည့်ကြပြီးပြီ၊ ဒေါ်သဉ္ဇာ..ကျွန်းပေါ်မှာ လုံးဝမရှိတော့ဘူး"

စဝ်ရန်နိုင်က -

"ဟူးဘားခရပ်(ခ်)ယာဉ်နဲ့ ကျွန်းပေါ်ကနေ ထွက် သွားတာများ ဖြစ်နေမလား"

"မဖြစ်နိုင်ဘူး...စဝ်ရန်နိုင်။ ကျွန်းကမ်းခြေကို ဘယ်လိုယာဉ်မျိုးပဲ ဆင်းလာ.လာ အချက်ပေးကိရိယာတွေက သတင်းပို့အချက်ပေးကြမှာပဲ။ ကျုပ်တို့အားလုံး သိကြရမှာပေါ့"

"တစ်အိမ်လုံးမှာလည်း အချက်ပေးကိရိယာတွေ နေရာအနှံ့မှာ တပ်ထားသေးတယ် မဟုတ်လား ဒေါက်တာ"

"ဟုတ်ပါတယ် . . . အချက်ပေးသံတွေ မြည်မလာ ဘဲနဲ့ ဒေါ်သဉ္ဇာ အခန်းအပြင်ကို ထွက်လို့မရပါဘူး"

စဝ်ရန်နိုင် မျက်မှောင်ကြုတ်လိုက်ပြီး -

"ဒေါ်သဉ္ဇာရဲ့ အခန်းထဲကို အပြင်လူ ဘယ်သူမှ ဝင်လို့လည်း မရနိုင်ဘူး။ ဝင်လာတာနဲ့ အချက်ပေးကိရိယာ တွေက တစ်အိမ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကြားအောင် အချက်ပေးကြဲမှာပဲ မဟုတ် လား။ အခုကိစ္စကျတော့ ဘယ်လို ဖြစ်သွားရတာလဲ ဒေါက်တာ။ ဘာအချက်ပေးသံမှ လုံးဝ မကြားကြပါလား"

ဒေါက်တာစံသာမြတ်ခေတ္တမျှစဉ်းစားလိုက်သည်။

"ဖြစ်နိုင်တာ တစ်ချက်တော့ရှိတယ်။ ကျုပ်တို့လူစု အော်ပရေးရှင်းကိစ္စအပြီးမှာ တစ်ယောက်ယောက်က ဒေါ်သဇ္ဇာကို ဖမ်းခေါ်ပြီး အပြင်ကို ထုတ်ယူသွားတာမျိုး လည်း ဖြစ်နိုင်တယ်။ အချက်ပေးကိရိယာတွေက မနက်မိုး လင်းတာနဲ့ သူ့အလိုအလျောက် ပြန်ပိတ်သွားအောင် ကျုပ် က စီစဉ်ထားတယ်။ ဒါကြောင့် အချက် ပေးသံ လုံးဝမကြား ရပဲနဲ့ ဒေါ်သဇ္ဇာ ပျောက်သွားတာပဲဖြစ်လိမ့်မယ်။ ညက လည်း ကျုပ်တို့အားလုံးအတူတူ အိပ်ရာဝင် နောက်ကျခဲ့ကြ တယ် မဟုတ်လား။ ဒီတော့ ဘယ်သူမှ အိပ်ရာစောစော ထ,နိုင်မှာ မဟုတ်ဘူး။

ဒေါက်တာအာကာကလေသံခပ်ဆတ်ဆတ်ဖြင့်ပြောသည်။

"အဘွားကြီး ဒေါ်သဇ္ဇာရဲ့အခန်းထဲကို ကျုပ်တို့ အထဲက ဘယ်သူ ဝင်ပုန်းနေနိုင်ရမှာလဲ။ ကျုပ်တို့အားလုံး ခွဲစိတ်ခန်းမကြီး ထဲမှာပဲရှိနေခဲ့ကြတယ်။ မြေအောက်တိုက်ခန်းထဲမှာ ရှိမနေတာဆိုလို့ ခင်ဗျားရဲ့ထမင်းချက် မိန်းမကြီး ဒေါ်သဇင်ပဲ"

ဒေါက်တာစံသာမြတ်က ဒေါသသံဖြင့် အော်ပြော သည်။

"ကျုပ်ရဲ့ထမင်းချက်ကြီးနဲ့ပတ်သက်ပြီး ခင်ဗျား ဘာမှ ပြောစရာမလိုဘူး။ ကျုပ်က ခင်ဗျားကို လိုအပ်တဲ့ ငွေ အပြည့်အဝပေးပြီး အလုပ်ပေးထားတယ်။ ဒီအချက်ကို ခင်ဗျား မမေ့ပါနဲ့။ ခင်ဗျားက ကျုပ်အပေါ်မှာ အရှိအသေ နည်းလွန်းအားကြီးတယ်"

စဝ်ရန်နိုင်ကကြားဝင်၍ -

"ခင်ဗျားတို့ ပြဿနာ ဖြစ်မနေကြပါနဲ့။ ဒေါ်သဇ္ဇာ ပျောက်နေ





တာသေချာရင် သူ့ကိုမတွေ့တွေ့အောင် ရှာကြဖို့ပဲလိုတယ်"

"ကျုပ်တို့ နေရာအနှံ့ရှာပြီးပါပြီ။ ကျွန်းပေါ်မှာ ဒေါ်သဇ္ဇာ မရှိတာ သေချာသလောက်ပဲ"

ဒေါက်တာမင်းဇေက -

"ကျုပ်တို့ရှာစရာနေရာဆိုလို့ ပင်လယ်ပြင်ပဲ ကျန်တယ်"

"ဒီလိုမနက်အစောကြီးမှာ ဒေါ်သဇ္ဇာတစ်ယောက် တည်း အပြင်ထွက်လာစရာအကြောင်း သိပ်မရှိလှပါဘူး"

ဒေါက်တာစံသာမြတ်ကပါခေါင်းခါလျက်ပြောသည်။

"ဒေါ်သဇ္ဇာတစ်ယောက်တည်းအပြင်ထွက်လာတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ ပြီးတော့ ဒေါ်သဇ္ဇာက ကျုပ်ရဲ့နဝရတ် အေးဖွဲ့ လွန်သိပ္ပံသုတေသနဌာနအတွက် ငွေတွေကိုသူကရှိသမျှ ထည့်ပေး ထားတာကလည်း သူ့ဆက်ပြီး အသက် ရှင်သန်နေချင် သးတဲ့ ဆန္ဒရှယ်ချက်ကြောင့်ပဲ။ ဒေါ်သဇ္ဇာဟာ သေတော့မယ့်အခြေအနေကို သိနေရင်တောင်မှ ပင်လယ်ထဲကို ခုန်ဆင်းပြီး သေစရာအကြောင်း လုံးဝမရှိ ဘူး။ နောက်ပြီးတော့ ကျုပ်ရဲ့လုပ်ငန်းအခြေအနေအောင် မြင်စပြုနေပြီဆိုတာ ...ဒေါ်သဇ္ဇာကိုယ်တိုင်မြင်ထားပြီးပြီပဲလေ"

ဒေါက်တာအာကာက -

"ဒေါ်သဇ္ဇာကိုတစ်ယောက်ယောက်က လုပ်ကြံသတ်ဖြတ် လိုက်ပြီးပင်လယ်ထဲ သူ့အလောင်းပစ်ချလိုက်မယ်ဆိုရင်ကော..."

ဒေါက်တာစံသာမြတ်က အနီးရှိလူများကို တစ်ဦးစီ စေ့စေ့ ကြည့်လိုက်သည်။

"ဟုတ်တယ်..တစ်ယောက်ယောက်ရဲ့လက်ချက် ပဲဖြစ်ရ မယ်။ အဲဒီလူဟာလည်း ကျုပ်တို့အုပ်စုထဲက လူ တစ်ယောက် ယောက်ပဲဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

သူတို့လူစုသည် ဇည့်ခန်း၌ထိုင်လျက် ဒေါ်သဉ္ဇာနှ
ပတ်သက်ပြီးဆွေးနွေးပြောဆိုကြသည်။အချိန်တစ်နာရီကျော်ကေ
ကြာသည့်တိုင်ရေရာသောအဖြေလုံးဝရှာမတွေ့ခဲ့ကြပေ။

နောက်ဆုံး၌ -

ဒေါက်တာအာကာနှင့်ဒေါက်တာတက်ခေါင်တို့မြေအော
သံမဏိတိုက်ခန်းအတွင်းရှိ ခွဲစိတ်ခန်းသို့ ဆင်းသွား ကြသည
"လူသစ်"နှင့်ပတ်သက်၍ စမ်းသပ် စစ်ဆေးမှုများ ပြုလုပ်
အတွက်ဖြစ်သည်။

ကျန်လူများ ဇည့်ခန်းထဲ၌ ကျန်ရစ်ပြီး ဆက်လက် စက
ပြောဆိုနေကြသည်။

နောက်ထပ်တစ်နာရီကျော်ကျော်ကြာလျှင် -

ဒေါက်တာစံသာမြတ်က အချက်ပေးခလုတ်ဟုစ်ခု
နှိပ်သည်။

မီးဖိုခန်းအတွင်းရှိ ဒေါ်သဇင်ထံသို့ လှမ်း၍မှာလို





ခြင်းဖြစ်သည်။

ကော့တေး(လ်)အရက်ဝိုင်း အချိန်စော၍ ပြင်ဆင် ပေးရန်
အင်တာကွန်မှတစ်ဆင့် မှာလိုက်ခြင်းဖြစ်သည်။

နွယ်နီချိုက မျက်လုံးပြူး၍ -

"ဟင်..နေ့လည်(၁၂)နာရီပဲရှိသေးတယ်"

"ဟေတယ်လိုသတ်မှတ်တဲ့လူတွေမသောက်ချင်လည်းနေ
လို့ဖြစ်ပါတယ်။ ကိုယ့်စိတ်ကြိုက် နေထိုင်လုပ်ကိုင် နိုင်ပါတယ်"

ဒေါက်တာစံသာမြတ်သည် သူ၏လုပ်ငန်းအောင်မြင်
လုနီးပါးအခြေအနေ၌ဒေါ်သဉ္ဇာကိုဆုံးရှုံးလိုက်ရသဖြင့်ကြီးမားသော
ကြေကွဲဝမ်းနည်းမှုတစ်ရပ်နှင့် ရင်ဆိုင်ခံစားနေရကြောင်းစဝ်ရန်နိုင်
နားလည်လိုက်မိ၏။

× × ×

မြေအောက်ခွဲစိတ်ခန်းမှ ဒေါက်တာအာကာ၊ ဒေါက်တာ
ဆက်ခေါင်တို့ပြန်ရောက်လာကြသည်။

ဒေါက်တာထက်ခေါင်က လူနာ၏အခြေအနေကိုဒေါက်တာ
စံသာမြတ်ထံအစီရင်ခံသည်။

"လူနာ အသက်ရှင်သန်လာမယ့် အခြေအနေက အလွန့်
အလွန်တိုးတက်ကောင်းမွန်နေပါတယ်"

"လူနာ..သတိရလာပြီလား"

ဒေါက်တာထက်ခေါင်က လက်နှစ်ဘက်ကိုပွတ်သပ်
လိုက်ရင်းမှ -

"သူ..အခုထိသတိမရသေးပါဘူး။ အခုချိန်ထိသူဘာဖြစ်လို့
သတိရမလာသေးတာလဲလို့ကျွန်တော်တို့စဉ်းစားလို့မရနိုင်အောင်
ဖြစ်နေတယ်။ ဒီအခြေအနေ အတိုင်းဆိုရင်တော့ သူပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သတိဝင်လာနိုင်ဖို့အတွက် သတ်မှတ်ထားတဲ့ အချိန်ထပ်ပိုပြီး ကြာလိမ့်မယ်လို့ထင်တယ်"

ဒေါက်တာစံသာမြတ်က ဒေါက်တာအာကာဘက်သို့ လှည့်၍မေးသည်။

"လူနာရဲ့ဦးနှောက်ပိုင်းဆိုင်ရာ အခြေအနေကော ဘယ်လို ထူးခြားမှုရှိသလဲ"

ဒေါက်တာအာကာ ခေါင်းတစ်ချက်ညိတ်လျက် -

"သူ့ဦးနှောက်က ပုံမှန်အတိုင်းရှိနေပါတယ်။ သူ အသိဝင်လာတာနဲ့ ဦးနှောက်အစိတ်အပိုင်းတွေက ပုံမှန် အခြေအနေအတိုင်း လုပ်ဆောင်သွားပါလိမ့်မယ်"

ဒေါက်တာစံသာမြတ် သက်ပြင်းတစ်ချက် လေးပင် စွာ ချလိုက်သည်။

"တစ်ခုခုတော့ ပြောင်းလဲထူးခြားလာလိမ့်မယ်လို့ ကျုပ်တို့ အားလုံးမျှော်လင့်ကြရမှာပဲ"

× × ×

စားပွဲဝိုင်းကြီးပေါ်သို့ ကော့ဖီတေးလ်နှင့် ယမကာ မျိုးစုံတို့ ရောက်ရှိလာကြသည်။

စဝ်ရန်နိုင် ယမကာတစ်ခွက်မျှမော့သောက်လိုက်ပြီး သူ၏ အခန်းရှိရာ အပေါ်ထပ်သို့တက်လာခဲ့သည်။

အခန်းတံခါးကို အသာအယာ တွန်းဖွင့်လိုက်၏။

လွယ်ကူစွာပင်ပွင့်ဟသွားသည်။

မမျှော်လင့်သော ဧည့်သည်တစ်ဦး သူ၏အခန်းထဲ၌ ရောက်နေကြောင်း တွေ့လိုက်ရသည်။

မဖိတ်ခေါ်ပဲနှင့်ရောက်နေသည့်ဧည့်သည်မှာ နွယ်နီချို…

သူ၏ခုတင်ဘေးရှိ စားပွဲ၌ ခန္ဓာကိုယ်ကို ကိုင်းညွှတ် ၍





တစ်စုံတစ်ခုကိုစိတ်ဝင်စားစွာပြုလုပ်နေပုံရသည်။

"ဟော့…ခြော်…ဘယ်သူများလဲလို့"

စဝ်ရန်နိုင် အခန်းထဲဝင်လာပြီး အသံပြုလိုက်သည်။

နွယ်နီချိုချာခနဲ လှည့်ကြည့်သည်။

နွယ်နီချိုမသိမသာ မျက်နှာပျက်သွားသည်။

ချက်ခြင်းပင် သူမက အိန္ဒြေဆည်၍ မပွင့်တပွင့် ပြုံးလိုက် သည်။

"ကျွန်မ ရှင့်အခန်းထဲဝင်လာတာ စီးကရက်သောက် ချင်လို့ ခြစ်လာငှားကြည့်တာ။ ဒါပေမယ့် မယုံကြည်နိုင် စရာ အံ့သြစရာတွေ တွေ့လိုက်မိလို့"

စဝ်ရန်နိုင်၏အကြည့်က စားပွဲပေါ်သို့ ချက်ခြင်းရောက်သွား သည်။

စဝ်ရန်နိုင်၏ အမူအရာက ထူးခြားစွာ ပြောင်းလဲ သွားခြင်း မရှိ။

ပုံမှန်လေသံဖြင့် -

"ခြော်..ဟုတ်လား။ ဘာတွေကို တွေ့လိုက်မိလို့လဲ"

သူမက သရော်ပြုံးတစ်ချက်ပြုံးလိုက်ပြီး -

"ဒီမှာ..စဝ်ရန်နိုင်။ ရှင် ဘယ်သူလဲ…ရှင့်ရဲ့ဘဝမှန်က ဘာလဲ"

"မင်း…သိထားပြီးသွားပြီ မဟုတ်လား"

"ကျွန်မ မေးတာကို ဖြေပါ။ ကျွန်မတို့ စကားပြော နေတာကို က ဘာဖြစ်လို့ တိပ်ခွေနဲ့ အသံဖမ်းထားရတာ လဲ"

စဝ်ရန်နိုင်က မျက်မှောင်တစ်ချက်ကြုတ်လျက် -

"မင်း…ဘာဖြစ်လို့ မေးခွန်းအသစ်တွေ ထုတ်နေ ရတာလဲ"

နွယ်နီချိုက စဝ်ရန်နိုင်အနီးသို့ ကိုးကပ်လာသည်။

မွှေးပျံ့သော ရနံ့ကိုရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ခန္ဓာကိုယ်ပေါ်၌ နည်ကျသော ဇာပေါက် အကျီပျော့လေးတစ်ထည်ကိုသာ ဝတ်ဆင်ထားသည်။ သူမ၏ ခန္ဓာကိုယ် အချိုးအဆ ၅ထဲမှာ တောင့်တင်းကြံ့ခိုင်၍ပြေပြစ်လှသည်။ ခန္ဓာကိုယ် အတိုင်းအတာကိုပင် စဝ်ရန်နိုင်တွက် ချက် ခန့်မှန်းနိုင်သည်။

သူမက ဆံနွယ်များကိုပင့်တင်လိုက်ရင်းမှ –

“ရှင့်အခန်းထဲကို ကျွန်မဝင်လာတဲ့အချိန်မှာ ဒီတိပ်ရီကော်ဒါ အသေးစားလေးကိုဖွင့်ထားလျက်သား တွေ့လိုက်ရတယ်။ တပ်ကြိုးတွေကလည်း လည်နေတယ်။ ကျွန်မ ကတော့ ရှင်မေ့ မေ့ ပျာပြီး မပိတ်မိတာဖြစ်မယ်လို့ထင်ပြီး ခလုတ်ကို ပိတ်ပေးလိုက်မိတယ်။ ဒါပေမယ့် ကျွန်မက ခလုတ်မှားနှိပ်လိုက်မိတယ်။ အောက်ထပ်မှာ ပြောဆိုနေတဲ့ အသံ တွေ ရီကော်ဒါမှာ ကြားလာရတယ်။ ရှင့်ရဲ့ကိုယ်ပေါ်မှာ အလွန်သေးကွေးလွန်းတဲ့ မိုက်ကရိုဖုန်းတစ်ခု တပ်ထားပြီး အောက်ထပ် အခန်းထဲက အသံတွေကိုရှင့်ရဲ့အခန်းထဲက ရီကော်ဒါနဲ့ ဖမ်းယူနေတာ မဟုတ်လား။ ကျွန်မပြောတာ မမှားနိုင်ပါဘူးနော် ...”

စဝ်ရန်နိုင် သက်ပြင်းတစ်ချက် မသိမသာချလိုက်သည်။

သူ့အနေနှင့် နွယ်နီချိုအား မည်သို့မျှ ငြင်းကွယ်၍ မရနိုင်တော့ကြောင်း နားလည်သည်။

“ဒေါက်တာစံသာမြတ်က သူ့ရဲ့လုပ်ငန်းထဲမှာ လျှို့ဝှက်ထောက်လှမ်းရေးအေးဂျင့်တွေ ထိုးဖောက်ဝင်လာမှာကို သိပ်ပြီးတော့ စိုးရိမ်တယ်။ ဒါကကိုဗသုန်ပြောထားလို့ ကျွန်မ သိရတာပါ”

“ကိုယ်က အဲဒီလို လူစားမျိုး မဟုတ်ပါဘူး”

“ရှင် ဘယ်သူလဲဆိုတာကိုသာ ကျွန်မ သိချင်တယ် စဝ်”

စဝ်ရန်နိုင်က သူ၏ ပိုက်ဆံအိတ်အတွင်းမှ စိစစ်ရေးကတ်ပြားတစ်ခုကို ထုတ်ယူလိုက်သည်။

“စဝ်ရန်နိုင်က ကိုယ့်ရဲ့နာမည်အမှန်ပါပဲ။ ကိုယ်က ကွန်ပျူတာ





စုံစမ်းထောက်လှမ်းရေး ဆင်ဒီကိတ်က အထူး အေးဂျင့်တာ ယောက်ပါ”

သူမက စိစစ်ရေးကတ်ပြားကိုကြည့်၍ ပခုံးတစ်ချက် တွန့်သည်။

“ဟင်.. ဒီလိုနာမည်မျိုး တစ်ခါမှ မကြားဖူးဘူး”

“မင်း...မကြားဖူးတာ ဘာမှ မဆန်းပါဘူး။ ဒီအဖွဲ့အစည်းက အသစ်ဖွဲ့ထားတာ”

“ရှင်ပြောတာ ကျွန်မ ယုံကြည်မယ် ထင်နေ သလား”

သူမက ခါးထောက်၍ပြောသည်။

“မင်း မယုံလည်း နေနိုင်တယ်”

“ရှင်က ကွန်ပျူတာပတ်သက်တယ်ဆိုတော့ ဒီကျွန်း ပေါ်မှာ ကွန်ပျူတာနဲ့ ပတ်သက်တာ ဘာမှ မရှိဘူး။ ရှင့်ရဲ့အလုပ်က ဒီကျွန်း ပေါ်မှာ မရှိနိုင်ဘူး”

“ကိုယ်တို့ရဲ့အဖွဲ့ဟာ အသစ်ပေါ်ထွန်းလာတဲ့ စက်မှု သိပ္ပံလောကနဲ့ ဆေးသိပ္ပံလောကရဲ့ ရာဇဝတ်မှုခင်းတွေကို ပါ စုံစမ်းထောက်လှမ်းရတယ်။ ဒီမှာ အလုပ်.လုပ်နေတဲ့ နဝရတ်အေးဖွဲ့လွန် သိပ္ပံသုတေသနဌာနက ဆေးသိပ္ပံလောက နဲ့ စက်မှုသိပ္ပံလုပ်ငန်း အသစ်တစ်ခုဖြစ်နေတယ်လေ”

“ရာဇဝတ်မှုခင်း ဆိုတာကကော၊ ဒီလုပ်ငန်းနဲ့ပတ် သက်နေလို့လား”

“အဲဒီအဖြေကို တိတိကျကျသိချင်လို့ ဒီကျွန်းပေါ်ကို ကိုယ်ရောက်လာခဲ့ရတာပဲ”

စဝ်ရန်နိုင်က ဆက်၍ပြောလိုက်သည်။

“အခု ...ကိုယ်ပြောတဲ့အကြောင်းတွေကို မင်း အနေနဲ့ ဘယ်သူ့ကိုမှ ပြန်ပြောမပြစေချင်ဘူး။ နောက်ဆုံး [illegible]သုန်ကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



မပြောစေချင်ဘူး"

"ရှင် ဘာမှစိတ်မပူပါနဲ့၊ ကျွန်မ ဘယ်သူ့ကိုမှ မပြောပါဘူး"

"ဒါဆိုရင် ပိုကောင်းတာပေါ့"

သူမက ခုတင်ပေါ်သို့ဝင်ထိုင်လိုက်ပြီး စစ်ရန်နိုင် ညှိပေးသည့် မီးခြစ်ဖြင့် စီးကရက်တစ်လိပ် မီးညှိဖွာရှိုက် လိုက်သည်။

"ဒါဆိုရင် ရှင်ဟာ ဆေးသိပ္ပံပညာဆိုင်ရာဓာတ်ပုံ သမား ပာစ်ယောက် မဟုတ်ဘူးပေါ့"

"ပန်းဝတီမြို့မှာ ကိုယ် ဓာတ်ပုံ၊ ရုပ်ရှင်၊ ဗွီဒီယို၊ အသံဖမ်း သင်တန်းတစ်ခု အမြန်တက်ခဲ့ရတယ်။ ဒါကြောင့် ကိုယ်ဟာ ဒီလုပ်ငန်း ထဲကို လွယ်လွယ်ကူကူ ဝင်လာနိုင်ခဲ့တာပါ"

"အဘွားကြီးဒေါ်သဥ္ဇာ ဘာဖြစ်သွားသလဲဆိုတာ ကော ရှင် သိရပြီလား"

စစ်ရန်နိုင် ခေါင်းခါလိုက်သည်။

"ကိုယ်လည်း အဲဒီအကြောင်း သိချင်နေတာ"

သူမက ရွှန်းလက်တောက်ပသော မျက်ဝန်းအစုံဖြင့် စစ်ရန်နိုင်ကို စိုက်၍ကြည့်လိုက်ပြီး -

"ရှင်ဟာ တော်တော်ထူးခြားတဲ့ လူတစ်ယောက်ပဲ"

"ကိုယ့်အနေနဲ့ကတော့ ဘာမှ မထူးခြားပါဘူး"

နှယ်နီချို ခုတင်ပေါ်မှ ထ,လိုက်သည်။

"ကျွန်မ အောက်ထပ်ကို ဆင်းလိုက်ဦးမယ်။ တစ်ခြား အဖွဲ့သားတွေနဲ့အတူ ကျွန်မပါရှိနေသင့်ပြီလေ"

စစ်ရန်နိုင် ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်သည်။

× × ×





## အခန်း (၈)

အရုဏ်ကျင်းခါစ နံနက်ခင်းအချိန် ...။

နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ စစ်ရန်နိုင် နိုးလာသည်။

အဝတ်အစား အသစ်တစ်စုံ လဲလှယ်ဝတ်ဆင်ပြီး၊ မီးရောင် ခပ်မှိန်မှိန် ထွန်းထားသော စင်္ကြံလမ်းအတိုင်း ပြေးထွက်လာသည်။

သူသည် ဒေါက်တာစံသာမြွတ်၏ အခန်းရှေ့သို့ ရောက်လာ လျှင် -

"ဒေါက်တာ ...ဒေါက်တာ ထ,ပါဦး။ ခင်ဗျားနဲ့ အရေးကြီးတဲ့ စကားပြောစရာရှိလို့"

ဒေါက်တာစံသာမြွတ် အိပ်မှုန်စုံမွှားဖြင့် ထ,လာပြီး

"မိုးတောင် မလင်းသေးဘူး။ ဘာတွေများ ဒီလောက်အထိ အရေးတကြီး ဖြစ်လာရတာလဲ"

"အောက်ထပ်က ခွဲစိတ်ခန်းထဲကို ကျွန်တော်နဲ့အတူ ခင်ဗျား လိုက်ခဲ့စမ်းပါ။ ဒေါ်သဥ္ဇာရဲ့အလောင်း ဘယ်မှာရှိ နိုင်တယ်ဆိုတာ ကျွန်တော် သိပြီ ..ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာတွေ လာမပြောစမ်းပါနဲ့ စဝ်ရန်နိုင်ရာ။ ကိုယ့်အခန်းကိုယ်ပြန်အိပ်စမ်းပါ"

ဒေါက်တာစံသာမြတ်က အခန်းတံခါးကို ပြန်ပိတ်ရန် ပြင်သည်။

စဝ်ရန်နိုင်က တံခါးကို ဆွဲဖွင့်လိုက်သည်။

"ကျွန်တော်တို့ အောက်ထပ်ကို ဆင်းပြီး အခုချက် ခြင်း စစ်ဆေးကြည့်ချင်တယ်"

စင်္ကြံလမ်း၏ တစ်ဘက်ခန်းမှ တံခါးတစ်ချပ်ပွင့်လာသည်။

ဒေါက်တာ ဆက်မော် ခေါင်းပြူ၍ ကြည့်ပြီး –

"စောစောစီးစီး ဘာတွေဖြစ်နေကြရတာလဲ"

စဝ်ရန်နိုင်က ဖွတ်ပင်ဆက်ပြောသည်။

"ကဲ..ဒေါက်တာ။ မြေအောက်ခန်းထဲကိုသာ လိုက်ခဲ့စမ်းပါ။ ဒေါ်သဉ္ဇာ ဘယ်နေရာရောက်နေတယ်ဆိုတာ ကျွန်တော်သိတယ်"

ဒေါက်တာစံသာမြတ်က မဝေခွဲနိုင်သံဖြင့် –

"ကျုပ်တို့မနေ့က ခွဲစိတ်ခန်းထဲမှာ နေရာအနှံ့ လိုက်ရှာကြည့်ကြပြီးပြီပဲ"

"မရှာရသေးတဲ့နေရာတစ်ခု ကျန်ပါသေးတယ်"

ဒေါက်တာဆက်မော်က မယုံကြည်နိုင်သော လေသံဖြင့်မေးလိုက်သည်။

"ဘယ်နေရာလဲ...စဝ်"

"အေးဖွဲ့လွှန်တိုက်ခန်းထဲကနေ သတ္တုပေါင်းအိုးတလားကြီး ငါးခုထုတ်ယူလာခဲ့ကြတယ်မဟုတ်လား။ သတ္တုပေါင်းအိုးတလားကြီး လေးခုထဲက အင်္ဂါအစိတ်အပိုင်း တစ်မျိုးစီထုတ်ယူပြီး ကျန်တဲ့ ခန္ဓာကိုယ်ကို အေးဖွဲ့လွှန် သံမဏိတိုက်ခန်းထဲ ချက်ခြင်းပြန်ပို့





ပေးခဲ့ကြတယ်။

ပဉ္စမမြောက် သတ္တုပေါင်းအိုးတလားကြီးထဲက ခန္ဓာကိုယ်ကိုတော့ အခုလူနာရဲ့ အပြင်အတာအခွံအဖြစ် အသုံး ပြုခဲ့ကြတယ်။ ဒါဆိုရင် အဲဒီသတ္တုပေါင်းအိုးကြီးက အလွတ်ဖြစ်သွားပြီလေ။ အဲဒီ တလားကြီးထဲမှာ ဒေါ်သဉ္ဇာ ရှိနေနိုင်တာပေါ့"

ဒေါက်တာစံသာမြတ်က –

"အဲဒီသတ္တုပေါင်းအိုးတလားကြီးက ဓာတ်လှေကားထဲမှာပဲ ရှိပါသေးတယ်"

"ကဲ..ကျွန်တော်တို့ သွားကြည့်ကြရအောင်"

စဝ်ရန်နိုင်က ရှေ့မှပြေးထွက်သွားသည်။

သူ၏နောက်မှ ဒေါက်တာစံသာမြတ်နှင့် ဒေါက်တာ ဆက်မော်တို့ ပြေး၍လိုက်သွားကြသည်။

× × ×

ခွဲစိတ်ခန်းမဆောင်ကြီးအတွင်းသို့ စဝ်ရန်နိုင် ပြေး လွှား ရောက်ရှိလာသည်။

ခွဲစိတ်ခုတင်ပေါ်၌ "လူသစ်" သည် ပက်လက်အနေ အထား ဖြင့် မပြောင်းမလဲ ရှိနေဆဲပင်...။

"လူသစ်" ၏ ရင်ဘတ်အစုံမှာ ပုံမှန်အတိုင်း လှုပ်ရှားလျက်ရှိ နေသည်။

ဒေါက်တာစံသာမြတ်က ဓာတ်လှေကားအိမ်အနီးသို့ ခပ်သွက်သွက် လျှောက်သွားပြီး ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

အောက်ဘက် သံမဏိတံခါးပွင့်သွားပြီး ဓာတ်လှေကား တက်လာသံကြားရသည်။

ဒေါက်တာစံသာမြတ်က စိတ်မရှည်သံဖြင့် –



www.burmeseclassic.com

www.burmeseclassic.com



"သတ္တုပေါင်းအိုးတလားထဲမှာ ဘာမှမရှိပါဘူးလို့ ကျုပ် ပြောထားတာပဲ။ အလကားအိပ်ရေးပျက်အောင်လုပ်ပြန်ပြီ"

"ဖွင့်ကြည့်ကြသေးတာပေါ့ဗျာ"

စစ်ရန်နိုင်က ဆက်မော်ကိုမသိမသာ တစ်ချက်ကြည့်သည်။ ဆက်မော်ထံ၌ ပစ္စတိုအသေးစားလေး ဝှက်၍ ယူလာသောလေ သလားဟူသောအတွေးဖြင့် ကြည့်လိုက်မိခြင်းဖြစ်သည်။

ဒေါက်တာစံသာမြတ်က သတ္တုပေါင်းအိုးတလားကြီး တင် ထားသော လှူနာတင်တွန်းလှည်းကိုတွန်းယူလာသည်။

တလားကြီးပေါ်၌ တင်းကျပ်စွာ ပိတ်ထားသော ဝက်အူများ ကိုဒေါက်တာစံသာမြတ်နှင့် စစ်ရန်နိုင်တို့လှည့်ဖွင့်ကြသည်။

ဝက်အူများကုန်သွားသည်နှင့် -

စစ်ရန်နိုင်က သတ္တုပေါင်းအိုးတလားကြီး၏အဖုံးကို လျှင်မြန်စွာ ဆွဲဖွင့်လိုက်သည်။

စစ်ရန်နိုင်၏ယူဆချက်မှာ ကွက်တိမှန်ကန်၍နေ သည်။

သူကြိုတင် တွက်ဆထားခဲ့သည့်အတိုင်း သတ္တုပေါင်းအိုး တလားကြီးအတွင်း၌ အလွတ်သက်သက်မဟုတ်ပဲ အလောင်းတစ် လောင်းရှိနေသည်ကိုတွေ့လိုက်ကြရသည်။

သို့ရာတွင်

ဒေါသဉ္ဇာ၏အလောင်းမဟုတ်ပေ။

ခွဲစိတ်ကုဆရာဝန် ဒေါက်တာမင်းဝေ၏ရုပ်အလောင်းဖြစ် နေပေသည်။

ဒေါက်တာမင်းဝေမှာ အသက်ဝိညာဉ်ကင်းမဲ့လျက် ရှိ နေပေပြီ။

× × ×





စားသောက်ခန်းအတွင်း၌ အဖွဲ့သားရှစ်ဦးလုံး ရောက်ရှိနေ ကြသည်။

လတ်တလော ကြုံတွေ့နေရသည့် တုန်လှုပ်ချောက် ချား ဖွယ်ရာ အဖြစ်အပျက်နှင့် ပတ်သက်ပြီး ဆွေးနွေးတိုင် ပင်ကြရန် အတွက်ဖြစ်သည်။

စားပွဲထိပ်၌ ရပ်နေသည့် ဒေါက်တာစံသာမြတ်က တုန်လှုပ် သောလေသံဖြင့် စ,၍ပြောလိုက်သည်။

"ဒီနေရာမှာ ဘယ်လိုအဖြစ်အပျက်မျိုးတွေနဲ့ ရင် ဆိုင်ကြုံ တွေ့နေရတယ်ဆိုတာ ဘယ်လိုမှ နားမလည်နိုင် အောင်ဖြစ်နေပြီ။ ကျွန်တော်တို့အားလုံး ကြီးမားတဲ့ အန္တရာယ်တစ်ခုနဲ့ ရင်ဆိုင်နေ ကြရပြီဆိုတာတော့ ပြောနိုင်တယ်။ ဒေါက်တာမင်းဝေဟာ အသတ်ခံ လိုက်ရရှာတယ်။ သူ့လည်ပင်းကိုကြိုးနဲ့ ရစ်ပတ်ပြီး ဆွဲညှစ်သတ်သွား တာ၊ ညပိုင်းမှာ တစ်ယောက်,ယောက်က သတ်ပစ်ပြီး၊ မြေအောက် တိုက်ခန်းမှာရှိတဲ့ ခွဲစိတ်ခန်းထဲကို သယ်ယူသွားမယ်။ ပြီးတော့ သတ္တုပေါင်းအိုးတလားကြီးထဲမှာ ထည့်သွားခဲ့တာပဲဖြစ်လိမ့်မယ်"

နွယ်နီချိုက လက်တစ်ဘက်မြှောက်ပြ၍မေးလိုက်သည်။

"ဒေါက်တာမင်းဝေဟာ အကြောင်းတစ်ခုခုနဲ့ ခွဲစိတ် ခန်းထဲ ဆင်းသွားတုန်း အသတ်ခံလိုက်ရဟာကော မဖြစ်နိုင်ဘူးလား"

"ဒီအချက်ပဲဖြစ်နိုင်ပါတယ်"

"ဒေါသဉ္ဇာတုန်းက သူ့အိပ်ခန်းထဲမှာပဲ ဖြစ်သွားခဲ့ တယ်။ အခုလဲ ဒီပုံစံအတိုင်း လူသတ်သမားက သတ်သွားတာဖြစ်မယ်"

ဒေါက်တာအာကာက ဝင်၍ပြောလိုက်သည်။

သူသည် ဝမ်းနည်းကြေကွဲသော အမူအရာဖြင့် သူ၏ ဦးခေါင်းကိုလေးတွဲစွာ ခါယမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစံသာမြတ်က -

"အင်း...ကျုပ်တို့ထဲက တစ်ယောက်.ယောက်ပဲ။ ညတုန်းက လျှပ်စစ်ဓာတ် အချက်ပေးစနစ်တွေ အလုပ်.မလုပ်တော့ ဘာသံမှ မကြားရတော့ဘူးလေ"

စဝ်ရန်နိုင်က -

"လျှပ်စစ်အချက်ပေး ကိရိယာတွေ မနေ့ညက လုံးဝ အလုပ်.မလုပ်ကြဘူးပေါ့.."

"ဟုတ်တယ်...လုံးဝ မလုပ်ကြဘူး"

စဝ်ရန်နိုင်က အခန်းတွင်းရှိလူအားလုံး၏မျက်နှာပြင်များကို အကဲခတ်ကြည့်လိုက်သည်။

နွယ်နီချိုက သူမ၏လိုလားချက်ကိုပြောသည်။

"ကျွန်မတို့ အခုအခြေအနေမှာ "ဗဟိုကုန်းမြေ" ကို ဆက်သွယ်အကြောင်းကြားပြီး သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေကို ခေါ်ရင် ပိုကောင်းမယ်ထင်တယ်"

ဒေါက်တာစံသာမြတ်က ခေါင်းခါလိုက်သည်။

"သူတို့ကို ခေါ်လိုက်လို့ ရောက်လာခဲ့ရင် မြေအောက်တိုက် ခန်းထဲက ကျွန်တော်တို့လူနာရဲ့အကြောင်းကိုမပြောမဖြစ် ထုတ်ပြော တော့မှာပဲ။ မပြောလို့လဲ မဖြစ်တော့ဘူးလေ။ သူတို့ ရောက်လာ တာနဲ့ တစ်ကျွန်းလုံးကို မြေလှန်ရှာဖွေစုံစမ်းကြတော့မှာ မဟုတ်လား ကျွန်တော့် အနေနဲ့ ပြင်ပကလူတွေ ဒီကျွန်းပေါ်ကို တက်လာပြီး စပ် နှောင့်ယှက်လာမှာကို လုံးဝ မလိုလားဘူး။ တတ်နိုင်သမျှ ကတော့ ဒီကိစ္စတွေကို ရှေရှည်ဆွဲထားဖို့လိုလိမ့်မယ်"

ဒေါက်တာအာကာက ခေါင်းညိတ်လိုက်ပြီး -

"ဟုတ်တယ်..ခင်ဗျားပြောတာမှန်တယ်"





"အင်း . . .သက်ဆိုင်ရာက လူတွေရောက်လာခဲ့ ရင် ဘာတွေဖြစ်လာမလဲဆိုတာ ကျွန်တော် အခုကတည်းက ကြိုပြီး ခန့်မှန်းမိပြီးပြီ။ ရုပ်သံသတင်းတွေမှာ ထိပ်ဆုံးက ပါလာမယ်။ သတင်း စာမှာလဲ ချဲကားထားတဲ့ သတင်းတွေ ပါလာမယ်။ "တစ္ဆေနန်းတော် သိပ္ပံသုတေသနဌာနမှ ကြောက်မက်ဖွယ်ရာ လူသတ်မှုကြီး"၊ "အစမ်း သပ်ခံသတ္တဝါကောင်ကြီးက ဖန်တီးရှင်ဆရာဝန်ကြီးကိုပြန်၍ရက်စက် စွာ သတ်ပစ်လိုက်ခြင်းပင်လော..." ဆိုတဲ့ ခေါင်းစဉ်ကြီးတွေ တပ်ထား လာလိမ့်မယ်"

"ခင်ဗျားက ဘယ်လိုထင်ထားတာလဲ။ လူသတ်တရားခံဟာ"

"ကျုပ်ထင်တာကို ပြောရမှာလား။ တကယ်တော့ လူသတ် တရားခံဟာ ဟောဒီမှာ ထိုင်နေတဲ့ လူတွေထက်မှာရင် အောက်ထပ် မြေအောက်ခန်းထဲက "လူသစ်" ဖြစ်ဖို့ သေချာသလောက်ပဲ"

စဝ်ရန်နိုင်က ဒေါက်တာထက်ခေါင်ဘက်သို့ လှမ်းကြည့်၍ မေးလိုက်သည်။

"အောက်ထပ် မြေအောက်တိုက်ခန်းထဲက လူနာ သတိရ လာပြီလား။ လှုပ်ရှားလာနိုင်ပြီလား"

ဒေါက်တာထက်ခေါင်က အလေးအနက်ထား၍ ပြန် ဖြေသည်။

"အခုချိန်ထိ သူ့ ဘာမှ ထူးခြားမလာသေးပါဘူး။ သူ့ရဲ့ နှလုံးခုန်နှုန်း၊ သွေးခုန်နှုန်းတွေက ပုံမှန်အတိုင်းပါပဲ။ သူဟာ အချိန်အရွေး လှုပ်ရှားလာနိုင်၊ သတိရလာနိုင်တဲ့ အခြေအနေမျိုးမှာ ရှိနေပါပြီ"

နွယ်နီချိုက -

"သူ့အနေနဲ့ သတိရနေချင် ရနေနိုင်တယ်။ ပြီးတော့ မှ ပြီး



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်ဟန်ဆောင်နေတာလည်းဖြစ်နိုင်တယ်"

ဒေါက်တာထက်ခေါင်က ဝင်ပြောသည်။

"ဘာပဲဖြစ်ဖြစ်၊ သူ့သတိပြန်ရလာတဲ့အချိန်မှာ သူ ရောက်နေတဲ့လက်ရှိကာလဟာ ဘယ်နှစ်ခုနှစ်ဖြစ်နေတယ်ဆိုတာ သူမသိပါဘူး။ သူ့ရဲ့ဖကြားအာရုံနဲ့ပတ်သက်ပြီး တော့လဲ ကျွန်တော့်ကို ဘယ်သူမှ မပြောကြသေးဘူး"

ဒေါက်တာအာကာ သူ၏ယူဆချက်ကိုပြောပြသည်။

"ညဘက် သူ တိတ်တခိုးပြီး ထွက်လာတဲ့အချိန်မှာ သူ့ရဲ့နားက ကြားချင် ကြားနေရမှာပေါ့"

ဗသုန်ကဖြည်းညင်းစွာပြောသည်။

"သူ့ရဲ့ဦးနှောက်နဲ့ပတ်သက်ပြီး ဘာမှမပြောပဲ .. ခင်ဗျား လျှို့ဝှက်ထားခဲ့တယ် ...ဒေါက်တာစံသာမြတ်။ ကျွန်တော်တို့ကလည်း ဘာမှ မမေးကြပဲ ခင်ဗျားရဲ့အလုပ်ကို လုပ်ဆောင်ပေးခဲ့ကြတယ်။ အခုအချိန်မှာတော့ လူနာရဲ့ဦးနှောက်ဟာ ဘယ်ကရလာတယ်။ ဘယ်သူ့ရဲ့ဦးနှောက်ဖြစ် တယ်ဆိုတာ ထုတ်ဖော်ပြောဘို့ သင့်ပြီလို့ထင်တယ်"

ဒေါက်တာစံသာမြတ်က -

"ဒီမှာ ..ဒေါက်တာဗသုန်။ ကျုပ်ပြောတာ နား ထောင်ပါ။ ခင်ဗျားအနေနဲ့ ဒီလိုမေးဘို့ ..."

ဒေါက်တာဗသုန် ထိုင်ရာမှ ထ၍ရပ်လိုက်သည်။

သူ၏အသွင်မှာ မကျေမနပ်ဖြစ်၍နေသည်။

"ခင်ဗျား ဘာမှ ထပ်ပြီး ပြောမနေနဲ့တော့။ အခု ချက်ခြင်း ဒီကိစ္စကို ပြောရလိမ့်မယ်။ လူနာအတွက် ဦးနှောက်ပေးလှူခဲ့တယ် ဆိုတဲ့လူရဲ့နာမည်နဲ့အဲဒီလူရဲ့အကြောင်းပြောဖို့ဆိုတာ ခင်ဗျားအတွက်





ဘာမှမခက်ခဲပါဘူး။ ခင်ဗျားမှာ အေးဖွဲ့လွှန်ဝိဉာဉ်မဲ့ခန္ဓာကိုယ်ပိုင်ရှင်တွေနဲ့ပတ်သက်တဲ့ မှတ်တမ်းတွေ ရှိတယ်မဟုတ်လား"

"ကျုပ်မှာ မှတ်တမ်းတွေ အပြည့်အစုံ ရှိပြီးသားပါ"

"ဒါဆို ခင်ဗျားပြောပြဖို့ ဘာဖြစ်လို့ ခက်ခဲနေရတာလဲ"

ဒေါက်တာစံသာမြတ် သက်ပြင်းတစ်ချက် လေးပင် စွာချလိုက်သည်။

"ကျုပ်အနေနဲ့ ဒီမှတ်တမ်းတွေကို လျှို့ဝှက်ထားရမှာ မို့လို့ပါ။ ကျုပ်တို့အနေနဲ့ သဘောတူသတ်မှတ်ထားတဲ့ စာချုပ် စည်းကမ်းတွေထဲမှာ ကာယကံရှင်တွေရဲ့သဘောတူခွင့်ပြု ချက်မရပဲနဲ့ အေးဖွဲ့လွှန်ခန္ဓာကိုယ်ပိုင်ရှင်တွေရဲ့ အတွင်းရေး အသေးစိတ်ကို ထုတ်ဖော်ပြောလိုက်ရင်၊ ကျုပ်အနေနဲ့ သူတို့ရဲ့တရားစွဲတာကို ခံရလိမ့်မယ်။

ကျွန်တော်ထုတ်ပြီး အသုံးပြုခဲ့တဲ့ ဝိဉာဉ်မဲ့ခန္ဓာကိုယ် ငါးခုကတော့ အေးဖွဲ့လွှန်ဌာနအတွက် သတ်မှတ်ထားတဲ့ ငွေနှင်းသိမ်းဆောင့်ရှောက်ခမ မပေးတာကြာပြီဖြစ်တဲ့ ခန္ဓာ ကိုယ်တွေပါ။ ဒီခန္ဓာကိုယ်တွေဟာ ကျုပ်ရဲ့ကိုယ်ပိုင်ပစ္စည်း တွေ ဖြစ်နေပါပြီ။ ကျွန်တော့်အနေနဲ့ ထုတ်ယူသုံးစွဲပိုင်ခွင့် ရှိပါတယ်။

ဒါပေမယ့် သူတို့ရဲ့ကိုယ်ရေးရာဇဝင်ကို ထုတ်ဖော် ပြောဆိုပိုင်ခွင့်တော့ ကျွန်တော့်မှာ လုံးဝမရှိပါဘူး။ ကျွန်တော်က ထုတ်ဖော်ပြောလိုက်လို့ အေးဖွဲ့လွှန်ခန္ဓာကိုယ်ပိုင်ရှင်တွေရဲ့ဆွေမျိုးသားချင်းတွေ သိသွားတာနဲ့၊ ကျွန်တော် ပြဿနာ အကြီးအကျယ် တက်လာမှာ သေချာတယ်"

ဒေါက်တာဗသုန်က စူးရှသော မျက်လုံးများဖြင့် စိုက်၍ ကြည့်ပြီး -

"လူသစ် သတိပြန်ဝင်လာတဲ့အချိန်မှာ သူ ဘယ်သူ ဆိုယ်ဝါ



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်တယ်ဆိုတာ လူတိုင်းကို ထုတ်ဖော်ပြောပြမှာပဲ။ ဒီအချက်ကိုလဲ ခင်ဗျားအနေနဲ့ ထည့်ပြီး စဉ်းစားဦး"

"အင်း...ခင်ဗျားပြောတဲ့ အချက်ကလဲ စဉ်းစားစရာပါပဲ"

ဒေါက်တာစံသာမြတ်က မျက်မှောင်တွန့်လိုက်ပြီး -

"ကောင်းပြီလေ။ ခင်ဗျား...ဒါလောက် သိချင်နေတဲ့မှတ်တမ်းတွေ ကျွန်တော် ယူလာခဲ့ပါမယ်"

ဒေါက်တာစံသာမြတ်အခန်းထဲမှ ထွက်သွားသည်။

ဒေါက်တာအာကာ ထိုင်ရာမှ ထ၍ရပ်သည်။

သူက လေသံခပ်တင်းတင်းဖြင့် -

"မိတ်ဆွေတို့အားလုံးကို ကျွန်တော့်ရဲ့ ယူဆချက်ကို ပြောပါ့မယ်။ ကျွန်တော်တို့အားလုံးဟာ အခုအချိန်ကစပြီး အောက်ထပ်မှာရှိတဲ့ ကျွန်တော်တို့ရဲ့ "လူသစ်"ကို တစ်ယောက် တစ်လှည့် စောင့်ကြည့်သင့်ကြပြီလို့ ထင်တယ်။ ကျွန်တော် တို့က သူ့ကို တစ်ယောက်တည်း ထားပစ်ခဲ့ကြတာ မဖြစ်သင့် ဘူး။ လုံခြုံရေးကိစ္စအတွက်စောင့်ကြည့်ဖို့ကျွန်တော်တို့ဘက်ပေါ့လျော့ခဲ့ကြမိတယ်"

နွယ်နီချိုက -

"လူသစ် စ့ပြီး လှုပ်ရှားလာတာနဲ့ အချက်ပေးသံ တွေက အသံပေးမှာပေါ့"

ဒေါက်တာအာကာက လှောင်ပြောင်သရော်သံဖြင့် ရယ်မောလိုက်သည်။

"မနေ့ညတုန်းက ဘယ်အချက်ပေးသံမှ မြည်မလာ ခဲ့ကြဘူးဆိုကို မင်းမေ့နေပြီလား...နွယ်နီချို"

နွယ်နီချိုပါးစပ်ပိတ်၍သွားသည်။

× × ×





## အခန်း (၉)

ဖိုင်တွဲတစ်ခုကိုင်၍ ဒေါက်တာစံသာမြတ် အခန်းထဲ သို့ဝင်လာသည်။

ဒေါက်တာစံသာမြတ်က ဖိုင်တွဲကိုဖွင့်ကြည့်လိုက်ပြီး

"ကျွန်တော်တို့ ..အခု အသုံးပြုထားတဲ့ အပြင် အကာခွံခန္ဓာကိုယ်ပိုင်ရှင်ဟာ တစ်ချိန်တုန်းက ဇေယျာထွန်းလို့အမည်ခေါ်တဲ့ ..လူငယ်ပဲဖြစ်ပါတယ်"

"ဇေယျာထွန်းဟာ ဦးနှောက်ရောဂါနဲ့ သေဆုံးခဲ့ရသူပါ။ သူ့ရဲ့ ဦးနှောက်ရောဂါက သူ့ရဲ့တစ်ခြားခန္ဓာကိုယ် အစိတ်အပိုင်းတွေကို အရင်ဆုံးဖျက်ဆီးပစ်ခဲ့တယ်။ ဟိုတစ် နေ့ညက အော်ပရေးရှင်းလုပ်တဲ့အခါမှာ သူ့ရဲ့ဦးနှောက် တစ်ခုထဲတင် မဟုတ်ဘဲ၊ တစ်ခြားပျက်စီးနေတဲ့ အတွင်းအင်္ဂါ အစိတ်အပိုင်းတွေကိုပါ အစားထိုးလဲလှယ် ကုသပေးခဲ့ရတယ်"


www.burmeseclassic.com

www.burmeseclassic.com



"အစားထိုးကုသ လဲလှယ်ပေးခဲ့တဲ့ ခန္ဓာကိုယ်အင်္ဂါ အစိတ်အပိုင်းတွေအားလုံး ပုံမှန်အတိုင်း ကောင်းမွန်နေပါတယ်။ ဒါပေမယ့် ခင်ဗျားတို့ အမိကသိချင်ကြတဲ့ အချက်က သူ့ရဲဦးနှောက်ကိုပဲ မဟုတ်လား။ ဦးနှောက်ဆိုတာ ခန္ဓာ ကိုယ်တစ်ခုလုံးရဲ့ အရေးအကြီးဆုံးပင်မဗဟိုချက်နေရာပါ။ ဒီဦးနှောက်ရဲ့ပိုင်ရှင်က သက်လတ်ပိုင်းအရွယ်ရှိတဲ့ သချာ ပါမောက္ခတစ်ဦးပါ။ နာမည်က တင်ထွန်းလို့ခေါ်တယ်"

ဒေါက်တာ အာကာက မေးသည်။

"သချာပါမောက္ခတင်ထွန်းက ဘယ်လိုနည်းမျိုးနဲ့သေသွားခဲ့ရတာလဲ"

"သူကိုယ်သူ သတ်သေသွားတာပါပဲ။ ဆေးရုံမှာ သုံး ရက်လောက် ခံပြီးမှသေသွားခဲ့တာ။ သချာပါမောက္ခတင်ထွန်းမသေခင်မှာ သူ့ခန္ဓာကိုယ်ကို အေးဖွဲ့လှူနိုင်သိပ္ပံသုတေ သနဌာနမှာ ထိန်းသိမ်းပေးထားဖို့ သဘောတူသွားခဲ့တယ်။ သူ့ရဲဦးနှောက်က မပျက်မစီး အကောင်းပကတိ ကျန်ရစ်ခဲ့ တာဖြစ်တော့ ကျွန်တော်ကပဲ သူ့ရဲဦးနှောက်ပါတဲ့ ခန္ဓာကိုယ်ကိုအေးဖွဲ့လွှန်တိုက်ခန်းထဲမှာ ထိန်းသိမ်းပေးထားခဲ့တယ်"

"ပါမောက္ခတင်ထွန်းဟာ ဘာဖြစ်လို့ သူကိုယ်သူ သတ်သေသွားခဲ့ရတာလဲ"

"ပုလဲမြို့တော်ရဲ့အနောက်ဘက်ပိုင်းမှာရှိတဲ့ သူနေ ကဲ့တိုက်ခန်းထဲမှာ သူ့ဇနီး သေဆုံးနေတာကို ရဲအဖွဲ့က တွေ့ခဲ့ကြတယ်။ သူ့ရဲ့ဇနီးဟာ ကင်ဆာရောဂါရထားတဲ့လူ တစ်ယောက်ပဲ။ သူ့ဇနီးရဲ့ဦးခေါင်းမှာ သေနတ်နဲ့ပစ်ထားတာကိုရဲအဖွဲ့က စစ်ဆေးတွေ့ရှိရတယ်။ ရဲအဖွဲ့ရဲ့ခန့်မှန်း ချက်ကတော့ ပါမောက္ခတင်ထွန်းဟာ သူ့ဇနီးကို





အရင်ဦးဆုံး သေနတ်နဲ့ပစ်သတ်ခဲ့မယ်။ ပြီးတော့မှ သူကိုယ်သူ အဆုံးစီရင်သွားခဲ့တာ ဖြစ်နိုင်တယ်"

နွယ်နီချိုက မျက်စိပျက် မျက်နှာပျက်ဖြင့် –

"ဒါဆို...ပါမောက္ခတင်ထွန်းဟာ လူသတ်သမားတစ်ယောက်ဖြစ်နေတယ်ပေါ့...။ ဟို...ဟို အောက်ထပ် က လူသစ်ရဲ့ဦးခေါင်းထဲကို လူသတ်သမားတစ်ယောက်ရဲ့ဦးနှောက်ကို ထည့်ပေးမိလျက်သား ဖြစ်နေပါလား"

ဒေါက်တာစံသာမြတ်က ပါမောက္ခတင်ထွန်းဘက်မှ ကာကွယ် ၍ပြောသည်။

"နေစမ်းပါဦး ...နေစမ်းပါဦး။ တကယ်တော့ ပါမောက္ခတင်ထွန်းလူသတ်ခဲ့တယ်ဆိုတာကလည်း သူ့ရဲ့ဇနီး ဟာ ကင်ဆာရောဂါဝေဒနာကိုနှစ်ရှည်လများခံစားနေရတာကို မကြည့်ရက်လွန်းလို့ လုပ်လိုက်တဲ့သဘောပါပဲ"

ဒေါက်တာအာကာက ခေါင်းခါရင်းမှ –

"သူဟာ လူသတ်ဖူးပြီးသွားပြီ။ နောက်တစ်ခါထပ် ပြီး လူသတ်ဖို့လည်း ဝန်လေးမှာ မဟုတ်တော့ဘူး"

ဒေါက်တာအာကာ၏ စကားကို ဒေါက်တာထက် ခေါင်က သက်ခံလိုက်သည်။

"ဒီလိုဆိုရင်တော့ သူ့ကို အစောင့်ချထားပြီး စောင့် ကြည့်ကြဖို့လိုလိမ့်မယ်။ လျှပ်စစ်အချက်ပေး ကိရိယာတွေ ချို့ယွင်းပျက်စီးနေတဲ့ အချိန်မျိုးမှာ ပိုပြီးလိုအပ်လိမ့်မယ်"

စဝ်ရန်နိုင်က –

"ခင်ဗျားရဲ့လျှပ်စစ်အချက်ပေးကိရိယာတွေကပြန်ပြီးပြင်လို့ ရနိုင်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစံသာမြတ်က စိတ်ပျက်လက်ပျက်လေသံဖြင့် -

"ဗဟိုကုန်းမြေက ပို့ပေးမယ် .. အပိုပစ္စည်းတွေ မရပဲနဲ့ အချက်ပေး ဒါရိယာတွေကို ပြန်ပြင်လို့မရနိုင်တော့ဘူး။ ဘာဖြစ်လို့ လည်းဆိုတော့ လူသတ်သမားက နေရာအနှံ့မှာတပ်ဆင်ထားတဲ့ ပင်မဝါယာကြိုးတွေအားလုံးကိုပါဖြတ်ပြီး ခိုးယူသွားခဲ့လို့ပဲ"

နွယ်နီချိုက နားမလည်သည့်အမူအရာဖြင့် မေးသည်။

ဒေါက်တာအာကာက လွယ်ကူ ရှင်းပြင်အဖြေထုတ်ပေးလိုက်သည်။

"အခုထိ အဓိပ္ပာယ်ကို နားမလည်သေးဘူးလား .. နွယ်နီချို ရယ်။ အဖြေက ရှင်းရှင်းလေးပါ။ လူသတ်သမားက ဝါယာကြိုးနဲ့ လည်ပင်းကို ညှစ်ပြီးသတ်ဖို့အတွက် ဖြတ်ပြီး ယူသွားတာပေါ့။ ဒေါက်တာမင်းဇေယသွားတုန်းက သူ့လည်ပင်းမှာ ဝါယာကြိုးပြတ် တစ်ချောင်းကျန်ရစ်ခဲ့တာ သတိမရတော့ဘူးလား"

နွယ်နီချို၏တစ်ကိုယ်လုံး အေးစိမ့်တုန်ခါ၍သွားမိသည်။

× × ×

အမျိုးသားများသာပါသော အဖွဲ့သားခြောက်ယောက်သည် "လူသစ်" အား စောင့်ဆိုင်းကြည့်ရှုရန်အတွက် မဲနှိုက်ရွေးချယ်ကြသည်။

လူသစ်ကို စောင့်ရန်အတွက် မဲကျသူမှာ "ဆက်မော်" ဖြစ်သည်။

"ဆက်မော်" က ကျေနပ်စွာဖြင့် -

"ကျွန်တော်က အချိန်ဘယ်လောက်ကြာတဲ့အထိ စောင့်ပေး ရမှာလဲ"

ဒေါက်တာအာကာက အကြံပေးသည်။





"တစ်ယောက်ကို သုံးနာရီစောင့်မယ်။ နောက်တစ်ယောက် အလှည့်ကျတဲ့အချိန်ကျမှ ထပ်ပြီးမဲနှိုက်ရွေးကြတာပေါ့"

ဒေါက်တာအာကာ၏ အကြံပြုချက်ကို မည်သူမျှ မကန့် ကွက်ကြပေ။

ဆက်မော်အောက်ထပ်သို့ အဆင်း၌ စဝ်ရန်နိုင်နှင့် မျက်လုံး ချင်းဆုံလိုက်မိသည်။

စဝ်ရန်နိုင်က -

"ခင်ဗျားစကားပြောစရာရှိလို့လား"

"ရှိတယ်..."

ဆက်မော်၏နောက်မှ စဝ်ရန်နိုင် လိုက်ပါသွားသည်။

ခွဲစိတ်ခန်းမဆောင်ကြီးအတွင်း၌ တောက်ပဖြူဖွေး သော မီးရောင်များ လင်း၍နေ၏။

ခွဲစိတ်စားပွဲပေါ်၌ "လူသစ်" သည် ခပ်မှန်မှန် အသက် ရှူနေပေသည်။

"လူသစ်" ၏ အနေအထားကိုကြည့်ရသည်မှာ သာမန် ပုံစံမျိုးဖြင့် အိပ်ပျော်နေသကဲ့သို့ ထင်မှတ်ရသည်။ သို့သော် လူသစ် သည် အချိန်မရွေး နိုးထလာနိုင်ကြောင်း စဝ်ရန်နိုင် နှင့် ဆက်မော်တို့ သိထားကြသည်။

ဆက်မော်က ခပ်ရှင်းရှင်းပင် ပြောသည်။

"ပြီးခဲ့တဲ့ နှစ်ရက်က ကမ်းခြေမှာ ကျွန်တော့်ကို ခင်ဗျား တွေ့ခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်..."

"ကျွန်တော့်ဆီမှာ ပစ္စတိုသေနတ်တစ်လက်ရှိနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ခင်ဗျားတွေ့သွားတယ်မဟုတ်လား"

စစ်ရန်နိုင်က ခေါင်းညိတ်၍ -

"ဟုတ်တယ်..ကျွန်တော်မြင်တယ်"

ဆက်မော်က မသိမသာပြုံး၍ သူ၏ဘောင်းဘီ အနားစကို မသိမသာ ဆွဲမ.ပြသည်။ သူ၏ခြေသလုံး၌ တိပ်ဖြင့်ကပ်ထားသော သေနတ်ကိုပြလိုက်သည်။

"ကျွန်တော့်ဆီမှာ သေနတ်အသင့်ရှိတယ်..။ လူသစ်ကို စောင့်ဖို့တာဝန်ကျတဲ့အခါမှာ ကျွန်တော့်အနေနဲ့ ဘာမှကြောက်စရာ မလိုတော့ဘူးပေါ့"

စစ်ရန်နိုင်က -

"ဩော်..ခင်ဗျားမှာ ကြောက်ရွံ့စရာကိစ္စ တစ်ခု ရှိနေလို့ ကာကွယ်ရအောင် လက်နက်ဆောင်ထားတာပဲလို့ ကျွန်တော်က ထင်နေတာ"

ဆက်မော်က ခပ်ရှင်းရှင်းပင် ပြောသည်။

"ဒီမှာ...စစ်ရန်နိုင်။ ခင်ဗျားနဲ့ကျွန်တော် အပေးအယူတစ်ခု လုပ်ချင်တယ်"

"ဘယ်လို အပေးအယူမျိုးလဲ"

"ဟိုတစ်နေ့ညက လုပ်တဲ့အော်ပရေးရှင်းလုပ်ငန်းကြီးတစ်ခု လုံးရဲ့ရုပ်သေ၊ရုပ်ရှင်ဖလင်တွေ၊ ဗွီဒီယိုအခွေတွေ နဲ့ အသံသွင်းမှတ်တမ်းတင်ထားတာတွေ အားလုံး ခင်ဗျား ဆီမှာ အသင့်ရှိတယ်မဟုတ်လား"

"ရှိပါတယ်"

"ကျွန်တော် ခင်ဗျားဆီက ကော်ပီတစ်ခုဝယ်ချင်တယ်"

စစ်ရန်နိုင်က အံ့အားသင့်ဟန်ဆောင်လိုက်ပြီး -





"ခင်ဗျားက ဘာလုပ်ဖို့လဲ"

"ကျွန်တော်ကိုယ်ပိုင် အသုံးပြုဖို့အတွက်ပါ။ လူသား အသစ်တစ်ယောက် ဖန်တီးတဲ့ အော်ပရေးရှင်းမျိုးကို ကျွန်တော့် အနေနဲ့ အမြဲကြုံနိုင်ဖို့ဆိုတာ မလွယ်တဲ့ကိစ္စတစ်ခု ပဲလေ..။ ကဲ.. စစ်ရန်နိုင်..ခင်ဗျားအနေနဲ့ ကျွန်တော့်ကို ရောင်းနိုင်မလား"

"အင်း..ဒေါက်တာစံသာမြတ်လက်ခံရင် ရောင်းမယ်"

"ဟာ..ဒီကိစ္စကို ဒေါက်တာစံသာမြတ်သိလို့ မဖြစ်ဘူး"

"ဩော်..ကျွန်တော် နားလည်ပြီ"

"ခင်ဗျား..တကယ် နားလည်တာလား"

"ကျွန်တော် ဒီကိစ္စ စဉ်းစားလိုက်ဦးမယ်။ သိပ် မကြာခင်မှာ ခင်ဗျားကို အကြောင်းပြန်မယ် ဟုတ်ပြီလား"

ဒေါက်တာဆက်မော်က -

"ခင်ဗျားအတွက် မနည်းစေရပါဘူး..စစ်ရန်နိုင်။ သိန်းနှစ်ရာ ဆိုရင် ကျွန်တော်ပေးတဲ့ဈေးနှုန်း မနည်းနိုင်ပါဘူးနော်"

စစ်ရန်နိုင်က မသိမသာ ပြုံးလိုက်ပြီး -

"သိပ်ကို သင့်တော်တဲ့ ဈေးနှုန်းပါပဲ..ဆက်မော်"

ဆက်မော်က ကျေနပ်သော အမူအရာဖြင့် -

"ဒါဆိုရင် ခင်ဗျားဘက်က -

"ကျွန်တော်..ခင်ဗျားကို ပြောပြီးပြီပဲ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် ခဏလောက် စဉ်းစားလိုက်ပါဦးမယ်"

စစ်ရန်နိုင်၊ ဆက်မော်၏အနီးမှ လှည့်၍ထွက်လာခဲ့ သည်။

"လူသစ်"ကို ဆက်မော် စောင့်ဆိုင်း၍ ကျန်ရစ်ခဲ့ပေပြီ။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ခွဲစိတ်ခန်းမကြီးအတွင်း၌ ဒေါ်သဇင်မှလွဲ၍ ကျန် အဖွဲ့သား များအားလုံးရောက်ရှိနေကြသည်။

ခွဲစိတ်စားပွဲပေါ်၌ "လူသစ်" ငြိမ်သက်စွာလဲလျောင်း လျက်ရှိနေသည်။

သူ၏ညာလက်သည်နဖူးပေါ်၌တင်ထားသည်။

ခြေတစ်ဘက်က မသိမသာကွေး၍နေသည်။

မျက်နှာကြက်မှ အလင်းရောင်ကို ညာလက်က ကာကွယ်ထားသည့်နှယ်ဖြစ်နေသည်။

ဒေါက်တာစံသာမြတ်က ဒေါက်တာထက်ခေါင်အား မေးသည်။

"သူ့ကိုထ.ကြွလာနိုင်အောင် လှုံ့ဆော်မှုပေးတဲ့ဆေးတစ်မျိုးမျိုး ထိုးပေးနိုင်မလား၊ ဒေါက်တာထက်ခေါင်"

ဒေါက်တာထက်ခေါင်က လူနာကိုစူးစိုက်၍ကြည့်နေပြီး -

"အဲဒီလိုဆေးမျိုးထိုးပေးလို့ရပါတယ်။ ဒါပေမယ့် ကျွန်တော့်





အနေနဲ့ သူ့ကို အဲဒီလို ဆေးမျိုးထိုးမပေးချင်သေး ဘူး။ ဘာအကူအညီမှ မပါပဲနဲ့ သူ့အလိုလို နိုးထ.သတိရလာ တာဟာ သူ့အတွက် အကောင်းဆုံးဖြစ်လို့ပါ။ အဓိက.ကတော့ သူ့ရဲ့ဦးနှောက်အတွက်ပိုပြီး ကောင်းတယ်။ သူ့ရဲ့ခန္ဓာကိုယ် ထဲမှာရှိနေတဲ့ လုပ်ဆောင်ချက်တွေ ဘယ်လိုအနေအထား မျိုးနဲ့ရှိနေတယ်ဆိုတာ ကျွန်တော်တို့ သိခွင့်ရနိုင်ကြတော့မှာ မဟုတ်ဘူး...။ အခန့်မသင့်ရင် သူ့ရဲ့ဦးနှောက်ကိုတောင် ထိခိုက် ပျက်စီးသွားမှာ စိုးရိမ်ရတယ်"

ထိုစဉ်မှာပင် -

လူသစ်၏နှုတ်ဖျားမှ အသံခပ်သဲ့သဲ့ ထွက်ပေါ်လာ သည်။

သူ၏ခန္ဓာကိုယ်မှာလည်း အနည်းငယ်လှုပ်ရှားသွား သည်။

ခွဲစိတ်ခန်းမကြီး၏ နံရံပေါ်၌ အချိန်မှတ်နာရီကြီးက ပုံမှန်လှုပ်ရှား လည်ပတ်၍နေသည်။

နာရီလက်တံများက (၄၂)ဟု၍ညွှန်ပြနေသည်။

လူသစ်ကို အော်ပရေးရှင်း ပြုလုပ်ပြီးစီးခဲ့သည့် အချိန်မှ ယခုအချိန်အထိ စုစုပေါင်း (၄၂)နာရီကြာခဲ့ပြီဟု သတ်မှတ်ပေးလိုက်ခြင်းပင် ဖြစ်သည်။

ဒေါက်တာအာကာက လူသစ်၏တိုးတက်လာသော အခြေအနေကို သေချာစွာကြည့်လိုက်ပြီး -

"သူ သတိပြန်ဝင်လာတော့မှာ သေချာပါတယ်။ ဒါပေမယ့် သိပ်ပြီးတော့ မလောကြပါနဲ့။ သူ့အတွက် လှုပ် ရှားနိုးထ.လာနိုင်ဖို့အတွက် လုံလောက်တဲ့ အချိန်အတိုင်း ပေးကြရလိမ့်မယ်"

ထို့နောက် -

ခွဲစိတ်ခန်းအတွင်း၌ ဆက်မော်ကို အစောင့်အဖြစ် ထားခဲ့ သည်။ လူသစ်ထံမှ အခြေအနေ တစ်စုံတစ်ရာ ထူး ခြားသောပါက ချက်ခြင်း အကြောင်းကြားရန်မှာသည်။ ကျန် လူများအားလုံး အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်သို့ပြန်တက်လာကြသည်။

ဒေါက်တာထက်ခေါင်က သူ၏ ထင်မြင်ချက်ကို ပြောလိုက်သည်။

"ဒီအခြေအနေအတိုင်း ဆိုရင်တော့ "လူသစ်" အသက်ဝင်နိုးထလှုပ်ရှားလာနိုင်တော့မှာ သေချာပြီ"

မွန်းတည့်ချိန်၌ ဒေါ်သဇင်ပြင်ဆင်ပေးသော နေ့လည်စာကို ခွဲစိတ်အဖွဲ့ဝင်ခြောက်ဦးတို့ စားသောက်ကြ သည်။ ဒေါ်သဇင်သည် ဟင်းချက်ကောင်းသူဖြစ်၍ ဟင်းပွဲ များမှာ အရသာကောင်းမွန်လှသည်။

ဒေါ်သဇင်သည် လူနာစောင့်တာဝန်ကျနေသော ဆက်မော်အတွက် နေ့လည်စာကိုပြင်ဆင်ပြီး ငွေလင်ဗန်း ချပ်ပေါ်၌တင်သည်။

မြေအောက်ခန်းသို့ ဒေါ်သဇင်ဆင်းရန် ပြင်လိုက်စဉ် မှာပင် ဒေါက်တာစံသာမြတ်က လှမ်း၍ပြောသည်။

"ဒေါ်သဇင်...ဒေါက်တာဆက်မော်ကိုပြောလိုက်ပါ။ ကျုပ်တို့ နေ့လည်စာစားပြီးချိန်မှာ သူ့နေရာ ဂျူတီ လဲပေးဖို့ လူတစ်ယောက် လွှတ်ပေးလိုက်မယ်လို့သာ ပြောပါ"

ဒေါ်သဇင်က ဒေါက်တာစံသာမြတ်၏ နှုတ်ခမ်းလှုပ် ရှားပုံကိုကြည့်၍အဓိပ္ပာယ်ကောက်နေယူနေသည်။

ထို့နောက် နားလည်သည့် အမူအရာဖြင့် ဒေါ်သဇင် ခေါင်းညိတ်ပြသည်။ အခန်းထဲမှထွက်သွားသော ဒေါ်သဇင်ကိုကြည့်၍ စဝ်ရန်နိုင် တွေးနေမိသည်။

ဒေါက်တာစံသာမြတ် ပြောခိုင်းလိုက်သော စကား များကို မည်သို့ပြောလေမည်နည်း။

စာရွက်တစ်ရွက်ပေါ်၌ ရေး၍ပင် ပြောလေမည်လော..။

ဒေါက်သာစံသာမြတ်က -





"ဒေါ်သဇင်က ကျုပ်ဆီမှာ အလုပ်လုပ်နေတာ နှစ်အတော်ကြာသွားပြီ။ တကယ်လည်း တော်ပါပေတယ်"

ဒေါက်တာထက်ခေါင်က ခေါင်းညိတ်၍ -

"သူ ချက်ပြုတ်ထားတဲ့ အစားသောက်တွေကတော့ ပြောစရာမလိုဘူး။ တကယ်ကိုကောင်းတယ် ...ဒီလို ကောင်းကောင်းစားရတဲ့ နေရာမျိုးမှာ ကျွန်တော်အေးအေးဆေးဆေး နေချင်သေးတယ်"

စဝ်ရန်နိုင်က မေးလိုက်သည်။

"နောက်ဆက်တွဲ ဆေးဝါးကုသမှုက အချိန်ဘယ် လောက်အထိ ကြာဦးမှာလဲ ဒေါက်တာ..."

ဒေါက်တာထက်ခေါင်က မျက်မှောင်တစ်ချက်တွန့် လိုက်သည်။

"နောက်ဆက်တွဲ ကုသမှုဆိုတာက သူ့ရဲ့နောက်ဆုံး အချိန်အထိ ကြာနေမှာပဲ ...။ သူ့ကို ကျွန်တော်တို့လုပ်ခဲ့ တဲ့ ခေအးဖွဲ့လွှန် အော်ပရေးရှင်းမျိုးက ပုံမှန်လုပ်နေတဲ့ အော်ပရေးရှင်းမျိုး မဟုတ်ဘူးဆိုတာ ခင်ဗျားလည်း နားလည်တယ်မဟုတ်လား"

ဒေါက်တာထက်ခေါင် ပန်းကန်လုံးအတွင်းသို့ ကော်ဖီတစ်နှက်ငုံ့ထည့်လိုက်သည်။

"ကျွန်တော့်အနေနဲ့ကတော့ ဒီနေရာမှာ နောက်ထပ် အလွန်ဆုံး တစ်လလောက် နေပါဦးမယ်။ ဒါထက် စောချင် လည်း စောနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ အော်ပရေးရှင်းနဲ့ ပတ်သက်တဲ့ အောင်မြင်မှုသတင်း ထွက်လာရင် စာနယ်ဇင်း သမားတွေ၊ သတင်းထောက်တွေ ဝိုင်းအုံပြီး ရောက်လာကြ တော့မှာ သေချာတယ်။ ကျွန်တော့် လူနာဘေးနားမှာ စုပြုံ ပြီး မေးခွန်းပေါင်းစုံ မေးကြတော့မယ်။ ကျွန်တော်က လူရှုပ်ရှင်မနေတတ်ဘူး"

ဒေါက်တာစံသာမြတ်က ခေါင်းညိတ်၍ -



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောတာမှန်ပါတယ်။ သတင်းထောက်တွေ၊ စာနယ်ဇင်းသမားတွေရောက်လာခဲ့ရင်တော့ ခင်ဗျားအနေနဲ့ လုပ်ရကိုင်ရတာ အတော်ကြီးကို ကျဉ်းကျပ်သွားမှာ သေချာတယ်"

စစ်ရန်နိုင်က ကော်ဖီတစ်ခွက် လှမ်းယူလိုက်ပြီး -

"ဒီကျွန်းပေါ်ကအကြောင်းတွေ၊ စာနယ်ဇင်းသမား တွေ အနံ့ခံမိသွားကြပြီလား"

"အခုချိန်ထိတော့ သူတို့အနံ့မခံမိကြသေးပါဘူး။ ဒါပေမယ့် အရေးကြီးတဲ့ကျွမ်းကျင် သမားတော်ကြီးတွေ၊ လူတွေရှေ့မှာ ပျောက်ကွယ်နေတာကို သူတို့မတော်တဆ သတိပြုမိသွားခဲ့ရင်တော့ သမားကြီးတွေ ဘယ်လိုနေရာမျိုး မှာ ရောက်နေကြမယ်ဆိုတာ သူတို့စဉ်းစားကြည့်ကြမှာဘဲ။ နောက်ဆုံးမှာတော့ ကျုပ်ရဲ့ဆတ်သွားဖူးကျွန်းကိုရောက် လာနိုင်တယ်။ ကျုပ်စိုးရိမ်တဲ့အချက်ကတော့ ဒေါက်တာ မင်းဇေ ပေသွားခဲ့ရတဲ့ကိစ္စပဲ။ သူဟာ အရှိန်အဝါကြီးမားပြီး လူသိများတဲ့ ဆရာဝန်တစ်ယောက်ဖြစ်နေတယ်။

သူ အသတ်ခံလိုက်ရတယ်ဆိုတဲ့ သတင်းသာ ပျံ့သွား ခဲ့ရင်တော့ ဒီနေရာကို လူတွေပုရွက်ဆိတ်အုံသလို ဝိုင်းပြီး ရောက်လာကြလိမ့်မယ်။ ကျုပ်တို့အနေနဲ့ ကျုပ်တို့ရဲ့ အော်ပရေးရှင်းကြီးတစ်ခုလုံး အောင်မြင်ပြီဆိုတဲ့အကြောင်း ထုတ်ပြန်ချက် မထုတ်နိုင်မချင်း ဒီမှာဖြစ်ပျက်နေတဲ့ ပြဿနာတွေအကြောင်း သက်ဆိုင်ရာကို အသိမပေးချင်၊ အကြောင်းမကြားချင်သေးဘူး"

စစ်ရန်နိုင် မသိမသာ မျက်မှောင်ကြုတ်လိုက်မိသည်။

ဆတ်သွားဖူးကျွန်းပေါ်ရှိ ဆက်သွယ်ရေးကိရိယာ များ၊ တယ်လီဖုန်းနှင့် မော်တော်ဘုတ်တစ်စီးတို့ ဖျက်ဆီးခြင်းခံခဲ့ရသည်။ ၎င်းသည်မှာ အခြားမည်သူ တစ်ဦးတစ်ယောက် ၏ လက်ချက်မျှ မဟုတ်ပဲ ဒေါက်တာစံသာမြတ် ဖြစ်နေလေ သလားဟု တွေးကြည့်မိ





သည်။

သူ၏ အော်ပရေးရှင်းလုပ်ငန်း အောင်မြင်မှုသည် နဝရတ် အေးဖွဲ့လွှန် သိပ္ပံသုတေသနဌာနအတွက် လွန်စွာ အဓိကကျ၍အရေး ပါသော အချက်တစ်ချက်ဖြစ်သည်။ ၎င်းကျွန်းပေါ်၌ ဆိုးရွားလှသော အဖြစ်အပျက်နှစ်ခုဖြစ်ပျက် ခဲ့ရခြင်းကိုလည်း ဒေါက်တာစံသာမြတ် အနေဖြင့် လုံးဝခွင့်ပြု လက်ခံနိုင်လိမ့်မည်မဟုတ်ပေ။

ထို့ပြင် -

မြေအောက်ခွဲစိတ်ခန်းအတွင်းရှိ လူနာဖြစ်သူ လူသစ် ၏အစားထိုး ဦးနှောက်သည် တစ်ချိန်က လူသတ်သမား တစ်ဦး၏ ဦးနှောက်ဖြစ်ပေသည်။

"လူသစ်" သည် လူသတ်သမားတစ်ဦးအဖြစ် ထပ်မံအသက် ဝင် လှုပ်ရှားလာခဲ့ကြောင်း သက်သေအထောက် အထားပြည့် စုံခိုင်လုံစွာ တွေ့ရှိလာခဲ့ရပါက ဒေါက်တာစံသာမြတ်အနေဖြင့် မည်သို့ ဆက်လက်ဆောင်ရွက်လေမည်နည်း။

× × ×

နေ့လည်စာ စားပြီးချိန်၌ -

ဒေါက်တာစံသာမြတ်က နာရီကိုကြည့်လိုက်ပြီး -

"ခွဲစိတ်ခန်းထဲမှာ စောင့်နေတဲ့ ဒေါက်တာဆက်မော် အနားပေးဖို့ အချိန်ရောက်နေပြီ။ ကျွန်တော်နဲ့ အေးအေး ဆေးဆေး စကားပြောချင်ရင်တော့ ခွဲစိတ်ခန်းထဲကိုလိုက်ခဲ့ပါ။ လူနာစောင့်ရင်းနဲ့ ကျွန်တော့်ကို စကားပြောလို့ဖြစ်ပါတယ်"

စစ်ရန်နိုင်က -

"ကျွန်တော်တို့နှစ်ယောက် စကားပြောနေတာကို လူသစ် သာ နားထောင်နိုင်မယ့်အခြေအနေရှိရင်၊ ကျွန်တော်တို့ပြောနေတာ ကို သူနားထောင်နေမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစံသာမြတ်က သဘောမကျသည့် လေသံဖြင့် –

"စဝ်ရန်နိုင် ...ခင်ဗျားလည်း ကျုပ်ရဲ့လူနာအပေါ်မှာ တစ်ခြားလူတွေ ထင်သလို ထင်နေပြီနဲ့တူတယ်။ သူဟာ ကြောက်ရွံ့တုန်လှုပ်ဖွယ်ရာကောင်းတဲ့ မကောင်းဆိုးဝါး၊ တစ္ဆေသရဲ မိစ္ဆာကောင်ကြီးမျိုးလည်း မဟုတ်ပါဘူး။ သူဟာကြမ်းတမ်းရက်စက်တဲ့လူသတ်သမားတစ်ယောက်လည်း မဟုတ်ပါဘူး။ သူဟာနှစ်ပေါင်းများစွာ အပြစ်ကင်းမဲ့စွာနဲ့ အိပ်ပျော်နေရာကနေ အခုအချိန်မှာ သတိဝင်နိုးထလာတော့မယ့် ပုံမှန်လူသားတစ်ဦးပါ"

နှစ်ဦးသား ခွဲစိတ်ခန်းမကျယ်ကြီးအတွင်းသို့ ရောက်ရှိလာခဲ့ကြသည်။

ဒေါက်တာဆက်မော်က အားပါးတရနှင့် လှမ်း၍ပြောလိုက်သည်။

"လူသစ်စာ ကျွန်တော့်အတွက် မိတ်ဆွေကောင်း တစ်ယောက်ပါပဲ"

"လူနာအခြေအနေ ဘာထူးခြားသေးလဲ။ လှုပ်ရှားမှုရှိသေးသလား"

"တစ်ခါကစ်ခါမှာ နည်းနည်းပါးပါးလောက်တော့ လှုပ်တယ်။ တခြားဘာမှတော့ မထူးခြားပါဘူး"

ဒေါက်တာစံသာမြတ်က ရယ်မောလိုက်ရင်းမှ –

"ကဲ ..ဒုတိယပိုင်း ငါးနာရီဂျူတီကို ကျုပ်တာဝန်ယူပြီးစောင့်မယ်။ စဝ်ရန်နိုင်လည်း ကျုပ်နဲ့အတူ ခဏလောက်တော့ နေလိမ့်မယ်"

ခွဲစိတ်ခန်းထဲမှ ဒေါက်တာ "ဆက်မော်" ထွက်သွားသည်။

စဝ်ရန်နိုင်နှင့်ဒေါက်တာစံသာမြတ်တို့ ခွဲစိတ်ခန်းမဆောင်၏ အရှေ့ဘက်ခြမ်း၌ ထိုင်၍စကားပြောဆိုကြရန် တိုင်ပင်ကြသည်။

"ဒီနေရာကနေ "လူသစ်"ကို ကောင်းကောင်းမြင်နိုင်





ပါတယ်။ ကျွန်တော်တို့စကားပြောကြတာကို ဘယ်သူမှ လွယ်လွယ်နဲ့ မကြားနိုင်ကြတော့ဘူးပေါ့"

"အင်း ...ကောင်းပါတယ်"

ဒေါက်တာစံသာမြတ်က ထိုင်ခုံတစ်လုံး၌ မှီ၍ထိုင်သည်။

"ခင်ဗျားကို ဒေါက်တာအာကာ၊ နွယ်နီချို၊ ဝသုန်တို့နဲ့ပတ်သက်တဲ့ သုံးပွင့်ဆိုင်ဇာတ်လမ်းအကြောင်း ပြောပြရဦးမယ်။ အသေးစိတ်တော့ ကျွန်တော်လည်း မသိဘူး။ ဒေါက်တာအာကာဟာ ဒေါ်ရွှာန်ဦးနောက်ခွဲစိတ် အစားထိုး ကုသမှု အတော်များများကို ကျနပ်လောက်တဲ့ အောင်မြင်မှုရတဲ့အထိ လုပ်ဆောင်နိုင်စွမ်းရှိခဲ့တဲ့ ဒေါက်တာတစ်ယောက်ပါ။ ဒေါက်တာအာကာဟာ သူ့ရဲ့ကိုယ်ပိုင်သီးသန့် ခွဲစိတ်ခန်းတစ်ခုမှာ လုပ်ကိုင်ခဲ့တယ်။ အဲဒီအချိန်မှာတုန်းက နွယ်နီချိုဟာ ဒေါက်တာအာကာရဲ့ လက်ထောက်တာဝန်ကိုယူခဲ့တယ်။ သူက ဓာတုဗေဒပညာရှင်တစ်ယောက်ပျ။ ဒေါက်တာ အာကာ ရဲ့စမ်းသပ်လုပ်ဆောင်မှုတွေနဲ့ ပတ်သက်ပြီး၊ ခွဲစိတ်ခွဲ ခန်းဆိုင်ရာ စမ်းသပ်စစ်ဆေးတွေ့ရှိချက်တွေ အားလုံးကို နွယ်နီချိုက တာဝန်ယူလုပ်ကိုင်ပေးခဲ့ရတယ်။

တကယ်တော့ ဒေါက်တာအာကာဟာ မိန်းကလေးတွေနဲ့ ပတ်သက်လာရင် စိတ်ချရတဲ့လူ မဟုတ်ဘူးလို့ အတော်များများက ပြောကြတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော်က ဒေါက်တာအာကာနဲ့ သိကျွမ်းရင်းနှီးနေပြီ။ အေးဖွဲ့လွှန် နည်းပညာနဲ့ အစားထိုးခွဲစိတ်ကုသမှုနည်းပညာကို လုပ်ကိုင်ခဲ့ရင် ဘယ်လိုအလားအလာ ရှိနိုင်မယ်ဆိုတာ ကြိုတင်ပြီး ဆွေးနွေးခဲ့ကြတယ်။ ဒီကိစ္စက လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကျော်ကပါ။ အဲဒီအချိန်မှာ သူဟာ အပူချိန်အနိမ့်အမြင့် ခွဲခြားခွဲစိတ်တဲ့နည်းပညာကို မကျွမ်းကျင်သေးဘူး။ ကျွန်တော် နဲ့ တွေ့ဆုံဆွေးနွေးပြီးတဲ့နောက်မှာ သူဟာ အေးဖွဲ့လွှန် ခွဲစိတ်မှုနည်းပညာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပတ်သက်ပြီးအတော်ကြီးစိတ်ဝင်စားသွားတယ်။ သူဟာ အေးဖွဲ့လွှန် နည်းပညာနဲ့ ခွဲစိတ်ကုသမှုကို အဓိ ကထားပြီး စမ်းသပ်သုတေသန ပြုလာခဲ့တယ်။ ဝိညာဉ်မဲ့ ခန္ဓာကိုယ်တွေကို အေးခဲစေတဲ့ နေရာမှာ အဓိကကြုံတွေ့ရတဲ့ ပြဿနာက "ဦးနှောက်"ပဲ။ ဒေါက်တာအာကာဟာ ဂျွန်တော့်ရဲ့လူသားအသစ် ပြန်လည်မွေးဖွားရှင်သန်လာ ရေးအဖွဲ့မှာ အဓိကကျတဲ့ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာခဲ့ရတယ်။

လွန်ခဲ့တဲ့တစ်နှစ်ကျော်ကျော်ကာလမှာ ဗသုန်ဟာ ရိုးတွင်းခြင်ဆီ အစားထိုးလဲလှယ်ကုသမှု နည်းပညာနဲ့ပတ် သက်ပြီးလေ့လာနိုင်ဖို့ အခွင့်အရေးတစ်ရပ် ရသွားတယ်။ ရိုးတွင်းခြင်ဆီ အစားထိုးလဲလှယ်ကုသမှုနည်းပညာဆိုတာ လက်တွေ့ဆေးပညာနယ်ပယ်မှာ မအောင်မြင်နိုင်သေးတဲ့ စမ်းနေတဲ့ ပညာရပ်တစ်ခုပဲ။ အဲဒီအချိန်မှာ ဗသုန်ဟာ ဒေါက်တာအာကာ၊ နွယ်နီချိုတို့နဲ့ တွေ့တယ်။ ဒေါက်တာအာကာနဲ့ နွယ်နီချိုဟာ အေးဖွဲ့လွှန်နည်းပညာနဲ့ဦးနှောက် အစားထိုးခွဲစိတ် ကုသနိုင်ဖို့အတွက် အပြင်းအထန်ကြိုးစား နေကြတဲ့အချိန် ဖြစ်နေတယ်...။ ဒေါက်တာအာကာနဲ့ နွယ်နီချိုတို့ကိုအကြောင်းပြုပြီး ဗသုန်ဟာ ရိုးတွင်းခြင်ဆီ အစားထိုးနည်းပညာကိုပါတွဲပြီး လေ့လာခွင့်ရသွားခဲ့တာပါပဲ။

ဒါပေမယ့် ဒီလို အစားထိုးလဲလှယ် ခွဲစိတ်မှုနည်း ပညာမှာ ကျွန်တော်တို့ထက် "ဝက်ဝံဖြူ"တွေက ပိုပြီး တိုးတက် အောင်မြင်နေတယ်။ သူတို့ရဲ့အရိုးအထူးကုတက္ကသိုလ်မှာ မတော်တဆ ဒဏ်ရာရပြီး ဖြတ်တောက်ပစ်လိုက်ရတဲ့ လက် ချောင်းလေးတွေကို အေးဖွဲ့လွှန်နည်းစနစ်သုံးပြီး အောင်အောင်မြင်မြင်နဲ့ အစားထိုး တပ်ဆင်ပေးနိုင်နေကြပြီ..."

"ကျွန်တော်တို့ ဒီကျွန်းပေါ်မှာ လုပ်ကိုင်နေတဲ့ ကိစ္စ မျိုးကို ဝက်ဝံဖြူတွေအနေနဲ့ စိတ်ဝင်စားမှုရှိနိုင်ပါ့မလား"





ဒေါက်တာစံသာမြတ်ပခုံးတစ်ချက်တွန့်လိုက်သည်။

"အလွန့်အလွန် စိတ်ဝင်စားကြမှာဆိုတာ သေချာပါတယ်။ သူတို့သာ ဒီကိစ္စသိသွားခဲ့ရင်ဝိညာဉ်မဲ့အလောင်းကောင်တွေကြားမှာ တစ်ယောက်တည်းရှိနေတဲ့ကျွန်တော့်ကိုကြက်ကလေး၊ ငှက်ကလေး လို့အသာလာပြီးဖမ်းသွားကြမှာသေချာတယ်"

"ဒေါက်တာအာကာနဲ့ နွယ်နီချိုတို့အကြောင်း ဆက်ပြောပါဦး"

"ခြော် ...ဟုတ်သားပဲ။ နွယ်နီချိုနဲ့ ဗသုန်တို့တွေ့ကြတော့ သူတို့နှစ်ယောက် တွဲဖြစ်ကြတယ်။ ဒေါက်တာ အာကာနဲ့ နွယ်နီချိုက တွဲတော့ဘူး။ ဗသုန်နဲ့ ဒေါက်တာ အာကာတို့ပြဿနာဖြစ်ကြတယ်။ ဒေါက်တာအာကာက နူတ်ကြမ်းတဲ့လူဆိုတော့ ပိုဆိုးတာပေါ့။ သူတို့နှစ်ယောက် ရောင်ခြည်သေနတ်ကိုင်ပြီး ကွင်းပြင်မှာ ပြစ်ကြမယ်ဆိုပြီး စိန်ခေါ်တဲ့အဆင့်ထိ ရောက်သွားတယ်။ နောက်ပိုင်းမှာ ဒေါက်တာအာကာက နောက်ဆုတ်သွားတယ်"

စဝ်ရန်နိုင်က -

"ဒီအချက်ဟာ ဒေါက်တာအာကာအနေနဲ့ စိတ် သဘောထားမှန်ကန်တယ်လို့ပြတာပဲ..."

"မှန်တယ်..မိန်းကလေးတစ်ယောက်အတွက်နဲ့ပတ်သက်ပြီး ရောင်ခြည်သေနတ်ကိုင်ပြီး ပစ်ကြမယ်ဆိုတာ ရှုံးသွပ်မိုက်မဲတဲ့ ...တစ်ခုပဲ"

"ခင်ဗျားရဲ့ ရောင်ခြည်သေနတ်ကို သေသေချာချာ ထားရဲ့လား"

"ဒီအတွက်မပူပါနဲ့ ...စဝ်ရန်နိုင်။ ကျွန်တော် သေသေချာချာ သော့ခတ်ပြီး သိမ်းထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်စားပွဲဆီသို့စဝ်ရန်နိုင်လှမ်းကြည့်လိုက်သည်။

"လှသစ်"အနည်းငယ်မျှလှုပ်ရှားသွားသည်ကိုတွေ့လိုက်ရသည်။

စဝ်ရန်နိုင်က -

"သူ မြန်မြန် သတိရလာပြီး နိုးကြားလာအောင်၊ သူတို့ အာဟာရဓာတ်အရည်တစ်မျိုးမျိုး သွင်းပေးဖို့မလိုအပ်ဘူးလား"

"သူ့အနေနဲ့ ပုံမှန်အတိုင်း သတိရနိုးကြားလာတာပဲ အကောင်းဆုံးဖြစ်ပါလိမ့်မယ်"

စဝ်ရန်နိုင်ထိုင်ရာမှထ,လိုက်သည်။

"ကဲ...ဒေါက်တာ။ ကျွန်တော် အပေါ်ထပ်ကိုပြန်တော့မယ် ခင်ဗျားအနေနဲ့ကိုယ့်ကိုကိုယ် သတိထားပြီးတော့နေပါ"

ဒေါက်တာစံသာမြတ်ခေါင်းညိတ်ပြသည်။

"ငါးနာရီလောက်မှာ လူလဲဖို့အတွက် နောက်ထပ် တစ်ယောက်ယောက်လွှတ်ပေးပါ"

"ကျွန်တော် စီစဉ်လိုက်ပါ့မယ်"

စဝ်ရန်နိုင် အပေါ်ထပ်သို့ လှေကားမှတက်လာသည်။

လှေကားတစ်ဝက်ခန့်အရောက်၌ -

လူနာဖြစ်သူအားစစ်ဆေးကြည့်ရှုရန်အတွက် အောက်ထပ်သို့ဆင်းလာသော ဒေါက်တာထက်ခေါင်နှင့် စဝ်ရန်နိုင်တို့ ဆုံမိကြသည်။

× × ×





## အခန်း (၁၁)

ညနေ ငါးနာရီ...။

ခွဲစိတ်ခန်း၌ စောင့်ရန် ဂျူတီလဲသည်။ ဒေါက်တာစံသာမြတ် နေရာ၌ ဒေါက်တာ့အာကာ လူချင်းလဲ၍စောင့် သည်။

စဝ်ရန်နိုင်တစ်ဦးတည်း အဆောက်အအုံ၏အပြင် ဘက်သို့ ထွက်လာသည်။

အနောက်ဘက်ကောင်းကင်တစ်ခွင်၌တိမ်ရောင်စုံတို့ယှက် သန်း၍နေ၏။

နေလုံးနီနီသည် နိမ့်ဆင်း၍နေပေပြီ။

မကြာခင် နေဝင်ပေတော့မည်။

သဲသောင်ပြင်တစ်နေရာ၌ နွယ်နီချိုနှင့် ဇသုန်တို့ ယှဉ်၍ ထိုင်နေကြပြီး ညနေခင်းဆည်းဆာရှုခင်းကို အေးဆေး သာယာစွာ ကြည့်ရှုနေကြသည်။

နွယ်နီချိုက ဇသုန်ဘက်သို့လှည့်၍ -

"ဒေါက်တာအာကာရဲ့ဂျူတီပြီးသွားရင် အစောင့်တာဝန်ကို



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုယူမှာလားဟင်"

ဗသုန်က မှုန်ကုတ်ကုတ်မျက်နှာဖြင့် -

"မယူနိုင်ဘူး၊ အစ်ကိုအောက်မှာ စောင့်နေတုန်း အာကာဆိုတဲ့ အငကောင်ကြီး မင်းဆီကိုရောက်လာပြီး .. အခွင့်အရေးယူနေဦးမယ်"

နွယ်နီချိုက ရယ်မော၍ -

"သူ့ကိုလက်ခံ စကားပြောစရာအကြောင်း ကျွန်မ မှာ မရှိပါဘူး။ အစ်ကိုကလဲ အရမ်းသဝန်တိုတတ်တာပဲ"

စဝ်ရန်နိုင်က သူတို့အနီးသို့ဖြတ်၍လျှောက်လာရင်းမှ -

"ဂျူတီလဲဖို့ကိစ္စအတွက် ကျွန်တော်လာခဲ့တာပါ"

ဗသုန်နှင့် နွယ်နီချိုတို့က သူ့ကိုမော့ကြည့်ကြသည်။

"ည (၁၀)နာရီ ဂျူတီလဲရင် ခင်ဗျားတာဝန်ယူ မလား။ ဒါမှ မဟုတ်ကျွန်တော်ပဲတာဝန်ယူပေးရမလားလို့ကျွန်တော်လာမေးတာ"

"ခင်ဗျားပဲ ဂျူတီတာဝန်ယူပေးပါလား .... စဝ်ရန်နိုင်"

"ကောင်းပါပြီ ..ရပါတယ် ကိုဗသုန်"

စဝ်ရန်နိုင် အဆောက်အအုံ၏အတွင်းဘက်သို့ဝင် လာသည်။

ထို့နောက် -

မြေအောက်ခွဲစိတ်ခန်းမကြီးထဲသို့ဆင်းလာသည်။

ဒေါက်တာအာကာသည် ကွန်ပျူတာနှင့် ထိန်းချုပ်မှု စက်ကိရိယာများရှေ့၌ထိုင်နေသည်။ ဦးနှောက်ထိန်းချုပ်မှုကွန်ပျူ စကရင်ပေါ်မှ လှုပ်ရှားမှုများကိုစိတ်ဝင်စားစွာကြည့်ရှုနေသည်။

အစိမ်းရင့်ရောင် မှန်သားပြင်ပေါ်၌ အဖြူရောင် လိုင်းလေး များအဆက်မပြတ် လှုပ်ရှားပြေးလွှားနေကြသည်။





စဝ်ရန်နိုင်က -

"လူသစ်ရဲ့အခြေအနေ ဘာများထူးခြားလာသေးလဲ"

ဒေါက်တာအာကာက မော့ကြည့်လိုက်ပြီး -

"ဟော ..စဝ်ရန်နိုင်ပါလား။ လာဗျာ ..အခြေ အနေကတော့ ဘာမှထူးခြားမှုရှိမလာသေးပါဘူး"

ဒေါက်တာအာကာက ကွန်ပျူတာခလုတ်များကိုပိတ်လိုက်သည်။

"စဝ် .. ခင်ဗျားလာတဲ့ ကိစ္စပြောပါဦး"

"(၁၀)နာရီမှာ ကျွန်တော်အောက်ကိုဆင်းလာပြီး ဒေါက်တာနဲ့ ဂျူတီချိန်းမယ်ဆိုတဲ့အကြောင်း လာပြောတာပါ"

ဒေါက်တာအာကာက နာရီကိုကြည့်သည်။

"ခဏတော့ စောင့်လိုက်ပါဦး။ လူသစ်ရဲ့ဦးနှောက် လှုပ်ရှားမှု အခြေအနေကို ထပ်ပြီးစောင့်ကြည့်ချင်သေးတယ်။ သူ အသိဝင်ပြီး သတိမရခင်မှာ ဒီလိုကိစ္စမျိုးလုပ်တာ ပိုပြီး ကောင်းမယ်။ ကျွန်တော် အချိန်နည်းနည်း ပိုပြီးစောင့် ပေး ပါ့မယ်။ ခင်ဗျား ည(၁၂)နာရီ လောက်ကျမှ ဆင်းလာခဲ့ပါလား"

"ကျေးဇူးပဲ ..ဒေါက်တာ။ ဒါဆို ကျွန်တော် ခဏ လောက် အပေါ်မှာ အိပ်လိုက်ဦးမယ်"

စဝ်ရန်နိုင်သည် ဒေါသဇင်ထံမှ ဘီယာတစ်လုံးယူ ၍ သောက်သည်။ စည့်ခန်း၌ရှိနေသော အဖွဲ့သားများကို ည(၁၂)နာရီ အိပ်ရာမှ နှိုးရန် ပြောဆိုပြီး သူ၏အခန်းတွင်းသို့ဝင်လာသည်။

စဝ်ရန်နိုင်သည် လျှို့ဝှက်၍ဖမ်းထားသော တိပ်ခွေ များကို နားကျပ်ဖြင့် ပြန်၍ နားထောင်ကြည့်သည်။ ထို့နောက် နန်းဝတီပြီးမှ သချုပ်ထံသို့အစီရင်ခံစာတစ် စောင်ရေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်စက်ရန် ငုံးနာရီခန့်အချိန်ရသေးသည်။

စစ်ရန်နိုင်နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။

သူ အိပ်ပျော်သွားသည့်အချိန်မှာ လွန်စွာတိုတောင်း လှသည်။

စစ်ရန်နိုင်အနေဖြင့် သူအိပ်ပျော်သွားသည်မှာ ဘာမျှမကြာလိုက်ဟုပင် ထင်နေမိသည်။

အိပ်ပျော်နေစဉ် အိပ်မက်ဆိုးများမက်နေမိသည်။

တစ္ဆေရဲတိုက်၌ နေထိုင်သည့် မကောင်းဆိုးဝါး မိစ္ဆာကောင်ကြီးတစ်ကောင်က ချွန်ထက်သော ခြေသည်းလက်သည်းများဖြင့် လိုက်လံဖမ်းဆီးသဖြင့် လွတ်အောင် ရှောင် တိမ်းပြေးလွှားနေရသည်။

အလွန်လှပချော့မောသော နတ်မိမယ်တစ်ဦးကိုတွေ့ရသည်။

သူမက ကယ်တင်နိုင်ရန်ကြိုးစားနေသည်။

ထိုနတ်မိမယ်သည် နွယ်နီချိုဖြစ်၍နေပေသည်။

"စစ်ရန်နိုင် ...စစ်ရန်နိုင် ... မြန်မြန် ထ.စမ်းပါ"

အိပ်မက်ထဲ၌ ခေါ်သံသဲ့သဲ့ ကြားနေရသည်ဟု သူ ထင်မိပါသည်။

သို့ရာတွင် ခေါ်သံကို ဆက်တိုက်ကြားနေရသည်။ တစ်စုံတစ်ဦးက သူ၏ပခုံးကိုကိုင်လှုပ်၍ ဆွဲထူလိုက်သည်။

"မြန်မြန် ထ.ပါဦး ..စစ်ရန်နိုင်။ ဒီမှာ သိပ်အရေးကြီးနေပြီ"

စစ်ရန်နိုင် မျက်လုံးဖွင့်၍ကြည့်သည်။

ဒေါက်တာထက်ခေါင်က တုန်လှုပ်သောလေသံဖြင့် ပြောလိုက်သည်။





"ဒီမှာ ..စစ်ရန်နိုင်။ နောက်တစ်ယောက် အသတ်ခံလိုက်ရပြန်ပြီ"

"ဘယ်သူ ..အသတ်ခံရတာလဲ"

"ဒေါက်တာအာကာ အသတ်ခံလိုက်ရပြီ"

× × ×

အောက်ထပ် ခွဲစိတ်ခန်းအတွင်းသို့ စစ်ရန်နိုင် ပြေး လွှား၍ဆင်းလာသည်။

အခန်းထဲ၌ လူစုံရောက်ရှိနေကြသည်။ အားလုံး၏ မျက်နှာပြင်များပေါ်၌ ထိတ်လန့်တုန်လှုပ် ချောက်ချားနေ သော အမူအရာများကြီးစိုး၍နေသည်။

နွယ်နီချို၏ဘေး၌ ဇသုန်ရပ်၍နေသည်။

ဒေါက်တာစံသာမြတ်သည် ဒေါက်တာအာကာ၏ ရုပ်အလောင်းကို မယုံကြည်နိုင်သော မျက်လုံးများဖြင့် ငေးစိုက်လျက်ကြည့်နေသည်။

ဒေါက်တာထက်ခေါင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး -

"သူ့ရဲ့ဦးခေါင်းနောက်ပိုင်းတစ်ခုလုံး ကြေမွသွားတယ်"

ဒေါက်တာထက်ခေါင်က စိတ်ပျက်လက်ပျက် ဖြစ်နေ သောလေသံဖြင့် ဆက်၍ပြောသည်။

"နောက်ဘက်ကနေ ရိုက်သွားတာပဲ။ ရိုက်တဲ့ပစ္စည်းကတော့ အအေးခံသတ္တုတလားတွေကို ပိတ်ဆို့ပေးတဲ့ ဝက်အူ ထိပ်ခေါင်းပဲ။ အဲဒီပစ္စည်းက တစ်ခုကို (၉.၅ ပေါင်) လောက် လေးတယ် .."

ဆက်မော်က ဆလင်ဒါဝက်အူထိပ်ခေါင်းကိုကြည့်၍

"တစ်ချက်ရိုက်မိရုံနဲ့ ကိစ္စပြတ်သွားနိုင်တဲ့ ပစ္စည်းမျိုးပဲ"

ဇသုန်က ဝင်၍ပြောလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ဒီလို အခြေအနေမျိုးအထိ ဖြစ်နေပြီဆို တော့ သက်ဆိုင်ရာကို လှမ်းအကြောင်းကြားမှ ဖြစ်လိမ့်မယ်။ ဒီကျွန်းပေါ်ကို ခေါ်ဖို့ကိစ္စအတွက် ထပ်ပြီးစဉ်းစား ချင့်ချိန်နေစရာအကြောင်း လုံးဝ မရှိတော့ဘူး။ ဒီပုံစံအတိုင်း သာ ကျွန်တော်တို့ဆက်ပြီး နေကြရင်တော့ ကျန်လူတွေအားလုံးပါ အသတ်ခံကြရလိမ့်မယ် .."

ဒေါက်တာစံသာမြတ်က ခွဲစိတ်စားပွဲဘက်သို့ လှမ်း၍ ကြည့်ပြီး လေသံခပ်တင်းတင်းဖြင့် ပြောလိုက်သည်။

"လူသစ်အတွက် ခင်ဗျားတို့ထည့်ပြီး မတွက်ကြ တော့ဘူးလား။ ကျုပ်တို့ ကြိုးစားပြီး လုပ်လာခဲ့ကြသမျှအား လုံး ရေစုန်မျော ကုန်ရတော့မှာလား"

ဗသုန်က ဒေါသတကြီး အော်၍ပြောသည်။

"ဒီမှာရှိတဲ့ လူတွေအားလုံးကို ခင်ဗျားရဲ့ "လူသစ်" က သတ်ခဲ့တာဆိုရင်တော့၊ ခင်ဗျားလုပ်ကိုင်ကြံစည်ထားခဲ့ တာတွေအားလုံး သဲထဲရေသွန် ပျက်စီးကုန်မှာပဲ။ နောက် တစ်ခါ ခင်ဗျားနဲ့ကျွန်တော် လက်မှတ်ထိုးခဲ့ကြတဲ့ကိစ္စမှာ၊ ဒီလို မကောင်းဆိုးဝါး မိစ္ဆာကောင်ကြီးတစ်ကောင် ဖန်တီး မွေးထုတ်ပေးဖို့ မဟုတ်ဘူးဆိုတာ ခင်ဗျားသိထားပါ"

ဒေါက်တာစံသာမြတ်က ခက်ထန်စွာဖြင့် –

"ဒါ.. "လူသစ်" ရဲ့လက်ချက် လုံးဝမဖြစ်နိုင်ဘူး"

ဗဟုန်က သရော်သံဖြင့် ပြောသည်။

"ခင်ဗျားကသာ မဖြစ်နိုင်ဘူးလို့ ပြောတယ်။ သေသေချာချာ ကြည့်လိုက်စမ်းပါဦး။ ဒေါက်တာအာကာရဲ့အလောင်းရှိနေတဲ့ အနေအထားကိုလဲ ကြည့်စမ်းပါ။ ဒေါက်တာအာကာဟာ ခွဲစိတ်စားပွဲကို ကျောပေးပြီး ရပ် နေချိန်မှာ နောက်ကနေ ရိုက်လိုက်တာ ခံလိုက်ရ





တာပဲ။ ဒီတော့ သူ့ကို နောက်ကနေ ရိုက်လိုက်နိုင်တဲ့ လူကကော ဘယ်သူဖြစ်နိုင်သလဲ"

ဒေါက်တာစံသာမြတ်သည် ခွဲစိတ်စားပွဲ၏နောက် ဘက်မှ ခါးပတ်ပြားလူးထူးကြီး တစ်ခုကိုဆွဲထုတ်လိုက်သည်။ ထိုခါးပတ်ပြားမှာ သာမန်လူနာတစ်ဦးအား မေ့ဆေးပေးပြီး ခွဲစိတ်ကုသမှုပြု လုပ်နေစဉ် အချိန်အတွင်း စားပွဲပေါ်၌ရှိ နေသော လူနာ လူးလွန့်ရုန်း ကန်ခြင်း မပြုနိုင်စေရန် ရစ် ပတ်ထိန်းချုပ်ပေးထားသော ခါးပတ်ပြား ကြီးဖြစ်သည်။ ခွဲစိတ်စားပွဲနှင့် လူနာ၏ခန္ဓာကိုယ်ကို တွဲ၍ရစ်ပတ်ချည် နှောင်ရာတွင် အသုံးပြုသော ခါးပတ်ပြားကြီးပင်ဖြစ်သည်။

ဒေါက်တာစံသာမြတ်က –

"ဒီခါးပတ်ပြားနဲ့ ပတ်ထားရင် ပါရပြီ။ အင်း .. ခပ်စောစော ကလည်း ဒီလိုမျိုး လုပ်ထားသင့်တယ်။ ကျွန်တော် ဒီအချက်ကို သတိမထားမိလိုက်ဘူး"

"တကယ်တော့ ဒေါက်တာအာကာဟာ လူသစ် သတိပြန်မရ သေးတဲ့အတွက် သူ့ရဲ့ဦးနောက်ပိုင်းဆိုင်ရာ ချို့ယွင်း ချက်ကို ဂရုစိုက်ပြီး အဖြေရှာနေခဲ့တာ။ အဖြေမရမချင်း သူ ကျေနပ်နိုင်မှာမဟုတ်ဘူး။ အနားယူဦးမှာလည်း မဟုတ် သေးဘူး။ ဒီလို အခြေအနေမျိုးမှာ အခုလိုအဖြစ်ဆိုးနဲ့ကြုံလိုက်ရတာ၊ ရင်နင့်ကြေကွဲစရာပါပဲ"

ဒေါက်တာစံသာမြတ်က "လူသစ်" အား စားပွဲနှင့် ခါးပတ်ပြား ကို တွဲ၍ ချည်နှောင်ပြီးသွားပေပြီ။

"အခုလိုလုပ်ထားလိုက်ရင် သူ့အနေနဲ့ ခွဲစိတ်စားပွဲ ပေါ်က ထ.နိုင်မှာ မဟုတ်တော့ပါဘူး။ အခုလိုမျိုး ကျွန်တော် မလုပ်ချင်ပါဘူး။ ဒါပေမယ့် လူသစ်အပေါ်မှာ သံသယတွေ အမျိုးမျိုးထင်လာနေတော့ ကျွန်တော့်အနေနဲ့ လွှတ်ပြီးထားလို့ မဖြစ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစံသာမြတ်သည် ကွန်ပျူတာထိန်းချုပ် စက်ကိရိယာမှ ထွက်လာနေသော စာရွက်ကို တစ်ချက်ကြည့်လိုက်သည်။

"ပရင်တာထဲကနေ ထွက်လာတဲ့ စာရွက်ပေါ်က ဦးနှောက်အတွင်း လှုပ်ရှားလုပ်ဆောင်မှု အခြေအနေ ပြ လှုပ်စစ်လှိုင်းတွေရဲ့ အဓိပ္ပါယ်ကို ခင်ဗျားတို့ အဓိပ္ပါယ် ဖော်နိုင်ကြရဲ့လား"

ဗသုန်နှင့် ဆက်မော်တို့ ခေါင်းခါပြလိုက်ကြသည်။

နွယ်နီချိုရှေ့သို့တိုး၍လာပြီး -

"ကျွန်မ ..ဒေါက်တာအာကာ ပြောပြလို့ နည်းနည်းလောက်တော့ သိမယ်ထင်တယ်။ စာရွက်ပေါ်မှာထင်နေတဲ့ လှိုင်းကလေးတွေရဲ့ အနေအထားအရဆိုရင်၊ ဦးနှောက် ဆဲလ်တွေရဲ့ လှုပ်ရှားမှု မတည်ငြိမ်ဘူးဆိုတာ ပြနေတယ်။ အောက်ဆီဂျင်ဓာတ်၊ ပရိုတိန်းဓာတ် တစ်ခုခု လိုအပ်နေလို့ ဆဲလ်တွေ မတည်မငြိမ် ဖြစ်နေတာလို့ ကျွန်မထင်တယ်"

"ကောင်းပြီ။ မင်းအနေနဲ့ ပရင်တာက ထွက်လာတဲ့ စာရွက်ကိုယူပြီး တဖြည်းဖြည်းလေ့လာကြည့်ပါ။ မင်း ..ပြန်ပြီး စဉ်းစားမိနိုင်ပါလိမ့်မယ်"

ဒေါက်တာစံသာမြတ်က အားတက်သရော ပြောဆို နေသည်။

"ကျွန်မကြိုးစားကြည့်ပါမယ်။ ရနိုင်မယ်လို့တော့ထင်တယ်။ ဒါပေမယ့် သေချာပေါက်တော့ အာမခံချက် မပေးနိုင်ဘူး"

နွယ်နီချိုက ပရင်တာမှ ထွက်လာစာ စာရွက်ကို ခေါက်ရိုးရာအတိုင်းဖြတ်ထုတ်ယူလိုက်သည်။

ဆက်မော်က ဒေါက်တာအာကာ၏ ရုပ်အလောင်းကို မေးငေါ့ပြလိုက်ပြီး -

"ဒီအလောင်းကြီးကို ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ"





"အအေးခံခေါင်းတလား အပိုတွေ ကျုပ်ဆီမှာ ရှိပါတယ်။ အဲဒီလောင်းတလားတွေထဲမှာပဲ ထည့်ထားလိုက်ကြတာပေါ့"

ဗသုန်က ထွေ့ငေါ့သောလေသံဖြင့် ပြောလိုက်သည်။

"ခင်ဗျားမှာ အအေးခံ ခေါင်းတလား နောက်ထပ် အပိုတွေ ကော ကျန်သေးရဲ့လား။ ဒီမှာရှိနေတဲ့ အဖွဲ့သား တွေကိုယ်တိုင် အလောင်းကောင်အဖြစ် လိုလာရင် ဝင်နေ ချင် နေကြရမှာ"

ဒေါက်တာစံသာမြတ်အနေဖြင့် အခြေအနေကို ဆုံးဖြတ်နိုင်ခြင်း မရှိသေးပေ။

ဗသုန်က အခွင့်ကောင်းယူပြီး ကျန်လူများဘက်သို့ လှည့်၍ လေသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

"ခင်ဗျားတို့ မဖြစ်မနေ ဘာလုပ်ရမယ်ဆိုတာ၊ အခု သိကြပြီမဟုတ်လား။ သက်ဆိုင်ရာကို လှမ်းအကြောင်းကြားပြီး ဒီကျွန်းပေါ်ကို အရောက်လာကြဖို့ မှာယူရလိမ့် မယ်။ အချိန်ဆွဲနေလို့ လုံးဝ မဖြစ်တော့ဘူး"

နွယ်နီချိုက စီးကရက်တစ်လိပ် ထုတ်ယူမီးညှိသည်။

စစ်ရန်နိုင်ဘက်သို့ တစ်ချက်လှမ်းကြည့်သည်။

"သက်ဆိုင်ရာအဖွဲ့က လူတစ်ယောက်၊ ဒီကျွန်းပေါ် ကို ရောက်နေပါပြီ"

ဆက်မော်က အံ့ဩသံဖြင့် -

"ခင်ဗျား ...ဘာကိုပြောလိုက်တာလဲ"

"ဩော် ...ဒီလိုပါ။ ဟောဒီက စစ်ရန်နိုင်ဆိုတဲ့ လူဟာ နိုင်ငံတော်ဥပဒေအဖွဲ့ထဲ က အထူးအေးဂျင့်တစ်ယောက်ဖြစ်နေလို့ပါ"

စစ်ရန်နိုင်၏ဘာဝမှန်ကို နွယ်နီချိုက အားလုံး၏ရှေ့၌ ဖွင့်ဟပြောဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်အနေဖြင့် ဖုံးကွယ်ထား၍မရနိုင်တော့ပေ။

ဒေါက်တာအာကာ၏ အလောင်းအား အအေးခံ ခေါင်းတလား တစ်လုံးအတွင်း၌ ထည့်သွင်းပြီး အဖွဲ့သား အားလုံး အပေါ်ထပ်သို့တက်လာကြရန် စဝ်ရန်နိုင်က ပြောလိုက်သည်။ ညှိခန်းအတွင်းသို့ရောက်လျှင် အကြောင်းစုံကို ရှင်းလင်းပြောဆိုမည်ဖြစ်ကြောင်း ထပ်မံပြောလိုက်ရလေသည်။

× × ×





## အခန်း (၁၂)

ညှိခန်းအတွင်း၌တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

သို့သော် -

ညှိခန်းအတွင်းတွင် သက်ရှိလူသား ခုနစ်ဦးငြိမ် သက်စွာ ရောက်ရှိနေကြသည်။ တံခါးဝ၌ ဒေါ်သဇင်က မသိမသာ အကဲခတ်ကြည့်ရှုနေသည်။

စဝ်ရန်နိုင်သည် ညှိခန်းတွင်း၌ ရှိနေသူများကို စိတ်ထဲမှ ရေတွက်ကြည့်လိုက်သည်။

စုစုပေါင်း ခုနစ်ဦးတိတိဖြစ်သည်။

ထမင်းချက် ဒေါ်သဇင်

ဒေါက်တာစံသာမြတ်

နွယ်နီချို

ဆက်မော်

ထက်ခေါင်

ဝသုန်



www.burmeseclassic.com

www.burmeseclassic.com



စင်ရန်နိုင်ကိုယ်တိုင်ဖြစ်သည်။

စင်ရန်နိုင်သည် စကော့(ချ်)ဝီစကီတစ်လုံးကို ဆွဲယူ ချဖွင့်သည်။ ဒီကင်တာတပ်ထားသော အရက်ပုလင်းထဲမှ စကော့ချ်ဝီစကီကို သူ၏ဖန်ခွက်ထဲသို့ တစ်ဝက်ခန့်ပထည့် သည်။ ထို့နောက် ဝီစကီပုလ ်းကိုကျွန်လူများဘက်သို့ လှမ်းပေးသည်။

စင်ရန်နိုင်က ဧည့်ခန်းတွင်းရှိလူများကို အကဲခတ် လိုက်ပြီး စကားစ,ပြောသည်။

"ခင်ဗျားတို့အားလုံးကို ကျွန်တော့်အနေနဲ့ လှည့်စားခဲ့ရတဲ့အတွက် စိတ်မကောင်းဖြစ်မိပါတယ်။ အဓိကပုဂ္ဂိုလ် ကတော့ ဒေါက်တာစံသာမြတ်ပဲပေါ့။ ဒီလို လှည့်စားထား ခဲ့ရတာကလည်း ကျွန်တော်ဟာ အထက်ကပေးအပ်ထားတဲ့ တာဝန်တစ်ရပ်ကို ထမ်းဆောင်နေရလို့ပဲဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စအတွက် ခင်ဗျားတို့ကို လိမ်လည်လှည့်စားထားခဲ့တာမျိုး မဟုတ်ပါ ဘူး။ ကျွန်တော်ဟာ နန်းဝတီမြို့ ရှေးဟောင်းသုတေသန ဌာနချုပ်မှာ ဖွင့်လှစ်ထားတဲ့ ကွန်ပျူတာစုံစမ်းထောက်လှမ်း ရေးဆင်ဒီကိတ်က အထူးလျှို့ဝှက် အေးဂျင့်တစ်ယောက်ပဲဖြစ်ပါတယ်"

"ခင်ဗျားရဲ့နာမည်ရင်းက စင်ရန်နိုင်ဆိုတာကော အမှန်ပဲလား"

"နာမည် အမှန်ပါပဲ။ ကျွန်တော်ဟာ ဆေးသိပ္ပံ ပညာရပ်ဆိုင်ရာ ဓာတ်ပုံရိုက်ပညာ၊ ရုပ်ရှင်ပညာ၊ ဗီဒီယို ရိုက်ကူးမှတ်တမ်းတင်တဲ့ ပညာရပ်တွေကို တတ်မြောက် ကျွမ်းကျင်တာလည်း အမှန်ပါပဲ။ ဒါကလည်း ကျွန်တော်ရဲ့ ဆင်ဒီကိတ်က သင်ကြားပေးလိုက်လို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ကွန်ပျူတာစုံစမ်းထောက်လှမ်း







ရေး ဆင်ဒီကိတ်ဟာ ကွန်ပျူတာမျိုးစုံကို အသုံးပြုပြီး စက်မှုသိပ္ပံနည်းပညာ နဲ့ပတ်သက်တဲ့ ရာဇဝတ်မှုတွေကို စုံစမ်းဖော်ထုတ်ပေးရပါတယ်"

"ဆင်ဒီကိတ်အနေနဲ့ အေးခဲလွှန်အသင်းတွေက ပြည်သူလူထုအပေါ်မှာ လိမ်လည်လှည့်စားလာမယ့် ကိစ္စတွေ အတွက်ကြိုပြီး စိုးရိမ်နေတယ်။ ဒီအချက်ဟာ အင်မတန် လွယ်ကူတဲ့ လှည့်စားလိမ်ညာမှုတစ်ခုဖြစ်လာနိုင်တယ်။ သေဆုံးသွားတဲ့လူသေအလောင်းခန္ဓာကိုယ်တွေကို အေးခဲလွှန် စနစ်နဲ့ မပျက်စီးအောင် အေးခဲထားပေးမယ်။ မသေချာ၊ မရေရာတဲ့ အနာဂတ်ကာလရဲ့ တစ်ချိန်ချိန်မှာ လူသားအသစ်တစ်ယောက် ပြန်လည်မွေးဖွားရှင်သန်လာစေရမယ် ဆိုတဲ့ အလုပ်မျိုးဟာ စီးပွားရေးအရ သေချာပေါက်အကျိုး အမြတ်ရမယ့် လုပ်ငန်းတစ်ဖြစ်လာဘယ်။

အေးဖွဲ့လွှန်နည်းစနစ် အေးခဲထားတဲ့ ဝိညာဉ်မဲ့ ခန္ဓာကိုယ်တွေနဲ့ သက်ဆိုင်သူ ကာယကံရှင်တွေဟာ နောက် ပိုင်းမှာ သူတို့ လိမ်ညာလှည့်စားတာ ခံနေရမှန်းသိလာကြ လို့ "ဒီ သိပ္ပံသုတေသနဌာနက ကျုပ်တို့ဆီက ငွေတွေလိမ် ညာယူနေကြပါတယ်။ သူတို့ကိုယ်တိုင် မမြင်တွေ့နိုင်တဲ့ အနာဂတ်ကာလကို လှည့်ဖျားပြောဆိုပြီး ရောင်းနေကြပါ တယ်" လို့ အော်ဟစ်ကန့်ကွက်မယ့်လူ၊ တရားစွဲကြမယ့်အချိန် မရောက်ခင်မှာပဲ၊ အေးဖွဲ့လွှန်အဖွဲ့လုပ်ကိုင်နေကြတဲ့ စီးပွားရေးသမားတွေဟာ မတရားသဖြင့် ချမ်းသာကုန်ကြပြီ။ တစ်ချို့လည်း သေကုန်ကြလောက်ပြီ။ ဒါမှမဟုတ်ရင်လည်း၊ ဒီလိုကန့်ကွက်တရားစွဲမယ့်လူတွေကိုယ်တိုင် သေဆုံးကုန်ကြ တာမျိုးလည်း ဖြစ်နေလိမ့်မယ်။ ဒီနည်းမျိုးနဲ့ ပြဿနာဖော့ မယ့်၊ တရားစွဲမယ့်လူ မရှိသမျှကာလပတ်လုံး ဒီလိုအသင်း တွေဟာ ဆက်လက်ရှင်သန်ကြီးထွားနေကြဦးမှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစံသာမြတ် ထိုင်ရာမှ ထ.ရပ်လိုက်ပြီး၊ ကျယ်လောင်စွာအော်ဟစ်လိုက်၏။

"စစ်ရန်နိုင် ... ခင်ဗျားပြောနေတာကို ကျုပ် လုံးဝ သဘောမကျဘူး။ ခင်ဗျားကို ကျုပ်က ယုံကြည်စိတ်ချ ပြီး ပွင့်ပွင့်လင်းလင်း ပြောဆုံ ဆက်ဆံခဲ့တယ်။ အခုတော့ ခင်ဗျားက ကျုပ်ဆီကို သူလျှိုလုပ်ရအောင်ရောက်လာခဲ့တယ်ပေါ့..ဟုတ်လား"

စစ်ရန်နိုင်က တည်ငြိမ်အေးဆေးစွာဖြင့် ဒေါက်တာစံသာမြတ်၏စကားလုံးကိုပြောင်းလဲပြင်ဆင်ပေးလိုက်သည်။

"ခင်ဗျားပြောသလို ကျွန်တော်ဟာ သူလျှိုလုပ်ဖို့ အတွက်ရောက်လာတာ မဟုတ်ပါဘူး။ စုံစမ်းထောက်လှမ်း ဖို့ တာဝန်နဲ့ ရောက်လာခဲ့တာပါ"

နွယ်နီချိုက ထပ်မံ၍ဝင်ပြောသည်။

"ပြီးတော့ကျွန်မတို့လှုစုစကားပြောနေကြတာကိုတိပ်ခွေနဲ့ အသံဖမ်းယူထားတယ်။ အဲဒါကို ကျွန်မကိုယ်တိုင်တွေ့ခဲ့ရတာပါ"

ဒေါက်တာစံသာမြတ်က သက်ပြင်းချလိုက်ပြီး -

"ဒီအကြောင်းတွေကို မင်းအနေနဲ့ စ.ပြီး သိတဲ့အချိန်ကတည်းက ကျုပ်ကိုပြောပြသင့်တယ်"

နွယ်နီချို၏ အပြုအမူ ပြောင်းလဲသွားခြင်းနှင့်ပတ်သက်၍ စစ်ရန်နိုင်နားမလည်နိုင်အောင်ဖြစ်မိသည်။

စစ်ရန်နိုင်က ဒေါက်တာစံသာမြတ်ရှင်းလင်းသဘောပေါက်လာစေရန် သူ၏တာဝန်ပိုင်းဆိုင်ရာ ကိစ္စကိုထပ်မံ၍ပြောပြသည်။

"အခုကိစ္စက ကြံ့ကြံ့ကြိုက်တိုက်ဆိုင်သွားခဲ့တာပါ။ ကွန်ပျူတာစုံစမ်းထောက်လှမ်းရေး ဆင်ဒီကိတ်က အေးဖွဲ့ လွှန်အသင်းတွေအပေါ်မှာ သက်ာမကင်းဖြစ်နေတဲ့အချိန်၊ ခင်ဗျားရဲ့နဝရတ်အေးဖွဲ့





...န်သိပ္ပံသုတေသနဌာနက ဆေးကုသမှုနည်းပညာရပ်နဲ့ပတ်သက်...မှတ်တမ်းတင် ကျွမ်းကျင်သူတစ်ဦး အမြန်လိုအပ်တယ်ဆိုပြီး...ဖွေနေတဲ့အချိန်ဖြစ်နေတယ်။ ဒါနဲ့ပဲ ဆေးသိပ္ပံလောကရဲ့ခွဲ...ခန်း...ဓာတ်ပုံသမားတစ်ဦးအဖြစ် ကျွန်တော့်ကို လူစားထိုးပြီး ဒီနေ...လွှတ်လိုက်တယ်။

တကယ်တော့ ကျွန်တော်တို့ရဲ့ကွန်ပျူတာ ထောက် လှမ်း...း ဆင်ဒီကိတ်က တစ်ခြား အေးဖွဲ့လွှန်းတွေထက်စာ ရင် ခင်ဗျားရဲ့...အေးဖွဲ့လွှန်သုတေသနာဌာနကို ပိုပြီးတော့ ဂိတ်ဝင်စားတယ်။ ဘာ...လို့လည်းဆိုတော့ ခင်ဗျားတို့က ဝိညာဉ်မဲ့ခန္ဓာကိုယ်တွေကို...းခဲစေပြီး သိမ်းဆည်းသို လှောင်ပေးထားရုံတင် မကဘူး ...း...းသိပ္ပံသုတေသနဌာန ကပါ လူသားအသစ်တစ်ယောက်ကို...ချာပေါက်မွေးဖွားပေးနိုင်မယ်လို့ကြေငြာချက်ထုတ်ခဲ့လို့ပဲ"

ဒေါက်တာစံသာမြတ်က စစ်ရန်နိုင်ကို စူးစူးစိုက်စိုက်...ည့်ပျက်မေးသည်။

"ကောင်းပြီ။ ကျွန်တော်လုပ်ကိုင်ခဲ့တဲ့ သုတေသန လုပ်ငန်း...ကြောင့် အပြစ်ဒဏ်ကျခံရမယ်လို့ဆိုလိုတာလား"

စစ်ရန်နိုင်က ခေါင်းခါရမ်းပြလိုက်ပြီး -

"မဟုတ်ပါဘူး ..ဒေါက်တာ။ ဒါပေမယ့် ခင်ဗျား တို့ရဲ့...ရတ်အေးဖွဲ့လွှန် သိပ္ပံသုတေသန ဌာနနဲ့ပတ်သက် တဲ့ ငွေကြေး...င်းဟာ သံသယဝင်စရာ၊ မေးမြန်းချင်စရာကောင်းလောက်အောင်...ဘက်နေတယ်။ ခင်ဗျားအဖွဲ့ရဲ့ ငွေကြေးရန်ပုံငွေစာရင်းကို...းသိမ်းပေးတဲ့ နန်းဝတီရုံးချုပ်ကလည်း ကျွန်တော်တို့ကွန်ပျူတာ...ာက်လှမ်းရေး ဆင်ဒီကိတ်က မေးမြန်းတဲ့ မေးခွန်းတွေကို...နပ်လောက်အောင်အဆင်ပြေပြေနဲ့ မဖြေနိုင်ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစံသာမြတ်က အပြုံးမပျက်။

"ဒေါ်သဥ္ဇာဟာ ကျွန်တော်တို့နဝရတ်ဆေးသိပ္ပံ သုတေသနဌာန ... ပေါ်မှာ အလွန်ကျေးဇူးကြီးမားခဲ့သူဖြစ် တယ်။ လိုအပ်တဲ့ငွေကြေး သိန်းပေါင်းများစွာကို လှူဒါန်း ပေးသွင်းသွားခဲ့တယ်။ ကျွန်တော်တို့ နဝရတ်ဆေးသိပ္ပံ သုတေသနဌာနအနေနဲ့ ငွေကြေးခက်ခဲပြီး အကျပ်အတည်းပြဿနာတွေနဲ့ ရင်ဆိုင်နေရတဲ့ အချိန်မျိုးမှာ သူက ကူညီပံ့ပိုးမှုပေးခဲ့တယ်။ ဒေါ်သဥ္ဇာ... အလောင်းပြန်မတွေ့တာ တော်မှ သူဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း ကျွန်တော် ဆက် လက်ဆောင်ရွက်သွားမှာပါ"

ဇသုန်က ...

"ဒေါ်သဥ္ဇာရဲ့အလောင်းကို ကျွန်တော်တို့ ရှာတွေ့ကြမှာ သေချာပါတယ်။ လူသတ်သမားဟာ ဒေါ်သဥ္ဇာရဲ့ အလောင်းကို ဘယ်နေရာမှာ ဝှက်ထားခဲ့တယ်ဆိုတာ၊ ကျွန်တော်တို့ ခန့်မှန်းလို့ ခဲ့မယ် ဆိုရင်ပေါ့လေ"

နွယ်နီချိုက -

"ဒေါက်တာအာကာ အလောင်းကျတော့ လူသတ်သမားက ဘာဖြစ်လို့ဝှက်မထားခဲ့ရတာလဲ"

"အချိန်မရှိတော့လို့ဖြစ်မှာပေါ့"

စဝ်ရန်နိုင်က ဆက်၍ပြောသည်။

"ကျွန်တော် ဘယ်သူဆိုတာ ခင်ဗျားတို့အားလုံး ...သွားကြပါပြီ။ တာဝန်ရှိတဲ့ လူတစ်ယောက်အနေနဲ့ ကျွန်တော် ...ဖင်တာဝန်ယူ စောင့်ရှောက်ပေးပါ့မယ်။ ဒီကျွန်း...ကို ဒေသခံအာဏာပိုင်တွေရောက်လာတဲ့ အချိန်အထိပေါ့"

ဇသုန်က ထေ့ငေါ့သောလေသံဖြင့် -





"ကျေးဇူးတင်စရာ အတော်...ကိုကောင်းတဲ့ စကားပါပဲဗျာ"

စဝ်ရန်နိုင် ဇသုန်နှင့် နွယ်နီချိုဘက်သို့ လှည့်၍

"ကောင်းပြီ။ ငါ့အနေနဲ့ ခိုင်လုံတဲ့အချက်တစ်ချက် ...သောက်ပြမယ်။ မင်းနဲ့ နွယ်နီချိုဟာ ဒေါက်တာအာကာကို သေစေချင်ပ...ကန္ဒကိုယ်စီရှိကြတယ်"

ဇသုန်က ထိတ်လန့်တုန်လှုပ်သောလေသံဖြင့် -

"ခင်ဗျား...ဘယ်လိုပြောလိုက်တယ်"

"ငါပြောတာ ရှင်းရှင်းလေးပါ။ မကြားစရာ အကြောင်းလည်း မရှိလောက်ပါဘူး။ "လူသစ်" နဲ့ပတ်သက်တဲ့ အော်ပရေးရှင်းကိစ္စ ပြီးသွားခဲ့ရင် ဒေါက်တာအာကာနဲ့ သူ စာရင်းရှင်းရအောင်လို့ နွယ်နီချိုက ပြောပြခဲ့ဖူးတယ်"

နွယ်နီချိုက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် -

"အို ...ကျွန်မ သူ့ကို သတ်ပစ်မယ်ဆိုတဲ့ သဘော မျိုးနဲ့ ပြောတာမဟုတ်ပါဘူး"

"ဟုတ်ကာမဟုတ်တာတော့ ငါလည်း မသိနိုင်ဘူး။ ငါ့ဘက်က သေချာပေါက် သိနိုင်တဲ့ တစ်ခြားနည်းလမ်း လည်း မရှိသေးဘူး။ အခုအချိန်မှာတော့ ဒီလို အဓိပ္ပါယ် မျိုးသက်ရောက်တဲ့ စကားမျိုး ...င်းပြောထားခဲ့တယ်လို့ပဲ ငါက သတ်မှတ်ထားရလိမ့်မယ်"

နွယ်နီချို သိသာစွာ မျက်နှာပျက်၍သွားသည်။

ဇသုန်က ကြားဝင်၍ပြောသည်။

"အခုကိစ္စက မပြည့်စုံလှဘူးလို့ ကျွန်တော်ထင်တယ် ...စဝ်ရန်နိုင်။ နွယ်နီချိုက အဲဒီ စကား သူပြောတဲ့အချိန်မှာ ...ကျွန်တော်တို့ပါ ကြားရမှာပေါ့။ ဒေါက်တာအာကာကို ...တစ်ခြားတစ်ယောက်ယောက်က ကြားဝင်သတ်သွားပြီး၊ ...နွယ်နီချိုအပေါ်မှာ သံသယဝင်အောင် အပစ်ပုံချသွားခဲ့ရင် ကော



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်မလဲ။ ဒေါက်တာအာကာကို နွယ်နီချိုသတ်လိုက်တယ်ပဲ ထားပါတော့။ ဒေါ်သဇာနဲ့ ဒေါက်တာမင်းဝေတို့ကို သူသတ်တာတော့ လုံးဝမဖြစ်နိုင်ဘူး"

စဝ်ရန်နိုင်က ခေါင်းညိတ်လိုက်ပြီး -

"မှန်ပါတယ်။ အဲဒီလူနှစ်ယောက်ကို နွယ်နီချိုသတ် တာ မဖြစ်နိုင်ဘူး"

"ကဲ ...ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ။ ကျန်တဲ့ လူတွေ အသက်မသေဖို့အရေးကြီးတယ်"

စဝ်ရန်နိုင်က -

"ကျွန်တော်တို့လူတစ်စုစီ နေကြရင်ပိုကောင်းကြလိမ့်မယ်"

ဗသုန်က -

"နွယ်နီချိုကို ကျွန်တော် စောင့်ရှောက်နိုင်ပါတယ်"

"ကောင်းပြီလေ။ ဒေါက်တာ စံသာမြတ်၊ ဒေါ်သဖင် နဲ့ ဒေါက်တာ ထက်ခေါင်တို့က တစ်စုနေပါ။ ကျွန်တော်က ဆက်မော်နဲ့ အတူနေမယ်"

ဒေါက်တာစံသာမြတ်က -

"ညဘက်ရောက်ရင်ကော၊ ကျွန်တော်တို့အတူတူ အိပ်ကြဖို့ လိုဦးမလား"

"ညပိုင်းကတော့ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပဲစီစဉ် ကြပါ။ နေ့ဘက်မှာတော့ ကျွန်တော်ပြောသလိုပဲ နေကြပါ။ မနက်ဖြန် ရောက်တာနဲ့ ဗဟိုကုန်းမြေဆီကို ကျွန်တော်ကြိုးစားပြီး ဆက်သွယ် ကြည့်မယ်"

ဒေါက်တာစံသာမြတ်ကလက်ခံသည်။

"ကျုပ်တို့ရဲ့ "လူသစ်" နဲ့ပတ်သက်လို့ကော..."

"အင်း...အော်ပရေးရှင်းပြီးသွားတာ (၅၂) နာရီကြာသွားပြီ။





ဒီအတိုင်းဆိုရင်တော့ "လူသစ်" ဟာ ပုံမှန်အသိတရားအပြည့်အဝနဲ့ သတိပြန်ရလာတော့မှာ မဟုတ်ဘူးလို့ယူဆမိတယ်"

ဒေါက်တာစံသာမြတ်က မျက်မှောင်ကြုတ်လိုက်ပြီး

"ဒေါက်တာအာကာ ပြောခဲ့တာကတော့၊ သူ့ရဲ့ဦးနှောက်ပိုင်း ဆိုင်ရာ ကိစ္စ..."

စဝ်ရန်နိုင်က ဖြည်းညင်းစွာ ခေါင်းခါလိုက်သည်။

"ဒေါက်တာအာကာဟာ "လူသစ်" ရဲ့ဦးနှောက်နဲ့ ပတ်သက် ပြီး အစကတည်းက လိမ်ပြောနေတာဖြစ်ဖို့များ တယ်။ "လူသစ်" ရဲ့ ဦးနှောက်အော်ပရေးရှင်းလုပ်တဲ့အခါမှာ မအောင်မြင်ခဲ့တာကို သူ ဝန်မခံရဲတာပဲဖြစ်လိမ့်မယ်။ ဒေါက်တာအာကာဟာ "လူသစ်" ရဲ့ ဦးနှောက်နဲ့ ပတ်သက် ပြီး အမှန်အတိုင်း တိတိကျကျသိလာတဲ့ အချိန်မှာ အသတ်ခံလိုက်ရတာပဲဖြစ်လိမ့်မယ်။ နေပါဦး ...ဒေါက်တာ အာကာရဲ့အလောင်းကို ဘယ်သူစ.ပြီး တွေ့တာလဲ"

ဒေါက်တာထက်ခေါင်က -

"ကျွန်တော် စ.တွေ့တာပါ။ ကျွန်တော် အိပ်ရာ မဝင်ခင်မှာ လူနာကိုတစ်ခါလောက် စစ်ကြည့်လိုက်ဦးမယ် ဆိုပြီး၊ အောက်ထပ်ကို ဆင်းအလာမှာ ဒေါက်တာအာကာ ရဲ့အလောင်းကို တွေ့လိုက်ရတာ ပါပဲ"

"ခွဲစိတ်စားပွဲပေါ်မှာ သဲလွန်စ တစ်ခုခု တွေ့မိသေးသလား"

"မတွေ့မိဘူး"

စဝ်ရန်နိုင် ခေတ္တမျှစဉ်းစားလိုက်ပြီး -

"မနက်ပိုင်းအထိ ကျွန်တော်တို့ ဘာလုပ်စရာမှ မရှိကြဘူး။ ဒီတော့အားလုံး အနားယူနိုင်ကြပါပြီ"

× × × × ×



www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၁၃)

အဖွဲ့သားများအိပ်ခန်းများဘက်သို့ထွက်သွားကြသည်။

စဝ်ရန်နိုင်နှင့် ဒေါက်တာစံသာမြတ်တို့ နှစ်ဦးတည်း စကားထပ်မံပြောဖြစ်ကြသည်။ အဓိကအချက်များမှာ နဝရတ်ဒေးဖွဲ့လွန်ဆေးသိပ္ပံသုတေသနဌာနအကြောင်း၊ ဒေါ်သဥ္စာအကြောင်းနှင့်လူသတ်သမားတို့၏အကြောင်းသာဖြစ်သည်။

စကားပြောပြီးလျှင်လူခြင်းခွဲလိုက်ကြသည်။

စဝ်ရန်နိုင် ဘီယာတစ်လုံးယူလျက် သူ၏ အိပ်ခန်း သို့ပြန်လာသည်။

ဘီယာသောက်၍အေးဆေးစွာအနားယူမည်ဟုစဝ်ရန်နိုင်တွေးထားသည်။

နှစ်ရက်အတွင်း၌နှစ်ဦးသေဆုံးခဲ့ရသည်။

ဒေါက်တာမင်းဝေနှင့် ဒေါက်တာအာကာတို့ တစ္ဆေ





နှစ်ကောင်ဘဝသို့ကူးပြောင်းသွားရပေပြီ။

ချောက်ချားတုန်လှုပ်ဖွယ်ရာ ကောင်းသည့် နေ့ရက်များပင်တည်း။

စဝ်ရန်နိုင်ကိုယ်တိုင်ပင်လျှင် -

နောက်တစ်နေ့၌မည်သည့်အဖြစ်အပျက်များနှင့်ထပ်မံကြုံတွေ့ရဦးလေမည်နည်းဟုရင်လေးစွာတွေးမိသည်။

စဝ်ရန်နိုင် သူ၏အခန်းတံခါးကိုဖွင့်လိုက်သည်။

သူ၏အခန်းတွင်း၌ နွယ်နီချိုရောက်နေသည်ကို တွေ့လိုက်ရသည်။

သူ့ကိုစောင့်ဆိုင်းနေခြင်းဖြစ်ကြောင်းနားလည်သည်။

"ကဲ…ဒီတစ်ခါမီးခြစ်ငှားဖို့ရောက်လာပြန်တာလား"

"ဒီကိစ္စကို ကျွန်မခေါင်း ဲမှာ ထည့်မထားဘူး။ ကျွန်မ အခုရောက်လာရတာ၊ ဒေါက်တာအာကာ သေဆုံး ခဲ့ရတဲ့ကိစ္စနဲ့ပတ်သက်ပြီးရှင်းပြချင်လို့ပါ"

"ကောင်းပြီလေ။ မင်းက ဘာတွေပြောချင်လို့လဲ"

သူမက ခုတင်တစ်ဘက်စွန်း၌ဝင်၍ထိုင်သည်။

သူမသည် လိမ္မော်နီရောင် စပို့ရှပ်အင်္ကျီနှင့် နက်ပြာ ရောင်ချင်းဘောင်ဘီရှည်ကိုဝတ်ပေးသည်။

နွယ်နီချိုက စဝ်ရန်နိုင်ကိုကြည့်၍ -

"စဝ် . .ရှင် ကျွန်မတို့သုံးယောက်အကြောင်း ဘယ်လောက်အထိ သိထားသလဲ"

စဝ်ရန်နိုင်က ပခုံးတစ်ချက်တွန့်လိုက်ပြီး -

"နည်းနည်းပါးပါး လောက်ပါပဲ။ မင်းအတွက် ကြောင့်ဒေါက်တာအာကာနဲ့ ဗသုန်တို့ လက်ရုံးရည်ခြင်း ယှဉ်ကြဖို့ အထိ



www.burmeseclassic.com

www.burmeseclassic.com



တောင်ရောက်ခဲ့တယ်မဟုတ်လား"

သူမကတည်ငြိမ်စွာဖြင့် -

"ကိုဇသုန်ကတော့ နစ်ယောက်ချင်းယှဉ်ပြီး တိုက် ခိုက်

မှာမျိုးကို သိပ်ဝါသနာပါတယ်။ ဒါပေမယ့် ရှင်သိ အောင်တော့ ကျွန်

ပြောချင်တယ်။ အော်ပရေးရှင်း လုပ် ငန်းပြီးသွားရင် ဒေါက်တ

အာကာနဲ့ စရင်းရှင်းမယ်လို့ ကျွန်မ ပြောခဲ့တဲ့စကားဟာ ဒေါက်တ

အာကာကို သတ်မယ်ဆိုတဲ့ရည်ရွယ်ချက်မျိုးလုံးဝမဟုတ်ဘူး"

"ဒါဆို ဘာအဓိပ္ပါယ်နဲ့ ပြောတာလဲ"

"ဒေါက်တာအာကာမှာ လူသိမခံဝံ့တဲ့ အားနည်း ချက်တ

ချို့ရှိတယ်။ ကျွန်မက လူရှေ့သူရှေ့မှာ ထုတ် ပြောလိုက်တာနဲ့

သိက္ခာကျ၊ အရှက်ကွဲမယ့် ကိစ္စမျိုးပေါ့"

"ဘယ်လိုကိစ္စမျိုးလဲ"

"ဒီအချိန်မှာတော့ ထုတ်ပြောစရာ မလိုတော့ပါ ဘူ

သူလည်းသေသွားရှာပြီပဲ"

"ကောင်းပြီ။ ဒေါက်တာအာကာကို မင်းမသတ်ဖူး ပဲ ထ

ပါတော့။ ဒါဆို ဇသုန်ကကော"

"ကိုဇသုန်ကလည်း သူ့ကိုသတ်စရာအကြောင်းမရှိပါဘူ

"သူတို့နစ်ယောက်တစ်နေရာမှာ ချိန်းပြီးတိုက်ခိုက်ကြရင်

လက်လွန်၊ ခြေလွန် ဖြစ်သွားခဲ့ရင်ကော ..."

သူမက ဆတ်ခနဲ ခေါင်းမော့လိုက်သည်။

"ကိုဇသုန်ဟာ လူတစ်ယောက်ကို နောက်ဘက်က

ဦးခေါင်းခွံ တစ်ခုလုံး ကြေမွသွားအောင် ရိုက်သတ်မယ့် လူစား

မဟုတ်ဘူး။ သူ့မှာ ကောက်ကျစ်ရက်စက်တဲ့ စိတ်ဓာတ်မျိုးမရှိဘူး"

"ဒါဆို လူသတ်သမားဟာ ဘယ်သူဖြစ်မလဲ။ ခွဲစိတ် ဆ





ပေါ်က "လူသစ်" လို့ပြောချင်သလား။ လူသစ်က ဒေါက်တာ အာကာရဲ့

ခေါင်းကို နောက်ကနေ လှမ်းပြီးရိုက် နိုင်တဲ့ အကွာအဝေးမျိုးမှာ

နီးနီးကပ်ကပ် ရှိမနေဘူး"

သူမ သက်ပြင်းတစ်ချက် ချသည်။

"ဒါတော့ ကျွန်မလည်း မပြောတတ်တော့ဘူး"

"ငါ့အခန်းထဲ မင်းဝင်လာတာ နစ်ကြိမ်ရှိသွားပြီ နွယ်နီချို။

ဇသုန်သာ သိသွားရင်တော့ သူနဲ့ငါ ပြဿနာ တက်မှာပဲ။ မင်းဘာကိစ္စနဲ့

လာပါတယ်လို့ ဘယ်လိုပဲ ရှင်းပြရှင်းပြ သူက လက်ခံမှာမဟုတ်ဘူး"

နွယ်နီချိုက စွဲမက်ဖွယ်အပြုံးဖြင့် စစ်ရန်နိုင်ထံသို့ တိုးကပ်

လာသည်။

မျက်နှာနစ်ခုက နီးကပ်၍သွားကြသည်။

"ရှင်ပြောတာ မှန်ပါတယ်။ ဒါပေမယ့် ...ရှင် နားမလည်သေး

ပါဘူး စစ်ရယ်"

သူမထံမှ သင်းပျံ့သော ရေမွှေးနံ့က လွင့်မျော၍နေသည်။

သူမ၏ မျက်လုံးအစုံမှာ ရွှန်းလက်၍နေပေသည်။

နွယ်နီချိုသည် ဆွဲဆောင်မှုအကြည့်ရှိသော မိန်းမ

သားတစ်ဦးဖြစ်သည်။

စစ်ရန်နိုင်၏ရင်ခွင်အတွင်းသို့ အလိုက်သင့်တိုးဝင်

လိုက်သည်။

× × × ×

ရုတ်တရက်

ကျယ်လောင်သော သေနတ်သံသုံးချက် ဆက်တိုက်

ထွက်ပေါ်လာသည်။

သေနတ်သံသည် မြေအောက်ခွဲစိတ်ခန်းအတွင်းမှ ထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာခြင်းဖြစ်ကြောင်း သိလိုက်သည်။

စဝ်ရန်နိုင် ခုတင်ပေါ်မှ ဆင်းလိုက်ပြီး -

"ဒါသေနတ်သံပဲ။ ငါ…သွားကြည့်လိုက်ဦးမယ်"

"ကျွန်မပါလိုက်ရမလား"

"မလိုက်နဲ့။ ဒီမှာပဲ စောင့်နေ…ငါပြန်လာခဲ့မယ်"

လေ့ကားထစ်များအတိုင်း စဝ်ရန်နိုင် ပြေးဆင်းသွားသည်။

သေနတ်သံသည် ဆက်မော်၏ သေနတ်သံပင်ဖြစ်မည်ဟု တွက်ဆလိုက်သည်။

ဤကျွန်းပေါ်၌ ပစ္စတိုသေနတ်တစ်လက်ကို လျှို့ဝှက် စွာ ဖုံးကွယ်ကိုင်ဆောင်ထားသူမှာ "ဆက်မော်" တစ်ဦးတည်း သာရှိသည်။

ဒေါက်တာစံသာမြတ်၌ ရောင်ခြည်သေနတ် (လေဆာသေ နတ်) ရှိကြောင်းကို ဒေါက်တာစံသာမြတ်က ဖွင့်ဟပြောဆိုထားသည်။ လေဆာသေနတ်သည် အသံလုံးဝမမြည်သော သေနတ်အမျိုးအစား ဖြစ်သည်။ *

ပစ္စတိုအသေးစား တစ်လက်ကိုကိုင်၍ ကြောင်အမ်း အမ်း ဖြစ်နေသော "ဆက်မော်" ကိုတွေ့လိုက်ရသည်။

စဝ်ရန်နိုင်က ဆက်မော်၏လက်ထဲမှ ပစ္စတိုသေနတ် ကို စောင့်ဆွဲလုယူပြီး ဒေါသဖြင့် အော်ဟစ်လိုက်သည်။

"ဆက်မော်…မင်း…ဘာတွေလျှောက်လုပ်နေတာလဲ"

စဝ်ရန်နိုင် ဆောင့်တွန်းလိုက်သော အရှိန်ကြောင့် ဆက်မော် နံရံသို့ လွင့်ထွက်သွားသည်။

ဆက်မော်က ခေါင်းယမ်းလိုက်ပြီး -

"အပြင်ဘက်မှာ တစ်ခုခုကို မြင်လိုက်ရလို့။ ကျွန်တော် မြင်လိုက်မိတာ သေချာတယ်…စဝ်"





အပြင်ဘက်သို့ ထွက်သော တံခါးမကြီးမှာ ပွင့်ဟ၍နေ၏။

စဝ်ရန်နိုင်က လေသံမာမာဖြင့် -

"ခင်ဗျားက ဘာကို လှမ်းမြင်လိုက်မိတာလဲ"

"ဘာဆိုတာတော့ အတိအကျ မပြောတတ်ဘူး။ လူပုံစံမျိုးနဲ့ ခပ်မည်းမည်း သတ္တဝါကြီးတစ်ကောင်လို့ပဲ ထင်တယ်။ လရောင် အောက်မှာ သူ့ကို သေသေချာချာ မြင် လိုက်ရတယ်။ ကမ်းခြေဘက် ကိုသွားတဲ့ လမ်းပေါ်မှာ ရပ်ပြီး ကြည့်နေတယ်။ မျက်လုံးတွေကလည်း နီရဲပြီး နေတယ်။ ကျွန်တော်လဲ အော်ပြီး သုံးချက်ဆင့်ပစ်လိုက်တယ်"

စဝ်ရန်နိုင် အပြင်ဘက်သို့ကြည့်သည်။ မည်သည့်အရာကိုမျှ မတွေ့ပေ။

ဗသုန်နှင့် ထက်ခေါင်တို့ အပြေးအလွှားရောက် လာပြီး၊ ဆက်မော်ကို မေးမြန်းနေကြသည်။

စဝ်ရန်နိုင်က လက်နှိပ်ဓာတ်မီး တစ်လက်ယူ၍ ဆက်မော် ပြောသည့်နေရာသို့ သွား၍ စစ်ဆေးကြည့်ရှုသည်။

ပင်လယ်ကမ်းခြေသို့သွားသည့် လမ်းပေါ်၌ တစ်စုံတစ်ဦး၏ အရိပ်အရောင်ကိုမျှပင် မမြင်တွေ့ရပေ။

စဝ်ရန်နိုင် အဆောက်အအုံထဲသို့ ပြန်ဝင်လာသည်။

"ဘာမှမရှိဘူး…"

ဆက်မော်က မလျှော့ပဲ ပြောသည်။

"ကျွန်တော် လှမ်းမြင်လိုက်တာကတော့ သေချာတယ်"

စဝ်ရန်နိုင်က ဆက်မော်ကို လှမ်းကြည့်သည်။

ဆက်မော်က လက်ဝါးဖြန့်၍ -

"ကျွန်တော့် ပစ္စတိုသေနတ် ပြန်ပေးဦးလေ"

စဝ်ရန်နိုင် ခေါင်းခါလိုက်ပြီး -



www.burmeseclassic.com

www.burmeseclassic.com



"အခုပြန်မပေးနိုင်သေးဘူး။ မနက်မှပြန်ပေးမယ်"

ဆက်မော် သက်ပြင်းတစ်ချက်ချသည်။

"မနက်ရောက်တာနဲ့ ကျွန်တော်က သေချင်သေနေမှာ"

စဝ်ရန်နိုင်က မျက်မှောင်ကြုတ်၍ -

"သေစရာကိစ္စရှိရင် ခင်ဗျားတစ်ယောက်တည်းတင် သေမှာ မဟုတ်ဘူး။ အားလုံးသေကုန်ကြမှာ သေချာတယ်"

ဆက်မော် မကျေမနပ်နှင့် လှည့်ထွက်သွားသည်။

စဝ်ရန်နိုင် ကျန်လူများကို နှုတ်ဆက်ပြီး သူ၏ အခန်းရှိရာ အပေါ်ထပ်သို့တက်လာသည်။

အခန်းတံခါးကို တွန်းဖွင့်လိုက်၏။

ခုတင်ပေါ်၌ "နွယ်နီချို" ကိုမတွေ့ရတော့ပေ။

× × × × ×





BURMESE CLASSIC .com

## အခန်း (၁၄)

နောက်တစ်နေ့ နံနက်ခင်း ....။

နံနက်စာ စားချိန်ဖြစ်သည်။

စားသောက်ခန်းထဲ၌ ဒေါက်တာစံသာမြတ်နှင့် ထက်ခေါင် ရှိနေသည်။ စဝ်ရန်နိုင်က နောက်မှ ရောက်ရှိ သွားပြီး ထိုင်ခုံတစ်လုံး ဆွဲယူ၍ထိုင်သည်။

ဒေါက်တာစံသာမြတ်က ကော်ဖီတစ်ခွက်သောက်နေရင်းမှ

"ဒီနေ့မနက်ပိုင်း လူသစ်ကို ဘယ်သူ စစ်ဆေးကြည့်ကြသေးလဲ"

ထက်ခေါင်က ခေါင်းညိတ်ပြလိုက်ပြီး -

"ကျွန်တော် သွားပြီး စစ်ဆေးကြည့်ပါတယ်။ ထူးခြား တဲ့ ပြောင်းလဲမှု ဘာမှမတွေ့ရပါဘူး။ သူ့ကို ဗီတာမင်ဆေး တစ်လုံးပ



www.burmeseclassic.com

www.burmeseclassic.com



ထိုးထားပေးခဲ့တယ်"

"အဲဒီ ထိုးဆေးက သူ့ကို အထောက်အကူ ဖြစ်စေ နိုင်ပါ့မလား"

"သူအစားအစာ မစားနိုင်ခင်၊ ကျွန်တော် ထိုးပေး ထားတဲ့ ဗီဇ ဂုမင်ဆေးက အထောက်အကူဖြစ်နိုင်မှာပါ"

ဒေါက်တာစံသာမြတ်က -

"ကမ်းခြေမှာရှိတဲ့လှေအိမ်ကိုကျွန်တော်တို့ဆင်းကြည့်ကြရအောင် ဘယ်လိုပြုပြင်လို့ရနိုင်မလဲဆိုတာကြည့်ကြမယ်။ ဗဟိုကုန်းမြေနဲ့ဆက်သွယ်နိုင်ဖို့က ဒီမော်ဟော်ဘုတ်တစ်ခုပဲရှိတယ်"

စဝ်ရန်နိုင်က သတိတရမေးလိုက်သည်။

"ဒီနေ့မနက်ပိုင်းဟူးဟားခရပ်(ဖ်)ကရိက္ခာပစ္စည်းတွေလာဖို့ပေးလိမ့်မယ်လို့ခင်ဗျားကိုယ်တိုင်ပြောခဲ့တယ်မဟုတ်လား"

ဒေါက်တာစံသာမြတ်သည် ဖြူဖွေးသော သူ၏ ဆံပင်များကြားသို့လက်ချောင်းများထိုးသွင်းလိုက်သည်။

ထိုင်ရာမှ ထ၍ရပ်လိုက်ပြီး -

"ဟူးဟားခရပ်(ဖ်)ကပြန်လာဦးမှာမဟုတ်တော့ဘူး"

ဒေါက်တာစံသာမြတ်က ခပ်လေးလေးပြောဆိုလျက် စားသောက်ခန်းထဲမှထွက်သွားသည်။

ပင်လယ်အော်ဘက်မှ အေးမြသောလေက တသုန် သုန်တိုက်ခတ်၍နေသည်။

စဝ်ရန်နိုင်သည် ကော်ဖီတစ်ခွက် အမြန်သောက်ပြီး သဲသောင်ပြင်ဘက်သို့ပြေးလွှားထွက်လာခဲ့သည်။

လှေအိမ်ကလေးအတွင်း၌ဒေါက်တာစံသာမြတ်ရောက်နှင့်နေပြီးမော်တော်အုတ်ကိုစစ်ဆေးကြည့်ရှုနေ သည်။





စဝ်ရန်နိုင်ကောင်းကင်ယံသို့မော့ကြည့်လိုက်မိသည်။

အလံတိုင်ထိပ်ဖျား၌ ကြက်လျှာအလံတစ်ခု တလူလူလွင့်နေသည်ကိုတွေ့လိုက်ရသည်။

စဝ်ရန်နိုင်မျက်မှောင်တွန့်၍သွားမိသည်။

သူ ဤကျွန်းပေါ်သို့ ရောက်ရှိ နေစဉ် ရက်ပိုင်း အတွင်း အလံတိုင်ထိပ်ဖျား ကြက်လျှာအလံကလေး ရှိမနေ ကြောင်း သတိပြုမိသည်။

စဝ်ရန်နိုင်က -

"ဒီကြက်လျှာအလကလေးက ဘာအဓိပ္ပါယ်လဲဒေါက်တာ"

"ဒီအလံကလေးက ဟူးဟားခရပ်(ဖ်) ယာဉ်အတွက် အချက်ပြဆက်သွယ်ရေးအလံလေးပါ။ ဟူးဟားခရပ်(ဖ်)ရေယာဉ်ဟာ မနက်ပိုင်း (၇)နာရီလောက်မှာ လာလေ့ရှိ တယ်။ ရိက္ခာ ဒတွ မလိုအပ်သေးတဲ့အချိန်နဲ့ အိပ်ချင်နေ သေးတဲ့ အချိန်တွေမှာဆိုရင် စက်လှေတ်တစ်ခုနှိပ်ပြီး ဒီကြက်လျှာအလံကလေးကို တိုင်ထိပ်ပေါ်ရောက်အောင် တင်ထားပေးလိုက်တယ်။ အဓိပ္ပါယ်ကတော့ ဟူးဟားခရပ်(ဖ်) ယာဉ်မောင်းသူအနေနဲ့ ကျွန်းကိုဝင်ကပ်ဖို့မလိုသေးဘူးလို့ အချက်ပြလိုက်တာပဲ။ အဲဒီလို အချက်ပြထားရင် ဟူးဟား ခရပ်(ဖ်)ဟာ ကျွန်းပေါ်ကိုဝင်မကပ်ပဲကျော်ပြီးမောင်းထွက်သွားတယ်။ နောက်တစ်ပတ်ကြာမှဒီကျွန်းကိုပြန်လာ တယ်"

"ဩော် ...ခင်ဗျားက ဟူးဟားခရပ်(ဖ်) ..., ကျွန်းပေါ်ကို ဝင်မကပ်ဖို့အချက်ပြထားတာလား"

ဒေါက်တာစံသာမြတ်က ခေါင်းခါလိုက်ပြီး -

"ကျုပ် ..လုပ်တာ မဟုတ်ပါဘူး"

ဒေါက်တာစံသာမြတ်က လက်နှစ်ဘက်ဖြန့်ပြလိုက်ပြီး -



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ညတုန်းက ကျုပ် ၂ ဦးအထဲက လူတစ်ယောက် အမြင်ကိုနိုးပြီးထွက်မယ်။ ကြက်လျှာအလံကိုတိုင်ထိပ်ပေါ်ရောက်အောင်ဆွဲတင်ထားလိုက်တယ်။ အဲဒီလူဟာ လူသတ် သမားပဲဖြစ်ဖို့များတယ်.."

"ကြက်လျှာအလံသုံးတဲ့နည်းစနစ်ကိုဘယ်သူတွေ သိထားသေးလဲ"

"ကျွန်းပေါ်ကို အခုမှရောက်လာတဲ့လူတွေက ဒီကြက်လျှာအလံသုံးတဲ့ နည်းစနစ်ကို သိကြမှာမဟုတ်ဘူး။ ကျုပ် တွက်ပြမယ်။ ထက်ခေါင်၊ ဆက်မော်၊ ကျုပ်နဲ့ ဒေါ်သဇင် လေးယောက်ပဲ သိထားတယ်"

"ဒါဆိုရင် ဒီလေးယောက်ထဲက တစ်ယောက်.ယောက်ဟာ ကြက်လျှာအလံကိုထွက်ပြီး တင်ထားလိုက်တာ ပဲဖြစ်ရမယ်။ ခင်ဗျားကိုယ်တိုင်ကော ညဘက်မှာယောင်ပြီး လမ်းထ.လျှောက်တတ်တဲ့ အကျင့်မျိုးရှိတတ်သလား"

ဒေါက်တာစံသာမြွတ် မသိမသာ ပြုံးလိုက်ပြီး -

"မရှိပါဘူးစစ်ရန်နိုင်။ ခင်ဗျားဟာ အတော့်ကိုအမြင်ကျယ်တဲ့ လူတစ်ယောက်ပါလား။ နေဦး ..ဟူးဗား ခရုပ်(ဖ်)ရေယာဉ်ကို အချက်ပေးတဲ့ စနစ်အကြောင်း၊ တစ်ယောက်.ယောက်ကို ပြောပြခဲ့ဖူးတယ်ထင်တာပဲ"

"ဒေါ်သဇင်ရဲ့အသက်ဘယ်လောက်ရှိပြီလဲ"

"ကျုပ်တော့ တစ်ခါမှ မေးမကြည့်ဖူးသေးဘူး။ သုံးဆယ့်ရှစ်ပတ်ဝန်းကျင်လောက်ပဲရှိဦးမှာပါ"

"ခင်ဗျားဆီမှာ လာပြီး အလုပ်.လုပ်နေတာ၊ ဘယ် လောက်ကြာသွားပြီလဲ"

"ငါးနှစ်၊ ခြောက်နှစ်လောက်တော့ရှိပါပြီ..."





ဒေါက်တာစံသာမြွတ်သည် သစ်သားပြားစာတစ် ချပ်ကိုရွေးချယ်၍တိုင်းတာမှတ်သားနေသည်။

"စစ်...ခင်ဗျားကျွန်တော့်ကိုနည်းနည်းလောက် ကူညီပါ"

"ဟုတ်ကဲ့...ဖြစ်ပါတယ်"

မော်တော်ဘုတ်၏ဝမ်းဗိုက်ပေါ်မှ အပေါက်နေရာ၌ လိုအပ်သော သစ်သားပြားများ ဖိကပ်၍ အလိုအလျောက် ဂဟေဆော်ကိရိယာဖြင့် ပြုပြင်လိုက်သည်။

အားလုံးပြီးစီးသွားလျှင် ဒေါက်တာစံသာမြွတ်က ခါးဆန့်လိုက်ပြီး...

"ဟိုဘက်ကမ်းကိုတော့ ဒီမော်တော်ဘုတ်နဲ့ ဖြတ်ကူး နိုင်လိမ့်မယ်လို့ထင်တယ်"

"ဒီနေ့ဖြတ်ကူးမလို့လား"

စစ်ရန်နိုင် ပင်လယ်ပြင်သို့ လှမ်းမျှော်ကြည့်သည်။ ပင်လယ်ပြင်၌ မြူများအုံ့ဆိုင်း၍နေ၏။

ဒေါက်တာစံသာမြွတ်က မြူများကို လှမ်းကြည့်ရင်း

"မြူတွေ ရှင်းသွားတော့မှ ကူးနိုင်ပါလိမ့်မယ်။ ကျုပ် ဆီမှာ "ငါးမန်းနှင်တုတ်တံ" ရှိပေမယ့် ငါးမန်းတွေနဲ့ကျတော့ ထိပ်တိုက်ရင်မဆိုင်ဝံ့ဘူး"

"ဘာ...ဒီနေရာမှာ ငါးမန်းတွေရှိတယ်...ဟုတ်လား"

ဒေါက်တာစံသာမြွတ်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်...စစ်။ ငါးမန်းနှင်တုတ်တံက သူတို့ လန့်ပြီး ထွက်ပြေးသွားအောင်တော့ လုပ်နိုင်တယ်။ ဒါပေ မယ့် တစ်ခါတစ်လေမှာ ငါးမန်း နှင်တုတ်တံကို အသုံးမပြု နိုင်ခင်မှာ ငါးမန်းတွေက တစ်ရှိန်ထိုး တိုးဝင်လာတာဆိုးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆက်မော်ရဲ့အနေအထားက ဘယ်လိုရှိသလဲ"

"မနေ့ညတုန်းက သူ့အပြင်ဘက်က လူတစ်ယောက်ကိုလှမ်းပြီး သေနတ်နဲ့ ပစ်ခဲ့သေတယ်မဟုတ်လား။ သူပစ် လိုက်တဲ့လူကပဲကြက်လျှာအလံကိုတင်ထားတာဖြစ်ချင်လည်းဖြစ်မှာပေါ့"

စဝ်ရန်နိုင်က လေးနက်သောလေသံဖြင့် -

"ဒီလိုမျိုးအထင်ရောက်အောင် တမင်အကွက်ဆင်ပြီးလုပ်တာလည်း ဖြစ်နိုင်တယ်။ ခင်ဗျားအနေနဲ့ ထက်ခေါင် အပေါ်မှာယုံကြည်မှုမရှိဘူးမဟုတ်လား"

ဒေါက်တာစံသာမြတ်က မဲ့ပြုံးတစ်ချက်ပြုံး၍ -

"ဆက်မော်ဟာ ခွဲစိတ်ကုသတဲ့နေရာမှာ အားကိုး ရတဲ့ ဆရာဝန်ကောင်း တစ်ယောက်ဖြစ်တာတော့ မှန်တယ်။ ဒါပေမယ့် ရိုးသားတဲ့ ခွဲစိတ်ဆရာဝန်တစ်ယောက်အနေနဲ့ ပစ္စတိုသေနတ်တစ်လက်ကိုဝှက်ပြီး ဆောင်ထားစရာ အကြောင်းမရှိဘူး။ သူ...တစ်ခုခုကို ဖုံးကွယ်ထားမှာသေချာတယ်"

ထို့နောက်

စဝ်ရန်နိုင်နှင့် ဒေါက်တာစံသာမြတ်တို့ နှစ်ဦးသား သဲသောင်ပြင်ပေါ်မှ လမ်းကလေးအတိုင်း လျှောက်၍လာ ၍ ပြန်လာခဲ့ကြသည်။

× × ×

နောက်တစ်နေ့နံနက်ခင်း...။

နံနက်စာ စားသောက်ပြီးစီးချိန် ...။

ဒေါက်တာစံသာမြတ်နှင့် ဒေါက်တာထက်ခေါင်တို့ က အိမ်ကြီးပေါ်၌ပင် ထမင်းချက် ဒေါ်သဇင်အား စောင့် ရှောက်၍ နေကြသည်။





စဝ်ရန်နိုင်နှင့် ဆက်မော်၊ ဇသုန်နှင့် နွယ်နီချို -

လွန်ခဲ့သောညက ဆက်မော်မြင်တွေ့လိုက်သည်ဟု ဆိုသော မည်းမည်းသတ္တဝါကောင်ကြီးကို ရှာဖွေရန် ကျွန်း ပေါ်သို့ ထွက်လာကြသည်။

ဇသုန်နှင့် နွယ်နီချိုတို့က ကျွန်း၏အရှေ့ဘက်ခြမ်း ဆီသို့ ထွက်သွားကြသည်။ စဝ်ရန်နိုင်နှင့် ဆက်မော်တို့က ကျွန်း၏အနောက်ဘက်သို့ထွက်လာကြသည်။

တစ်ဘက်နှင့်တစ်ဘက် အလှမ်းကွာသော နေရာသို့ ရောက်လျှင် -

"ခင်ဗျား ...ဒီကျွန်းပေါ်ကို ရောက်လာနေတဲ့ အဓိက အကြောင်းက ဘာလဲစဝ်ရန်နိုင်"

"နဝရတ်အေးဖွဲ့လွှန်ဆေးသိပ္ပံသုတေသနဌာနနဲ့ပတ်သက် တဲ့ငွေကြေးပိုင်းဆိုင်ရာကိစ္စကို လေ့လာစုံစမ်းဖို့ပဲ"

"အင်း...ဒေါက်တာစံသာမြတ်က ဒီနှစ်ဦးပိုင်းမှာ ကျွန်တော့် ကို ခေါ်ပြီးသုံးခဲ့တယ်။ ကျွန်တော့်အနေနဲ့ လည်း နဝရတ်သိပ္ပံ သုတေသန ဌာနနဲ့ပတ်သက်ပြီး ကျွန်တော်သိချင်တဲ့ အဖြေတွေ အတွက်ဒီနေရာကိုရောက်ခဲ့တာပါပဲ"

မြက်ပင်၊ ချုံပင်အုပ်များကို ဖြတ်ကျော်လာပြီး ဆက်သွားမှ ကျွန်း၏အစွန်းတစ်ဘက်သို့ရောက်လာကြသည်။

စဝ်ရန်နိုင်က -

"ဒီနေရာရောက်တဲ့အထိ ဘာမှမတွေ့ရသေးပါ လား၊ ခင်ဗျားပြောတဲ့ မည်းမည်းသတ္တဝါကောင်ကြီး ဘယ် ကိုရောက် သွားပြီလဲ"

"မနေ့ညက ကျွန်တော်တွေ့လိုက်တာကို ခင်ဗျားက



www.burmeseclassic.com

www.burmeseclassic.com



အယုံအကြည်မရှိဘူးနဲ့တူတယ်…"

စဝ်ရန်နိုင်က ပွင့်လင်းစွာပင်ပြန်ပြောသည်။

"ခင်ဗျားပြောတာ ယုံနိုင်စရာအကြောင်းမှ မရှိတာပဲ။ ဒီနေ့မနက် ရီကွာပိုဖို့လာတဲ့ ဟူးတားခရပ်(စ်)ရေ ယာဉ်ကို ကျွန်းပေါ် မကပ်ရအောင် တိုင်ထိပ်ပေါ်မှာ ကြက်လျှာအလံ လွှင့်တင်ထားတာလည်း ခင်ဗျားကိုယ်တိုင် ပဲဖြစ်မယ်လို့ ကျွန်တော်ထင်တယ်။ ကြက်လျှာအလံလွှင့်တင်တဲ့လူဟာ တစ်ခြားတစ်ယောက်ဖြစ်မယ်လို့ ထင်အောင်၊ ခင်ဗျားက သေနတ်နဲ့ လှမ်းပစ်ပြီးအကွက်ဆင်လှည့်စားလိုက်တာပဲလို့ကျွန်တော်ယုံတယ်"

"ကျွန်တော့်အနေနဲ့ ဒီလိုမျိုး ဘာကြောင့်လုပ်ရမှာလဲ"

"ဒါကတော့ ကျွန်တော်လည်းမသိနိုင်ဘူးလေ"

သူတို့နှစ်ဦးသည် ဒေါက်တာစံသာမြတ်၏ အဆောက်အအုံရှိရာဘက်သို့ပြန်၍လျှောက်လာကြသည်။

ဆက်မော်က အဓိကလိုရင်းအချက်ကို ဖွင့်ဟပြော လိုက်သည်။

"အခုလို လူသားအသစ်မွေးဖွားစေတဲ့ အော်ပရေး ရှင်းကြီးမျိုးရဲ့အောင်မြင်မှုကို ဒေါက်တာစံသာမြတ်တစ်ယောက်တည်း လက်မထောင်ရင်ကောင်းပြီး လက်ဝါးကြီးအုပ်တာမျိုးကတော့ မလိုက်ထိုက်တဲ့ ကိစ္စတစ်ခုပဲ"

"မှန်ပါတယ်…သူ့အနေနဲ့ ဒီလိုမျိုး မလုပ်သင့်ဘူး။ ဒါပေမယ့် ဆေးသိပ္ပံပညာရပ်ဆိုင်ရာ နည်းပညာသစ် တွေကိုတော့ သူ့အနေနဲ့ လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားလို့တော့ မရနိုင်ပါဘူး။ ကဲ…ဆက်မော် …ခင်ဗျား အခု ကျွန်တော့်ကို ဘာပြောချင်တာလဲ။ ခင်ဗျား ပွင့်ပွင့်လင်း လင်းပဲပြောပါ"





"အခု …လူသစ်ကို ခန္ဓာကိုယ် အစိတ်အပိုင်း သစ်တွေနဲ့ လဲလှယ်အစားထိုး ခွဲစိတ်ကုသပေးပြီးသွားပြီ။ ကျွန်တော့်ဟာ ဒေါက်တာမင်းဝေနဲ့အတူ ဒီကျွန်းပေါ်ကို လွှန်ခဲ့တဲ့ လေးနှစ်နည်း ငယ်လောက်ကတည်းက ရောက်ခဲ့သူပါ။ သူတို့နှစ်ယောက်လုံးက အစားထိုးခွဲစိတ်ကုသမှုနဲ့ပတ် သက်ပြီး ကျွန်တော့်ကို ဘာတစ်ခုမှ ကြိုတင်တိုင်ပင်ဆွေး နွေးတာမျိုး တစ်ခါမှ မလုပ်ခဲ့ကြဘူး။ သူတို့ နှစ်ယောက် တည်း ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြတယ်၊ ကျွန်တော့် အနေနဲ့ သိသင့် သိထိုက်တဲ့ အချက်တစ်ခု တလေကိုမှ ထုတ် မပြော ခဲ့ကြဘူး။ ဒီအချက်က တရားနည်းလမ်းမျှတတဲ့အချက်ဟုတ်၊ မဟုတ် ခင်ဗျားကိုယ်တိုင်ပဲ စဉ်းစားကြည့်ပါ"

"ဒီလိုကိစ္စမျိုးကျတော့ ကျွန်တော်လည်း မဆုံးဖြတ် တတ်ဘူး"

"ဒီကျွန်းပေါ်မှာလုပ်ခဲ့တဲ့ အစားထိုးခွဲစိတ်ကုသမှု ဟာ အင်မတန်ကြီးကျယ်တဲ့ခွဲစိတ်ကုသမှုကြီးတစ်ခုပါ။ ဒီမှာကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံ၊ ဗဟုသုတတွေကို ခွဲစိတ်ကုသ မှု နည်းပညာရပ် သစ်တစ်ခုအနေနဲ့ တစ်ခြားလူတွေပါ အသိ ပေးသင့်တယ်။ တစ်ခြား ဒေသက ပုဂ္ဂိုလ်တွေအနေနဲ့လည်းသိသင့်၊ သိထိုက်တယ် ဆိုပါတော့"

"ကျွန်တော် …နားလည်ပြီ"

စဝ်ရန်နိုင်၏ဦးခေါင်းထဲ၌ အချက်ပြမီးပွင့်အနီ ကလေးတစ်ခု လင်းလက်သွားသည်။

"ဒါကြောင့် ခင်ဗျားက ကျွန်တော့်ဆီက မှတ်တမ်း တင်ထားတဲ့ ဖေက်ပီတစ်စုံဝယ်ချင်တာပေါ့ ..ဟုတ်လား"

"မှန်ပါတယ် …စဝ်"

"ကောင်းပြီ ဆက်မော်။ ခင်ဗျား မှန်တဲ့အတိုင်း ပြောစမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဒီလိုလုပ်ဖို့ခင်ဗျားကို ဘယ်သူက ငွေပေးပြီး ခိုင်းလိုက်တာလဲ"

ဆက်မော်မျက်နှာမသိမသာ ပျက်သွားသည်။

သို့သော် ဆက်မော်က အကြောက်အကန် လေသံဖြင့် -

"ကျွန်တော့်ကိုတစ်ယောက်ယောက်က ငွေပေးပြီးခိုင်းလိုက်တယ်ဟုတ်လား"

"ဒီမှာ ...ဆက်မော်။ ခင်ဗျားကို ငွေပေးပြီး ခိုင်းတဲ့လူ သေချာပေါက် ရှိနေရမယ်။ ကျွန်တော့်အထင်ပြော ရရင်တော့ ဝက်ဝံနီတွေပဲ ဖြစ်လိမ့်မယ်။ အေးဖွဲ့လွှန် ခွဲစိတ် မှုနည်းပညာရပ်မှာ သူတို့က ကမ္ဘာမှာ ထိပ်တန်းအဆင့်မှာ ရှိနေတယ်မဟုတ်လား။ ဘယ်လိုနည်းပညာရပ်တွေနဲ့ ပေါင်း စပ်ပြီး လုပ်ကိုင် ဆောင်ရွက်တယ်ဆိုတာ သူတို့သိသွားတာ နဲ့ တစ်ပြိုင်နက် အေးဖွဲ့လွှန် အစားထိုး ခွဲစိတ်ကုသမှုနည်းပညာရပ်မှာ အောင်အောင်မြင်မြင်နဲ့ ချက်ခြင်း လိုက်လုပ် နိုင်ကြမှာသေချာတယ်"

"ဒီမှာ ...စဝ်ရန်နိုင်။ ကျွန်တော်တို့ အခုပြောနေ တဲ့ကိစ္စဟာ နိုင်ငံတော်ရဲ့ ထိပ်တန်းလျှို့ဝှက်ချက်တွေကို ခိုးပြီး ရောင်းဖို့ကိစ္စမဟုတ်ဘူး။ ဒုစရိုက်လုပ်ငန်းကြီးတွေ လုပ်ကိုင် ဆောင်ရွက်ဖို့လည်း မဟုတ်ဘူး။ လူသားတွေအသက် ဆက်လက်ရှင်သန်နိုင်ရေးအတွက် ပတ်သတ်တဲ့ဆေးသိပ္ပံပညာရပ်သက်သက်ပါ။ ခင်ဗျားတို့လိုပဲဝက်ဝံနီတွေလည်းဒီနည်းပညာရဲ့အကျိုးကို ခံစားသင့်ကြပါတယ်"

"ခင်ဗျားပြောတဲ့အချက်ဟာ လက်ခံနိုင်စရာ အချက်ပါပဲ။ ဒါပေမယ့် ဝက်ဝံနီတွေဆီကနေ ငွေကြေး ထောက်ပံ့မှု တိတ်တဆိတ်ယူထားပြီး ပစ္စတိုသေနတ်တစ် လက်ဆောင်ထားတဲ့ခင်ဗျားလို လူစားမျိုးကို ကျွန်တော့်အနေနဲ့ ဘယ်လို ဆုံးဖြတ်ပေးရမလဲ"

ဆက်မော်က မျက်မှောင်ကြုတ်လျက် -





"ကျွန်တော့်ရဲ့ပစ္စတိုကို ခင်ဗျားဘယ်တော့ကျမှ ပြန်ပေးမှာလဲ"

"အခုအချိန်မှာတော့ ပြန်မပေးနိုင်သေးဘူး"

"ဒါဖြင့် ဘယ်နေရာမှာ ထားသလဲ"

"ကျွန်တော်အခန်းထဲမှာ သော့ခတ်ပြီး သိမ်းထားတယ်"

"ခင်ဗျားအခန်းထဲကနေ တစ်ယောက်ယောက်ဝင် ပြီး ယူသွားခဲ့ရင်ကော"

စဝ်ရန်နိုင်က ခေါင်းခါရမ်းပြလိုက်သည်။

"လူသတ်သမားဟာ ခင်ဗျားရဲ့သေနတ်ကို မလိုအပ်ပါဘူး။ အခုအချိန်ထိ လူသတ်သမားက သေနတ်ကို မသုံးသေးဘူးဆိုတာ ခင်ဗျားလည်း သိမှာပါ"

ဒေါက်တာစံသာမြတ်၏ အဆောက်အအုံကြီးကို ရှေ့ဘက်၌ ကောင်းစွာမြင်တွေ့လိုက်ရသည်။

ထိုအချိန်မှာပင် -

ဗသုန်နှင့် နွယ်နီချိုတို့နှစ်ဦး အနီးသို့ရောက်လာကြသည်။

ဗသုန်က -

"ခင်ဗျားတို့ဘက်က ဘာတွေ့ခဲ့သေးလဲ"

"ဘာမှမတွေ့ခဲ့ဘူး။ မင်းတို့ဘက်ကကော"

နွယ်နီချိုက ခေါင်းခါလိုက်ပြီး -

"ရှင်တို့လိုပဲ။ ဘာ အရိပ်အရောင်မှကို မတွေ့ခဲ့ရဘူး"

အဆောက်အအုံ အတွင်းပိုင်းသို့ သူတို့လေးဦးဝင် ရောက်သွားကြသည်။

ဆက်သွယ်ရေးကိရိယာများ၊ ဝါယာကြိုးများဖြင့် အလှဆင်ရှုပ်နေသော ဒေါက်တာစံသာမြတ်ကို တွေ့လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင့်က ဒေါက်တာစံသာမြတ်အနီး ချဉ်းကပ် သွားပြီး မေးသည်။

"ပြန်ပြင်လို့ရနိုင်ပါ့မလား"

ဒေါက်တာစံသာမြတ်က စိတ်ပျက် လက်ပျက်အမူအရာဖြင့် ခေါင်းခါပြလိုက်သည်။

"ဇဟိုကုန်းမြေကနေ လိုအပ်တဲ့ ပြင်ဆင်ရေးပစ္စည်း တွေ မရပဲနဲ့ပြင်လို့ လုံးဝမရနိုင်တော့ဘူး။ ဒီစက်ကရိယာ တွေကို ဖျက်ဆီးသွားတဲ့လူဟာ ဒီပစ္စည်းတွေရဲ့ အသုံးဝင်ပုံ ကို ကောင်းကောင်း သိထားတဲ့လူတစ်ယောက်ပဲ။ အပြင်ဘက်မှာ လေငြိမ်သွားပြီလား"

စဝ်ရန်နိုင်က -

"မငြိမ်လှသေးဘူး...ဒေါက်တာ"

"အင်း...ညနေပိုင်းလောက်မှပဲ လေငြိမ်မယ် ထင်တယ်။ ဖာထေးပြုပြင်ထားတဲ့ မော်တော်ဘုတ်တစ်စီးနဲ့ မှောင်မည်းနေတဲ့ ပင်လယ်ပြင်ကိုဖြတ်မကူးရဲဘူး"

စဝ်ရန်နိုင်က -

"ကျွန်တော်တို့မှာ စောင့်နိုင်ဖို့ အခြေအနေနဲ့ အချိန် ရမယ်ဆိုရင်တော့ မနက်ဖြန်အထိ စောင့်လိုက်ကြတာပေါ့"

နွယ်နီချိုက စဝ်ရန်နိုင်အား မသိမသာကြည့်၍ပြုံးပြသည်။

သူမက စဝ်ရန်နိုင်အား မသိမသာကြည့်၍ပြုံးပြသည်။

သူမက စဝ်ရန်နိုင်အနီးတိုးကပ်လာပြီး -

"နောက်တစ်ခါတွေ့ကြရင် ကျွန်မဆီမှာပဲ တွေ့ကြမယ်။ ရှင် ဘယ်မှမသွားနိုင်အောင် ကျွန်မရှင့်ကိုစီစဉ်ထားပေးလိုက်မယ်..."

စဝ်ရန်နိုင် ပခုံးတစ်ချက်တွန့်ပြလိုက်သည်။

နွယ်နီချိုကို နှုတ်ဆက်၍ ဧည့်ခန်းဆောင်အတွင်းသို့





စဝ်ရန်နိုင် လှမ်းဝင်သွားသည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ညှော်ခန်းအတွင်း၌ မည်သူတစ်ဦးတစ်ယောက်မှု ရှိမနေကြပေ။

စဝ်ရန်နိုင် အံ့ဩသွားမိသည်။

ခေတ္တမျှအကြာ၌ -

ဒေါက်တာစံသာမြတ် အခန်းထဲသို့ဝင်လာသည်။

"ခင်ဗျားကိုကြည့်ရတာ စိတ်ရှုပ်နေသလိုပဲ စဝ်"

"ညှော်ခန်းထဲကလူတွေ ဘယ်ရောက်ကုန်ပြီလဲလို့ ကျွန်တော်စဉ်းစားနေတာ။ ကျွန်တော်က ဆက်မော်နဲ့အတူရှိနေဖို့စီစဉ်ထားတာ။ အခု ဆက်မော် ဘယ်ရောက်သွားပြန်ပြီလဲ မသိဘူး"

"စောစောကတော့ ထက်ခေါင်နဲ့အတူ စကားပြော နေတာ တွေ့လိုက်မိတယ်။ ကဲ ...ခင်ဗျားရဲ့ပူးတွဲ ထောက်လှမ်းတဲ့ အစီအစဉ် မအောင်မြင်ဘူး မဟုတ်လား"

"ဟုတ်ပါတယ် ...ဒေါက်တာ။ ကျွန်တော် နားလည်ပါပြီ"





ဒေါက်တာစံသာမြတ်က ပြုံးလိုက်ပြီး -

"ကဲ ...စဝ်။ ကျွန်တော်တို့ တစ်ခု.ခုသောက်လိုက် ကြရအောင်။ ဒေါ်သဇင်ကိုပဲ လှမ်းမှာလိုက်မယ်"

"ကောင်းတဲ့အစီအစဉ်ပါပဲ ...ဒေါက်တာ"

ဒေါက်တာစံသာမြတ်က သူ၏ဘေးဘက်နံရံရှိ အချက်ပေးခလုတ်တစ်ခုကို အသာအယာ ဖိနှိပ်လိုက်သည်။

အချိန် တစ်မိနစ်ကျော်ကြာသွားသည်။

အခန်းတွင်းသို့ ဒေါ်သဇင် ဝင်ရောက်လာခြင်းမရှိပေ။

ဒေါက်တာစံသာမြတ် မျက်မှောင်တွန့်လိုက်သည်။

အချက်ပေးခလုတ်ကို ထပ်မံ၍ဖိနှိပ်သည်။

သို့သော် -

မည်သို့မျှ ထူးခြား၍မလာခဲ့ပေ။

စဝ်ရန်နိုင်က -

"ကျွန်တော် ဒေါ်သဇင်ကို သွားပြီးရှာလိုက်ပါ့မယ်။ တကယ်လို့ ဒေါ်သဇင်ကို မတွေ့ရင်လည်း လိုတဲ့ပစ္စည်းတွေ ကျွန်တော်ကိုယ်တိုင်ပဲ ယူလာခဲ့ပါ့မယ် ..."

"အားနာစရာဖြစ်နေပြီ ...စဝ်ရန်နိုင်"

စဝ်ရန်နိုင် လက်ကာပြ၍ အခန်းထဲမှ ခပ်သွက်သွက် ထွက်သွားသည်။

စဝ်ရန်နိုင်သည် မီးဖိုခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

အခန်းနံရံအပေါ်ဘက်၌ အချက်ပေးခလုတ်မှ အနီရောင်မီးပွင့်ကလေး တလက်လက်တောက်ပလျက် အချက်ပြ၍နေသည်။

ထိုအချက်ပေးမှုနှင့် ပတ်သက်၍ ပြန်လည်တုန့်ပြန်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အလျဉ်းမရှိပေ။

မီးဖိုခန်းထဲသို့ဝင်လိုက်သည်နှင့်ပင် -

ဒေါ်သဖင်သည် မီးဖိုခန်း၏ ကြမ်းပြင်ပေါ်၌ မှောက် လျ
သားလဲကျငြိမ်သက်၍နေသည်။

သူမ၏ နောက်ကျောပြင်၌ အသွားရှည်ဓားတစ် ချော
စိုက်ဝင်နေသည်။

စစ်ရန်နိုင်သည် အခြေအနေကို သေချာစွာ စိုက်၍ ကြ
လိုက်သည်။

မီးဖိုခန်းထဲမှ စစ်ရန်နိုင် လျင်မြန်စွာပြေးထွက်သည်။

လူသတ်သမားသည်လွန်ခဲ့သော မိနစ်အနည်းငယ်အတွ
ကပင်မီးဖိုဆောင်အခန်းထဲမှ ထွက်သွားခြင်းပင်ဖြစ်ပေမည်။

လူသတ်သမားသည် အနီးအနားတွင်ပင်ရှိနေပေဦးမည်။

ဧည့်ခန်းအတွင်း၌ ရှိနေသည့် ဒေါက်တာစံသာမြတ်
ပြေးလွှားနေသော စစ်ရန်နိုင်ကိုမြင်၍လှမ်းမေးသည်။

"ဟေ့...စစ်။ ဘာဖြစ်လာတာလဲ"

ဒေါက်တာစံသာမြတ်အားပြန်ဖြေရန် အချိန်မရှိပေ။

မြေအောက်ခွဲစိတ်ခန်းအတွင်းသို့စစ်ရန်နိုင် ပြေးဆင်းသွ
သည်။

ခွဲစိတ်ခန်းမကြီးအတွင်းသို့ဝင်လိုက်မိလျှင် -

ခွဲစိတ် စားပွဲကြီးပေါ်၌ "လူသစ်"မှလွဲ၍ မည်သူ တ
ယောက်မျှရှိမနေကြောင်းတွေ့ရသည်။

မျက်နှာကြက်ရှိ မီးချောင်းမှ ဖြာဖွေးသော အလင်း ရော
ထွန်းလင်း၍နေ၏။

ခွဲစိတ်စားပွဲပေါ်ရှိနေသော "လူသစ်"ထံသို့ စစ်ရန်နိုင်





က်လုံးများရောက်သွားသည်။

"လူသစ်"သည်ငြိမ်သက်စွာ လဲလျောင်း၍နေ၏။

သို့သော်...

စစ်ရန်နိုင်၏မျက်လုံးအစုံပြူးကျယ်၍သွားမိသည်။

"လူသစ်"၏ ခန္ဓာကိုယ်၌ ခိုင်မြဲစွာချည်နှောင်ထား သည့်
ပတ်ကြိုးမှာ ပြုတ်ထွက်၍ ကြမ်းပြင်ပေါ်သို့ ကျနေ သည်ကို
တွေ့မြင်လိုက်ရသောကြောင့်ပင်ဖြစ်သည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ထက်ခေါင်က လေးလံသောလေသံဖြင့် ပြောလိုက် သည်

"အင်း ...စတုတ္ထမြောက်တစ်ယောက်တော့ သွားရှာပြန်

ဆတ်သွားဖူးကျွန်းပေါ်၌ တဖွေ့တစ်ကောင် တိုး၍ လာ

ပေပြီ။

ဆက်မော်က ဒေါသတကြီးဖြင့် လက်ညှိုးထိုး၍ ပြောသည်

"ကဲ ...အခု ဘယ်လိုဆက်လုပ်ကြမှာလဲ။ ဒီကျွန်းပေါ်မှာရှိ တဲ့ လူတွေကို လူသတ်သမားက တစ်ယောက်ပြီးတစ်ယောက် သ ပစ်ဖို့ ကြံစည်နေတယ်ဆိုတဲ့ စကား ကို ခင်ဗျားက လက်မခံခဲ့ ဒေါက်တာစံသာမြတ်။ အခု ခင်ဗျား ဘာပြောချင်သေးလဲ"

ဒေါက်တာစံ သာမြတ်သည် ဒေါ်သဇင်၏အလောင်း မြင်တွေ့လိုက်ရသည်နှင့် ယိမ်းယိုင်လဲကျလုမတတ်ဖြစ် သွားရသည် အနီးရှိ ဗသုန်က ဖေးမ၍ ပျက် အပေါ်ထပ်ရှိ သူ၏ အိပ်ခန်းထဲအ





လိုက်၍ပို့ပေးလိုက်ရသည်။

ဗသုန် ပြန်လာသောအခါ၌ -

"ထမင်းချက် ဒေါ်သဇင် အသတ်ခံလိုက်ရတဲ့အတွက် ဒေါက်တာ စံသာမြတ် အတော်ကြီး စိတ်ထိခိုက်သွားပုံရတယ်"

ဆက်မော်က -

"ဒေါက်တာ စံသာမြတ်က ဒေါ်သဇင်အပေါ်မှာ သာမန်ထက် ပြီး သံယောဇဉ်ကြီးပုံရတယ်လို့ ခင်ဗျားက ဆိုလိုချင်တာလား"

နွယ်နီချိုက လေသံ ခပ်ဆတ်ဆတ်ဖြင့် ကန့်ကွက် လိုက် သည်။

"ရှင်တို့ ထင်တာတွေပြောဖို့ မသင့်တော်တဲ့ ကိစ္စမျိုးပါ"

စဝ်ရန်နိုင်က -

"ထမင်းချက်ဒေါ်သဇင် အသတ်ခံလိုက်ရတာဟာ၊ ကျွန်တော် တို့အားလုံးအတွက် အခြေအနေပိုပြီး ဆိုးရွားလာ ပြီဆိုတာ သတိပေး လိုက်တာနဲ့ အတူတူပဲ။ အလေးအနက် ထားရမယ့် အနေအခြေကို ရောက်နေပြီဆိုတာ ခင်ဗျားတို့ နားလည်ကြမှာပါ။ ပထမသုံးယောက် အသတ်ခံရတုန်းက တော့ တစ်ယောက်.ယောက်က စိတ်ရှုးပေါက်ပြီး၊ ရူးရှူး သွေးတာန်းနဲ့ လုပ်ချင်ရာလုပ်တာလို့ ယူဆချင် ယူဆနိုင် တယ်"

"စတုတ္ထမြောက် အသတ်ခံရတဲ့ အမျိုးသမီးကြီးဟာ စကား မပြောနိုင် နားလည်း မကြားနိုင်တဲ့ သက်လတ် ပိုင်းအရွယ် ဖြစ်နေ သယ်။ သူ့ကို သတ်သွားတာကတော့ လုံးဝ အဓိပ္ပါယ်မရှိဘူး။ ဒီအမျိုး သမီးကြီးကို ဘယ်သူက ဘာဖြစ် လို့ သတ်ချင်ရတာလဲ။ ဒေါ်သဇင်ကို သတ်လိုက်လို့ ဘာတွေများ ထူးခြားလာစရာရှိလို့လဲ။ ဒီတော့ လူသတ် သမားဟာ ကျွန်တော်တို့အားလုံးကိုပါ တစ်ယောက်မကျန် သတ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်ရှိတယ်ဆိုတာ ပိုပြီးထင်ရှားလာပြီ"

ဗသုန်က မျက်မှောင်ကြုတ်၍ -

"ဒါဆို..."လူသစ်"များဖြစ်နေမလား"

"ခွဲစိတ်စားပွဲနဲ့ သူ့ခန္ဓာကိုယ်ကိုပတ်ထားတဲ့ ခါးပတ်ပြားကြီး ကျွတ်ထွက်ပြေလျော့နေတာတော့ အမှန်ပဲ။ ဒါပေမယ့် ခွဲစိတ်စားပွဲ ပေါ်ကနေ သူထ,လာနိုင်ပြီဆိုတဲ့ သက်သေ အထောက်အထား ဘာမှ မတွေ့ရသေးဘူး"

"ခါးပတ်ကြိုးကို သူ့ဘာသာ ပြန်ပြီး ဖြေနိုင်တဲ့ အခြေအနေ မျိုးကို ရောက်သွားပြီလား"

နွယ်နီချို၏စဉ်းစားစရာ အမေးဖြစ်သည်။

"အမှန်အတိုင်း ပြောရရင်တော့ မဖြစ်နိုင်ဘူးလို့ပဲ ပြောရ လိမ့်မယ်။ ဒါပေမယ့် ဖြစ်နိုင်တဲ့ဘက်က တွက်မယ်ဆို ရင် လက်တစ် ဘက်က ခါးပတ်ပြားကြီးအောက်ကနေ လျှို သွင်းပြီးလွတ်အောင် လုပ်နိုင်တယ်.."

ဗသုန်က -

"ကဲ ...လူသစ် ခါးပတ်ပြားကြီးကိုဖြေပြီး စားပွဲ ပေါ်က ထ,လာနိုင်ပြီပဲဆိုပါတော့။ သူဟာ လူသတ်တရားခံ ဖြစ်တယ်ဆိုတဲ့ သက်သေအထောက်အထားတွေလဲ တွေ့ရပြီ ဆိုပါတော့။ သူဟာ ဘာအဓိပ္ပါယ်နဲ့ လူသတ်ခဲ့ရတာလဲ။ ကျွန်တော်တို့က သူ့ကိုပြန်ပြီး အသက်ရှင်သန်အောင် မွေး ဖွားပေးခဲ့တဲ့ လူတွေပဲ။ ကျွန်တော်တို့ အားလုံးက သူ့ရဲ့ကျေးဇူးရှင်တွေပဲ။ အဖြေကို အဓိပ္ပါယ်ရှိရှိ စဉ်းစား ကြည့်ကြပါ..."

ဗသုန်က ဆက်၍ သူ၏ယူဆချက်ကိုပြောသည်။





"ဒါဆိုရင် လူသစ်ဟာ အခုလိုအနေအထားမျိုးနဲ့ ပြန်လည် ရှင်သန်လာတဲ့အခြေအနေကို သဘောမကျလို့ပဲ ဖြစ်နိုင်တယ်။ သူ့ရဲ့ မူရင်းခန္ဓာကိုယ် အစိတ်အပိုင်းတွေနဲ့ ပြန်လည်ရှင်သန်လာရတာ မဟုတ်ပဲ၊ တစ်ခြားလူတွေရဲ့ အင်္ဂါအစိတ်အပိုင်းတွေနဲ့ ပြန်လည်ရှင် သန်လာတာကို သဘောမကျတာလဲ ဖြစ်နိုင်တယ်။ ဒေါက်တာစံသာ မြတ်ရဲ့မှတ်တမ်းတွေအရဆိုရင် လူသစ်ရဲ့အစားထိုးလဲလှယ်ထားတဲ့ ဦးနှောက်ဟာ လူသတ်ခဲ့ဖူးတဲ့ လူတစ်ယောက်ရဲ့ဦးနှောက်ဖြစ်နေ တယ်ဆိုတာ ခင်ဗျားတို့အားလုံး သိထားကြပြီးသားပါ။ သူ ပြန်လည် သတိရရှင်သန်လာတဲ့အချိန် မှာ သူဟာ ဒေသသစ်၊ နေရာသစ်တစ်ခု ကိုရောက်နေတာ တွေ့လိုက်ရတော့၊ လူသတ်ခဲ့ဖူးတဲ့ သူ့ရဲ့ဦးနှောက်က ထင်မိ ထင်ရာတွေကို တွေးပြီး လူသတ်မှုတွေကို တစ်ခုပြီး တစ်ခု ကျူးလွန်ခဲ့တာပဲဖြစ်ရမယ်။ အခုပြောတာက ကျွန်တော့်ရဲ့ယူဆချက်ကို ပြောတာပါ။ အတိအကျတော့ မဟုတ်ပါဘူး"

ထက်ခေါင်က ဗသုန်၏စကားကို လက်မခံပေ။

"ဒီအိမ်ကြီးထဲမှာ ကျွန်တော်တို့ အားလုံးရှိနေကြ တာပဲ။ ကျွန်တော်တို့အထဲက ဘယ်သူမှ မမြင် မတွေ့ပဲနဲ့ သူ ဘယ်လိုလုပ်ပြီး လျှောက်သွားနေနိုင်မှာလဲ။ ခင်ဗျားရဲ့ယူဆချက်ကို ကျွန်တော့်အနေနဲ့ လုံးဝလက်မခံနိုင်ဘူး"

စစ်ရန်နိုင်က -

"ကောင်းပြီ။ ဒါဆိုရင် လူသတ်သမားက ကျွန်တော် တို့ရဲ့ "လူသစ်" မဖြစ်နိုင်ဘူးဆိုရင်တော့ လူသတ်သမားက ကျွန်တော်တို့ အထဲက တစ်ယောက်.ယောက်ပဲဖြစ်လိမ့်မယ်"

နွယ်နီချိုက -

"လူသစ်က ဒီကျွန်းပေါ်မှာ တပ်ဆင်ထားတဲ့ ဆက်သွယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ကစ်သာအေး အချက်ပေးကရိယာတွေကိုပါ ဖျက်ဆီးပစ်ခဲ့တာကော မဖြစ်နိုင်ဘူးလား"

စင်ရှန်နိုင်က ခေါင်းခါလိုက်ပြီး -

"မဖြစ်နိုင်ဘူး။ ဒီအချက်ကို ကျွန်တော်ကြိုပြီး စဉ်းစားထားပြီးသား ..."

ဗသုန်က စင်ရှန်နိုင်ကို စိုက်ကြည့်လိုက်ပြီး -

"ဒေါက်တာစံသာမြတ်ဟာ သူကိုယ်တိုင် လျှပ်စစ် အချက်ပေးကရိယာတွေ၊ ဆက်သွယ်ရေးစနစ်တွေနဲ့ ဝါယာကြိုးတွေကိုဖြတ်တောက် ... ဆီးပစ်ခဲ့တာပဲဖြစ်ရမယ်။ ဒီဆတ်သွားဖူးကျွန်းကို ဗဟိုကုန်းမြေနဲ့ ဆက်သွယ်လို့မရနိုင်အောင်ဖြတ်တောက်ထားချင်တာက ဒီကျွန်းပေါ်မှာ သူတစ်ယောက်တည်းပဲရှိတယ်လေ"

စင်ရှန်နိုင် ခေါင်းညိတ်သည်။

"ဒီအ...က်ကို ကျွန်တော်လဲ စဉ်းစားမိပါတယ်။ ဒါပေမယ့် လေှာ့အိမ်ထဲက သူ့ရဲ့မော်တော်ဘုတ်ကိုတော့ သူ ဖျက်ဆီးပစ်မှာ မဟုတ်ဘူး။ မော်တော်ဘုတ်အဖျက်ခံရတာ သူ့လက်ချက် မဖြစ်နိုင်ဘူး"

"အရင် သေခဲ့ရတဲ့ လူတွေတုန်းကတော့ ဒေါက်တာစံသာမြတ်ဟာ သူနဲ့ဘာမှ မပတ်သက်သလိုပဲ သွေးအေး အေးနဲ့ ကြည့်နေခဲ့တယ်။ အခု ...ဒေါ်သဇင်ရဲက အလောင်းကိုတွေ့တော့မှ သူ့ပုံစံက လုံးဝပြောင်းလဲသွား တယ်။ သတိမေ့လုမတတ် ဖြစ်သွားခဲ့တာ"

နွယ်နီချိုက မျက်မှောင်တွန့်လိုက်ပြီး -

"ဒေါ်သဇင် အသတ်ခံလိုက်ရတာ၊ သူ့ရဲ့လုပ်ငန်း စီမံကိန်းနဲ့ တစ်ခြားစီ ...နဲ့ကျင်ဘက်ဖြစ်သွားသလားမှ မသိတာ ..."





အပြင်ဘက်၌ လေပြင်းက တဟူးဟူးဖြင့် တိုက်ခတ်၍နေသည်။

မြင်နိုင်စွမ်းမရှိသည့် အန္တရာယ်သည် ဆတ်သွားဖူး ကျွန်းပေါ်၌ လွှမ်းခြုံလျက်ရှိနေပေပြီ။

× × ×

ညှိခန်းဆောင်အတွင်း၌ ကျန်အဖွဲ့သားသုံးဦးရှိ နေကြသည်။

မရဏာရှင်သေမင်း၏ အရိပ်အငွေ့များ အေးစိမ့်စွာ ဖုံးလွှမ်းလျက်ရှိနေသည်ကို ခံစားနေကြရသည်။

ဒေါက်တာစံသာမြတ်က သူ၏အစီအစဉ်ကိုရှင်းပြသည်။

"အခု ...ကျွန်တော်တို့ မဲနှိုက်ကြမယ်။ ဒီအထဲမှာ နွယ်နီချို မပါဘူး။ မဲကျတဲ့လူကတော့ မော်တော်ဘုတ်နဲ့ ပင်လယ်ပြင်ကိုဖြတ်ပြီး ဗဟိုကုန်းမြေဆီသွားသတင်းပို့ပေးရမယ်"

ဒေါက်တာထက်ခေါင်က စ၍ပြောသည်။

"ကျွန်တော်ကတော့ မဲပေါက်လည်း မသွားနိုင်ဘူး။ ကျွန်တော်က ရေလုံးဝမကူးတတ်ဘူး။ ပင်လယ်ပြင်မှာက လှိုင်းအတော်ထန်နေတယ်။ တစ်ခြားလူ တစ်ယောက်. ယောက်သာ သွားကြပါ..."

ဒေါက်တာစံသာမြတ် စိတ်ပျက် လက်ပျက်ဖြင့် သက်ပြင်းဘစ်ချက်ချလိုက်သည်။

"ကောင်းပြီလေ။ ခင်ဗျား ဆန္ဒအတိုင်းပါပဲ။ ကဲ ကျန်တဲ့လူတွေပဲ မဲနှိုက်ကြတာပေါ့..."

ရတ်တရက်ဆက်မော်ကဝင်ပြောသည်။

"မဲနှိုက်စရာ မလိုပါဘူး။ ဒီခရီးကို ကျွန်တော်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပဲသွားပါ့မယ်"

ဒေါက်တာစံသာမြတ်က အံ့ဩသော အမူအရာဖြင့်

"ခင်ဗျားက မဲမန့်ကပ်ပဲနဲ့ သွားမယ်...ဟုတ်လား"

ဆက်မော်က စဝ်ရန်နိုင်ဘက်သို့ လှည့်လိုက်ပြီး -

"ကျွန်တော်ပဲ သွားပေးပါ့မယ် ...စဝ်ရန်နိုင် ကျွန်တော့်ရဲ့ ပစ္စတိုကို ပြန်ပေးနိုင်မလား"

"ကောင်းပြီလေ။ ကျွန်တော် ပြန်ပေးပါ့မယ် ... ဘာဖြစ်လို့ ပြန်ပေးရသလဲဆိုတော့ ပင်လယ်ပြင်မှာ ငါးမန်း ရန်ကိုကာကွယ်ဖို့ လက်နက်တစ်ခုခု ပါဖို့လိုတယ်"

ဒေါက်တာစံသာမြတ်က...

"ခင်ဗျားအတွက် ငါးမန်းနှင်တုတ်တံတစ်ချောင်း ပေးလိုက်ပါ့မယ်။ ဘယ်လို သုံးရမယ်ဆိုတာကတော့ ခင်ဗျား သိပြီးသားပါ"

ဒေါက်တာစံသာမြတ် နံရံကပ်သတ္တုဗီရိုတစ်လုံးကို ဆွဲဖွင့်၍ အတွင်းမှ ပစ္စည်းတစ်ခုကို ထုတ်ယူသည်။

သံမဏိရောင်တောက်ပ၍ ရှည်လျားသေးသွယ် သော ငါးမျှားတံသဏ္ဍာန် ပစ္စည်းတစ်ခုဖြစ်သည်။

"အထဲမှာ ဘက်ထရီခြောက်တွေ ထည့်ထားတယ်။ တုတ်တံရဲ့အစွန်းမှာရှိတဲ့ ခလုတ်ကို နှိပ်လိုက်ရုံပဲ။ ဒီပြောင်း တံရဲ့တစ်ဘက်ကို ငါးမန်းလာတဲ့ဘက်ကို ချိန်ထားရုံပဲ။ လျှပ်စစ်ဓာတ်ဖြာထွက်လာတာနဲ့ ငါးမန်းလည်း တစ်ခါတည်း လန့်ပြီး ပြေးသွားလိမ့်မယ်။ ငါးမန်းကို သေစေနိုင်လောက် တဲ့အထိတော့ မပြင်းထန်ဘူး။ အနားကပ်မလာ ဝံ့အောင် ချောက်လှန့်တဲ့အခါမှာတော့ အသုံးဝင်တဲ့ လက်နက်မျိုးပါ"

"ဒါဆို ...ပိုကောင်းတာပေါ့"

ဆက်မော်က ကျေနပ်အားရစွာဖြင့် ငါးမန်းနှင်တုတ် တံကို





ယူလိုက်သည်။

စဝ်ရန်နိုင် အပေါ်ထပ်သို့ တက်လာခဲ့သည်။

ဒေါက်တာဆက်မော်သည် အများနှင့်မတူညီသော စိတ်ဓာတ်မျိုးရှိသူဖြစ်သည်။ ပင်လယ်ပြင်ခရီးသို့ သွားရန် သူက မဲမန့်ကပ်ပဲ လက်ခံရလေသနည်း။

ဟူးတားခရပ်(ဗ်)ရေယာဉ်ကို ကျွန်းကမ်းခြေသို့ ကပ်မလာ နိုင်အောင် ပြုလုပ်သူမှာ "ဆက်မော်" ပင်ဖြစ်ရ မည်ဟု စဝ်ရန်နိုင် တွက်ဆထားသည်။ ယခု ဆက်မော်က ပင်လယ်ခရီးကို မော်တော်ဘုတ်ဖြင့် သူသွားမည်ဟု လွယ် လင့်တကူ တောင်းဆိုလာသည့်အတွက် ဆက်မော်အပေါ်၌ ပို၍ပင် သံသယစိတ် ဖြစ်ပေါ်လာမိရတော့သည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၁၇)

အောက်ထပ်သို့စစ်ရန်နိုင်ပြန်ရောက်လာသည်။

ဒေါက်တာစံသာမြတ်က ဖင်လယ်ပြင်ရေကြောင်းပြ မြေပုံတစ်ခုထုတ်၍ဆက်မော်အားရှင်းပြပြောဆိုနေသည်ကိုတွေ့လိုက်ရသည်။

ဆက်မော်က ခေါင်းတဆတ်ဆတ်ညိတ်၍နေပြီး -

"ဒါလောက်ဆို ပြည့်စုံပါပြီ။ ကျွန်တော် ရေကူးဝတ်စုံ အပေါ်ထပ်တက်ပြီး လဲလိုက်ဦးမယ်"

စစ်ရန်နိုင်က ဆက်မော်ထံသို့လျှောက်သွားသည်။

"ရော့ ...ခင်ဗျားရဲ့ပစ္စတို"

စစ်ရန်နိုင်က ဆက်မော်၏လက်ထဲသို့ ပစ္စတိုသေနတ် ကို





မထည့်ချင်၊ ထည့်ချင် ထည့်ပေးလိုက်သည်။

ဆက်မော်က ကျေနပ်စွာ ရယ်မော၍ အပေါ်ထပ်သို့ ခပ်သွက်သွက်တက်သွားသည်။

နွယ်နီချိုက မျိုသိပ်မထားနိုင်ပဲ လေသံနိမ့်၍ ဖွင့် မေးလေသည်။

"ကိုဆက်မော်က မဲနှိုက်ပြီး လူရွေးမယ်ဆိုတာကို စောင့်မစောင့်နိုင်ဘူး။ သူကိုယ်တိုင်သွားမယ်ဆိုပြီးဘာဖြစ်လို့အရေးတကြီးဖြစ်နေရတာလဲ။ သူ့မှာတစ်ခြားဘာအကြောင်းများရှိနေသေးလို့လဲ"

ဇသုန်က -

"သူ့မှာအရေးကြီးတဲ့အကြောင်းတစ်ခုခုရှိပုံရတယ်"

ဒေါက်တာစံသာမြတ်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"သူ့မှာရှိတဲ့ အကြောင်းကတော့ ကျုပ်တို့ သိနေ သလိုပဲ။ သူဟာ လူသတ်သမားတစ်ယောက်ဆိုတာ ဖော်ထုတ်ပြတော့မယ်လို့ ထင်တယ်။ ကဲ ..စစ်ရန်နိုင် ..ကျုပ်နဲ့ ခဏလောက်လိုက်ခဲ့ပါ။ ခင်ဗျားနဲ့ အရေးကြီးတဲ့စကားတွေ ပြောစရာရှိနေလို့"

ဒေါက်တာစံသာမြတ်က သီးသန့်ရုံးခန်းငယ် တစ်ခုအတွင်းသို့ စစ်ရန်နိုင်ကို ခေါ်ဆောင်သွားသည်။ ထိုရုံးခန်း သည် ဒေါက်တာစံသာမြတ်၏ အထူးသီးသန့်ရုံးခန်းဖြစ် သည်။ အပြင်လူများကို လုံးဝဝင်ခွင့်ပြုခြင်းမရှိကြောင်း စစ်ရန်နိုင် သတိထားမိသည်။

ဒေါက်တာစံသာမြတ်က အခန်းထောင့်တစ်နေရာရှိ သံမဏိဗီရိုကြီးကို လက်ညှိုးထိုးပြလိုက်ပြီး -

"စစ် ...ဒီသံမဏိဗီရိုကြီးကိုသာ ကြည့်ပေပေ့ါ။ ကျုပ်ရဲ့ အရေးကြီးတဲ့ လျှို့ဝှက်မှတ်တမ်းတွေ၊ ဖိုင်တွဲတွေ ထည့်သိမ်းထားတဲ့


www.burmeseclassic.com

www.burmeseclassic.com



ဗီရိုကြီးပါ။ ဗီရိုကြီးရဲ့သော့ခလောက်ကိုသေနတ်နဲ့ပစ်ပြီး ဖွင့်ထားတာ ခင်ဗျားတွေ့ရပြီ...မဟုတ်လား"

"အဲဒီတော့..."

"အင်း ...မနေ့ညကကိစ္စ ပြန်ဆက်ကြရလိမ့်မယ်။ အိမ်ပြင်ဘက်မှာ မည်းမည်းသဏ္ဍာဝါကြီး တစ်ကောင်ကို တွေ့ရတယ်ဆိုပြီး ဆက်မော်က ပထမဦးဆုံးအချက်မှာ ဗီရိုသော့ကို ပစ်ပြီး ဖွင့်လိုက်တယ်။ ပြီးတော့ တံခါးမကြီး ဆီ ပြေးသွားပြီး အပြင်ဘက်ကို နစ်ချက်ထပ်ပစ်လိုက်တယ်။ နောက်ပိုင်းအဖွဲ့သားတွေအားလုံး ကိုယ့်အိပ်ရာကိုယ်ပြန် ဝင်သွားကြတဲ့အခါမှာ ဒီရုံးခန်းထဲ သူကပြန်ဝင်တယ်။ ဗီရိုထဲက လျှို့ဝှက်မှတ်တမ်းတွေ၊ ဖိုင်တွဲတွေကို ခိုးထုတ်ယူသွားတယ်"

"သူ ယူသွားတဲ့အထဲမှာ ဘာစာရွက်တွေ ဖိုင်တွေပါ သွားသလဲ"

"ထိပ်တန်းအဆင့် သမားတော်ကြီးတွေနဲ့ ကျုပ် အဆက်အသွယ်လုပ်ထားတဲ့ စာတွေ။ ပြီတော့ သုတေသနပြု စမ်းသပ်မှု လုပ်ထားတာတွေနဲ့ ပတ်သက်ပြီးရေးထားတဲ့ နေ့စဉ် မှတ်တမ်းစာအုပ်တစ်အုပ်ပါသွားတယ်။ နောက် ထပ်ကတော့ ဖိုင်တွဲတွေပေါ့ဗျာ။ ဒီလူက ဆရာဝန်တစ် ယောက် ဆိုပေမယ့် သူလျှိုလုပ်ငန်းတစ်ခု အတွက်အလုပ် လုပ်နေတယ်လို့ကျုပ်ပြောရဲတယ်"

"ကောင်းပြီလေ ..ဒီကိစ္စကို ကျွန်တော်ပါဝင်ပြီး ဖြေရှင်းပေးပါ့မယ်။ ဒေါက်တာ့အနေနဲ့ ဘာဆက်လုပ်မယ် လို့စိတ်ကူးထားသလဲ"

"ကျုပ်ဆီက ခိုးယူသွားတဲ့ ဆေးသုတေသနမှတ် တမ်းစာအုပ်နဲ့ ဖိုင်တွေကို သူနဲ့အတူ တစ်ပါတည်းယူသွားမယ်လို့ထင်တယ်။ သူခိုးယူသွားတဲ့ကိစ္စကို အမှန်အတိုင်း ဖော်ထုတ်နိုင်ခဲ့ရင်တော့ ဒီမှာဖြစ်ခဲ့တဲ့ ကိစ္စတွေနဲ့ပတ်သက် ပြီး သူ ဝန်ခံချက်ပေးလာရမှာ





သေချာတယ်"

× × ×

နောက်ထပ် (၁၅) မိနစ်မျှအကြာ၌ -

ဆက်မော်အောက်ထပ်သို့ ခြေလှမ်းမှန်မှန်ဖြင့် ဆင်းသက်လာသည်။

ဆက်မော်သည် ခန္ဓာကိုယ်ပေါ်၌ ရေငုပ်ဝတ်စုံ ခေါင်းစွပ်ကို ဝတ်ဆင်ထားသည်။

သူ၏လက်မောင်းရင်း၌ သားရေခါးပတ်ဖြင့် ပစ္စတိုသေနတ်ကို ပတ်၍ ချည်နှောင်ထားသည်။ ဘယ်လက်၌ သားရေ လက်ဆွဲအိတ်တစ်လုံး ဆွဲထားပြီး ညာလက်၌ ငါးမန်း နှင်တုတ်တံကို ကိုင်ထားသည်။

ဒေါက်တာစံသာမြတ်က သားရေလက်ဆွဲအိတ်ကိုလက်ညှိုး ထိုးပြလိုက်ပြီး -

"ဒီအိတ်ထဲမှာ ဘာတွေပါသလဲ ..ကိုဆက်မော်"

ဆက်မော်က လေသံခပ်ပေါ့ပေါ့ဖြင့် -

"ဩော် ...ကျွန်တော့်ရဲ့ပိုက်ဆံအိတ်နဲ့ ကိုယ်ရေး ကိုယ်တာဖိုင်တွဲတွေပါ။ ကျွန်တော် အပြင်သွားတဲ့အချိန် မှာ ကျွန်တော့် ပစ္စည်းတွေကို ချန်မထားခဲ့ချင်ဘူး"

"ခင်ဗျားအိတ်ထဲက ပစ္စည်းတွေကို ကျွန်တော်တို့ကြည့်ကြရအောင်။ ခင်ဗျားကိုယ်တိုင်ပဲ ဖွင့်ပြပါလား"

ဆက်မော် မျက်နှာပျက်သွားသည်။

ထောင်ချောက်တစ်ခုထဲသို့ တိုးဝင်မိပြီဖြစ်ကြောင်း "ဆက်မော်" နားလည်လိုက်သည်။

သားရေလက်ဆွဲအိတ်ကို ကြမ်းပြင်ပေါ်သို့ ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်း၌ ချည်နှောင်ထားသော ပစ္စတိုကို လက်လှမ်းလိုက်သည်။

စဝ်ရန်နိုင်က အေးတိအေးစက်လေသံဖြင့် -

"ခင်ဗျားရဲ့ပစ္စတိုထဲက ကျည်ဆန်တွေကို ကျွန်တော် ထုတ်ယူထားပြီးသွားပြီ…ကိုဆက်မော်"

ဆက်မော်၏ မျက်နှာတင်းမာ ခက်ထန်သွားသည်။

ရှေ့သို့ ခုန်တိုး၍ လက်တွင်းမှ ပစ္စတိုပြောင်းဖြင့် စဝ်ရန်နိုင်၏ ဦးခေါင်းကို အားကုန်လွှဲ၍ ရိုက်ချလိုက်သည်။

စဝ်ရန်နိုင်က ခေါင်းငုံ့၍ အသာအယာပင် တိမ်း ရှောင်ပေးလိုက်သည်။

ဆက်မော်က ကိုယ်ကိုပြန်မတ်လိုက်၏။

လက်တွင်းရှိ ခုနစ်ပေခွဲအရှည်ရှိသော ငါးမန်းတံ ပြောင်းဝဖြင့် စဝ်ရန်နိုင်၏ ရင်ဝသို့ တေ့ထောက်လိုက်သည်။

ဆက်မော်က ခလုတ်ကို နှိပ်လိုက်သည်။

လျှပ်စစ်မီးပွင့်များနှင့်အတူ ပြင်းထန်သော လျှပ်စစ်ဓာတ်အား၏ တွန်းကန်ခြင်းကို ခံစားလိုက်ရသည်။

စဝ်ရန်နိုင်၏ ခန္ဓာကိုယ်တစ်ခုလုံး လျှပ်စစ်ဓာတ် လိုက်သကဲ့သို့ ဖြစ်သွားပြီး ထုံကျဉ်လျက် နောက်ပြန်လှန်၍ လဲကျသွားသည်။

စဝ်ရန်နိုင်၏ မျက်လုံးအစုံမှာ ပြာဝေ၍သွားသည်။

အခန်းတွင်း၌ ရှိနေသူများကို ဝိုးတဝါးသာ တွေ့မြင်ရတော့သည်။

နွယ်နီချို၏ ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်သံတစ် ချက်ကြားလိုက်ရသည်။

စဝ်ရန်နိုင် လဲကျနေရာသို့ ထက်ခေါင် လျင်မြန်စွာ ရောက်ရှိလာသည်။ စဝ်ရန်နိုင်၏ အင်္ကျီ ကြယ်သီးများကို ဖြုတ်၍ သက်သာ





သွားစေရန် ဆောင်ရွက်ပေးသည်။

"ငါးမန်းနှင်တုတ်တံ ထိပ်ဖျားကထွက်တဲ့ လျှပ်စီး ကြောင်းအားလုံးကို ခင်ဗျားအပြည့် ခံစားလိုက်ရတာကိုး။ အခု …ဘယ်လိုနေသေးသလဲ"

စဝ်ရန်နိုင် သူ၏ခန္ဓာကိုယ်ကို နှိပ်နယ်လိုက်ပြီး -

"သက်သာသွားပြီ။ ဒါနဲ့…ဆက်မော်ကော ဘယ်ရောက်သွားပြီလဲ"

"အိမ်ထဲကနေ ထွက်ပြေးသွားပြီ။ အခုအချိန်ဆို ရေစပ်ကို ရောက်လောက်ပြီထင်တယ်"

စဝ်ရန်နိုင် ကြိုးစား၍ ထရပ်သည်။

"သူ့ကို မိအောင်ဖမ်းမှဖြစ်မယ်။ သူလွတ်မြောက် သွားတာနဲ့ ကျွန်တော်တို့ကို ကူညီဖို့ လုံးဝစဉ်းစားမှာမဟုတ် ဘူး"

စဝ်ရန်နိုင်သည် ဗီရိုအတွင်းမှ ငါးမန်းနှင့်တုတ်တံတစ်ချောင်းကို ဆွဲထုတ်ယူလိုက်သည်။ ထို့နောက် အိမ်ကြီး ထဲမှ လျင်မြန်စွာ ပြေးထွက်လိုက်သည်။

ကမ်းခြေ၌ ဒေါက်တာစံသာမြတ် ရောက်နေသည်။

ဒေါက်တာစံသာမြတ်က ဆက်မော်အား ပြေပြစ်စွာ ချော့မော့ပြောဆိုနေသည်။ သို့သော် ဆက်မော်က ခေါင်းယမ်း၍သာ ပြနေသည်။

ဒေါက်တာစံသာမြတ်က -

"ခင်ဗျား အခု ဘယ်လိုပြေးမှာလဲ။ ခင်ဗျားဆီပါ သွားတဲ့ အချက်တွေ၊ ဗိုင်းဝဲတွေနဲ့ ဘာတွေများဆက်လုပ်လို့ ရမယ်ထင်နေသလဲ"

ဆက်မော်သည် လှေအိမ်အတွင်းမှ မော်တော်ဘုတ် ရှိရာကန်အတွင်းသို့ လျှပ်စစ်ခလုတ်ဖြင့် ချ၍ပြီးသွားပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အခုလို ဆေးသိပ္ပံပညာလောကရဲ့ အောင်မြင်မှု ဟာ လူသားတွေအားလုံးနဲ့ သက်ဆိုင်တယ်။ ဒီကိစ္စကရလာ တဲ့ အကျိုး အမြတ်အားလုံးကို လူသားတွေအားလုံးပိုင်ဆိုင်ရယူခွင့်ရှိတယ်"

ဆက်မော်က ကျယ်လောင်စွာအော်ဟစ်၍ ပြောရင်း လက်ထဲမှ သားရေအိတ်ကို မော်တော်ဘုတ်ဝမ်းအတွင်းသို့ပစ်သွင်း လိုက်သည်။

မော်တော်ဘုတ်ရှိရာသို့ ဆက်မော် တစ်လှမ်းခြင်း လျှောက် သွားသည်။

ထိုအချိန်မှာပင် -

ငါးမန်းနှင်တုတ်တံချောင်းကိုင်၍ သူ့ထံသို့ဦးတည်ပြေးလွှား လာနေသော စဝ်ရန်နိုင်ကို တွေ့လိုက်သည်။

စဝ်ရန်နိုင်သည် သူ့အတွက်ကြီးမားသော အန္တရာယ် ကောင်ဖြစ်ကြောင်း ဆက်မော် နားလည်လိုက်သည်။

ဆက်မော်က လှမ်း၍ခြိမ်းခြောက်လိုက်သည်။

"ဩော် ...မင်းက နောက်တစ်ခါထပ်ပြီး နာချင် သေးတာကို ...ဟုတ်လား"

စဝ်ရန်နိုင်က ငါးမန်းနှင်တုတ်တံကို မြှောက်ကိုင်၍ မနားတမ်းပြေးလာသည်။ သို့သော် သဲမှုန်များထဲ၌ မြုပ်ဝင်သွားသော ခြေလှမ်းများကြောင့် နှေးကွေးလေးလံ၍နေ၏။

စဝ်ရန်နိုင်က လှမ်း၍ပြောသည်။

"ဆက်မော် ...ခင်ဗျားနဲ့ ကျွန်တော် အေးအေး ဆေးဆေး ပြောကြတာပေါ့။ ခင်ဗျား အခု စာရွက်စာတမ်း တွေယူပြီး ဘယ်နေရာကိုသွားမှာလဲ"

"စဝ်ရန်နိုင်။ ခင်ဗျားကို ကျွန်တော် သတိပေးနေတယ်"





ခပ်လှမ်းလှမ်း တစ်နေရာဆီမှ -

ပြေးလွှား၍လာနေကြသော ထက်ခေါင်နှင့် ပသုန် တို့ကိုပါ ဆက်မော် လှမ်း၍တွေ့လိုက်ရသည်။

ဆက်မော်က ငါးမန်းနှင်တုတ်တံကို စဝ်ရန်နိုင်၏ရင်ဝဆီသို့ လှမ်း၍ထိုးချိန်လိုက်၏။

စဝ်ရန်နိုင်က တရှိန်ထိုးပြေးဝင်လာသည်။

ဆက်မော်၏လက်တွင်းမှ ငါးမန်းနှင်တုတ်တံကို စဝ်ရန်နိုင် က သူ၏လက်ထဲမှ တုတ်တံဖြင့် ရိုက်ဖယ်ထုတ်လိုက်သည်။ ဆက်မော် မှာ သဲပြင်ပေါ်သို့ နောက်ပြန်လန်၍ လဲကျဂ မတတ် ဖြစ်သွားသည်။

တစ်ဦးနှင့်တစ်ဦး အနီးကပ်ရင်ဆိုင်နေကြပြီဖြစ်၍ ငါးမန်း နှင်တုတ်တံဖြင့်သာ ရိုက်၍နေကြသည်။

မော်တော်ဘုတ်မှာ ထွက်ခွာမောင်းနှင်ရန် အဆင် သင့်ဖြစ် နေပေပြီ။

ဆက်မော် နောက်ဘက်သို့ကြည့်ပြီး မော်တော်ဘုတ် ဆီသို့ ထွက်ပြေးရန် ဟန်ပြင်လိုက်သည်။

စဝ်ရန်နိုင်က ငါးမန်းနှင်တုတ်တံဖြင့် ဆက်မော် အား အရှိန် ပြင်းစွာ ရိုက်ချလိုက်သည်။

ဆက်မော် ခေါင်းငုံ့ပေးလိုက်သဖြင့် ငါးမန်းနှင့် တုတ်တံ၏ အဖျားပိုင်းက ဆက်မော်၏ ဦးခေါင်းကို မထိ။ သို့သော် ဆက်မော်၏ ခန္ဓာကိုယ်အား စဝ်ရန်နိုင်၏ ငါးမန်း နှင်တုတ်တံက ရိုက်ချလိုက်ပြီး သားဖြစ်သွားသည်။

ဆက်မော် နောက်သို့ဆုတ်၍ ပြေးသည်။

ဆက်မော်သည် သဲသောင်ပြင်ပေါ်သို့ လက်ထောက် လျက်သား လဲကျသွားသည်။ သူ၏လက်ထဲမှ ငါးမန်းနှင် တုတ်တံမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်းလွင့်စဉ်ထွက်သွားသည်။

ဆက်မော်သည် သဲပြင်ပေါ်၌ ဒူးထောက်၍နေရာမှ သဲများကို လက်ထဲ၌ကျုံးယူ၍ စစ်ရန်နိုင်၏မျက်နှာသို့ လှမ်း၍ပက်သည်။

စစ်ရန်နိုင်က အချိန်မီ တိမ်းရှောင်လိုက်သဖြင့် မျက်လုံးထဲသို့ မဝင်ပေ။

သို့သော် -

ဆက်မော်ပက်လိုက်သောသဲများကိုရှောင်တိမ်းနေရသဖြင့် ထိုအချိန်ပိုင်းလေးအတွင်း၌ပင် ဆက်မော်က သူ၏ ငါးမန်းနှင်တုတ်တံကိုပြန်၍ကောက်ယူလိုက်နိုင်သည်။

ဆက်မော်သည် စစ်ရန်နိုင်ထံသို့ ငါးမန်းနှင်တုတ်တံ ဖြင့် ချိန်ထားပြီး သူကိုယ်တိုင်ကမူ မော်တော်ဘုတ်ဆီသို့ နောက်ဆုတ်၍ သွားသည်။

စစ်ရန်နိုင် နင်းထားသော သဲမြေပြင်မှာ အောက်ခံ မြေလွှာ ပျော့ပြောင်း၍ သဲထဲ၌ ခြေအစုံ အလွယ်တကူ နစ်ဝင်နေနိုင်သည်။ ထိုအချိန်၌ ဆက်မော်သည်အောက်ခံမြေလွှာမာကျောသောနေရာသို့ ရောက်နေပြီဖြစ်သည်။

ဆက်မော်က သူ၏ငါးမန်းနှင်တုတ်တံကို အဆက် မပြတ် ဝှေ့ယမ်း၍စစ်ရန်နိုင်၏လက်ထဲမှငါးမန်းနှင်တုတ်တံကိုရိုက်ထုတ်ပစ် လိုက်သည်။

ဆက်မော်သည်မော်တော်ဘုတ်ဆီသို့လှည့်၍အားသွန်ပြေး သည်။

စစ်ရန်နိုင်က ရေတိမ်ပိုင်းမှဖြတ်၍ ပြေးလျက် ဆက်မော်၏ နောက်သို့လိုက်သည်။

စစ်ရန်နိုင်က ရေထဲ၌ဖြတ်၍ပြေးလွှားသွားနေစဉ်မှာပင် -





ဆက်မော်က မော်တော်ဘုတ်ပေါ်သို့ရောက်နေပေပြီ။

အင်ဂျင်စက်ကိုနှိုးလိုက်သံပေါ်လာသည်။

စစ်ရန်နိုင် ပြေးလွှားလိုက်ပါလာသည်ကို တွေ့ရ သဖြင့် ဆက်မော်က ငါးမန်းနှင်တုတ်တံကို ကောက်ယူ၍ စစ်ရန်နိုင်ထံသို့ ချိန်ရွယ်လိုက်သည်။

အင်ဂျင်စက်နိုးနေပြီဖြစ်၍ မော်တော်ဘုတ်မှာ ရေမျက်နှာ ပေါ်၌ တုန်ခါလှုပ်ရှား၍နေ၏။ ဆက်မော်သည် လက်ထဲမှ ငါးမန်းနှင် ဘုတ်တံ ထပ်ဖျားဖြင့် စစ်ရန်နိုင်အား ချိန်ရွယ်ရာ၌ ချိန်သားမကိုက်ဖြစ် နေပေသည်။

ယခုလိုအခြေအနေမျိုး၌ -

ဆက်မော်က ငါးမန်းနှင်တုတ်တံဖြင့် တည့်မတ်စွာ ချိန်ရွယ် ပစ်ခတ်နိုင်ခဲ့ပါက မြေပြင်ပေါ်မှာထက် ပို၍ဖြင်းထန်သောဝေဒနာကို ခံစားရမည်ဖြစ်ကြောင်း စစ်ရန်နိုင် နားလည်သည်။

ရေထဲ၌ လျှပ်စီးဓာတ်စီးဆင်းမှုက ပိုမိုလွယ်ကူပြင်းထန်ထိ ရောက်မှုရှိသောကြောင့်ပင်။

စစ်ရန်နိုင်သည် ဆက်မော်နှင့် ပို၍နီးကပ်စွာ ရောက်သွား သည်။

ဆက်မော်၏လက်ထဲမှ ငါးမန်းနှင်တုတ်တံ ပြောင်း ဝထိပ် များကို ဘယ်လက်ဖြင့် ဖမ်းဆုပ်၍ ဆောင့်တွန်းဖယ် ထုတ်လိုက်သည်။ တစ်ချိန်တည်းမှာပင် စစ်ရန်နိုင်က သူ၏ လက်တွင်းမှ ငါးမန်းနှင် တုတ်တံပြောင်းဝကို ဆက်မော်၏ ဝမ်းဗိုက်ပေါ်သို့ ဖိ၍ထိုးသွင်းချ လိုက်သည်။

ငလုတ်ဖိနှိပ်လိုက်သည်နှင့် -

ဆက်မော်၏ ဝမ်းဗိုက်ပေါ်၌ လျှပ်စီးကြောင်းမီးပွင့်လေးလေး



www.burmeseclassic.com

www.burmeseclassic.com



များ ဖြာ၍ထွက်ပေါ်လာသည်။ ဆက်မော် စူးရှ နာကျင်စွာ တစ်ချက် အော်ဟစ်လျက် ရေထဲသို့ပြုတ်ကျသွားသည်။

စဝ်ရန်နိုင်က ဗသုန်နှင့် ထက်ခေါင်တို့နှစ်ဦးဘက်သို့လှည့်၍

"သူ့ကို ခင်ဗျားတို့ပဲ ဆွဲတင်ပေးလိုက်ကြပါ"

စဝ်ရန်နိုင်သည် မော်တော်ဘုတ်ဝမ်းဗိုက်အတွင်းရှိလက်ဆွဲ သားရေအိတ်ကို ကောက်ယူလိုက်သည်။ မောဟိုက် ပင်ပန်းစွာဖြင့် ကမ်းခြေသို့ပြန်လျှောက်လာခဲ့သည်။

စဝ်ရန်နိုင်က လက်ဆွဲသားရေအိတ်ကို ဖွင့်ကြည့် လိုက် သည်။

သားရေအိတ်အတွင်း၌ ထည့်ထားသော ပစ္စည်းများ ကို သေချာစွာ စစ်ဆေးကြည့်ရှုလိုက်သည်။

"ဒီလူယုတ်မာ ခင်ဗျားရဲ့မှတ်တမ်းတွေ၊ ဖိုင်တွဲတွေ ယူသွားရုံတင်မကဘူး၊ ကျွန်တော့်ရဲ့မှတ်တမ်းတင်ထားတဲ့ဖလင်တွေ၊ တိပ်ခွေတွေကိုပါ ခိုးထုတ်ယူသွားတာကိုး"

ထက်ခေါင်က စဝ်ရန်နိုင်အား လှမ်း၍မေးသည်။

"စဝ် ...သူ့ကို ကျွန်တော်တို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ"

ဆက်မော်သည် ကမ်းခြေရေစပ်၌ တွန့်လိမ်ညည်း ညူ၍ လျှပ်စစ်ဓာတ်လိုက်သော ဝေဒနာကို မချိမဆန့်ခံစားနေရသည်။

သူ၏ကိုယ်တစ်ခုလုံး၌လည်း သဲများ၊ ရေများဖြင့် ရွှဲစိုပေကျံ လျက်ရှိနေပေသည်။

စဝ်ရန်နိုင်က ဆက်မော်၏ အခြေအနေကို တစ်ချက် စိုက် ကြည့်လိုက်ပြီး -

"သူ့ကို အိမ်ကြီးကိုပဲ ပြန်ခေါ်လာခဲ့ကြပါ။ ဒီတစ် ခါတော့ သူ့ဆီက ဝန်ခံချက်ကို ကောင်းကောင်းရနိုင်ပြီမဟုတ်လား"

ထက်ခေါင်နှင့် ဗသုန်တို့က ဆက်မော်ကို နှစ်ဘက် ညှပ်၍ အိမ်ကြီးဆီသို့ခေါ်ဆောင်သွားကြလေတော့သည်။

× × × × ×







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဆက်မော်၏အမူအရာက ထောင့်မကျိုး..မချိုးမပြေ။

မျက်နှာက ခပ်တင်းတင်း။

လျှပ်စစ်ဓာတ်လိုက်ခံရပြီး၊ ရေထဲ၌ မွန်း၍သွား သဖြင့် တုန်လှုပ်ချောက်ချား၍နေပုံရသည်။

အခန်းထဲ၌ရှိနေသူများ မေးသောမေးခွန်းကိုလည်းမကြား ချင်ဟန်ဆောင်၍နေသည်။

အတန်ကြာသောအခါမှ -

ဒေါက်တာစံသာမြတ်ကိုမော့်ကြည့်သည်။

"ခင်ဗျားတို့ကိုကျွန်တော်ဖွင့်ပြောပြပါတော့မယ်။ ကျွန်တော် ဟာ အရှိုးအလုံးကျ ဆေးတက္ကသိုလ်တစ်ခုဖြစ်တဲ့ ချာဂါတက္ကသိုလ်က ငွေကိုလက်ခံမိလို့ အခုလိုအဖြစ်မျိုးလုပ်မိခဲ့ရတာပါ။ ဒီလိုလုပ်မိတာနဲ့ ကျွန်တော့်ကို ခင်ဗျားတို့က ဝက်ဝံနီတွေရဲ့သူလျှိုတစ်ယောက်အဖြစ် သတ်မှတ်ကြတော့မှာလား"



ဒေါက်တာစံသာမြတ်က အေးတိအေးစက် လေသံဖြင့် -

"ခင်ဗျား ဘယ်လိုလူစားမျိုး ဖြစ်တယ်ဆိုတာ ခင်ဗျားလုပ် ခဲ့တာတွေက ပြန်ပြောပြနေတာပဲ ..ကိုဆက်မော်။ ခင်ဗျားက ကျွန်တော့်ရဲ့သုတေသနလုပ်ငန်းထဲကို မကောင်းတဲ့ အကြံအစည်နဲ့ ဝင်လာတယ်။ ပြီးတော့ ကျွန်တော့်ရဲ့မှတ်တမ်း၊ စာရွက်စာတမ်းတွေကို ခိုးယူသွားဖို့ကြိုးစားခဲ့တယ်"

စဝ်ရန်နိုင်က ဝင်မေးသည်။

"ဒေါက်တာမင်းဝေ၊ ဒေါက်တာအာကာနဲ့ အမျိုး သမီးနှစ် ယောက်ကို သတ်ပစ်လိုက်တဲ့လူသတ်သမားဟာ ခင်ဗျားကိုယ်တိုင်ပဲ မဟုတ်လား...ဆက်မော်"

"ကျွန်တော် သူတို့ကို လုံးဝမသတ်ခဲ့ပါဘူး"

စဝ်ရန်နိုင်၏မျက်နှာ မသိမသာ တင်းမာ၍သွား သည်။

"ကောင်းပြီ..ခင်ဗျားသိထားသမျှ အမှန်အတိုင်း သာပြောပြ။ ဝက်ဝံနီတွေ ကောင်းစားဖို့အတွက် ခင်ဗျား ဘယ်လို အကြောင်းနဲ့ ဆောင်ရွက်ပေးခဲ့ရတာကအစ ပြောပြ"

ဆက်မော် သက်ပြင်းတစ်ချက် ချလိုက်သည်။

သူ့အနေဖြင့် မည်သို့မျှ ငြင်းကွယ် ရှောင်လွှဲ၍ မရ နိုင်မှန်း သိလိုက်သည်။

သူသည် ကြမ်းပြင်ပေါ်သို့ ငေးစိုက်၍ကြည့်နေရင်း မှ တစ်လုံးချင်း ပြန်ပြောပြသည်။

"ကျွန်တော်ဟာ ဆေးတက္ကသိုလ်တစ်ခုကနေ ဘွဲ့ရခဲ့တယ်။ ဒီနောက်ထပ်သိပ်မကြာခင်မှာပဲ ခွဲစိတ်ကုသမှုဘွဲ့လွန် သင်တန်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

တက်ဖို့အတွက် "ချာဂါ"မြို့ကို သွားခဲ့ပါတယ်။ ခင်ဗျားတို့လည်း သိထားကြပြီးသား ဖြစ်မှာပါ။ ချာဂါဆေးသိပ္ပံတက္ကသိုလ်က အေးဖွဲ့လွှန်ခန္ဓာကိုယ် အစိတ် အပိုင်းတွေကို အစားထိုးခွဲစိတ်ကုသတဲ့နေရာမှာ ကမ္ဘာ့ထိပ် တန်းအဆင့်ရှိတဲ့ ဆေးသိပ္ပံ တက္ကသိုလ်တစ်ခုပါ။ အဲဒီဆေး သိပ္ပံတက္ကသိုလ်မှာ အအေးခံပြီး ခဲထားတဲ့ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းမျိုးစုံကိုထည့်သွင်းသိမ်းဆည်းထားတဲ့ဘဏ်တိုက်တွေ ရှိတယ်...။

အဲဒီ ဆေးသိပ္ပံတက္ကသိုလ်က ပုဂ္ဂိုလ်တွေဟာ ပျက်စီး သွားတဲ့ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေနေရာမှာ အေးဖွဲ့လွှန်နည်းစနစ်နဲ့ အေးခဲထားတဲ့ လူ့ခန္ဓာကိုယ် အစိတ်အပိုင်း တွေကိုပြန်ပြီး အစားထိုး ခွဲစိတ်ပေးနိုင်ခဲ့ကြတယ်။ ဒီကိစ္စကို ကျွန်တော်မြင်တော့ သိပ်ပြီး စိတ်ဝင်စားသွားမိတယ်။ ဝက်ဝံနီတွေဟာ ပျက်စီးဆုံးရှုံးထားတဲ့အရာ တွေကိုပြန်ပြီးအောင်မြင်စွာ အစားထိုးပေးတဲ့နည်းပညာရပ်တွေကို ရရှိပိုင်ဆိုင် ထားကြတယ်။ ကျွန်တော့်အနေနဲ့ ချာဂါတက္ကသိုလ်မှာ ပညာ ဆက်လက်သင်ကြားခွင့် ရတာဟာ၊ ကျွန်တော့်အတွက် တန်ဖိုး မဖြတ်နိုင်တဲ့ပညာရပ်တွေကိုရရှိခဲ့တာနဲ့အတူတူပါပဲ။ ကျွန်တော် ချာဂါ ဆေးသိပ္ပံတက္ကသိုလ်မှာ သုံးနှစ် ဆက်ပြီး ပညာသင်ကြားခဲ့တယ်"

"ဒီအကြောင်းတစ်ခုနဲ့ပဲ ခင်ဗျားက သူတို့အတွက် သူလျှိုလုပ် ငန်း လုပ်ပေးခဲ့ရတာလား"

"ကျွန်တော် လုပ်ချင်လို့ လုပ်ခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော့် အနေနဲ့မလွှဲမရှောင်သာပဲ ဒီအလုပ်ကိုလုပ်ပေးခဲ့ရတာပါ။ ဝက်ဝံနီတွေ ဟာ ကြိုကွက် စောင့်ကွက်တွေကို အမျှော်အမြင်ကြီးကြီးနဲ့ ကြံစည် ထားတဲ့လူတွေပါ။ တကယ်တော့ ချာဂါဒေသဟာ ခရီးသွားတွေအများ ဆုံးလာတဲ့ဒေသတစ်ခုပါ။ ခရီးသွားတွေဆီကနေ ငွေကိုနှိုက်ထုတ်ယူ





ကဲ့ နေရာတစ်ခုလို့ ပြောနိုင်ပါတယ်။ ချာဂါဒေသမှာ လောင်း ကစားဝိုင်းတွေရှိပါတယ်။ ကျွန်တော် ချာဂါမြို့ကိုရောက် သွားခဲ့တာဟာ ကျွန်တော့်အတွက် အကြီးအကျယ် ဒုက္ခ ရောက်အောင် ဖန်တီးပေးခဲ့ တာနဲ့ အတူတူပါပဲ"

"အဲဒီဒေသမှာပဲ ကျွန်တော်ဟာ ဆူဇီလို့ခေါ်တဲ့ မိန်းကလေး တစ်ယောက်နဲ့ တွေ့ဆုံ သိကျွမ်း ရင်းနှီးခဲ့မိတယ်။ ကျွန်တော့်ကို ဆူဇီကပဲ အမြဲလွှမ်းမိုး ချုပ်ကိုင်ထားနိုင်စွမ်း ရှိခဲ့တယ်။ လောင်းကစား ဝိုင်းတွေရှိတဲ့နေရာမှန်သမျှကို သူကပဲ ကျွန်တော့်ကိုခေါ်သွားခဲ့တယ်"

စဝ်ရန်နိုင်က နားလည်သဘောပေါက်စွာဖြင့် ခေါင်း ညိတ် လိုက်သည်။

"နှစ်တွေအများကြီး ပြောင်းလဲခဲ့ပေမယ့်၊ ဝက်ဝံနီ တွေက တော့ သူတို့ရဲ့နည်းဗျူဟာကို လုံးဝမပြောင်းလဲ သေးပါလား။ ဒီပုံစံ အတိုင်းပဲ ဆက်ရှိနေသေးတာပါလား"

ဆက်မော်က ပင့်သက်တစ်ချက် ရှိုက်လိုက်ပြီး ဆက်၍ပြော သည်။

"ခပ်တိုတို ပြောကြရရင်တော့ ကျွန်တော်ဟာ လောင်းကစား ဝိုင်းတွေမှာ ငွေတွေအကြီးအကျယ် ရှုံးခဲ့တယ်။ မြို့ပေါ်မှာရှိတဲ့ မိတ်ဆွေ ရင်းချာတွေက ကျွန်တော့်အပေါ်မှာ သိပ်ကောင်းကြတယ်။ လိုအပ်တဲ့ ငွေတွေကို သူတို့ကပဲ ထုတ်ချေးပေးကြတယ်။ ကျွန်တော် ပညာသင် ကြားတဲ့နေရာမှာပါ အနှောင့်အယှက်မဖြစ်ရအောင် အမျိုးမျိုး အကူ အညီပေးကြပါတယ်။ ကျွန်တော် ဘွဲ့လွန်သင်တန်းပြီးလို့ ကျွန်တော့်ရဲ့ မူရင်းဒေသကို ပြန်ခါနီးအချိန်ရောက်တော့မှ ကျွန်တော်ဟာ အခြေ အနေမှန်ကို သိရတော့တယ်။ ကျွန်တော့် အပေါ်မှာ သိပ်ကောင်း ခဲ့ကြတဲ့ လူတွေရဲ့ရပ်တည်ချက်ဟာ လုံးဝပြောင်းလဲကုန်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဒီလို ဖြစ်ကုန်ခဲ့ကြရတာ ကလည်း သူတို့မှာ ရည်ရွယ်ချက် ရှိခဲ့လို့ပါ"

ဆက်မော်က ကျွန်အဖွဲ့သားများ၏မျက်နှာကို အကဲခတ်လိုက်သည်။

အဖွဲ့သားများ၏မျက်နှာပြင်များပေါ်၌ မည်သည့်ခံစားချက်မျှ မတွေ့ရပေ။

ဆက်မော်က ထပ်မံပြောသည်။

"ကျွန်တော့်ကိုသက်ဆိုင်ရာ ပုဂ္ဂိုလ်တစ်ယောက်က ခေါ်ပြီး တွေ့တယ်။ ကျွန်တော်လောင်းကစားဝိုင်းတွေမှာ ရှုံးလို့ ချေးယူတဲ့ ငွေစာရင်းတွေကို သူက ထုတ်ပြတယ်။ စုစုပေါင်း သိန်း ခုနစ်ရာကျော် ကျော်ရှိတယ်။ ကျွန်တော့်အနေနဲ့ ဘယ်လိုမှပြန်မဆပ်နိုင်တဲ့ငွေကြေး ပမာဏဖြစ်နေ တယ်။ ကျွန်တော်ဟာ ရိုးရိုးသာမန်အဆင့်ပဲ ရှိသေး တယ်။ ဒီအချက်ကို သူတို့ကလည်း သိထားကြတယ်။ ကျွန်တော် သူတို့က မလှုပ်နိုင်အောင်၊ ချုပ်ကိုင်ပြီး ထောင်ချောက်ဆင် ထားခဲ့တဲ့ ကိစ္စတစ်ခုပဲ

"ကျွန်တော် ချေးထားတဲ့ငွေတွေ ပြန်မဆပ်နိုင်ရင် သူတို့ ဆီကနေ ခွာလို့မရနိုင်အောင်ပါ တားဆီးထားတယ်။ ကျွန်တော့်အနေနဲ့ ရိုးရိုးသားသား လုပ်ငန်းတစ်ခုလုပ်ကိုင်ပြီး ပြန်ဆပ်ရအောင်လည်း သူတို့က ဘယ်လိုလုပ်ငန်းမျိုးမှ လုပ်လို့မရနိုင်အောင် ကြိုတင်ပိတ်ပင် တားဆီးထားကြတယ်။ ကျွန်တော့်ကိုပါ ခြိမ်းခြောက်ထားကြတယ်။ အဲဒီအချိန်မှာ ကျွန်တော် အင်မတန်စွဲလမ်းမြတ်နိုးခဲ့ရတဲ့ ဆုဇီကို လုံး မတွေ့ရတော့ဘူး။ ကျွန်တော့်ကို သူ ပစ်ထားခဲ့ပြီး လုံးဝ ပျောက်ကွယ် သွားတယ်"

ဆက်မော်အတန်ကြာမျှ ငိုင်တွေ၍နေသည်။





စံရန်နိုင်က -

"ခင်ဗျားကို ထွက်ပေါက်တစ်ခုတော့ သူတို့ ဖွင့်ပေး ထားကြမှာပါ"

"ခင်ဗျားပြောတာ မှန်ပါတယ်။ သူတို့က စ.ပြီး အပေးအယူ လုပ်လာတယ်။ ကျွန်တော့်အနေနဲ့ ချာဂါဆေးသိပ္ပံသုတေသနဌာနမှာ အမှုထမ်းဘဝအဖြစ် ခံယူနိုင်းတယ်။ ကျွန်တော် ပေးစရာရှိတဲ့ အကြွေးတွေကို ကျွန်တော့်ရဲ့ လစာထဲကနေ ခုနှိမ်ပေးသွားမယ်။ ကျွန်တော့်အနေနဲ့ ရွေး ချယ်စရာ လမ်းမရှိတော့ သူတို့ ပြောတာကို လက်ခံလိုက်ရ တယ်။ ပထမနှစ်ပိုင်းမှာ ကျွန်တော်ဟာ ပြင်ပဒေသ တွေက အကန့်အသတ်နဲ့ ထုတ်ဝေတဲ့ ဆေးသိပ္ပံပညာဆိုင်ရာ သုတေသန လုပ်ငန်းစာရွက်စာတမ်းတွေ၊ မှတ်တမ်းတွေကို ရှာဖွေစု ဆောင်းပြီး သူတို့လက်ထဲ အပ်ရတယ်။

လွန်ခဲ့တဲ့ ငါးနှစ်လောက်က သူတို့ဆီက အရေးပါတဲ့ ပုဂ္ဂိုလ် တွေက ကျွန်တော့်ကိုခေါ်ပြီးတွေ့တယ်။ ကမ္ဘာပေါ်မှာ အေးဖွဲ့လွန် ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို အသုံးပြုပြီး၊ အစားထိုးခွဲစိတ်ကုသမှု ဆိုင်ရာ နည်းပညာရပ်တွေ ထွန်း ကားလာနေပြီ။ အဲဒီပညာရပ်နဲ့ ပတ်သက်တဲ့ လျှို့ဝှက်စာ ရွက်၊ စာတမ်းတွေကို တစ်ခြားဒေသတွေ ကနေ မဖြစ်မနေ ရှာဖွေပေးဖို့ ပြောလာကြတယ်။ ကျွန်တော့်အနေနဲ့ ဒီကိစ္စ ဟာ အင်မတန်ခက်ခဲလွန်းတဲ့ လျှို့ဝှက်ကိစ္စမျိုးဖြစ်နေတော့ သူတို့လိုအပ်သလို ဆောင်ရွက်မပေးနိုင်ခဲ့ဘူး။ သူတို့ရဲ့ အဖွဲ့ထဲက လူတွေနဲ့ ကျွန်တော်ဆက်ဆံရေးအဆင်မပြေတာတွေဖြစ်ခဲ့ရတယ်။ အဲဒီနောက်ပိုင်းမှာ ကျွန်တော်ဟာ ကျွန်တော့်ရဲ့အသက်အန္တရာယ်ကို ကာကွယ်ဖို့အတွက် ပစ္စတိုသေနတ် လေးတစ်လက်ကို လျှို့ဝှက်ပြီး ကိုင်ထားခဲ့ရတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်က -

"ခင်ဗျားအပေါ်မှာ ဒီလိုသဘောထားခဲ့တဲ့ လူတွေ အပေါ်မှာ ခင်ဗျားက ဆေးသိပ္ပံနည်းပညာရပ် အသစ်တွေ ရှာဖွေတွေ့ရှိမှုဟာ ဒေသတစ်ခုနဲ့ ဒေသတစ်ခုကြား မျှဝေသင့်တယ်ဆိုတဲ့ ယူဆချက်ကို ခင်ဗျားက လက်ခံထားတာ အံ့သြစရာကောင်းတယ်"

"ကျွန်တော့်အနေနဲ့ ဒီအတိုင်းပဲ ယုံကြည်ထားတယ်။ ခင်ဗျားတို့ကသာ ရှာဖွေတွေ့ရှိထားတဲ့ ဆေးသိပ္ပံနည်းပညာ သစ်တွေကို တစ်ခြားဒေသတွေကိုပါ အသိပေး၊ ဖြန့်ဝေပေး လိုက်ရင် ဝက်ဝံနီတွေဟာ နည်းမျိုးစုံနဲ့ ကြိုးစားပြီး ရယူစရာ မလိုတော့ဘူးပေါ့။ လူသားတွေရဲ့ အသက်နဲ့ ခန္ဓာကိုယ်ကို အသစ်ပြန်လည်ရှင်သန်လာစေတယ်ဆိုတာဟာ ဒေသ တစ်ခုတည်းနဲ့ မသက်ဆိုင်ဘူး။ လူသားမျိုးနွယ်တွေအားလုံးနဲ့ ပတ်သက်တဲ့ ကိစ္စတစ်ခုပဲ မဟုတ်လား"

ဒေါက်တာစံသာမြတ်က ဆက်မော်အနီးသို့ တိုးကပ် ၍ မေးမြန်းသည်။

"ချာဂါမြို့မှာနေတဲ့ ခင်ဗျားရဲ့လူတွေက ဒီနေရာ မှာ ကျူပ်ဘာတွေ လုပ်ကိုင်နေတယ်ဆိုတာ သိထားတယ် မဟုတ်လား။ ဒီနေရာကို ခင်ဗျားရောက်လာဖို့အတွက် သူတို့ က ခင်ဗျားကို အမိန့်ပေးပြီး လွှတ်လိုက်တာပဲ မဟုတ်လား"

"ခင်ဗျားနဲ့ ကျွန်တော် အဆက်အသွယ်ရှိနေတယ်ဆို တာ သူတို့သိသွားကြတယ်။ ခင်ဗျားရဲ့ လုပ်ငန်းထဲက နေရာ တစ်နေရာမှာဝင်ပြီး အလုပ်လုပ်ခွင့်ရအောင် ကြိုးစားဖို့ သူတို့က အကြံပြုခဲ့ကြတယ်။ ဒီအလုပ်ကလည်း မခက်ခဲ လုပါဘူး။ ခင်ဗျားကိုယ်တိုင်ကလည်း ခင်ဗျားရဲ့ ဒေါက်တာ အာကာအတွက် အရည်အချင်းပြည့်မီတဲ့ လက်ထောက် ဆရာဝန်ကောင်း တစ်ယောက်လိုချင်နေ





ဘယ် မဟုတ်လား။ ကျွန်တော်က သူတို့ကို ပြန်ဖြေလိုက်တယ်။ ဒေါက်တာ အာကာရဲ့ လက်ထောက်ဆရာဝန် တစ်ယောက်အဖြစ် နေရာဝင်ယူလိုက်ရင် ခင်ဗျားတို့ သိပ်သိချင်နေတဲ့ ခင်ဗျားရဲ့ ဆေးသိပ္ပံသုတေသနဌာနက အေးဖွဲ့လွှန်ခန္ဓာကိုယ် အစိတ် အပိုင်း အစားထိုး ခွဲစိတ်ကုသမှုနဲ့ လူသားအသစ်ပြန်လည် ရှင်သန်မွေးဖွားလာခြင်းတို့နဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေ ကို သိခွင့်ရမှာပဲလို့ ပြန်ပြောလိုက်တယ်။ သူတို့က ကျွန်တော် ပါးစပ်နဲ့ပြန်ပြီးရှင်းပြတာကို လက်မခံချင်ဘူး။ အရေးကြီး တဲ့ အစီရင်ခံချက်တွေ၊ စာရွက်စာတမ်း ဖိုင်တွဲတွေကိုပါ လိုချင်ကြတယ်။ အော်ပရေးရှင်းကြီးတစ်ခုလုံးနဲ့ ပတ်သက် ပြီးမှတ်တမ်းတင်ထားတဲ့ ရုပ်ရှင်၊ ရုပ်သံ၊ ဖလင်တွေ၊ ဗွီဒီယိုတိပ်ခွေတွေ၊ အသံသွင်းကြိုးခွေတွေကိုပါ ထပ်ပြီး လိုချင်ကြတယ်။ အဲဒီပစ္စည်းတွေအားလုံး ကျွန်တော့်ဘက်က ရအောင်ယူပေးနိုင်ခဲ့ရင် ကျွန်တော့်အပေါ်မှာ တင်ကျန်နေ သေးတဲ့ ကြွေးတွေကို ချက်ခြင်းလျှော်ပစ်လိုက်မယ်လို့ပြောတယ်။ ကျွန်တော့်ကို မက်လုံးပေးလိုက်ကြတာပါပဲ"

"ဒီလိုနဲ့ပဲ ခင်ဗျားက သူတို့ ခိုင်းတဲ့အတိုင်း ဒီနေရာ ကိုဝင်လာပြီး ခယုတ်.လာလုပ်ခဲ့တာပဲ ဆိုပါတော့ .."

ဆက်မော်က -

"ပထမပိုင်းကတော့ ခင်ဗျားဆီကို ချဉ်းကပ်ပြီး၊ မှတ်တမ်းတင်ကော်ပီတွေ ဝယ်ယူဖို့ကြိုးစားခဲ့ပါသေးတယ်။ နောက်ပိုင်းမှာတော့ ခင်ဗျားရဲ့ အခန်းထဲ ခိုးဝင်ပြီးမှ ရှင်း ဖလင်တွေ၊ တိပ်ကြိုးခွေတွေ အားလုံး ါးယူထားလိုက်တယ်။ ဒီကိစ္စက ကျွန်တော့်အတွက် သိပ်လွယ်ခဲ့တယ်။ ခင်ဗျားကိုယ်တိုင်တောင် တိပ်ခွေတွေ၊ ဖလင်တွေ ပျောက်နေတာကို သတိမထားမိခဲ့ဘူး မဟုတ်လား။ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



စံသာမြတ်ဆီက လျှို့ဝှက်ဖိုင်တွဲနဲ့ စာရွက်စာတမ်းတွေရဖို့အတွက် ကသာ အခက်အခဲရှိခဲ့တယ်။ ခင်ဗျားတို့ ခန့်မှန်းထားကြတဲ့အတိုင်း ပါပဲ။ သံမဏိဗီရိုဒေသာ့ကို သေနတ်နဲ့ပစ်ပြီး ဖွင့်တယ်။ ပြီး တော့မှ အပြင်မှာ ခပ်မည်းမည်းသတ္တဝါကောင်ကြီးတစ် ကောင်တွေ့လို့ ထွက်ပြီးသေနတ်နဲ့ပစ်တာလို့ခင်ဗျားတို့ကိုလှည့်စားခဲ့တယ်"

"ကြက်လျှာအလံကို အလံတိုင်ထိပ်ပေါ်ရောက် အောင် လွှင့်တင်ထားတာကကော ခင်ဗျားပဲမဟုတ်ဘူးလား"

"မဟုတ်ဘူး ...စဝ်ရန်နိုင်။ ကြက်လျှာအလံနဲ့ ပတ်သက်ပြီး ကျွန်တော် ဘာမှမသိထားပါဘူး"

"ကျွန်းပေါ်က လူတွေကိုသတ်ခဲ့တာကကော ..."

"အဲဒီလူသတ်မှုတွေအားလုံး ကျွန်တော်နဲ့ လုံးဝ မသက် သက်ပါဘူး။ ဒါပေမယ့် အဲဒီလူသတ်မှုတွေ တစ်ခုပြီး တစ်ခုဖြစ်လာ နေတော့ ကျွန်တော်ကိုယ်တိုင်လည်း ဒီကျွန်း ပေါ်ကနေ အမြန်ဆုံး ထွက်ပြေးချင်စိတ်ဖြစ်လာခဲ့တာ အမှန်ပါပဲ"

ဗသုန်က ကျွန်အဖွဲ့သားများဘက်သို့ လှည့်၍အသံ ကျယ် ကျယ်ဖြင့် ပြောလိုက်သည်။

"ခင်ဗျားတို့ဘယ်လိုဆုံးဖြတ်ကြမလဲ။ ကျွန်တော် တို့အနေနဲ့ သူပြောခဲ့တာတွေကိုယုံကြည်သင့်သလား"

နွယ်နီချိုက လေသံခပ်ပြတ်ပြတ်ဖြင့် -

"ကျွန်မကတော့ သူပြောတာတွေကိုလုံးဝ မယုံဘူး။ ဒီကျွန်း ပေါ်မှာ လူသတ်သမားတစ်ယောက် ရှိနေတာကတော့ အမှန်ပဲ။ အခု အချိန်မှာ အဖြစ်နိုင်လူကတော့ ...ဆက်မော် ပဲရှိတယ်၊ စဝ်ရန်နိုင်က ငါးမန်းနှင်တုတ်တံနဲ့ တိုက်ခိုက်နေ တုန်းက သူ့ရဲ့ဖြမ်းကြုတ်ရက် စက်တဲ့မျက်နှာထားကိုရှင် တို့အားလုံးမြင်မိကြတယ်မဟုတ်လား"





ဒေါက်တာစံသာမြတ်က စဝ်ရန်နိုင်ဘက်သို့လှည့်၍တာဝန် လွှဲသည်။

"ဆက်မော်နဲ့ပတ်သက်ပြီး ဆုံးဖြတ်ပေးဖို့ကတော့ ခင်ဗျားရဲ့ အပိုင်းပဲ စဝ်ရန်နိုင်။ တရားဥပဒေ စိုးမိုးရေးနဲ့ ပတ်သက်ပြီး တာဝန် အရှိဆုံးပုဂ္ဂိုလ်က ခင်ဗျားတစ်ယောက်တည်းပဲရှိတယ်"

စဝ်ရန်နိုင် ချက်ခြင်းပင် ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီလေ။ ဆက်မော်ကို အခန်းထဲမှာ လှောင် ထား လိုက်ပါ။ ပြတင်းပေါက်တွေ အားလုံးကိုပါ သေသေ ချာချာ သော့ခတ် ထားလိုက်ပါ။ သူက ထွက်ပြေးဖို့ကြိုးစားဦးမှာ သေချာတယ်"

ဆက်မော်က ငြင်းဆန်သည်။

"ဟာ ...ခင်ဗျားတို့ ကျွန်တော့်ကို ဒီလိုမလုပ်သင့်ပါဘူး"

စဝ်ရန်နိုင်က မသိမသာ ပြုံးလိုက်ပြီး -

"ဒီလိုလုပ်ထားဖို့ သိပ်ကိုလိုအပ်ပါတယ် ကိုဆက်မော်"

ဗသုန်နှင့် ဒေါက်တာစံသာမြတ်တို့က ဆက်မော်ကို အပေါ် ထပ်ရှိ အခန်းလွတ်တစ်ခုသို့ ခေါ်ဆောင်သွားကြ သည်။ ဆက်မော် ရုန်းကန် ရေရွတ်ရင်းပါသွားသည်။

ထက်ခေါင်က ထိုင်ရာမှ ထလိုက်ပြီး -

"ကျွန်တော် အခုမှပဲ သတိရတယ်။ လူသစ်ဆီကို သွားပြီး စစ်ဆေးကြည့်လိုက်ဦးမယ်။ ဒီမှာ ပြဿနာတွေ ရှုပ်ထွေးနေတာနဲ့ သူ့ကို မေ့နေမိတယ်"

ဧည့်ခန်းဆောင်အတွင်းသို့ စဝ်ရန်နိုင်ကြည့်လိုက် သည်။ နွယ်နီချိုတစ်ဦးတည်းသာ ကျန်ရစ်ခဲ့တော့ကြောင်း တွေ့လိုက်ရသည်။

နွယ်နီချိုက စဝ်ရန်နိုင်အနီးသို့ လျှောက်လာပြီး

"ရှင် ...ဘာမှဖြစ်မသွားတာကိုပဲ ကျွန်မတော့ဝမ်းသာလှပါပြီ



www.burmeseclassic.com

www.burmeseclassic.com



...စဝ်ရန်နိုင်၊ ဒီလိုအဖြစ်မျိုးတွေကို ကျွန်မတော့ လုံးဝ ဘဝင်မကျဘူး"

"အင်း ...မင်း ပြောသလိုပါပဲ။ ငါလည်း လုံးဝ ဘဝင်မကျမိဘူး"

သူမက ချိုမြစွာပြုံးသည်။

"ရှင် ...အခု ကျွန်မနဲ့အတူ လိုက်ခဲ့ပါလား"

"ဗသုန်ကကော ..."

သူမက ဂရုမစိုက်သော အမူအရာဖြင့် -

"သူ ဘာမှ မသိနိုင်ပါဘူး"

စဝ်ရန်နိုင် သက်ပြင်းတစ်ချက် ချလိုက်မိသည်။

ဖန်ခွက်အတွင်းမှ ဝီစကီလက်ကျန်ကို လက်စသတ် သောက်လိုက်သည်။

လတ်တလောအခြေအနေ၌ ဖြစ်ပျက်သမျှကို စဝ်ရန်နိုင် ပြန်၍စဉ်းစားနေမိသည်။

နွယ်နီချိုကို သူမ၏အခန်းသို့ လိုက်၍ပို့ပေးသည်။

သို့သော် -

သူမ၏မာယာကွန်ယက်မှ စဝ်ရန်နိုင် မသိမသာ ရှောင်ဖယ်ရုန်းထွက်နိုင်ခဲ့သည်။

× × ×





## အခန်း (၁၉)

စဝ်ရန်နိုင် ရေချိုးအဝတ်အစားအသစ် တစ်စုံလဲ လှယ်ဝတ်ဆင်၍ အောက်ထပ်သို့ဆင်းလာသည်။

အောက်ထပ် ဧည့်ခန်းအတွင်း၌ -

ဒေါက်တာစံသာမြတ်နှင့် ထက်ခေါင်တို့ စစ်တုရင် ကစားနေကြသည်။

စဝ်ရန်နိုင်က အမှုမဲ့၊ အမှတ်မဲ့ဟန်ဖြင့် ရုတ်တရက် မေးလိုက်သည်။

"ကိုဗသုန်တစ်ယောက်ကော မတွေ့ပါလား"

ဒေါက်တာစံသာမတ်က မျက်မှောင်ကြုတ်၍ စဉ်းစားနေရာမှ ပြန်ဖြေသည်။

"အပြင်ဘက်မှာပဲ ရှိပါလိမ့်မယ်၊ စောစောတုန်းက တော့ အပြင်ဘက်မှာ ဟိုလျှောက်ဒီလျှောက် လုပ်နေတာ တွေ့လိုက်မိတယ်"

စဝ်ရန်နိုင် ချက်ခြင်းပင် အပြင်သို့ထွက်၍ ဗသုန်ကို လိုက်လံ



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေကြည့်သည်။

"ဆက်မော်" ကို ဖမ်းချုပ်ထားသည့်အခန်းမှာ သော့ ခတ်လျက်သား တွေ့ရသည်။

"လူသစ်" သည် ခွဲစိတ်ခန်းခုတင်ပေါ်၌ ငြိမ်သက်စွာလဲလျောင်းအိပ်ပျော်လျက်ရှိနေသည်။

စင်ရန်နိုင် မျက်မှောင်ကြုတ်မိသည်။

ဇသုန်တစ်ဦးတည်း အပြင်ဘက်၌လျှောက်၍သွားလာနေခြင်းမျိုးသည် သူ့အတွက် အန္တရာယ်ကို ဖိတ်ခေါ်ခြင်း နှင့်အတူတူပင်ဖြစ်သည်ဟု တွေးလိုက်သည်။ အခြေအနေ ရှုပ်ထွေးနေချိန်၌ အဖော်မပါပဲ ဤကဲ့သို့မသွားလာသင့်ပေ။

"ဇသုန်" အတင့်ရဲစွာ သွားလာနေခြင်းပင်ဟု တွေး လိုက်သည်။

ကမ်းခြေနေရာအနှံ့၌ ဇသုန်ကို အချိန်အတန်ကြာ လိုက်လံရှာဖွေကြည့်သည်။

ဇသုန်၏အရိပ်အရောင်ကိုလုံးဝမမြင်တွေ့မိပေ။

မည်သည့်နေရာ၌ "ဇသုန်" ကိုလိုက်လံရှာဖွေရမည်နည်းဟု စင်ရန်နိုင် စဉ်းစားကြည့်သည်။ စဉ်းစား၍လုံးဝမရပေ။

အေးမြသောလေက တသုန်သုန်တိုက်ခတ်၍နေ၏။

ပင်လယ်ပြင်၌ လှိုင်းခေါင်းဖြူဖြူတို့ တဖြည်းဖြည်းသေးငယ်၍လာကြသည်။

အမှောင်ထုက တဖြည်းဖြည်းကြီးစိုး၍လာသည်။

ပင်လယ်ပြင်ရှိ လှိုင်းခလတို့ ငြိမ်သက်၍လာပြီဟု ဆိုရပေမည်။

စင်ရန်နိုင်သည် အဆောက်အအုံကြီးဆီသို့ပြန်လာသည်။





အောက်ထပ် ခွဲစိတ်ခန်းအတွင်းသို့ ပြေး၍ဆင်းသွားသည်။

ခွဲစိတ်ခန်းအတွင်း၌ ဦးစွာရောက်ရှိနေသည့် "ဇသုန်" ကို လှမ်းမြင်လိုက်ရသည်။

ဇသုန်ကို မြင်လိုက်ရသဖြင့် စင်ရန်နိုင် စိတ်သက် သာရာရသွားသည်။

ဇသုန်သည် လူသစ်၏ ခန္ဓာကိုယ်ပေါ်၌ ငုံ့၍စိုက်ကြည့်နေသည်။

ခြေသံကြောင့်ဇသုန် လှည့်ကြည့်သည်။

စင်ရန်နိုင်ကိုတွေ့လိုက်၍ ခေါင်းတစ်ချက်ဆတ်ပြသည်။

"အခု ..နာရီပေါင်း ခုနစ်ဆယ်ကျော်တဲ့အထိ လူသစ်က အသိပြန်ဝင် မလာသေးဘူး။ ဘာဖြစ်လို့ ဒီလောက် အထိ အချိန်ကြာကြာ အိပ်ပျော်နေရသလဲဆိုတာ ကျွန်တော် တော့ စဉ်းစားလို့ မရနိုင်အောင်ဖြစ်နေတယ်"

"လူသစ်ရဲ့ဦးနှောက် ပျက်စီးစပြုနေပြီလို့ ခင်ဗျား က ပြောချင်တာလား"

"ဖြစ်နိုင်တယ် ...စင်။ ဒေါက်တာအာကာဟာ လူသစ်ရဲ့ ဦးနှောက်နဲ့ပတ်သက်ပြီး စစ်ဆေးနေချိန်မှာပဲ အသတ်ခံလိုက်ရတယ်။ ကွန်ပျူတာစက် (ပရင်တာ)ထဲက ထွက်လာတဲ့ ဦးနှောက် အခြေအနေပြ သင်္ကေတတွေကို ကျွန်တော်တို့ မဖတ်တတ်တာ အတော်ဆိုးတယ်"

ခွဲစိတ်စားပွဲပေါ်၌ လူသစ်သည် ငြိမ်သက်စွာပင် အိပ်ပျော်လျက်ရှိနေသည်။ ဦးနှောက်ခွဲစိတ် အစားထိုးထားသဖြင့် ဦးခေါင်းကို ရိတ်ထားသည်။ ပတ်တီးအထပ်ထပ်ဖြင့် ဦးခေါင်းကို ရစ်ပတ်ထားသည်။ သို့သော် လူသစ်၏ချောမောပြေပြစ်သော မျက်နှာသွင်ပြင်က



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားစွာပေါ်လွင်၍နေသည်။

တစ်ချိန်သောအခါက ထိုလူရွယ်သည် မည်ကဲ့သို့ သော အခြေအနေမျိုးဖြင့် နေထိုင်ခဲ့လေသနည်းဟု စစ်ရန်နိုင် တွေးလိုက်မိသည်။

စစ်ရန်နိုင်သည် ခွဲစိတ်စားပွဲပေါ်မှ လူသစ်၏ လက် ချောင်းများကိုထိတွေ့လိုက်သောအခါ၌ အံ့အားသင့်သွားရသည်။ လူသစ်၏ လက်ချောင်းများမှ နွေးထွေးသော အထိအတွေ့ကို သူ ခံစားလိုက်မိ သည်။

စစ်ရန်နိုင်က စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

"သူ တကယ်ပဲ ..အသက်ရှင်နေတယ်"

ဗသုန်က -

"သူ့ရဲ့လှုပ်ရှားမှုတွေကို ခင်ဗျား သတိမပြုမိဘူးလား"

"ခင်ဗျားအနေနဲ့ ဒီနေရာမှာ ဘာတွေလုပ်ခဲ့သလဲ ဆိုတာ ပြန်ပြီး စဉ်းစားကြည့်မိရဲ့လား ..ကိုဗသုန်"

"ကျွန်တော့်ကို ဒေါက်တာစံသာမြတ်က ငွေဘယ်လော ပေးထားတယ်ဆိုတာကိုပဲ စဉ်းစားနေမိတယ်။ နောက်တစ် ရပ်သံအဖွဲ့တွေရောက်လာလို့ မေးကြမြန်း ကြရင် ဘယ် ပြန်ပြောရမယ်ဆိုတာကိုပါ ကြိုပြီးတွေးနေမိတယ်"

"မဟုတ်ပါဘူး ..ကျွန်တော် ပြောချင်တာက လူ တ ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာပိုင်းနဲ့ ပတ်သက်ပြီး၊ ခင်ဗျား ဘာ စဉ်းစားထားမိသလဲဆိုတာကို မေးနေတာ"

ဗသုန်က ...

"လူသစ် သတိရလာရင် သူ့ရဲ့ဆုံးရှုံးသွားခဲ့တဲ့ အ တွေနဲ့ပတ်သက်ပြီး လူတွေကို ထုတ်ပြောမယ်လို့ ခင်ဗျားက ယူဆ





တာလား"

"ဒါလည်း မဟုတ်သေးဘူး။ ကျွန်တော် မေးတာက လူတစ်ယောက်ရဲ့ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာကိစ္စကိုပြောနေတာ"

"ဗသုန်" က အလေးအနက်မထားသော လေသံဖြင့် ပြန်ပြောလိုက်သည်။

"ခင်ဗျား မေးတာကို ပြန်ဖြေရရင်တော့၊ ကျွန်တော် ဟာ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာနဲ့ ပတ်သက်လာ၍ မပြည့် သေးတဲ့ လူတစ်ယောက်လို့ပဲ ဝန်ခံရလိမ့်မယ်"

ထိုအချိန်မှာပင် -

ခွဲစိတ်ခန်း၏နောက်ဘက်တံခါးချပ်ကျယ်လောင်စွာမြည်၍ ပွင့်ထွက်သွားသည်။

သူတို့နှစ်ဦး၏စကားရပ်တန့်သွားသည်။

ခွဲစိတ်ခန်းအတွင်းသို့ "ထက်ခေါင်" ကမူးရှူးထိုး ပြေး ဝင်လာသည်။

သူ၏ မျက်လုံးအစုံမှာ ထိတ်လန့်တုန်လှုပ်မှုကြောင့် ဝိုင်းစက်ပြူးကျယ်လျက်ရှိနေသည်။

"စစ် ..မြန်မြန် ...အမြန်လာကြပါ။ ဟို ..ဟို ဆက်မော်က ကျွန်တော့်ကို အလစ်မှာ ထိုးကြိတ်ပြီး ထွက်ပြေးသွားပြီ"

ထက်ခေါင်၏ နောက်သို့ စစ်ရန်နိုင်နှင့် ဗသုန်တို့ ပြေးလွှားလိုက်ပါသွားကြသည်။

စစ်ရန်နိုင်က နောက်မှပြေး၍လိုက်ရင်းမေးသည်။

"ဘယ်လိုဖြစ်ရတာလဲဆိုတာ ပြောစမ်းပါဦး"

ထက်ခေါင်က အသက်ကို ခပ်ပြင်းပြင်းရှူရင်းမှ -

"ကျွန်တော် သူ့ဆီကို ထမင်းသွားပို့တယ်၊ သူက



www.burmeseclassic.com

www.burmeseclassic.com



တံခါးရွက်နောက် ချောင်ထဲမှာ အသာပုန်းနေတယ်။ ကျွန်တော်က တံခါးကို ဖွင့်လိုက်တော့ သူက အခွင့်ကောင်း ယူပြီးအလစ်မှာ ကျွန်တော့်ကိုထိုးကြိတ်ပြီး ထွက်ပြေးသွားတယ်"

"အခု ..သူ ဘယ်ကိုပြေးတာလဲ"

"ဒါ ... မသိဘူး။ ကျွန်တော်တို့ လိုက်ရှာကြည့်ကြမှဖြစ်မယ်"

မြေညီထပ်သို့ရောက်လျှင် -

ဒေါက်တာစံသာမြတ်၊ နွယ်နီချိုတို့နှင့် ဆုံမိသည်။

ဒေါက်တာစံသာမြတ် အံကိုတင်းတင်းကြိတ်လိုက်သည်။

သော့ခတ်ထားသည့် သံမဏိဗီရိုးများထဲမှ တစ်ခုဆီ သို့ ဒေါက်တာစံသာမြတ် ခပ်သွက်သွက်လျှောက်သွားသည်။

သံမဏိ ဗီရိုတံခါးကိုဖွင့်သည်။

"ဒီလူက တော်တော်အန္တရာယ်ပေးတဲ့ လူပဲ။ သူ့ အတွက် လေဆာရောင်ခြည်သေနတ်ထုတ်သုံးမှဖြစ်မယ်"

စံရှန်နိုင်က ဟန့်တားလိုက်သည်။

"လေဆာသေနတ် မသုံးပါနဲ့ ဒေါက်တာ။ ငါးမန်းနှင်တုတ်တံကိုပဲ သုံးပါ"

ဒေါက်တာစံသာမြတ် ဘာမျှဆက်မပြောတော့။

ဗီရိုထဲမှ ငါးမန်းနှင်တုတ်တံများကိုသာ ဆွဲထုတ်ယူလိုက်သည်။

ထို့နောက် -

ဆက်မော် ထွက်ပြေးနိုင်မည့် နေရာဖြစ်သော ပင်လယ်ကမ်းခြေသို့ဦးတည်၍ပြေးလွှားလိုက်ပါသွားကြလေတော့သည်။





စိမ်းမြသော သစ်တောအုပ်တစ်ခုကို ဖြတ်ကျော် ပြေးလွှားလာခဲ့ကြသည်။

ထိုအချိန်၌ -

မော်တော်ဘုတ်၏အင်ဂျင်စက်သံကိုကြားလိုက်ရသည်။

ကမ်းခြေမှ ပေနှစ်ဆယ်ကျော်ကျော် ကွာလှမ်းသော ပင်လယ်ပြင်ပေါ်၌ မော်တော်ဘုတ်ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။ ဆက်မော်သည်မော်တော်ဘုတ်ကိုစက်နှိုး၍ပြီးနေပေပြီ...။

ဒေါက်တာစံသာမြတ်က အသံကုန် ဟစ်အော်လိုက်သည်။

"ဟေ့ကောင်...ဆက်မော်။ ပြန်လာခဲ့"

ဆက်မော်က နောက်ဘက်သို့ပြန်လှည့်ကြည့်သည်။

သရော်လှောင်ပြောင်သော အမူအရာဖြင့် လက်ကိုဝှေ့ယမ်းပြသည်။

ချက်ခြင်းပင် မော်တော်အင်ဂျင်စက်ကို အရှိန်မြှင့် ၍ ကမ်းခြေမှ မောင်းထွက်သွားသည်။

မော်တော်ဘုတ်မှာ ကမ်းခြေမှာ တဖြည်းဖြည်း ဝေးကွာ၍ သွားသည်။

ကျွန်း၏ထောင့်ချိုးကွေ့ တစ်ခုအတွင်းသို့ မော်တော်ဘုတ်ကွေ့ဝင်၍ပျောက်ကွယ်သွားသည်။

ဒေါက်တာစံသာမြတ်က -

"သူ့ဆီမှာ မှတ်တမ်းဖိုင်တွဲတွေ စာရွက်စာတမ်းတွေပါမသွားတာကိုပဲ ကျေးဇူးတင်ရတော့မယ်"

စံရှန်နိုင်က ခေါင်းခါယမ်းလိုက်ပြီး -

"ကဲ..ကျွန်တော်တို့ပြန်ကြရအောင်"

သူတို့လူစု သဲသောင်ပြင်အတိုင်း လမ်းလျှောက်၍ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

စစ်ရန်နိုင်က -

"ဆက်မော်က ခင်ဗျားရဲ့မော်တော်နဲ့ အကျွမ်းတဝင် ရင်းရင်းနှီးနှီးရှိပုံရတယ်"

"သူက ဒီမော်တော်ဘုတ်ကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနိုင်နေပြီလေ။ လွန်ခဲ့တဲ့ သုံးလေးလကတည်းက ဒီကျွန်း ပေါ်ကိုသူ ရောက်လာတယ်။ အဲဒီအချိန်ကတည်းက သူက မော်တော်ဘုတ် မောင်းတာကို လေ့ကျင့်ထားခဲ့တာ"

နွယ်နီချိုက ပင်လယ်ပြင်ဘက်သို့ လှမ်းမျှော်ကြည့် ပြီး ဝမ်းနည်းသံဖြင့် ပြောလိုက်သည်။

"ကျွန်မတို့ကို ထားရစ်ခဲ့ပြီး သူက မော်တော်ဘုတ် နဲ့ ထွက်ပြေးသွားပြီလေ"

"ငါတို့ရဲ့ "လူသစ်" အတွက်ရော၊ မင်းအနေနဲ့ ထည့် ပြီး မစဉ်းစားတော့ဘူးလား"

နွယ်နီချိုက လေသံခပ်ဆတ်ဆတ်ဖြင့် -

"ကျွန်မ နားလည်ပါတယ်။ ဒေါက်တာ့ရဲ့ လူသစ် သတိရလာတဲ့အချိန် ကျွန်မနဲ့ စကားပြောနိုင်တဲ့အချိန်မှာ ဒေါက်တာ့ရဲ့ လူနာ "လူသား" အသစ်တစ်ယောက်လို့ သဘောထားပေးပါ့မယ်"

ဇသုန်က ရယ်မောလျက် -

"သူ မင်းနဲ့လာပြီး စကားပြောရင်တော့ သတိထား နော် မင်းကို အရင် ရည်းစားစကားပြောမှာ သေချာတယ်။ ဒီကောင် နာမည်ကို တကျော့ရှူး မိစ္ဆာ တစ္ဆေကောင်ကြီးလို့ နာမည်အသ တပ်ပေးရမယ်"

ဒေါက်တာစံသာမြတ် အကြီးအကျယ် ဒေါသထွက် သွာ





သည်။

"ဇသုန် ..ခင်ဗျားစကားပြောတာ ဆင်ခြင်ပါ။ သူဟာ ခင်ဗျားပြောသလို မိစ္ဆာ တစ္ဆေကောင်ကြီး မဟုတ် ပါဘူး။ သာမန် လူသားတစ်ယောက်ပါ။ ဒီအချက်ကို ခင်ဗျားတို့နားလည်သင့်ပါတယ်။ ကျုပ်တို့အားလုံး ဒီမှာ စုပြီး ရောက်နေတာဟာ ခင်ဗျားပြောတဲ့ မိစ္ဆာ တစ္ဆေကောင်ကြီး တစ်ကောင် ဖန်တီးမွေးဖွားပေးဖို့ မဟုတ်ရပါဘူး။ ဒေါက်တာ အာကာပြောလေ့ရှိတဲ့ တစ္ဆေရဲ့ဝိုက်ဆိုတာမျိုးလည်း ဒီနေရာမှာ မရှိပါဘူး"

ဇသုန်က သူ၏စကားကို ပြန်၍ လျှော့ချလိုက်သည်။

"ကျွန်တော်က သက်သက်နောက်နေတာပါ...ဒေါက်တာ"

ဒေါက်တာထက်ခေါင်က စိတ်ပူစွာပြောသည်။

"ခင်ဗျားတို့ကိစ္စတွေ အသာထားလိုက်ကြဦး။ ကျွန်တော်တို့ အားလုံး ဒီကျွန်းကနေ လွတ်မြောက်ဖို့အတွက် က မော်တော်ဘုတ် တစ်စီးပဲရှိတယ်။ အဲဒီ တစ်စီးကို ဆက်မော်က လုယူပြေးပြီ။ အခု မော်တော်မရှိတော့ဘူး ဆိုတော့ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက် မရှိတော့ဘူးပေါ့။ ဇဟိုကုန်းမြေနဲ့လည်း အဆက်အသွယ်ပြတ်သွားပြီ။ ကျွန်တော်တို့ အခု ဘာဆက်လုပ်ကြမလဲ"

"လုပ်နိုင်တဲ့ နည်းလမ်းရှိပါသေးတယ်။ ဒီကျွန်းပေါ် ကနေ မီးပုံကြီးတစ်ပုံဖြစ်အောင် မီးရှို့ထားလိုက်ရင် ဇဟို ကုန်းမြေပေါ်ကနေ လှမ်းမြင်ပြီး ချက်ခြင်းရောက်လာကြမှာသေချာတယ်"

နွယ်နီချိုက အားတက်စွာဖြင့် -

"ဒါဆို ..ကျွန်မတို့ အခုပဲ မီးပုံကြီးဖိုပြီး ရှို့လိုက် ကြရအောင်လေ..။ ဘာကိုစောင့်နေစရာကျန်သေးလို့လဲ"

ဒေါက်တာစံသာမြတ်က မျက်နှာတစ်ချက်ပင့်၍ ... ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီး…

"ကျုပ်ရဲ့ "လူသစ်" သတိရလာမယ့် အချိန်ကိုစောင့်နေတာပါပဲ"

"ကျွန်မတို့အားလုံး တရားခံမပေါ်ပဲနဲ့ တစ်ယောက် ပြီး တစ်ယောက် အသတ်ခံကြရဖို့ ဒီကိုရောက်နေကြတာ မဟုတ်ဘူး ဆိုတာ ဒေါက်တာ သတိရစမ်းပါဦး။ ကဲပါ..ဒေါက်တာ ထင်းချောင်းတွေ မှုံပြီး မီးရှို့ပါ"

"သူ့အချိန်သူကျမှ လုပ်ကြတာပေါ့"

သူမက မချင့်မရဲလေသံဖြင့် –

"အဲဒီအချိန်မရောက်ခင်မှာ ကျွန်မတို့က ဘယ်လိုလုပ်နေပြီး စောင့်နေရဦးမှာလဲ"

"အခုအချိန်မှာတော့ မီးဖိုဆောင်ဝင်ပြီး ကိုယ်စားချင်ရာကို ကိုယ့်ဘာသာကိုယ်ပဲ စိတ်ကြိုက်ရွေးချယ်စားကြပါ"

× × ×

ညနေခင်းဆည်းဆာအချိန်သည် လျင်မြန်စွာကျရောက်လာသည်။

နေ့တာတိုလွန်းလှသော ရာသီဥတုဖြစ်သည်။

ဆတ်သွားဖူးကျွန်းပေါ်၌ အမှောင်ထုက လွှမ်းခြုံ၍လာသည်။

အဆောက်အအုံကြီး၏ ရှေ့ဘက်တံခါးမမှ နွယ်နီ ချိုထွက်လာသည်။

ပင်လယ်ကမ်းစပ်တစ်နေရာ၌ ရပ်၍ ငေးမောကြည့်ရှုနေသော စစ်ရန်နိုင်အနီးသို့ သူမတစ်လှမ်းခြင်း လျှောက်လာသည်။

နှစ်ဦးသား စကားမပြောဖြစ်ပဲ ဆက်၍လျှောက်လာ ကြ





သည်။

ငွေစန္ဒာလမင်း၏ အလင်းရောင်သည် တဖြည်း ဖြည်း မြင့်တက်လာနေပေသည်။ သဲသောင်ပြင်ပေါ်၌ ငွေရောင်တဖိတ် ဖိတ် တောက်ပ၍လာသည်။

နွယ်နီချိုက ပင်လယ်ပြင်ကို ငေးမော၍ကြည့်ရင်းမှ

"အင်း…လူတွေဟာ သေသွားပြီးတဲ့နောက်ပိုင်းမှာတောင် သူတို့ရဲ့ခန္ဓာကိုယ်တွေကို အေးဖွဲ့လွန်းနည်းစနစ်နဲ့ ဘာဖြစ်လို့ဆက်ပြီး အေးခဲနေစေချင်ရတာလဲ မသိဘူး။ ကျွန်မတော့ စဉ်းစားလို့မရနိုင်ဘူး။ သူတို့နေခဲ့ရတဲ့ ဘဝတစ်လျှောက်လုံးမှာ ကျေနပ်ပြည့်စုံမှုတွေ မရှိဘူးလို့များ ထင်နေကြသလား မသိဘူး"

"ကိုယ်နေခဲ့တဲ့ ဘဝသက်တမ်းဟာ လုံလောက်ပြည့်စုံ မှု မရှိဘူး။ တိုတောင်းလှတယ်လို့ ယူဆထားတဲ့သူတွေကတော့ အများကြီးပါ။ သူတို့သေဆုံးသွားပြီးတဲ့ နောက်ပိုင်းမှာ အေးခဲလိုက်လို့ရှိရင် ဘာတွေဆက်ဖြစ်လာမလဲဆိုတာကိုပါ သိချင်ကြတယ်။ ဒါဟာလည်း လူတွေရဲ့သဘာဝပါပဲ"

နွယ်နီချို၏ မျက်နှာပြင်ပေါ်၌ ငွေလရောင်က ဖျန်းပက်၍ထားသည်။

သူမ၏ မျက်နှာကလေးမှာ လရောင်အောက်၌ တင့်တယ်လှပ၍နေသည်။ လေပြည်နုနုထဲ၌ ဆံနွယ်တို့လွင့်မျော၍နေကြသည်။

ကောင်းကင်ပြင်၌ ငွေကြယ်ပွင့်များ တောက်ပ စွာ လင်းလက်နေကြသည်။

စစ်ရန်နိုင်သည် သူ၏ရှေ့တည့်တည့်ရှိ ပင်လယ်ရေပြင်သို့ စူးစူးစိုက်စိုက် ကြည့်နေမိသည်။

ရေပြင်ပေါ်၌ ပေါ်လောမျောနေသော အရာတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်က လက်ညှိုးထိုးပြ၍ -

"နွယ်နီချို…ဟိုရှေ့က ပေါလောမျောနေတာကိုမင်းမြင်တယ် မဟုတ်လား။ အဲဒါဘာဖြစ်လိမ့်မယ်လို့ထင်သလဲ"

သူမက သေချာစွာ စူးစိုက်ကြည့်ရင်းမှ -

"ဟုတ်တယ် …စဝ်။ တစ်ခုခုပဲ ..နေဦး … မော်တော်ဘုတ် တစ်စီးမျောနေတယ်လို့ထင်တယ် ..စဝ်"

"မော်တော်ဘုတ်ဆိုရင်တော့ဒီကျွန်းပေါ်ကိုလူတစ်ယောက် ရောက်လာပြီဆိုတဲ့သင်္ကေတပဲ"

နှစ်ဦးသား ကမ်းစပ်သို့ပြေးထွက်သွားကြသည်။

မော်တော်ဘုတ်မှာ ရေထဲ၌ မျော၍နေ၏။ ကမ်းစပ် နှင့် ပေနှစ်ဆယ်ကျော်ကျော် အကွာသို့ ရောက်သွားစဉ်မှာ ပင် လှိုင်း ပုတ်သဖြင့် မော်တော်ဘုတ်မှာ ရေနက်ပိုင်းသို့ ဦးလည်၍ ပြန်လည် မျောပါသွားသည်။

"ဩ…ဆက်မော်ယူပြီး ထွက်ပြေးသွားတဲ့မော်တော်ဘုတ်ပဲနဲ့ တူတယ်"

"ဟုတ်တယ် ..ဆက်မော်လုယူပြီး ထွက်ပြေးသွား တဲ့ မော်တော်ဘုတ်ပဲ။ မင်း…နောက်ဆုတ်နေတော့နွယ်နီချို.."

စဝ်ရန်နိုင်သည် မော်တော်ဘုတ်ဆီသို့ ရေထဲမှပင် ချဉ်းကပ်သွားသည်။

လှိုင်းများပုတ်ခတ်နေမှုကြောင့် မော်တော်ဘုတ်မှာ ရေပြင် ပေါ်၌ လူးလှိမ့်၍နေသည်။ စဝ်ရန်နိုင်က မော်တော် ဘုတ်ကို လက်နှစ် ဘက်ဖြင့် ဆုပ်ကိုင်၍ ထိန်းလိုက်သည်။ ထို့နောက် မော်တော်ဘုတ် အတွင်းပိုင်းသို့ လှမ်းကြည့်လိုက်သည်။

ကမ်းစပ်၌ရပ်နေသော နွယ်နီချိုက အလောတကြီး





လှမ်းမေးသည်။

"အထဲမှာ ဘာတွေ့ရသလဲ ..စဝ်"

စဝ်ရန်နိုင်က မော်တော်ဘုတ် ဝမ်းဗိုက်အတွင်းပိုင်း သို့ သေချာစွာ စူးစိုက်၍ကြည့်နေသည်။

လ,ရောင် ခပ်မှုန်မှုန်အောက်၌ -

အရာဝတ္ထုတစ်ခု၏ ပုံသဏ္ဍာန်ကို ခပ်ဝါးဝါးမြင် တွေ့လာရ သည်။

ထိုအရာမှာ -

ပုံပျက်ပန်းပျက်ဖြင့် သေဆုံးနေသော လူတစ်ဦး၏ အ လောင်း။

ဆက်မော်၏အလောင်းဖြစ်နေပေသည်။

သူ၏လည်ပင်း၌ကြီးမားလှသော ဒဏ်ရာတစ်ချက်ရှိနေပြီး ဦးခေါင်းနှင့် ခန္ဓာကိုယ်မှာ တွယ်ဆက်နေရုံမျှသာ ရှိတော့သည်။

ဆတ်သွားဖူးကျွန်းပေါ်၌ နောက်ထပ် တစ္ဆေတစ် ကောင် တိုးလာပြန်ချေပြီ။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

မော်တော်ဘုတ်၏ကြမ်းခင်းပျဉ်ချပ်ပေါ်၌ -

နီစွေးသည့်သွေးများပေကျံနေသည်။ ပုဆိန်တစ်လက်ကျ နေသည်ကိုတွေ့လိုက်ရသည်။ မော်တော်ဘုတ်အတွင်းမှလူကိုကြည့် လိုက်ပြီး -

"ဟင်..ဒါဆက်မော်ပါလား"

စဝ်ရန်နိုင်သည် ပုဆိန်ကိုသေချာစွာ သတိထား၍ကောက် ယူလိုက်သည်။

နွယ်နီချိုက တုန်လှုပ်ချောက်ချားသော လေသံဖြင့် မေး သည်။

"စဝ်...သူ...သေသွားပြီလား..ဟင်"





"ဟုတ်တယ် ..ပုဆိန်ချက်နဲ့ သေသွားရတာ။ ဒီ ပုဆိန်က ဘယ်ကနေ ဘယ်လိုရောက်လာရတာလဲ"

"အိမ်ကြီးရဲ့နောက်ဘက်ခြမ်းမှာ လက်သမားသုံး ပစ္စည်း ကရိယာတွေ ထည့်ထားတဲ့ စတိုခန်းတစ်ခန်းရှိတယ်။ အဲဒီအခန်းထဲ ကနေ ယူသွားတာပဲဖြစ်မယ်"

"အိမ်ကြီးဘက်ကို သွားကြမှဖြစ်မယ်။ ကိုယ်ပါမင်းနဲ့အတူ လိုက်ခဲ့မယ်"

နွယ်နီချိုသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် စဝ်ရန်နိုင် ၏သေးမှလိုက်ပါလာခဲ့သည်။

အိမ်ထဲသို့ရောက်လျှင် -

ပုဆိန်ကိုမီးဖိုဆောင်အတွင်း၌ ထည့်ထားလိုက်သည်။

ထို့နောက် ဧည့်ခန်းအတွင်းသို့ဝင်လာခဲ့သည်။

ဤကျွန်းပေါ်၌ လူမည်မျှလျော့နည်းသွားရပြီကို ထပ်မတွေး ချင်တော့။

ကျန်ရှိသူများစာရင်းကိုသာ တွက်ကြည့်မိသည်။

ထက်ခေါင်

ဇသုန်

ဒေါက်တာစံသာမြတ်

နွယ်နီချိုနှင့်စဝ်ရန်နိုင်တို့သာ ကျန်ရစ်တော့သည်။

ဧည့်ခန်းအတွင်း၌ -

ဒေါက်တာစံသာမြတ်၊ ထက်ခေါင်နှင့်ဇသုန်တို့ရုပ်သံစက်၏ ရှေ့၌ရှိနေကြသည်။

စဝ်ရန်နိုင်ကိုမြင်လိုက်ရလျှင် ဒေါက်တာစံသာမြတ် က လှမ်း၍မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေထူးလာလို့လဲ...စဝ်"

"ဆက်မော်ကျွန်းကိုပြန်ရောက်လာပြီဒေါက်တာ"

ဒေါက်တာစံသာမြတ်စိတ်လှုပ်ရှားစွာထ.၍ရပ်သည်။

"ဟုတ်လား..စဝ်၊ သူအခု ဘယ်မှာလဲ"

"ကျွန်းရဲ့အရှေ့ဘက်ခြမ်းမှာပါ။ လူပဲပြန်ရောက် လာတာ၊ အသက်တော့ ပြန်ပါမလာဘူး။ သူ့ရဲ့ခေါင်းနဲ့ကိုယ် တစ်ခြားစီဖြစ်အောင် လူသတ်သမားက ကြိုးစားခဲ့ပုံရတယ်။ ပြီးတော့ သူ့ကို မော်တော်ဘုတ်ဝမ်းဗိုက်ထဲမှာ ထည့်ထားခဲ့တယ်"

ထက်ခေါင်၏မျက်လုံးများပြူးကျယ်၍သွားသည်။

လက်ထဲ၌ကိုင်ထားသော စာစောင်မှာ ကြမ်းပြင် ပေါ်သို့ လွတ်ကျသွားသည်။

ဇသုန်ပင်လျှင် မျက်စိမျက်နာ ပျက်သွားပြီး

"ဘုရား...ဘုရား"

ဇသုန် ထိုင်ရာမှ ထ.၍ရပ်လိုက်သည်။

"ကျွန်တော်တို့ လူသတ်သမားကို လိုက်မြီးရှာကြရအောင်။ ဒီတစ်ကြိမ်တော့ မိအောင်ဖမ်းမှဖြစ်မယ်"

ဇသုန်က ရှေ့မှဦးဆောင်၍အဆောက်အအုံအပြင် ဘက်သို့ ပြေးထွက်သွားသည်။

သူ၏နောက်မှကျန်လူများ ပြေးလွှားလိုက်ပါသွားကြသည်။

ကမ်းခြေသို့ရောက်လျှင် -

မော်တော်ဘုတ်ကိုဝိုင်း၍ဆွဲတင်လိုက်ကြသည်။

ဆက်မော်၏ အလောင်းကိုဝိုင်းဝန်းကြည့်ရှု စစ်ဆေးကြသည်။

ဇသုန်က အလျှူမီနီယမ်နင့်ပိုလီသရင်းရောစပ်၍ ချုပ်ထား





သော အေးခဲခံအိတ်တစ်လုံးကိုပြန်၍ယူလာသည်။

ထို့နောက် ဆက်မော်၏ အလောင်းကို အိတ်ထဲသို့ ထည့်သည်။

ဒေါက်တာစံသာမြတ်က -

"ကဲ ..ဆက်မော်အလောင်းကို အိမ်ကြီးထဲ ပြန် သယ်သွားကြတာပေါ့။ ပြီးတော့မှ အေးခဲလွန်ခေါင်းတလား ထဲမှာပဲ ထည့်ထားလိုက်ကြတာပေါ့"

နွယ်နီချိုက သူမ၏သိလိုစိတ်ကို ဖွင့်ဟ၍မေးသည်။

"ဒီလို ပုံစံမျိုးတွေသာ ဆက်ဖြစ်နေခဲ့ရင်တော့ ကျွန်မတို့ အဖွဲ့သားတွေထဲက နောက်ဆုံး အသတ်ခံရမယ့်လူ ရဲ့အလောင်းကို အေးခဲလွန်ခေါင်းတလားထဲ ဘယ်သူက လာပြီး ထည့်ပေးနိုင်မှာလဲ"

ထက်ခေါင်က ပခုံးတစ်ချက်တွန့်၍ လွယ်ကူစွာပင်အဖြေပေးလိုက်သည်။

"ဒီအတွက်တော့ ဘာမှပူပင်မနေပါနဲ့။ လူသတ်မှု တွေကို တစ်ခုပြီးတစ်ခု ဆက်တိုက်ကျူးလွန်နေတဲ့ လူသတ် သမားက အေးခဲလွန်ခေါင်းတလားထဲ ထည့်ထားပေးမှာပေါ့"

နွယ်နီချို၏မျက်နှာကလေးဖြူဖွေး၍ တဆတ် ဆတ်တုန်ခါသွားပေသည်။

× × ×

ဧည့်ခန်းဆောင်အတွင်းသို့ ပြန်ရောက်လာကြလျှင် စဝ်ရန်နိုင်က စ.၍ပြောသည်။

"ဒီကျွန်းပေါ်ကနေ မော်တော်ဘုတ်နဲ့ ဆက်မော် ထွက်ပြေးသွားခဲ့တယ်။ အဲဒီနောက်ပိုင်းမှာ ကျွန်းပေါ်မှာ ကျွန်တော်တို့ အဖွဲ့သားတွေကျန်ရစ်ခဲ့ကြတယ်။ ဘယ်သူက ဘယ်နေရာမှာ ရှိနေပြီး



www.burmeseclassic.com

www.burmeseclassic.com



တာတွေလုပ်နေကြတယ်ဆိုတာ ပြောပြကြပါ"

ပထမဦးဆုံး ပြောသူမှာ ထက်ခေါင်ဖြစ်သည်။

"ညစာ စားပြီးချိန်မှာ ကျွန်တော်က "လူသစ်" ကို ကြည့်ဖို့အတွက် ခွဲစိတ်ခန်းထဲကိုဆင်းလာခဲ့တယ်"

"လူသစ်က အဲဒီအချိန်မှာ ခွဲစိတ်စားပွဲပေါ်မှာ ရှိနေ လား"

"ရှိနေပါတယ်"

"ထိန်းကြိုးခါးပတ် ချည်ထားလျက်ပဲပေါ့"

"ထိန်းကြိုးခါးပတ် သိပ်မတင်းလို့ ကျွန်တော်ပြန်ပြင် ပြီး ချည်ပေးလိုက်ပါတယ်။ ဒါပေမယ့်ကျွန်တော်သေချာ ပေါက်အာမခံပြီး ပြောရဲတာကတော့ အခုကိစ္စမှာ လူသစ် နဲ့ လုံးဝမပတ်သက်ဘူးလို့ ပြောနိုင်ပါတယ်"

"ကောင်းပြီး ဒေါက်တာ စံသာမြတ်ကကော"

"အင်း ...ကျုပ်ကတော့ ညှော့ခန်းထဲမှာပဲ တစ်ချိန် လုံးရှိနေခဲ့တာပဲ"

"ခင်ဗျား တစ်ယောက်တည်းလား"

"ညစာစာပြီးတဲ့အချိန် ပန်းကန်ပြားတွေကို မီးဖို ဆောင်ထဲသွားပို့တဲ့အချိန်ကလွဲပြီး ဒီညှော့ခန်းထဲမှာပဲ ကျုပ် ရှိနေပါတယ်"

"ကိုဗသုန် ...ခင်ဗျားကကော"

"ကျွန်တော်က နွယ်နီချိုကို လိုက်ရှာနေတာပါ။ သူ ခင်ဗျားနဲ့ အတူ အပြင်ထွက်သွားတာ၊ ကျွန်တော် မမြင်လိုက် မိဘူး။ ကျန်အချိန်တွေမှာတော့ အပေါ်ထပ်က ကျွန်တော့် အခန်းထဲမှာပဲ ရှိနေပါတယ်"

ဒေါက်တာစံသာမြတ် မျက်မှောင်ကြုတ်၍နေသည်။

အခြေအနေက ထင်သည်ထက်ပင် ပို၍ ရှုပ်ထွေး နေပေသည်။





စဝ်ရန်နိုင်က လေးနက်စွာ ပြောလိုက်သည်။

"ကျွန်တော် စဉ်းစားလို့ မရနိုင်တဲ့အချက်တစ် ချက်ရှိတယ်။ ဆက်မော်ဟာ ဒီနေရာကို ဘာဖြစ်လို့ ပြန်လာ တာလဲ။ အသတ်ခံရဖို့အတွက် သူပြန်လာခဲ့သလို ဖြစ်နေ တယ်။ သူ့ဘာသာ လွတ်လွတ် လပ်လပ် ထွက်သွားနိုင်ပြီပဲ"

ထက်ခေါင်က သူ၏ယူဆချက်ကိုပြောသည်။

"အော်ပရေးရှင်းနဲ့ ပတ်သက်တဲ့ဖိုင်တွဲတွေ၊ တိပ်တွေ၊ ဖလင်တွေ၊ လျှို့ဝှက်ဖိုင်တွဲတွေပြန်လိုချင်လို့တိတ်တိတ်ကလေးပြန်လာတာပဲ ဖြစ်မှာပေါ့။ ဒီပစ္စည်းတွေဟာ ဆက်မော်အတွက် အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုး ကြီးမားလွန်းနေလို့ သူ ဒီပစ္စည်းတွေကို ပြန်လာယူတာပဲဖြစ်ရမယ်"

စဝ်ရန်နိုင်က တစ်ဦးစီကို အကဲခတ်ကြည့်လိုက်ပြီးမှ -

"အခုကိစ္စမှာ ဆက်မော်ဟာ ကျွန်းပေါ်ကနေ မော်တော်ဘုတ်နဲ့ ထွက်ပြေးသွားတယ်။ ပြီးတော့ ဒီကျွန်း ပေါ်ကို နောက်တစ်ခေါက် သူပြန်လာဦးမယ်ဆိုတာနဲ့ ဘယ် အချိန် ဘယ်နေရာမှာ မော်တော်ဘုတ် ပြန်ဆိုက်လာမယ်ဆို တာကို လူသတ်သမားက ဘယ်လိုနည်းနဲ့ကြိုပြီးသိနေရတာလဲ"

ဗသုန်က သူ၏ထင်မြင်ချက်ကိုပြောသည်။

"ဒါက သိပ်မခက်ပါဘူး။ ဆက်မော်က လူသတ် သမားရဲ့ ရှေ့ကိုမမျှော်လင့်ပဲနဲ့ရောက်သွားပြီး ထိပ်တိုက် ရင်ဆိုင်တိုးမိတာမျိုးပဲ ဖြစ်လိမ့်မယ်"

စဝ်ရန်နိုင်က ဖြည်းလေးစွာ ခေါင်းခါလိုက်သည်။

"တိုက်ဆိုင်မှုဆိုတဲ့ စကားလုံးကို ကျွန်တော်လုံးဝ လက်မခံနိုင်ဘူး။ ဒီကျွန်းပေါ်မှာ အသတ်ခံခဲ့ကြရတာ ဒေါ်သဇ္ဇာအပါအဝင်



www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်းငါးယောက်တိတိ ရှိသွားပြီ။ ဒါပေမယ့် သဲလွန်စ တစ်ခုမှ ရှာလို့မတွေ့ကြရသေးဘူး။ လူသတ်သမားဟာ ကျွန်းပေါ်မှာနေရာအနှံ့ လျှောက်သွား နေပြီး အခွင့်အရေးရတာနဲ့ လူသတ်နေတယ်ဆိုတဲ့ ယူဆချက်ကိုလည်း လုံးဝ လက်မခံနိုင်ဘူး"

ဒေါက်တာစံသာမြတ်က ထိုင်ခုံပေါ်၌ ကိုယ်ကို မှီ၍ ထိုင်လိုက်ပြီး -

"အောက်လမ်းပညာတွေအရဆိုရင်တော့ မကောင်းဆိုးရွား အမှောင့်ပယောဂတွေ ပူးကပ်ဝင်များလားမပြော တတ်ဘူး။ အောက် ထပ်မှာရှိနေတဲ့လူသစ်ရဲ့ခန္ဓာကိုယ်ထဲကိုသေပြီးသားဝိညာဉ်တစ်ခုက ဝင်ပူးကပ်ပြီး ဒါမျိုးတွေ" -

စဝ်ရန်နိုင်က -

"ခင်ဗျား ရူးနေပြီလား။ မဖြစ်နိုင်တဲ့ကိစ္စတွေအယူအဆတွေ ယုတ္တိမရှိတဲ့ စကားတွေကို ခင်ဗျားပဲ ပြော တတ်တယ်။ ခင်ဗျား ပြောသလိုပဲ ထားလိုက်ပါတော့။ မကောင်းဆိုးရွား၊ တစ္ဆေ၊ သရဲကောင် တွေက လူသတ်တဲ့နေရာမှာ လည်ပင်းကို ဝါယာကြိုးနဲ့ ညှစ်သတ်နိုင် မလား။ ရဲတင်းနဲ့ ခုတ်ဖြတ်နိုင်မလား၊ ဓားနဲ့ ထိုးနိုင်မလား"

"အင်း…ကျွန်တော်ကဖြစ်နိုင်မလားလို့ တွေးမိတာပါ"

"ခင်ဗျား ပြောတာတွေအားလုံးဖြစ်နိုင်စရာ အကြောင်းလုံး မရှိဘူး။ တကယ်လို့ လူသစ်အနေနဲ့ လူသတ် မှု ကျူးလွန်ခဲ့ရင်လည်း သူ့ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ခြေတွေ၊ လက်တွေ အသုံးပြုပြီးတော့ သတ်ပစ်ခဲ့တာပဲဖြစ်မယ်။ ခင်ဗျားပြောတဲ့မကောင်းဆိုးရွား၊ ဖုတ်တွေ၊ တစ္ဆေတွေ ဝင်ပူးကပ်တာမျိုး လုံးဝမဟုတ်ဘူး"

ထက်ခေါင်က လေသံခပ်လေးလေးဖြင့် ပြောလိုက်သည်။

"လူသတ်သမားဟာ "လူသစ်"ပဲဖြစ်နိုင်တယ်"





အဖွဲ့သားများတစ်ဦးကိုတစ်ဦးကြည့်လိုက်မိကြသည်။

စဝ်ရန်နိုင်က -

"ကောင်းပြီလေ။ ကျွန်တော်တို့ ခွဲစိတ်ခန်းထဲဆင်း ပြီး လူသစ်ကိုစစ်ဆေးကြည့်ကြတာပေါ့"

× × ×

ခွဲစိတ်ခန်းအတွင်းရောက်လျှင် -

ဒေါက်တာစံသာမြတ်က ကိုယ်ကိုငုံ့လျက် စားပွဲခုံး ရှိ ကြမ်းပြင်ပေါ်သို့လက်ဖြင့်အသာ စမ်းကြည့်သည်။

"ဟင်…သဲမှုန့်တွေပါလား"

ဒေါက်တာစံသာမြတ်၏ဘေး၌ထက်ခေါင်ဒူးထောက်ထိုင်၍ ချလိုက်ပြီး သေချာစွာကြည့်သည်။

"ဟုတ်တယ်…သဲပွင့်လေးတွေ"

ဇသုန်က သိတ်လန့်စွာ ရေရွတ်လိုက်သည်။

"ဘုရား …ဘုရား ..ဒါဆို ..လူသစ် .. ပင်လယ်ကမ်းခြေ သဲပြင်ပေါ်ကနေပြန်လာခဲ့လို့ဖြစ်မှာပေါ့"

"ခဏနေဦး.."

ဒေါက်တာစံသာမြတ်က အော်ဟစ် ဟန့်တားလိုက်သည်။

"ဒီသဲပွင့်လေးတွေဟာ ကျုပ်တို့အထဲက ဘယ်သူနဲ့ပဲ ဖြစ်ဖြစ်၊ ဒီနေရာကို ကပ်ပါလာနိုင်တယ်။ ကိုထက်ခေါင် ခင်ဗျားက ဒီခွဲစိတ်ခန်းထဲမှာပဲ တစ်နေ့လုံး ရှိနေတာပဲ မဟုတ်လား။ ခင်ဗျား ကိုယ်တိုင် သဲသောင်ပြင်ပေါ်ကိုဒီနေ့ သွားမိသေးသလား"

ထက်ခေါင်က ခေါင်းညိတ်၍ -

"ကျွန်တော်တို့အားလုံး နေ့လည်ပိုင်းက သဲသောင်ပြင်ပေါ် ကိုသွားခဲ့ကြတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစံသာမြတ် ကျေနပ်စွာပြုံးလိုက်သည်။

"ဒါလောက်ဆိုရင်လုံလောက်ပြီ။ သဲပွင့်လေးတွေဒီနေရာမှာ တွေ့ရုံလောက်နဲ့တော့ လူသတ်တရားခံဟာ "လူသစ်"ဖြစ်ဖို့ဆိုတဲ့ အချက်မခိုင်လုံဘူးဟော့ဘူး။ ဒီသဲပွင့်တွေဟာ ခင်ဗျားတို့အားလုံး မီးထား တဲ့ ဖိနပ်ကနေ ကပ်ပြီးပါလာနိုင်တယ်"

ထိုအချိန်၌ -

ဇသုန်က ခွဲစိတ်စားပွဲပေါ်မှ လူသစ်၏ လက်သည်း များကို အနီးကပ်ကြည့်ရှုစစ်ဆေးနေသည်။

"ဟောဒီ ပစ္စည်းလေးပေ ကြောင့်ဆိုရင်ကော၊ ဘယ်လို ပြောမလဲ"

"ဘာ…ဘာကိုတွေ့ရလို့လဲ"

"သူ့ရဲ့လက်သည်းကြားမှာ တွေ့ရတာ လူ့အရေပြားက အသားမျှင်စလေးတွေနဲ့ သွေးစလေးတွေလို့ထင် တယ်။ ခင်ဗျားတို့ ကြည့်ကြပါဦး"

စစ်ရန်နိုင်က အနုကြည့်မှန်ဘီလူး မျက်နှာဖုံးကိုယူ ၍ မျက်နှာပေါ်၌ စွပ်လိုက်သည်။

ထို့နောက် မီးခလုတ်ကိုဖွင့်၍ "လူသစ်"၏လက် သည်းများ၊ လက်ထိပ်ဖျားများကြားသို့ အသေးစိတ် သေချာစွာကြည့်ရှုသည်။

"အင်း…ခင်ဗျားထင်တာဖြစ်နိုင်တယ် နွယ်နီချို…ဟောဒီမှာ လူသစ်ရဲ့လက်သည်းကြားထဲမှာရှိနေတဲ့ အမျှင်ကလေးတွေဟာ ဘာတွေဖြစ်နိုင်တယ်ဆိုတာ မင်း အနေနဲ့ ဓာတ်ခွဲစမ်းသပ်ပေးလို့ ဖြစ်နိုင်ပါ့မလား"

မလှမ်းမကမ်းရှိ ထိုင်ခုံတစ်လုံး၌ ထိုင်နေသော နွယ်နီချိုက ပြန်ပြောသည်။





"ဖြစ်ပါတယ်။ ဒီကိစ္စက လွယ်ပါတယ်…အဲဒီ အမျှင်ကလေး တွေမှာ သွေးစလေးတွေရှိနေခဲ့ရင်၊ ဘယ်သူ့ သွေးဖြစ်တယ်ဆိုတာ၊ ဆက်မော်ရဲ့သွေး ဟုတ်…မဟုတ် ကိုပါ ကျွန်မခွဲပြီး ပြောနိုင်တယ်"

"ဒါဆိုရင် ငါတို့အတွက် ပိုပြီး အဆင်ပြေသွားလိမ့်မယ်"

ထိုစကားကို ဒေါက်တာစံသာမြတ်က သဘောကျပုံမရပေ။

"ဓာတ်ခွဲကြည့်လို့ တူနေခဲ့တယ်ဆိုရင်၊ ဘာတွေဆက် ဖြစ်လာနိုင်မှာလဲ"

ဇသုန်က ဝင်၍ပြောသည်။

"ခင်ဗျားပြောသလို ဒီလက်သည်းကြားက သွေးစနဲ့ အသား မျှင်လေးတွေဟာ ဆက်မော်နဲ့ တူညီနေတယ်ဆိုရင် ကျွန်တော်တို့ ဆက်လုပ်ကြရမယ့် အလုပ်က တစ်ခုတည်းပဲရှိပါတယ်။ ကျွန်တော်တို့ ဖန်တီးမွေးဖွားပေးထားတဲ့ ဒီမကောင်းဆိုးရွားသတ္တဝါကောင်ကြီးကို ပြန်ပြီး ဖျက်ဆီးပစ်လိုက်ကြတာပေါ့"

ဒေါက်တာစံသာမြတ် ဘာပြန်ပြောရမှန်း မသိနိုင် အောင် ဖြစ်သွားရလေတော့သည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

ဒေါက်တာစံသာမြတ်၏ဓာတ်ခွဲခန်းမှာ အေးစိမ့်တိတ်ဆိတ်၍နေ၏။

ဓာတ်ခွဲခန်းတစ်ခုလုံး ကြီးမားကျယ်ဝန်းလှပြီး၊ ခေတ်မီပစ္စည်းကရိယာများဖြင့်ပြည့်စုံလှသည်။

နွယ်နီချိုသည် သူမ၏ဓာတ်ခွဲစမ်းသပ်မှုကို လျင်မြန်သွက်လက်စွာ စတင်ပြုလုပ်သည်။

နွယ်နီချိုက -

"ဒီဓာတ်ခွဲခန်းထဲမှာ ပစ္စည်းတွေအရမ်းပြည့်စုံတယ်။ လုပ်ရကိုင်ရတာ အတော်အဆင်ပြေတယ်"

"ဒါဆို မြန်မြန် အဖြေရမှာပေါ့"

ဓာတ်ခွဲခန်းထဲ၌ စဝ်ရန်နိုင်နှင့် နွယ်နီချိုတို့သာကျန်ရစ်သည်။ ကျန်လူများမှာ ခွဲစိတ်ခန်းမကြီးအတွင်း၌ ကျန်ရစ်ကြသည်။





နွယ်နီချိုက အိလက်ထရွန်းနစ်ခလုတ်တစ်ခုကို ဖွင့်လိုက်သည်။

ဆေးရောင်စုံခြယ်ဆလိုက်များကိုကြည့်သည့်မှန်ပြောင်း၏အောက်ခြေ၌ အလင်းရောင်များဝင်းလက်၍ပေါ်လာသည်။

နွယ်နီချိုက -

"ဟောဒီ ဓာတ်ခွဲခန်းတစ်ခုတည်း တည်ဆောက် ထားတာနဲ့တင် ငွေမတရားကုန်မှာ"

"အဘွားကြီး ဒေါ်သဥ္ဇာရဲ့ငွေတွေလဲဖြစ်မှာပေါ့"

"ကျွန်မလည်း ဒီလိုပဲထင်တယ်"

သူမက ဆလိုက်မှန်ပြောင်းကိုကြည့်ရင်းမှ -

"ဒီကျွန်းပေါ်မှာဖြစ်နေတဲ့ လူသတ်မှုတွေရဲ့တရားခံဟာ ဒေါက်တာစံသာမြတ်ဖြစ်မယ်လို့ ရှင် ထင်နေတုန်းပဲ လား ..စဝ်။ ရှေ့ဥအမြဲဥပေးနေတဲ့ သူ့ရဲ့ငန်းကို သူက ရိုက်သတ်ပစ်ပုံမလား"

"ကိုယ်တော့ ဘာမှမပြောနိုင်သေးဘူး"

ဓာတုဗေဒဆေးရည်များဖြင့် ရောစပ်ထားသော မှန်ချပ်ဆလိုက်တစ်ခုကို မိုက္ကရိုစကုတ်တစ်ခု၏ အောက်ခြေ အံ့ထဲသို့ သူမ ထိုးသွင်းလိုက်သည်။

စဝ်ရန်နိုင်က -

"အခု ..သွေးနမူနာနဲ့ စမ်းသပ်နေတာလား"

"မဟုတ်သေးဘူး၊ အရေပြားတစ်သျှူး နမူနာကို အရင်ဆုံး စမ်းသပ်ကြည့်နေတာပါ"

မှန်ပြောင်းဝမှကြည့်လိုက်လျှင် ရောင်စုံပြေးလွှား နေသည့်အရာများကိုတွေ့ရသည်။ နွယ်နီချိုက မြင်ကွင်းများကိုကြည့်လှ၍မြတ်သားသွားစေရန် ချိန်လိုက်သည်။ ထို့နောက် စဝ်ရန်နိုင်ကို ကြည့်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒါလေးတွေက အရေပြားမှာရှိတဲ့ အသေးဆုံး တစ်သျှူး အပိုင်းအစလေးတွေ။ ဒါ ..ဆက်မော်ရဲ့ကိုယ် ခန္ဓာအရေပြားပေါ်က အပိုင်းအစလေးတွေလည်းဖြစ်နိုင် တယ် ..။ သွေးနမူနာ စစ်ဆေးကြည့်ပြီးရင်တော့ အတိအကျ ပြောနိုင်ပါပြီ"

နွယ်နီချိုသည် သွေးစစ်ဆေးမှု စမ်းသပ်ချက်ကို သေချာစွာ လုပ်ကိုင်သည်။

ကွန်ပျူတာခလုတ်ကလေး တစ်ခုကိုနှိပ်လိုက်ပြီး သွေးပစ္စည်းနမူနာနှစ်မျိုး၏ စစ်ဆေးမှုကို အတည်ပြုလိုက် သည်။

"နေရာနှစ်ခုလုံးက ရထားတဲ့သွေးက တစ်မျိုး တည်းပါပဲ။ အရေပြား တစ်သျှူး ဆန်းစစ်၊ စမ်းသပ်စစ် ဆေးချက်ကလည်း ဒီအတိုင်းပါပဲ။ ဆက်မော်ရဲ့ခန္ဓာကိုယ် ပေါ်ကရတဲ့အရေပြားတစ်သျှူးနဲ့ လူသစ်ရဲ့လက်သည်း ကြားကရတဲ့ အရေပြားတစ်သျှူး နှစ်မျိုးစလုံး အတူတူပါပဲ။ မစ်ဆေးလို့ရတဲ့ သွေးအမျိုးအစားကလည်း အတူတူပါပဲ"

စဝ်ရန်နိုင်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး -

"ကဲ ..ကိုယ်တို့ အပြင်ကိုထွက်ပြီး ဓာတ်ခွဲခန်းက ရတဲ့အဖြေကိုပြောလိုက်ကြတာပေါ့"

× × ×

ဧည့်ခန်းအတွင်း၌ -

ဒေါက်တာစံသာမြတ် ဇသုန်နှင့် ထက်ခေါင်းတို့ လေသံတိုးတိုးဖြင့် ပြောဆိုနေကြသည်။

ဒေါက်တာစံသာမြတ်က စိတ်စောစွာ ထ.၍ရပ် သည်။

"ဆိုပါဦး ...အဖြေက ဘယ်လိုလဲ"





"လူသစ်ရဲ့လက်သည်းကြားကရတဲ့ အရေပြား တစ်သျှူးနဲ့ သွေးစ.တွေဟာ ဆက်မော်ရဲ့ခန္ဓာကိုယ်ကရတဲ့ အရေပြားတစ်သျှူး၊ သွေးနဲ့ တစ်ထပ်တည်းပါ"

ဇသုန်၏မျက်နှာပြောင်း၍သွားသည်။

"ဒါဆို လူသစ်က အားလုံးကို သတ်ပစ်ခဲ့တာပေါ့"

ဒေါက်တာစံသာမြတ်က အရေးတကြီး ကန့်ကွက် သည်။

"မဟုတ်ဘူး ...မဖြစ်နိုင်ဘူး"

ဇသုန်က ရှေ့သို့ခုန်၍တိုးလာသည်။

"ဘာလဲ ..ခင်ဗျားက အခုချိန်ထိ အမှန်အတိုင်း နားမလည် သဘောမပေါက်သေးဘူးလား"

ဇသုန်က အော်ဟစ်ရင်း ခွဲစိတ်စားပွဲဆီသို့ ပြေး ထွက်သွား သည်။

"ဒီ မကောင်းဆိုးရွား တစ္ဆေကောင်ကြီးကို ဖျက်ဆီး ပစ်မှ ဖြစ်မယ်"

ဒေါက်တာစံသာမြတ်က ဇသုန်ကို အတင်းဖမ်းဆွဲ ထားသည်။

နှစ်ဦးစလုံးအော်ဟစ်ရန်းကန်လှုပ်ရှားနေကြသည်။

စဝ်ရန်နိုင်က သူတို့နှစ်ဦးကြားသို့ လျင်မြန်စွာခုန် ဝင်လိုက် သည်။

ဒေါက်တာစံသာမြတ်နှင့် ဇသုန်တို့နှစ်ဦးကို လူချင်း ခွဲပစ်လိုက်ရသည်။

"ခင်ဗျားတို့ကလည်း ပြဿနာပဲ။ ဒီလို ကားများ ရန်ဖြစ် နေကြလို့ ဘာတွေအကြောင်းထူးလာကြမှာလဲ"

ဇသုန်က အံကိုတင်းတင်းကြိတ်၍ တင်းမာစွာပြော သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ္ဆေကောင်ကြီးကို လှုပ်စစ်ဓာတ်အားအပြည့်လွှတ်ပြီး မီးကျွမ်းသွားအောင် ဖျက်ဆီးပစ်ရမယ်"

"ခင်ဗျားရဲ့စာချုပ်မှာ အလုပ်လုပ်ဖို့ လက်မှတ်ထိုးခဲ့တုန်းက မကောင်းဆိုးရွားတစ္ဆေကြီးတစ်ကောင် ဖန်တီးမွေးဖွားပေးဖို့အတွက် မဟုတ်ဘူး။ ကျွန်တော် ဒီနေရာကို ရောက်လာခဲ့တာလည်း တစ္ဆေနန်းတော်ကြီးမှာ အလုပ်လုပ်ဖို့လာခဲ့တာ မဟုတ်ဘူး"

နွယ်နီချိုက အသံကုန်အော်ဟစ် ဟန့်တားလိုက်သည်။

"ကိုဗသုန်..."

ဗသုန်က လှည့်မကြည့်။

"တော်ကြပါတော့။ ထပ်ပြီး ပြဿနာမဖြစ်ကြပါနဲ့တော့"

ဒေါက်တာအာကာသည် လျှာချောင်၊ အာချောင် ပြီး အပြောင်အပြက်လုပ်၍ ထိုစကားမျိုးကို ပြောခဲ့ဖူးသည်။ ဤသည်မှာ ဒေါက်တာအာကာ၏ သုံးစွဲပြောဆိုနေကျစကားမျိုးသာဖြစ်သည်။

ယခုအချိန်၌မူ -

ဗသုန်သည် ကြောက်ရွံ့ထိတ်လန့် ချောက်ချားစွာ ဖြင့် ထိုစကားကိုအလေးအနက်ထား၍ ပြောနေခြင်းဖြစ်သည်။

"အခု၊ ဒီကျွန်းပေါ်မှာ ကျွန်တော်တို့မယုံကြည်နိုင်လောက်တဲ့ အဖြစ်ဆိုးတွေ ဖြစ်လာရပြီ။ ဒီမကောင်းဆိုးရွားတစ္ဆေကောင်ကြီးကို မဖြစ်မနေ ဖျက်ဆီးပစ်ရမယ်။ ဓာတ်ခွဲခန်းက ထွက်လာတဲ့ အဖြေကတော့ အမှန်ပဲ။ ဘယ်လိုမှ လိမ်လို့မရနိုင်ဘူး"

စဝ်ရန်နိုင်က ကြားဝင်၍ ပြောလိုက်သည်။

"ခဏလောက်နေကြပါဦး ..လူသစ်ရဲ့ လက်သည်း ကြားကနေ တွေ့တယ်ဆိုတဲ့ သက်သေခံပစ္စည်းအစလေး တွေကို ပြန်ပြီး သေသေချာချာ စစ်ဆေးကြည့်ကြမယ်"





ဗသုန်က ဘာထူးမှာလဲဟူသော အမူအရာဖြင့် သရော်ပြုံး ပြုံးသည်။

စဝ်ရန်နိုင်က အေးဆေးစွာပင် ရှင်းပြသည်။

"သက်သေအထောက်အထားဆိုတာ အတုလုပ်လို့၊ ဖန်တီးလို့ရနိုင်ပါတယ်။ အဖြစ်မှန်ကို မျက်ခြည်ပြတ်သွားအောင်၊ သက်သေ အထောက်အထား အတုလုပ်တတ်ကြ တယ်။ လူသစ်ရဲ့ ခန္ဓာကိုယ် ပေါ်မှာ ဆက်မော်ရဲ့ကိုယ်ပေါ် က အရေပြားတစ်သျှူးနဲ့ သွေးစတွေ၊ သဲပွင့်တွေယူလာပြီး ပုံမှားရိုက်ထားလို့ရတာပဲ။ အဲဒီလိုလုပ် မယ့်လူ ကလည်း လူသတ်သမားက လွဲပြီး ဘယ်သူမှ မလုပ်ဘူး။ လူသတ်သမား ဟာ တစ်ခြားကဝင်လာတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ အဖွဲ့ထဲက လူတစ်ယောက်ပါပဲ..."

ဗသုန်က မျက်မှောင်ကြုတ်လိုက်ပြီး -

"လူသစ်ဟာ အန္တရာယ် မရှိနိုင်ဘူး။ လူသတ်သမား မဟုတ်နိုင်ဘူးဆိုပြီး လူသစ်ကို ဒီအတိုင်းထားရင် ဘာ အကြောင်း ထူလာနိုင်သလဲ"

"ကျုပ်တို့ရဲ့ကိစ္စဟာ သာမန်အသေးအဖွဲ မဟုတ်ဘူး၊ ဒေါက်တာမင်းဝေဟာ ဒီကိစ္စကို အရေးတကြီး တန်ဖိုးထား ပြီး လုပ်ကိုင်ခဲ့တယ်။ သူ့ရဲ့လုပ်ရပ်ဟာ ခွဲစိတ်ကုသဆရာဝန်တွေကြားမှာ ခေတ်အဆက်ဆက်အထိ မှတ်တမ်းတင်ပြီး ကျန်ရစ်ခဲ့မယ့်ကိစ္စပဲ။ အခု ဒေါက်တာမင်းဝေ သေသွားရာပြီ။ သူ့ရဲ့ရန်သူကို ရှာဖွေဖော်ထုတ်ပြီး သူ့အတွက် ခင်ဗျားတို့က ပြန်ပြီး လက်စားချေပေးနိုင်ကြမလား..။"

လူသစ်ကို ခင်ဗျားတို့ သေသေချာချာ ကြည့်ကြပါဦး။ သူ့ကို အော်ပရေးရှင်းလုပ်ပြီးကတည်းက ခွဲစိတ်စားပွဲ ပေါ်ကနေ သတိပြန် နိုးထလာတာ ကျုပ်တို့ ဘယ်သူမှ မမြင်တွေ့ခဲ့ကြရသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



"လူသစ်"ဟာ ဒီသုံးရက်အတွင်း ဒီကျွန်းပေါ်မှာ ဦးတည်ရာမယ့် လျှောက်သွားနေတယ်လို့ခင်ဗျားက ပြောချင်တာလား"

ဇသုန်က မခန့်လေးစားလေသံဖြင့် -

"လူငါးယောက်တော့သူ့ကိုမြင်ခဲ့တာ သေချာပါတယ်။ သူ့ကို မြင်တွေ့မိခဲ့ကြတဲ့ လူငါးယောက်စလုံး အခုအခါမှာ သေလူ တွေဖြစ်ကုန်ပြီ၊ တစ္ဆေဘဝကိုတောင် ရောက်ကုန်လောက်ပြီ"

ဒေါက်တာစံသာမြတ် မျက်နှာကိုမဲ့ပစ်လိုက်သည်။

"မင်းရဲ့ရှုးကြောင်ကြောင် အတွေးအခေါ် ကျုပ် မပြည့်တဲ့ စိတ်ကူးတွေကြောင့် ကျုပ်ရဲ့ဒီလုပ်ငန်းကြီးတစ် ခုလုံး အပျက်အစီး မခံနိုင်ဘူး"

ဇသုန်၏လေသံမသိမသာ ပြောင်းသွားသည်။

"အခုလိုဖြစ်ခဲ့ရတာကလည်း မကောင်းတဲ့ဦးနှောက်ကြီးကို အသုံးပြုခဲ့လို့ ဖြစ်ရတာပါ။ အခု ..ကျွန်တော်တို့ စမ်းသပ် လုပ်ကိုင် ကြတယ်။ အောင်မြင်မှုရသင့်သလောက် မရခဲ့ကြဘူး။ ကျွန်တော်တို့ အခုနေနဲ့နောက်တစ်ကြိမ်ထပ်ပြီးကြိုးစားကြတာပေါ့။ အပြင်ခန္ဓာကိုယ် အသစ်တစ်ခုနဲ့ ဦးနှောက်တစ်ခုကိုသုံးပြီး အော်ပရေးရှင်းလုပ်ကြ တာပေါ့"

ဒေါက်တာစံသာမြတ်က ထေ့ငေါ့သံဖြင့် -

"ဘယ်လို ..ဘယ်လို။ နောက်တစ်ကြိမ်ထပ်ပြီး ကြိုးစား လုပ်ကြည့်ဦးမယ်ပေါ့။ ကျုပ်အားထားရတဲ့ ဒေါက်တာမင်းဝေနဲ့ ဒေါက်တာအာကာ နှစ်ယောက်လုံး မရှိ ကြတော့ဘူး။ ဒီလို အော်ပရေးရှင်းမျိုးကို ဘယ်သူကလာပြီးဦးဆောင် ကွပ်ကဲပေးမှာလဲ။ ခင်ဗျားကိုယ်တိုင်ဦးဆောင်မှုပေးနိုင်မလား ..ဒေါက်တာဇသုန်"

ဇသုန်က လွယ်လွယ်ပေါ့ပေါ့ပြောလိုက်သည်။





"နောက်ထပ် ခွဲစိတ်ကုသရေးအဖွဲ့တစ်ဖွဲ့ထပ်ပြီး ရှာဖွေစု ဆောင်းလိုက်ပေါ့"

"ခင်ဗျားက အလွယ်ပြောတာပဲ။ နောက်ထပ်အော်ပရေးရှင်း တစ်ဖွဲ့စုစည်းနိုင်ဖို့က ငွေအများကြီးလိုဦး မယ်။ အခုလုပ်ခဲ့တဲ့ အော်ပရေးရှင်းသာ မအောင်မြင်ခဲ့လို့ ကတော့ ဘယ်နေရာကမှ ငွေရနိုင်စရာ နည်းလည်းမရှိတော့ဘူး"

"ဒေါ်သဥ္ဇာရဲ့ငွေတွေကကော"

"ဒေါ်သဥ္ဇာမှ မရှိတော့တာ။ ကျုပ်ကဲ ဘယ်လို အကူအညီ ရနိုင်တော့မလဲ"

ဒေါက်တာစံသာမြတ် စိတ်ရှုပ်ထွေးသော အမူအရာ ဖြင့် အားလုံးကိုကြည့်သည်။

ထို့နောက် သက်ပြင်းတစ်ချက် လေးပင်စွာချလိုက်ပြီး -

"ကဲ ..ခင်ဗျားတို့အားလုံးဒီအခန်းထဲကနေ ထွက်သွားကြပါ"

ဇသုန်က လေသံခပ်တင်းတင်းဖြင့် -

"ဒီမကောင်းဆိုးရွား တစ္ဆေကောင်ကြီးကို ဖျက်ဆီး ပစ်ပြီးမှ သွားနိုင်တယ်"

ဒေါက်တာစံသာမြတ်၏မျက်နှာတင်းမာ၍လာ သည်။

သူ၏လက်ကို အင်္ကျီအတွင်းပိုင်းသို့ နှိုက်ယူ၍ ပြန် ထုတ် သည်။ လက်ထဲ၌လေဆာပစ္စတိုသေနတ်တစ်လက်ပါ၍လာသည်။

ဒေါက်တာစံသာမြတ်က လေသံမာမာဖြင့် -

"ကဲ ..ခင်ဗျားတို့အခုပဲ ထွက်သွားကြပါ"

ဇသုန်က လေဆာပစ္စတိုကို လှမ်းကြည့်၍နောက်သို့ အနည်းငယ်မျှဆုတ်လိုက်သည်။

"အခု ..ကျွန်တော်တို့ ထွက်သွားကြပါ့မယ်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တခဏယာယီလို့ပဲ သဘောထားပါ"

ဒေါက်တာစံသာမြတ်စကားထပ်မပြောတော့ပေ။

အခန်းထဲမှ အထွက်၌ စဝ်ရန်နိုင်နောက်သို့ တစ်ချက်ပြန်ကြည့်သည်။

ဒေါက်တာစံသာမြတ်သည် ခွဲစိတ်စားပွဲကို မိုလျက်ရပ်ပြီးကျန်ရစ်သည်။

အပြင်ဘက်စင်္ကြံလမ်းသို့ရောက်လျှင်နွယ်နီချိုက

"သူ့အတွက် အန္တရာယ်ကင်းပါ့မလား"

ဗသုန်ကပခုံးတွန့်လိုက်ပြီး -

"သူ့လက်ထဲမှာ လေဆာသေနတ်ရှိနေရင်တော့ လူသစ်ရဲ့ အန္တရာယ်ကို ကာကွယ်နိုင်လိမ့်မယ်။ နောက်တစ် ကြိမ်မှာတော့ ဒီမကောင်းဆိုးရွားကောင်ကြီးကို ကျုပ်ကိုယ်တိုင် မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖျက်ဆီးပစ်ရလိမ့်မယ်"

ဒေါက်တာထက်ခေါင်က ချောင်းတစ်ချက် ဟန့်လိုက် ပြီး လေသံခပ်တိုးတိုးဖြင့် ပြောသည်။

"လူသစ်ဟာ အခုအချိန်ထိ ကျွန်တော့်ရဲ့ လူနာ အဖြစ် ဆက်လက်တည်ရှိနေသေးတုန်းပဲ။ ဒီအချက်ကို ခင်ဗျား နားလည်မှာပါ။ ခင်ဗျားက အကြမ်းဖက်ပြီး မလုပ် သင့်ဘူး"

ဗသုန်ကခေါင်းခါလျက် ဇွတ်ပြောသည်။

"ကျွန်တော်ကတော့ အကြမ်းဖက်ရလိမ့်မယ်"

ထက်ခေါင်၏အသံ မသိမသာ မာကျော၍သွားသည်။

"ခင်ဗျားဟာ ဆရာဝန်တစ်ယောက် ဖြစ်တယ်ဆို တာ မေ့နေပြီလား။ ဆရာဝန်တွေရဲ့တာဝန်ဟာ လူသားတွေရဲ့အသက်ကို ဆက်လက်ရှင်သန် တည်တန့်အောင် လုပ်ကိုင်ပေးဖို့ပဲ။ လူသားတွေရဲ့





အသက်ဝိညာဉ်ချုပ်ငြိမ်းသွားအောင် လုပ်ဖို့မဟုတ်ဘူး"

"ခင်ဗျားပြောတာမှန်တယ်။ ဒါပေမယ့် ကျန်နေတဲ့လူတွေရဲ့ အသက်ဆက်ရှင်နိုင်ဖို့အတွက် ကျွန်တော်လုပ်တဲ့ကိစ္စပဲ"

စဝ်ရန်နိုင်က ကြားဝင်၍ -

"ကဲ ..ခင်ဗျားတို့ချင်း ပြဿနာ မဖြစ်ကြပါနဲ့။ ဒေါက်တာ စံသာမြတ်က ခွဲစိတ်ခန်းထဲမှာ ကျန်နေရစ်ခဲ့ပြီပဲ"

နွယ်နီချိုက မအီမလည်လေသံဖြင့် မေးသည်။

"ဒါဆို ..ကျွန်မတို့ အခု ဘာဆက်လုပ်ကြမလဲ"

စဝ်ရန်နိုင်က -

"ဒါကတော့ မင်းတို့ရဲ့ သဘောပဲ။ ကျွန်တော်က တော့ ဝီစကီများများသောက်ပြီး အိပ်ရာဝင်တော့မယ်။ မနက်စောစော ထ.မယ်၊ ထင်းခြောက်တွေလိုက်ပြီး ရှာ မယ်။ စုမယ် ..ပြီးတော့ ကမ်းခြေမှာ မီးပုံကြီးကြီးတစ်ခု ဖိုမယ်၊ ဒါပဲ ..."

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

စစ်ရန်နိုင်မှာ ကောင်းစွာ အိပ်၍မရနိုင်။

အပြင်ဘက်၌ -

ငွေလ.ရောင်က ရွှန်းမြစွာသာ၍နေ၏။

ခုတင်ထက်မှ ထ.လိုက်ပြီး နာရီကိုကြည့်သည်။ နံနက် သုံးနာရီပင် မထိုးသေးပေ။

အိပ်မပျော်နိုင်သဖြင့် ညဥ့်တာကပို၍ရှည်လျားလှသည်ဟု ထင်မိသည်။

စစ်ရန်နိုင်သည် ဆက်မော်ထံမှ ရထားသော ပစ္စတို ကို စားပွဲအံဆွဲအတွင်းမှ ထုတ်ယူသည်။ ထုတ်ထားသော ကျည်ဆန်များ ကိုပြန်၍ဖြည့်သည်။

ဒေါက်တာစံသာမြတ်၏ အခြေအနေကို သွားကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။





ပစ္စတိုကို ညဝတ်အင်္ကျီရှည်အတွင်း၌ ထည့်သွင်း လိုက်ပြီး အိပ်ခန်းတံခါးကို ညင်သာစွာဖွင့်သည်။

အပေါ်ထပ် အိပ်ခန်းဆောင်များအားလုံး တိတ် ဆိတ် ငြိမ်သက်နေကြသည်။

ပြတင်းပေါက်များမှတစ်ဆင့် လ.ရောင်က စင်္ကြံလမ်းပေးသို့ ထိုးဖြာကျဆင်းနေသည်။ စစ်ရန်နိုင်သည် အဆောက်အအုံကြီး၏ အနောက်ဘက်ခြမ်းသို့ ခြေသံမကြားစေပဲ လျှောက်လာခဲ့သည်။

သူတို့လူစုအား တုန်လှုပ်ချောက်ချားသွားစေရန် မကောင်းဆိုးရွားတစ်ကောင်က ဖန်တီးပြုလုပ်နေခြင်းမျိုး ကိုလည်း လုံးဝ အယုံအကြည်မရှိပေ။

လှူငါးဦးသေဆုံးသွားရခြင်းမှာလည်း မကောင်းဆိုးရွားမိစ္ဆာ တစ္ဆေကောင်ကြီး ဝင်ပူးကပ်နေ၍ ဖြစ်ရသည်ဆို သော အဓိပ္ပါယ်မဲ့ အကြောင်းပြချက်မျိုးကိုလည်း လက်မခံနိုင်ပေ။

လတ်တလော အခြေအနေ၌ အဖြေမှန်က တိမ်မြုပ်ပျောက် ကွယ်နေခြင်းပင် ဖြစ်ရမည်။ မကြာခင်မှာပင် အဖြေ မှန်ပေါ်ပေါက် လာရမည်ဟုလည်း ယုံကြည်ထားသည်။

မြေအောက်ထပ်သို့ ဆင်းသည့် လှေကားအတိုင်း စစ်ရန်နိုင် ဆင်းလာသည်။

ခွဲစိတ်ခန်းအတွင်း၌ မီးရောင်က လင်း၍နေဆဲပင်။

ဒေါက်တာစံသာမြတ် မအိပ်သေးပဲ လူသစ်ကို ထိုင် ၍ စောင့်နေခြင်းဖြစ်မည်ဟု တွေးလိုက်မိသည်။

မထင်မှတ်သော မြင်ကွင်းတစ်ခုကို ရုတ်တရက် မြင်လိုက်ရ သည်။

ခွဲစိတ်စားပွဲအနီးရှိ ကြမ်းပြင်ပေါ်၌ ဒေါက်တာစံ သာမြတ်



www.burmeseclassic.com

www.burmeseclassic.com



လဲကျ၍နေသည်။

ဒေါက်တာစံသာမြတ်၏ ခန္ဓာကိုယ်ပေါ်၌ မိုး၍ရပ်ကြည့်နေသူက ဗသုန်ဖြစ်သည်။

ဗသုန်၏မျက်နှာက ကြမ်းကြုတ်ခက်ထန်၍နေ သည်။

ထို့ပြင် ဗသုန်၏လက်ထဲ၌ ဒေါက်တာစံသာမြတ်ထံ မှ ရယူထားပုံရသည့် လေဆာပစ္စတိုသေနတ်ကို တင်းကျပ် စွာ ဆုပ်ကိုင်၍ထားသည်။

ရုတ်တရက် -

ဗသုန်က ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လိုက်ပြီး လေဆာပစ္စတိုဖြင့်စဝ်ရန်နိုင်ထံသို့တည့်မတ်စွာချိန်ရွယ် လိုက်သည်။

"လုံးဝ မလှုပ်လိုက်ပါနဲ့ ...စဝ်ရန်နိုင်"

စဝ်ရန်နိုင်က ခနဲ့သံဖြင့် -

"ဘယ်လိုလဲဗသုန်။ လူသတ်သမားကိုမိလိုက်ပြီထင်တယ်"

စဝ်ရန်နိုင်က မလှုပ်ရှားပဲငြိမ်သက်စွာ ရပ်တန့်နေ လိုက်၏။

ဗသုန်က -

"သူ့ခေါင်းကို သာသာလေးပဲ ရိုက်လိုက်တာပါ။ သူ ဘာမှ ဖြစ်မသွားနိုင်ပါဘူး"

"လေဆာပစ္စတိုကကော ခင်ဗျားလက်ထဲကို အလို လို ခုန်ဝင်ပြီး ရောက်လာတာလား"

"ဒေါက်တာစံသာမြတ်ပြန်သတိရလာတဲ့အချိန်မှာ သူ့လက်ထဲ လေဆာသေနတ်ရှိမနေစေချင်လို့ပဲ။ ဒါကြောင့် ကျွန်တော် ယူထားလိုက်ရတာပါ။ ကျွန်တော် ကြံစည်ထား တဲ့အလုပ်တစ်ခု မပြီးခင်မှာ ခင်ဗျားရောက်လာတဲ့အတွက် စိတ်မကောင်းစရာပဲ"

"ခင်ဗျားက ဘာတွေကြံစည်ထားလို့လဲ"





"လူသစ်ကို အပြီးအပြတ် နိဂုံးချုပ်ပေးဖို့ ကိစ္စပါ"

ဗသုန်က စဝ်ရန်နိုင်ကို လေဆာပစ္စတိုဖြင့် ချိန်ရွယ် လျက် နောက်ဘက်သို့တရွေ့ရွေ့ဆုတ်သွားသည်။

လျှပ်စစ်ဓာတ်ထိန်းချုပ်စက် တပ်ဆင်ထားသော တွန်းလှည်းကိုဆွဲယူလိုက်သည်။

ဗသုန်၏အကြံအစည်ကို စဝ်ရန်နိုင် သိလိုက်ရပေပြီ။

စဝ်ရန်နိုင်က အော်၍ဟန့်တားလိုက်သည်။

"ခင်ဗျား ဒီလို မလုပ်သင့်ဘူး ..ဗသုန်"

"ကျွန်တော့်အနေနဲ့ကတော့ လုပ်သင့် လုပ်ထိုက်တဲ့ ကိစ္စတစ်ခုပဲ။ မဖြစ်ဖြစ်အောင် လုပ်ရလိမ့်မယ်"

ဗသုန်က လျင်မြန်စွာ ရွေ့လျားလိုက်သည်။

လျှပ်စစ်ဝါယာကြိုး တပ်ဆင်ထားသည့် သံကွင်း အပိုင်းတစ်ခုကို "လူသစ်" ၏ဦးခေါင်းပေါ်၌ စွပ်ချလိုက် သည်။ နောက်ထပ် သံကွင်းနှစ်ခုကို ခြေနှစ်ဘက်၌ လျင်မြန် စွာ တပ်ဆင်လိုက်သည်။

ချက်ခြင်းပင် -

လျှပ်စစ်ဓာတ် ထိန်းချုပ်ရေးခလုတ်ကို အဆုံးထိ ဖွင့်ချလိုက်သည်။

လျှပ်စစ်ဓာတ်က အရှိန်ပြင်းစွာ စီဆင်းသံ ခပ်သဲ့သဲ့ ထွက်ပေါ်လာသည်။

စက္ကန့်အနည်းငယ်အတွင်းမှာပင် -

မီးလောင်ကျွန်းသည့်ညှော်နံ့ ချက်ခြင်းထွက်ပေါ်လာသည်။

ဗသုန်၏လက်ထဲမှ လေဆာပစ္စတိုသေနတ်သည် စဝ်ရန်နိုင်ကို ချိန်ရွယ်ထားခြင်း မရှိတော့ပေ။ စဝ်ရန်နိုင် သည် လေက[illegible]စစ်များပေါ်မှ ခုန်ဆင်း၍ ခွဲစိတ်စားပွဲရှိရာသို့ ပြေးထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်ထိန်းချုပ် စက်တွန်းလှည်းကို ဆောင့်တွန်းပစ်လိုက်သည်။ လျှပ်စစ်ဓာတ်အား ထုတ်ပေးသည့်ခလုတ်ကိုလည်း ချက်ခြင်းပိတ်လိုက်သည်။

ဗသုန်က လေဆာပစ္စတိုဖြင့် စဝ်ရန်နိုင်ကို ချိန်ရွယ် ရန်ပြင်လိုက်သည်။

သို့သော် -

စဝ်ရန်နိုင်၏လက်တွင်းမှ ပစ္စတိုသေနတ်ပြောင်းဝက ဗသုန်၏ရင်ဝကိုတည့်မတ်စွာချိန်ရွယ်ထားပြီးသားဖြစ်နေပေသည်။

"ကဲ ..ဗသုန်။ မင်းကို ငါ တကယ်ပစ်ရတဲ့ အခြေ အနေမျိုးမဖြစ်စေချင်ဘူး။ မင်းလက်ထဲက လေဆာပစ္စတို ကို ကြမ်းပြင်ပေါ် ချလိုက်စမ်းပါ"

"ဖြစ်ပါတယ် ..စဝ်ရန်နိုင်။ ခင်ဗျားအမိန့်ကိုနာခံရမှာပေါ့"

ဗသုန်က လေဆာပစ္စတိုကို ကြမ်းပြင်ပေါ်သို့ ပစ်ချ လိုက်သည်။

ဒေါက်တာစံသာမြတ် ညည်းညူ၍ ရပ်နိုင်ရန် ကြိုးစားနေသည်။

စဝ်ရန်နိုင်က လူ့သစ်၏ ကိုယ်ပေါ်၌ တပ်ဆင်ထား သော သံကွင်းများနှင့် ဝါယာကြိုးများကို အမြန်ဖြုတ်လိုက် သည်။

ဒေါက်တာစံသာမြတ်သည် သူ၏နောက်စေ့ကိုပွတ် ၍ မတ်တတ်ရပ်လိုက်သည်။

ဒေါက်တာစံသာမြတ် သူ့ကိုယ်သူ ဘာဖြစ်သွားမှန်း ပင် သိပုံမရပေ။

အူကြောင်ကြောင် အမူအရာဖြင့် မေးလိုက်သည်။

"ဘာဖြစ်တာလဲ ..ဟင်။ ဟိုကောင် ..ဗသုန် ဘာတွေ





လျှောက်လုပ်လိုက်သေးသလဲ"

စဝ်ရန်နိုင်က -

"လူ့သစ်ရဲ့ခန္ဓာကိုယ်ထဲကို လျှပ်စစ်ဗို့အား ထောင်နဲ့ ချီပြီး လွှတ်ပေးလိုက်တယ်။ ဗသုန်က လူ့သစ်ကို တစ်ခါ တည်းအပြီး မီးရှို့ပစ်လိုက်ချင်တာနဲ့ တူတယ်"

"ဘုရား ..ဘုရား ...ဒုက္ခပါပဲ"

ဒေါက်တာစံသာမြတ် တုန်လှုပ်ချောက်ချားစွာ ရေရွတ်၍ ခွဲစိတ်စားပွဲကြီးအနီးသို့ ချဉ်းကပ်သွားသည်။

ဒေါက်တာစံသာမြတ်က စဝ်ရန်နိုင်ကို တစ်ချက် လှမ်းကြည့်ပြီး -

"လူ့သစ် ...လူ့သစ် ..သူ့အခုအသက်ရှူရပ်သွားပြီလား ..စဝ်"

စဝ်ရန်နိုင်က ခေါင်းခါ၍ -

"အရပ်သေးပါဘူး ..ဒေါက်တာ"

အခြေအနေကို သိထားသော စဝ်ရန်နိုင်က -

"လူ့သစ် ..အခုချိန်ထိ အသက်ရှူနေတုန်းပါပဲ။ အခု ..သူ့ရဲ့ မျက်လုံးတွေပါ တဖြည်းဖြည်းပွင့်လာပြီ.."

ဒေါက်တာစံသာမြတ် စိတ်လှုပ်ရှား၍သွားပြီး လူ့သစ် ကို မျက်တောင်မခတ်စူးစိုက်ကြည့်လိုက်သည်။

× × ×

ခွဲစိတ်စားပွဲဘေး၌ သူတို့သုံးဦး အသံလုံးဝမထွက်ပဲ "လူ့သစ်" ကိုစိုက်၍ကြည့်နေမိကြသည်။

လူ့သစ်၏မျက်လုံးအစုံမှာ ပွင့်ဟ၍လာပြီဖြစ်သည်။

သို့သော် အမြင်အာရုံကို ခွဲခြားလက်ခံနိုင်စွမ်းရှိပုံ မရသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစံသာမြတ်က သူ၏လက်ချောင်းများကို လူသစ်၏ မျက်လုံးများအထက်၌ အပေါ်၊ အောက်၊ ဘယ်၊ ညာ လှုပ်ရှား၍ပြသည်။

လူသစ်၏မျက်လုံးများက လက်ချောင်းများလှုပ်ရှား ရာနောက်သို့ လိုက်ပါကြည့်ရှုခြင်းမရှိပေ။

နေရာတစ်ခုတည်းသို့သာ စူးစူးစိုက်စိုက်ကြည့်နေ ပေသည်။

ဒေါက်တာစံသာမြတ် လေသံခပ်တိုးတိုးဖြင့်ပြော သည်။

"သူ ..တစ်ခုခုဖြစ်နေပြီနဲ့ တူတယ်။ သူ့ရဲ့နှလုံးနိုးလာအောင် လျှပ်စစ်ကျဉ်စက်သုံးပြီး "နှိုး" ပေးခဲ့ဘူးတယ်။ အဲဒီအချိန်က သုံးတဲ့ လျှပ်စစ်ဓာတ်အားက လျော့တယ်လို့ ထင်တယ်။ အမှန်တကယ် လိုအပ်တဲ့ လျှပ်စစ်ဗို့အားက ထင်တာထက် ပိုမြင့်တယ်။ စောစောက ဇသုန်လုပ်လိုက် သလို၊ ဗို့အားပြင်းပြင်းနဲ့ တစ်ခါတည်းဆောင့်တင်နှိုး ပေးဘို့လိုမယ်ထင်တယ်"

ဇသုန်က ခပ်ပြတ်ပြတ်ပြောသည်။

"ကျွန်တော်က သူ အသက်ရှင်လာအောင် လုပ်ပေး ခဲ့တာ မဟုတ်ဘူး"

"ခင်ဗျားရဲ့ရည်ရွယ်ချက်က "လူသစ်" ကို သေစေ ချင်တဲ့ ရည်ရွယ်ချက်နဲ့ လုပ်လိုက်တာပါ။ ဒါပေမယ့် အခု "လူသစ်" မျက်လုံး ဖွင့်လာပြီ။ မကြာခင်မှာပဲ သူပြန်ပြီး သတိရလာတော့မယ်။ အဲဒီအချိန်မှာ သူ့မှာ ဘာအပြစ်မှ မရှိတဲ့အကြောင်း တိတိကျကျ သက်သေပြလာနိုင်ပါလိမ့်မယ်"

ဇသုန်က မျက်နှာကိုမဲ့လိုက်ပြီး -

"လူသစ်ဟာ အမှုအရာ သိပ်ကောင်းတယ်၊ ဟန်ဆောင် သိပ်ကောင်းတယ်ဆိုတဲ့ အချက်ကလွဲလို့ တစ်ခြား ဘာသက်သေမှပြနိုင်မှာမဟုတ်ဘူး။ ဟော့ကောင် ...လူသစ်ငါပြောတာ





မှန်တယ်မဟုတ်လား"

ဒေါက်တာစံသာမြတ်က -

"လူသစ်ဟာ သက်ရှိလူသားတစ်ယောက်ကွ။ မင်း သူ့ကို ရန်မရှာပါနဲ့"

လူသစ်၏ မျက်လုံးများ ပွင့်ဟ၍လာပြီး၊ ခေတ္တမျှ အကြာ၌ ပြန်ပိတ်သွားသည်။

ဒေါက်တာစံသာမြတ်က လူသစ်၏ ခန္ဓာကိုယ်ပေါ် ၌ သွေးခုန်နှုန်းပြကိရိယာနှင့် နှလုံးနှိုးစက်တို့ကို လျင်မြန်စွာ တပ်ဆင်ပေး လိုက်သည်။

"သူ အသက်ရှင်ဖို့အတွက် မျှော်လင့်ချက်တွေက တော့ အားရ ကျေနပ်စရာ ကောင်းတယ်။ သူ နောက်ထပ် အနားယူပြီး အိပ်နေလိမ့်ဦးမယ်"

ဇသုန်က စိတ်ပျက်စွာ ညည်းညူပြောဆိုလိုက်သည်။

"အင်း ..တကယ့်ကို သတ်ဖို့မလွယ်ကူတဲ့ မကောင်း ဆိုးရွားတစ္ဆေမိစ္ဆာကောင်ကြီးပါလား"

စစ်ရန်နိုင်က -

"ကဲ ..ကျွန်တော်တို့ အပေါ်ထပ်တက်ပြီး ပြန်အိပ် ကြရအောင်"

ဒေါက်တာစံသာမြတ်က ခေါင်းခါယမ်းလိုက်ပြီး -

"ကျွန်တော် ဒီမှာပဲ နေရစ်ခဲ့ဦးမယ် ..စစ်ရန်နိုင်။ လူသစ်ဟာ အချိန်မရွေး သတိပြန်ရလာပြီး စကားပြောလာ နိုင်တော့မယ့် အခြေအနေမျိုးမှာ ရှိနေပြီ"

"ဒေါက်တာ့လက်ထဲမှာ လေဆာသေနတ်တော့ မထားနိုင် ဘူး။ အန္တရာယ် သိပ်ကြီးလွန်းလို့ပါ။ ဒါပေမယ့် ခင်ဗျားလက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာလက်နက်မှ မရှိပဲနဲ့ ထားခဲ့လို့လည်း မဖြစ်ဘူး။ ရော့ ဒီမှာ ကျွန်တော်ကိုင်တဲ့ပစ္စတိုကိုယူထားလိုက်"

ဒေါက်တာစံသာမြတ်က အင်တင်တင်အမူအရာဖြင့်ပစ္စတို သေနတ်ကို လှမ်းယူလိုက်သည်။ သူ၏ကိုယ်ပိုင် လေဆာပစ္စတို သေနတ်ကိုသာ ပြန်လိုချင်နေကြောင်း သူ၏ မျက်နှာပေါ်၌ သိသာစွာပေါ်လွင်၍နေ၏။

စဝ်ရန်နိုင်နှင့်ဗသုန်တို့ခွဲစိတ်ခန်းထဲမှထွက်လာကြသည်။

ဒေါက်တာစံသာမြတ်က နောက်မှလှမ်း၍အော်ပြောသည်။

"ဒီမှာ ..ဗသုန်။ နောက်တစ်ကြိမ် ငါ့အနားကို မင်းကပ်လာဖို့ မစဉ်းစားနဲ့တော့။ ငါ့အနားကိုကပ်လာတာနဲ့ မင်းကို သေနတ်နဲ့ အသေပစ်သတ်ရလိမ့်မယ်"

ဗသုန်က မဲ့ပြုံးတစ်ချက်ပြုံး၍ -

"ကျွန်တော် နားလည်ပါတယ် .."

× × × × ×





## အခန်း (၂၃)

နောက်တစ်နေ့နံနက်ခင်း ..။

နံနက်စာစားသောက်ရင်း ဒေါက်တာ စံသာမြတ်က ပုံပြင်အသစ်တစ်ပုဒ်ကိုပြောပြလေသည်။

အဘိုးကြီးဒေါက်တာစံသာမြတ်၏လေသံမှာ တည်ငြိမ်လှသည်။

"ခင်ဗျားတို့ ဟိုတစ်နေ့ကကြည့်ခဲ့တဲ့ ဗိုင်တွဲတွေထဲက မှတ်တမ်းတွေဟာ တကယ်တော့ ကျုပ် ကြိုတင်ဖန်တီးထား တဲ့ အတုတွေပါ"

စဝ်ရန်နိုင်မသိမသာပြုံးမိသည်။

ဒေါက်တာစံသာမြတ်က ဆက်၍ပြောသည်။

ခွဲစိတ်ခန်းစားပွဲပေါ်၌ရှိနေသော လူနာဖြစ်သူ လူသစ်သည် သူ၏သားအရင်းဖြစ်ကြောင်းနှင့်အမည်မှာစံသာအောင်ဖြစ်ကြောင်း လွန်ခဲ့သော နှစ်ပေါင်း (၂၈) နှစ်ခန့်ကတည်းက စံသာအောင် ဦးနှောက်ရောဂါနှင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ သူ၏သားဖြစ်သ အသက်ပြန်ရှင်သန်လာနိုင်ရေးအတွက် သူဦးစားပေး၍လုပ်ဆော ခဲ့ခြင်းဖြစ်ကြောင်းရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစံသာမြတ်ကပွင့်လင်းစွာပင် ဆက်ပြောသည်။

စံသာအောင်၏ မိခင်ဖြစ်သူမှာ ဒေါ်သဥ္ဇာဖြစ် ကြောင်း၊ ဒေါ်သဥ္ဇာနှင့်ဒေါက်တာစံသာမြတ်တို့သည်တရားဝင် လက်ထပ်ခြင်း မရှိပဲပေါင်းသင်းနေထိုင်ခဲ့ခြင်းဖြစ် ကြောင်း။ သားဖြစ်သူစံသာအောင် ဦးနှောက်အကျိတ် ရောဂါနှင့် သေဆုံးသွားချိန်၌ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သားဖြစ်သူစံသာအောင်အား အသက်ရှင်သန်လျက် လူသား အသစ်တစ်ယောက်အဖြစ်နှင့် ပြန်လည်တွေ့မြင်ခွင့် ရစေမည်ဟု ဒေါ်သဥ္ဇာအား သူကတိပေးခဲ့ခြင်းဖြစ်ကြောင်း။

ဒေါ်သဥ္ဇာသည်စီးပွားရေးလုပ်ငန်းအောင်မြင်ခဲ့သူ၊ ငွေကြေး ပြည့်စုံ ချမ်းသာသူတစ်ဦးဖြစ်ပြီး။ သူလိုအပ်သော ငွေကြေးများကို ထုတ်ပေးနိုင်ခဲ့စွမ်းရှိသည်၊ ထိုငွေကြေးများဖြင့် သူသည်လိုအပ်သည့် ပစ္စည်းများကိုဝယ်ယူဖြည့်ဆည်းနိုင်ခဲ့သည်။

ထို့ပြင် လူသစ်(ခေါ်) စံသာအောင်သည်ကျွန်းပေါ်၌သေဆုံး ခဲ့သူများအား သတ်ပစ်ခဲ့သူတစ်ဦးမဟုတ် ကြောင်းကိုပါ ခိုင်မာစွာ ပြောဆိုသည်။

ဒေါက်တာစံသာမြတ်အနေဖြင့် သူ၏ ဘဝဖြစ်စဉ် ကို ထုတ်ဖော်ပြောဆိုသည့်တိုင် မည်သူတစ်ဦး တစ်ယောက် ကမျှ စိတ်ဝင်စားပုံမပြကြပေ။

သားဖြစ်သူပြန်လည်အသက်ရှင်နိုင်ရေးအတွက် အရှုံးအမှုံး ကြိုးစားခဲ့သော သိပ္ပံပညာရှင် အရူးကြီးတစ် ယောက်အဖြစ်သာ သတ်မှတ်ထားကြပုံပေါ်လွင်နေပေသည်။

× × ×

ပင်လယ်ပြင်ကိုဖြတ်သန်း၍အေးမြသောလေက ဖြတ်သန်း တိုက်ခတ်၍နေသည်။





စဝ်ရန်နိုင်နှင့် နွယ်နီချိုတို့သည် သစ်ကိုင်း သစ်ခက် အခြောက်များကိုနေ့ရာအနှံ့ကောက်ယူစုဆောင်းကြသည်။ သို့သော် လိုသလောက်မရကြပေ။

သစ်ပင်အချို့ကိုခုတ်လှဲပြီး ထင်းအဖြစ်အသုံးပြုမှဖြစ်မည်ဟု စဝ်ရန်နိုင်တွေးမိသည်။

မကြာခင်မှာပင် -

ထက်ခေါင်ရောက်လာသည်။

"လူသစ်ရဲ့အခြေအနေ ဘယ်လိုရှိသလဲ"

"ကောင်းပါတယ်။ သူ အနားယူနေတုန်းလို့ပဲ ပြော ရလိမ့် မယ်။ မနေ့ညက ဗသုန် လျှပ်စစ်ထိန်းချုပ်စက်နဲ့ တို့ပေးခဲ့တယ်ဆိုတာ ကိုခင်ဗျားသိတယ်မဟုတ်လား"

"ဗသုန်ပြောလို့ ကျွန်တော် သိပြီးပါပြီ.."

"အဲဒီနောက်ပိုင်းမှာ လူသစ်ရဲ့မျက်လုံးတွေပွင့် လာတယ်"

"ကောင်းတဲ့ အခြေအနေပါပဲ။ ဒါပေမယ့် ဒီလောက် အချိန်ကြာတဲ့အထိ သတိမရပဲ နေခဲ့တာဆိုတော့၊ သူ ပြန် သတိရ လာတဲ့အခါ ပုံမှန်အတိုင်း ပြန်ကောင်းလာနိုင်မယ် မထင်ဘူး။ သူ့ရဲ့ ဦးနှောက်ပျက်စီး ချို့ယွင်းနေတဲ့လက္ခဏာပဲ"

နွယ်နီချိုက သစ်ကိုင်း သစ်ခက်များကို ချိုးဖဲ့၍နေ သည်။

စဝ်ရန်နိုင်က လေဆာသေနတ်ကို ထုတ်လိုက်ပြီး -

"ကဲ ..ခင်ဗျားတို့နှစ်ယောက် လွတ်ကင်းတဲ့နေရာ မှာ ရှောင်နေကြ"

"လေဆာသေနတ်နဲ့ သစ်ပင်လှဲမလို့လား ..။ခင်ဗျား ဒီသေနတ်ကိုအရင်က သုံးခဲ့ဘူးလို့လား"

စဝ်ရန်နိုင် ဘာမှပြန်မပြောတော့ပဲ၊ သစ်ပင်များ၏အရင်းပိုင်း သို့လေဆာရောင်ခြည်ဖြင့်ပစ်ခတ်ဖြတ်တောက်ပစ်လိုက်သည်။ သစ်



www.burmeseclassic.com

www.burmeseclassic.com



ပင်များမှာ တစ်ပင်ပြီးတစ်ပင် တဝုန်းဝုန်းမြည်၍ လဲကျသွားကြသည်။

လေဆာသေနတ်မှာ လွန်စွာအသုံးဝင်လှပေသည်။

သစ်ပင်ကြီးများကို အပိုင်းလိုက်ဖြတ်တောက် ခွဲစိတ်လိုက်သည်။ အကိုင်းအခက်များကိုပါ ဖြတ်တောက်ပစ်လိုက်သည်။

နွယ်နီချိုက အကြံပေးသည်။

"သစ်ရွက်စိုများရရှိရန် ထက်ခေါင်က သွားရောက်စုဆောင်းသည်။

စံရန်နိုင်က သစ်တုံးများကို ဆင့်၍ ထပ်၍ စုပုံနေသည်။

နွယ်နီချိုက စံရန်နိုင်အား တတ်နိုင်သမျှ ကူညီသည်။

နွယ်နီချိုက -

"စံ ..ရှင်၊ ဒေါက်တာ စံသာမြတ်အပေါ် မယုံကြည်နိုင်ဘူး မဟုတ်လား ..."

"ကိုယ် ဘာမှ မပြောနိုင်သေးဘူး။ ဒါပေမယ့် သူ ဟာ အရေးကြီးတဲ့ အချက်တစ်ချက် ချန်ထားတယ်ဆိုတာ တော့ သေချာတယ်"

ထက်ခေါင်သည် သစ်ရွက်စိုများ ပွေ့ပိုက်လျက် ပြန်ရောက်လာသည်။

"ဒါလောက်ဆို ..ရပြီလား ဗျို့"

"နောက်ထပ်တော့ လိုဦးမှာပဲ။ အခုတော့ စ,လို့ရပြီ ..သစ်ရွက်စိုတွေကို မီးဖိုထဲ အဆက်မပြတ်ပစ်ထည့်ပေးနေမှ မီးခိုး ဆက်တိုက်ထွက်နေမှာ"

"စံ ..အခု ကျွန်မတို့ မီးရှို့ကြတော့မလား"

စံရန်နိုင် အဖြေမပေးနိုင်သေးခင် -

အိမ်ကြီးဆီမှ ထွက်သောလမ်းအတိုင်း ဒေါက်တာစံသာမြတ် လျင်မြန်စွာ ပြေးလွှားလာသည်ကို မြင်လိုက်ရသည်။





ဒေါက်တာ စံသာမြတ်က မောလိုက်စွာ အော်ဟစ်၍ခေါ်သည်။

"မြန်မြန်လာကြပါဗျို့ ...မြန်မြန်"

"ဘာဖြစ်လို့လဲ ..ဒေါက်တာ"

"လူသစ် ..လူသစ် ...အခု ခွဲစိတ်ခန်းထဲမှာ မရှိတော့ဘူး။ သူ ထွက်သွားပြီ ..."

× × ×

သူတို့လူစု စကားပြန်မပြောနိုင်ပဲ ဖြစ်သွားကြရသည်။

စံရန်နိုင်က -

"လူသစ် ဒီကျွန်းပေါ်မှာပဲ ရှိမှာပါ။ ကျွန်တော်တို့ ကျွန်းပေါ်မှာ လိုက်ရှာကြတာပေါ့"

ခွဲစိတ်ခန်းအတွင်းသို့ ဦးစွာသွား၍ ကြည့်သည်။

ခွဲစိတ်စားပွဲပေါ်၌ စားပွဲခင်းမှာ တွန့်ကြေ၍နေ၏။ ခါးပတ်ပြားကြီးမှာ ပြေလျော့၍ အထက်တစ်ဝက်၊ အောက် တစ်ဝက် ကျ၍နေသည်။

စားပွဲပေါ်၌ "လူသစ်" မရှိတော့ပေ။

စံရန်နိုင်သည် ခွဲစိတ်ခန်းအတွင်း၌ ရှိနေသူများကို ကြည့်လိုက်သည်။

ဒေါက်တာစံသာမြတ်

နွယ်နီချို

ထက်ခေါင်နှင့် စံရန်နိုင် ...

လူတစ်ဦး လိုနေပေသည်။

ထိုလူမှာ "ဇသုန်" ...။

စံရန်နိုင်က -

"ဇသုန် ဘယ်မှာလဲ။ မနက်စာ စားပြီးကတည်းက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရပါလား"

ထက်ခေါင်က သက်ပြင်းတစ်ချက် လေးပင်စွာ ချ လိုက်ပြီး -

"ဒါဆို ကျွန်တော်တို့ အမြန်ဆုံး စ.ပြီးရှာကြမှဖြစ်မယ်"

စဝ်ရန်နိုင်က သူ၏ဆုံးဖြတ်ချက်ကို ပြောသည်။

"အုပ်စု နှစ်စုခွဲပြီး လိုက်ရှာမယ်။ ဒါပေမယ့် တစ် ဖွဲ့နဲ့တစ်ဖွဲ့ ခပ်ဝေးဝေးမှာ မနေမိကြပါစေနဲ့"

ဒေါက်တာစံသာမြတ်နှင့် နွယ်နီချိုက တစ်တွဲ။

စဝ်ရန်နိုင်နှင့် ထက်ခေါင်က တစ်တွဲ။

အိမ်ကြီးအတွင်းနေရာအနှံ့၌ လိုက်လံရှာဖွေကြသည်။

တစ်ဖွဲ့နှင့်တစ်ဖွဲ့ အသံပေးကြသည်။

စဝ်ရန်နိုင်နှင့် ထက်ခေါင်တို့ အပြင်ဘက်သို့ထွက် လာကြသည်။

မီးရှို့ရန်အတွက် ပုံထားသော ထင်းပုံကြီး အနီးသို့ရောက်လာကြသည်။

ထက်ခေါင်က စဝ်ရန်နိုင်၏ လက်တစ်ဘက်ကို ရုတ်တရက် ဖမ်းဆွဲလိုက်သည်။

"စဝ် ..ဟိုမှာ ...ဟိုမှာ"

စဝ်ရန်နိုင် လှမ်းကြည့်လိုက်သည်။

ထင်းပုံကြီးပေါ်၌ သွေးများဖြင့် ရွှဲနစ်နေသည့် "ဗသုန်"၏ ခန္ဓာကိုယ်ကြီးသည် မှောက်လျက်သားလဲကျ ငြိမ်သက်နေသည်ကို တွေ့လိုက်ရသည်။

"ဗသုန်" ကားအသက်ဝိညာဉ်ကင်းမဲ့လျက် ရှိနေပေပြီ။

ဆတ်သွားဖူးကျွန်းပေါ်၌ နောက်ထပ် တစ္ဆေတစ် ကောင် တိုး၍လာပြန်ချေပြီ။

× × × × ×





## အခန်း (၂၄)

စဝ်ရန်နိုင်နှင့် ထက်ခေါင်တို့က ကျန်လူများကို လှမ်း၍ အော်ဟစ်ခေါ်သည်။

ဒေါက်တာစံသာမြတ်နှင့် နွယ်နီချိုတို့ ထင်းပုံကြီး အနီးသို့ ပြေးလွှားရောက်ရှိလာကြသည်။

ဗသုန်၏ ခန္ဓာကိုယ်ကို ထက်ခေါင်က စစ်ဆေးကြည့်ရှုလိုက်ပြီးပြောသည်။

"ကျောကနေ ဓားနဲ့ အချက်ပေါင်းအတော်များများ အထိုးခံလိုက်ရတာပဲ"

နွယ်နီချိုက ဗသုန်၏အလောင်းကို တစ်ချက်စိုက် ကြည့်လိုက်ပြီး ဒေါက်တာစံသာမြတ်၏ ရင်ခွင်ထဲ၌ မျက်နှာ ကိုအပ်ထားလိုက်သည်။ ဒေါက်တာစံသာမြတ်က သူမအား နှစ်သိမ့်၍နေသည်။

စဝ်ရန်နိုင်နှင့် ထက်ခေါင်တို့က ဗသုန်၏ အလောင်းကို ထင်းပုံပေါ်မှ သဲသောင်ပြင်ပေါ်သို့ ရွှေ့ထားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သဲပြင်ပေါ်၌မှုလက ထင်နေသည့် ခြေရာများအပြင် ခြေကို ရုပ်၍လျှောက်ထားသော ခြေရာများကိုပါတွေ့ရသည်။

ခြေရာများအနီး၌သွေးကွက်များဟုထင်ရသော စိုစွတ်သည့် အကွက်များကိုတွေ့ရသည်။

နွယ်နီချိုက –

"ကျွန်မတို့အားလုံး အတူတူပဲရှိနေခဲ့ကြတာပဲ မဟုတ်လား"

"ဟုတ်တယ်…လူသတ်တရားခံဟာ လူသစ်ပဲဖြစ်ရမယ်"

ထက်ခေါင်က နိုင်မာစွာ ပြောလိုက်ခြင်းပင်ဖြစ်သည်။

"မဟုတ်ဘူး …အဖြစ်နိုင်ဘူး။ သူဟာ လူသတ် သမားလုံးဝ မဖြစ်နိုင်ဘူး"

"ခင်ဗျား ဘယ်လိုသက်သေပြနိုင်သလဲ"

"သူ…သူဟာ ကျုပ်ရဲ့သားအရင်းဗျ"

စဝ်ရန်နိုင်က လေသံခပ်ပြတ်ပြတ်ဖြင့် –

"အခုအချိန်မှာ သူဟာ ခင်ဗျားရဲ့သား မဟုတ် တော့ဘူး သူဟာ ဦးနှောက်အသစ်နဲ့ လူသားအသစ်တစ် ယောက်ဘဝကို ရောက်နေပြီ။ ဘယ်သူ့ရဲ့သားမှမဟုတ်တော့ ဘူး။ ကျွန်တော်တို့ အားလုံးကို သူက မသတ်နိုင်ခင်မှာ ကျွန်တော်တို့က သူ့ကို မတွေ့ တွေ့အောင်ရှာပြီး သတ်ပစ်ရလိမ့်မယ်"

"ဘုရား …ဘုရား …အခုတော့၊ လူလေးယောက် ကျန်တော့တာပါလား"

ထက်ခေါင်က တီးတိုးရေရွတ်လိုက်သည်။

နွယ်နီချိုက –

"ကျွန်မတို့ မီးပုံကြီး ရှို့ကြရတော့မှာလား"

"ဟုတ်တယ်…ရှို့တော့မယ်"





မီးလောင်သည့်တိုင် မီးတောက်မှာ ကြီးမားစွာ တောက် လောင်ခြင်းမျိုးမရှိသေးပေ။

ဒေါက်တာစံသာမြတ်က လေ့အိမ်အတွင်းမှ ဓာတ်ဆီ တစ်ပုံးသွားယူလာသည်။

မကြာခင်မှာပင် –

ထင်းပုံကြီးတစ်ခုလုံးသည် ဧရာမမီးတောက်ကြီး တစ်ခု အဖြစ် ပြောင်းလဲလောင်ကျွမ်းလာလေတော့သည်။

သစ်ရွက်စိမ်းများကိုယူ၍ မီးပုံထဲသို့ ထည့်ကြသည်။

မီးတောက်များမှာ တဖြည်းဖြည်းနှင့် ငြိမ်း၍ကျလာ သည်။

အခိုးအငွေ့မှုန်သာ ထွက်လာတော့သည်။

သူတို့လေးဦးသည် အိမ်ကြီးဆီသို့ လေးပင်သော ခြေလှမ်း များဖြင့် ပြန်၍လျှောက်လာခဲ့ကြလေတော့သည်။

ညနေခင်းအချိန် …။

စဝ်ရန်နိုင်တို့လူစုသည် အဆောက်အအုံကြီး၏ အပြင်ဘက် သို့ ပြန်ထွက်သည်။ လေဆာသေနတ်ဖြင့် သစ် ပင်ပေါင်းများစွာကို ခုတ်လှဲဖြတ်တောက်ပစ်သည်။

ထို့နောက် လူတစ်ရပ်မက မြင့်မားသော ထင်းပုံကြီး တစ်ခုဖြစ်အောင် နေသားတကျစီစဉ်လိုက်ကြသည်။

ဤမျှကြီးမားသော ထင်းပုံကြီးကို မီးရှို့မှသာ ဤကျွန်းပေါ်မှ အလင်းရောင်ကို ဗဟိုကုန်းမြေဆီမှ လှမ်း၍မြင်တွေ့နိုင်ပေလိမ့်မည်။

"မှောင်တာနဲ့ ထင်းပုံကြီးကို မီးရှို့ကြတာပေါ့။ ဒါဆိုရင် ဗဟိုကုန်းမြေက တစ်ယောက်ယောက်တော့ မြင် နိုင်ကောင်းပါ လိမ့်မယ်"

ထိုစဉ်မှာပင် –



www.burmeseclassic.com

www.burmeseclassic.com



ထက်ခေါင်က စဝ်ရန်နိုင်၏ပခုံးတစ်ဘက်ကိုဆွဲယူ၍ -

"စဝ် ... ဟိုမှာကြည့်လိုက်စမ်း"

ထက်ခေါင် ညွှန်ပြသောနေရာသို့ စဝ်ရန်နိုင် လှမ်း၍ကြည့်သည်။

သစ်ပင်အုပ်များ ထူထပ်သောနေရာတစ်ခု ...။

ထိုနေရာ၌ အရိပ်တစ်ခုကို တွေ့လိုက်ကြရသည်။

ထက်ခေါင်က ရှေ့သို့ ခြေလှမ်းတိုးလိုက်ပြီး -

"ဒါ..လူသစ်ပဲဖြစ်မယ်"

"သတိထား..ကိုထက်ခေါင်"

ခွဲစိတ်ခန်းသုံး ဝတ်စုံဝတ်ဆင်ထားသော လူတစ်ဦး၏ လှုပ်ရှားမှုကို ထင်ရှားစွာမြင်တွေ့လိုက်ကြရသည်။

"လူသစ်" သည် သစ်ပင်ကြီးများ၏နောက်ကွယ်မှ ရှေ့သို့ တစ်လှမ်းခြင်းတိုး၍ထွက်လာသည်။

သူ၏ဘယ်လက်မှာ တွဲလောင်းကျ၍နေသည်။

လူသစ်သည် မည်သည့်အသံမျှ မပြုပဲ၊ စဝ်ရန်နိုင်တို့ ထံသို့ ဦးတည်၍လာနေသည်။

"လူသစ်" ကိုမြင်လိုက်မိလျှင် -

စဝ်ရန်နိုင်၏ ခန္ဓာကိုယ်တစ်ခုလုံး အေးစက် တောင့်တင်းသွားသည်။

နွယ်နီချို့ ထိတ်လန့်ကြောက်ရွံ့စွာအော်၍ အိမ်ကြီး ဆီသို့ တစ်ချိုးတည်းပြန်ပြေးသည်။

ထက်ခေါင်နှင့် ဒေါက်တာစံသာမြတ်တို့ နောက်ဘက် သို့ တရွေ့ရွေ့ဆုတ်သွားကြသည်။ စဝ်ရန်နိုင်ပါ သူတို့နှစ် ဦးနှင့်အတူ လိုက်ပါသွားသည်။





လူသစ်သည် သဲသောင်ပြင်ကိုဖြတ်၍ ခြေလှမ်းမှန် မှန် လျှောက်လာနေသည်။

စဝ်ရန်နိုင် ယခုမှပင် သတိရမိတော့သည်။

"ဟာ..ဒုက္ခပါပဲ။ လေဆာပစ္စတိုထင်းပုံဘေးမှာ ကျန်ရစ်ခဲ့ပြီ"

လက်တွင်း၌ မည်သည့်လက်နက်မျှ ရှိမနေတော့ပေ။

လူသစ်၏စွမ်းရည်ကိုလည်း မည်သို့မျှ မခန့်မှန်းနိုင်။

သူတို့လူစုသည် အိမ်ကြီးဆီသို့သာ အလျင်အမြန် ပြေးသွားကြရသည်။

အိမ်ကြီး၏ အဝင်ဝ၌ နွယ်နီချို စောင့်ဆိုင်းနေသည်။

အမျိုးသားသုံးဦး အတွင်းသို့ ဝင်မိလျှင် သူမက တံခါးကို ခေျာဖြင့် ဖိကာပ်၍ပိတ်ပစ်လိုက်သည်။

နွယ်နီချိုက တုန်လှုပ်ချောက်ချားသော လေသံဖြင့်

"ဘုရား ..ဘုရား .. ကျွန်မတို့၊ ကျွန်မတို့ အခု ဘာ ဆက်လုပ်ကြမလဲဟင်"

"စီစဉ်ထားတဲ့ အတိုင်းပဲ၊ မှောင်လာကာနဲ့ ထင်းပုံ ကြီးကို မီးရှို့မယ်"

"ဟို..ဟို..လူသစ်ကော အပြင်မှာ။ ဘယ်သူ သွားရှို့မှာလဲ"

နွယ်နီချိုက ပြောသည်။

ဒေါက်တာစံသာမြတ်က လေသံခပ်အေးအေးဖြင့်

"ကျုပ် ... သွားရှို့ပါ့မယ်။ ကျုပ်နဲ့ဆိုရင် အန္တရာယ်မရှိနိုင်ဘူး"

"ဘာဖြစ်လို့ အန္တရာယ်မရှိနိုင်ရမှာလဲ။ သူက ခင်ဗျားရဲ့ သားဖြစ်ပေမယ့် ခန္ဓာကိုယ်ကသာ ခင်ဗျားရဲ့သား။ ဦးနှောက်က လူသတ်သမားရဲ့ဦးနှောက်ဖြစ်နေတယ်"

ဒေါက်တာစံသာမြတ်သည် ခေါင်းအလွန်မာသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ဆုံးဖြတ်ချက်ကို မမြင်ပေ။

"မှောင်တဲ့အချိန်အထိစောင့်ကြမယ်။ ပြီးတော့မှ ထင်းပုံကြီးကို ကျုပ်ကိုယ်တိုင် သွားရှို့မယ်"

× × ×

နေလုံးနီနီသည် ပင်လယ်ပြင်ကြီးအတွင်းသို့ ငုံ့လျှိုးပျောက်ကွယ်၍သွားပေပြီ။

ဒေါက်တာစံသာမြတ်က ပြတင်းပေါက်မှနေ၍ အပြင်သို့ ငေးကြည့်နေသည်။

စံရန်နိုင်က -

"မနေ့ညက ခင်ဗျားကို ကျွန်တော် ပစ္စတိုပေးထားခဲ့တယ် ..မဟုတ်လား"

ဒေါက်တာစံသာမြတ်က အရေးမကြီးဟန်ဖြင့် -

"ဟုတ်တယ် ..ကျွန်တော့်မှာရှိတယ်"

"ခင်ဗျားဗျာ ..ကျွန်တော်တို့ကို ဘာမှထပ်မပြောတာ အံ့ပါရဲ့"

"ကျွန်တော့်ရဲ့သားနဲ့ ပတ်သက်လာရင် ဘယ်လို အခြေအနေမျိုးနဲ့ပဲကြုံကြုံ သေနတ်မသုံးဘူး.."

ထက်ခေါင်က သဘောမတွေ့သောလေသံဖြင့် -

"လူသစ်က ခင်ဗျားရဲ့သားမှ မဟုတ်တာ။ သူ့ရဲ့ခေါင်းထဲမှာ ရှိနေတာက ခင်ဗျားသားရဲ့ဦးနှောက်မဟုတ်ဘူးဆိုတာ ခင်ဗျား ဝန်ခံစမ်းပါ"

ဒေါက်တာစံသာမြတ်က လက်တစ်ဘက်ကို မြှောက်၍ ဇဝေဇဝါ ပြလိုက်သည်။

ထက်ခေါင်က -

"အိမ်အပြင်ဘက်မီးတွေဖွင့်လိုက်တော့မယ်"





"မလိုအပ်ပါဘူး။ အပြင်မှာ လ,ရောင်နဲ့ကောင်းကောင်း မြင်ရပါတယ်။ မီးရှို့ဖို့ လျှပ်စစ်ကြိုးခွေတစ်ခုပဲ လိုတယ်"

စံရန်နိုင်က လျှပ်စစ်မီးကြိုးခွေတစ်ခုကိုယူ၍ပေးလိုက်သည်။

ထက်ခေါင်က -

"အခြေအနေကို ကျွန်တော်ကြည့်ပေးမယ်"

ထက်ခေါင်သည် အဆောက်အအုံ အပြင်ဘက်သို့ [illegible] သစ်များအတိုင်း ဆင်းသွားသည်။

ခေတ္တမျှအကြာ၌ ထက်ခေါင် လှမ်းပြောသည်။

"အခြေအနေကတော့ ရှင်းနေတယ်"

ဒေါက်တာစံသာမြတ်သည် လက်တစ်ဘက်၌ [illegible] လက်တစ်ဘက်၌ လျှပ်စစ်ကြိုးခွေကိုကိုင်လျက် အပြင်ဘက် သို့ ထွက်လာပေပြီ။

မိမိသာ ဤကိစ္စကိုဝင်၍ တာဝန်ယူဆောင်ရွက်လိုက်လျှင် ကောင်းမည်လားဟု စံရန်နိုင် တွေးကြည့်မိသည်။ မိမိနည်းတူပင် ထက်ခေါင်အနေနှင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပေသည်။

ခြေတစ်ဘက် မကောင်းလှသော ဒေါက်တာစံသာမြတ် သည် ခေါင်းမာစွာဖြင့် ထင်းပုံကြီးကို အဘယ့်ကြောင့် မီးရှို့ချင်နေရ သနည်း။

အဓိပ္ပါယ်မှာ ရှင်းလင်းလွယ်ကူလှသည်။

ဆတ်သွားဖူးကျွန်းသည် သူ၏ကျွန်းဖြစ်နေပေသည်။

အော်ပရေးရှင်းကိစ္စသည် သူနှင့်ဟိုက်ရိုက် [illegible] သောကိစ္စ။

ထို့ပြင် လူနာဖြစ်သော "လူသစ်" သည် သူ၏သား ဖြစ်နေသောကြောင့်သာလျှင် ဖြစ်ရပေမည်။ သူကိုယ်တိုင် သွားလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်၍ အပြီးအပိုင်းဆောင်ရွက်လိုပေလိမ့်မည်။ ထို့ပြင် သူ၏သားဖြစ်သူ "လူသစ်"ခေါ် "စံသာအောင်"အားအခြားသူများနှင့် ထိပ်တိုက်မတိုးမိစေလိုသော ရည်ရွယ် ချက်ကြောင့်လည်း ဖြစ်ပေလိမ့်မည်။

ဒေါက်တာစံသာမြတ်သည်အမှောင်ထုအတွင်းသို့တိုးဝင်၍ သွားနေပေသည်။ စစ်ရန်နိုင်က သူ၏ကျောပြင် ကိုသာ ငေး၍စိတ် လှုပ်ရှားစွာ ကြည့်နေမိသည်။

ထိုစဉ်မှာပင် -

ဒေါက်တာစံသာမြတ်ထံမှ ပင့်သက်ရှိုက်သံတစ်ချက် ထွက်ပေါ်လာသည်။

ထို့နောက်

သူ၏ခန္ဓာကိုယ်သည် ရှေ့သို့ ဝမ်းလျားထိုးမှောက် ကျသွား သည်။

ထက်ခေါင်က လေ့ကားထစ်များမှ ခုန်ဆင်း၍ ပြေး သွား သည်။

စစ်ရန်နိုင်နောက်မှလိုက်သွားသည်။

ထက်ခေါင်သည် ဒေါက်တာစံသာမြတ်၏ ခန္ဓာကိုယ်ကို ပက်လက်ဆွဲလှန်လိုက်သည်။

"ဘုရား...ဘုရား...သူ...သူ ဓားနဲ့အပစ်ခံလိုက်ရတာပဲ"

ထက်မြနေသော ဓားသွားသည် ဒေါက်တာစံသာ မြတ်၏ နံရိုးကြားမှအတွင်းသို့တိုက်ရိုက်သေသပ်စွာ စိုက်ဝင် သွားခြင်းဖြစ်သည်။

စစ်ရန်နိုင်က ပတ်ဝန်းကျင်ကိုကြည့်လိုက်ပြီး -

"လူသစ်ကိုလည်း မတွေ့ပါလား"

ထက်ခေါင်ကစိတ်လှုပ်ရှားသံဖြင့် -





"ခပ်ဝေးဝေးကနေ လှမ်းပစ်လိုက်တာပဲဖြစ်လိမ့်မယ်"

ဒေါက်တာစံသာမြတ်၏နှုတ်ခမ်းများလှုပ်ရှား၍လာသည်။ ပါးစပ်မှသွေးကွဲအသံများပေါ်လာသည်။

စစ်ရန်နိုင်က အနီးသို့ကပ်၍ နားထောင်လိုက်သည်။

ထက်ခေါင်ကိုလက်ကာပြလိုက်ပြီး -

"တိတ်တိတ်နေစမ်း ...ထက်ခေါင်။ ဒေါက်တာ စံသာမြတ် မသေသေးဘူး။ သူတစ်ခုခုပြောချင်ပုံရတယ်"

ဒေါက်တာစံသာမြတ်၏ ခန္ဓာကိုယ် လှုပ်ရှား၍သွား ပြီး အားတင်း၍ကြိုးစားပြီးပြောသည်။

သို့သော် -

လေသံသဲ့သဲ့မျှသာ -

"စစ် ...စစ်ရန်နိုင်။ ခင်ဗျားကို ...ကျုပ် ...ကျုပ် ပြောစရာတစ်ခု ကျန်နေတယ်"

"ပြောပါ...ဒေါက်တာ။ ခင်ဗျား ဘာပြောချင်တာလဲ"

"ဒေါ်သဇ္ဇာ ...ဒေါ်သဇ္ဇာနဲ့ ပတ်သက်တဲ့ အကြောင်း ပါ။ တကယ်တော့ ဒေါ်သဇ္ဇာဟာ မသေပါဘူး။ သူ...သေနေတာ မဟုတ်ပါဘူး သူ...သူ"

ဒေါက်တာ စံသာမြတ်၏ ဦးခေါင်းတစ်ဘက်သို့ လည်ဆင်းသွားသည်။

ဆတ်သွားဖွားကျွန်းပေါ်၌ နောက်ထပ် တစ္ဆေတစ်ကောင်း ပိုးဟောခဲ့ရပေပြီ။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

ဒေါက်တာစံသာမြတ်၏ မီးခံအာမခံသေတ္တာကြီးကို နွယ်နီချို၏ အကူအညီဖြင့် ဖောက်ခွဲဖျက်ထုတ်ပစ်နိုင်ခဲ့ သည်။ နွယ်နီချိုက ဓာတ်ခွဲခန်းအတွင်းရှိ ဓာတုဗေဒပစ္စည်းများနှင့် မဂ္ဂနီဆီယမ်တို့ကို ပေါင်းစပ်ဖန်တီး၍အာမခံသေတ္တာကြီးကိုဖျက်ဆီး[ပစ်]လိုက်နိုင်ခြင်းဖြစ်သည်။

သေတ္တာကြီးအတွင်းမှစာရွက်စာတမ်းများ၊ မှတ်တမ်းများ[ကို] စစ်ရန်နိုင်က စစ်ဆေးကြည့်ရှုသည်။

ဒေါက်တာစံသာမြတ်၏ စာရင်းများမှာ ထွက်ငွေ မရှိ[ဘဲ] ဝင်ငွေများသာရှိနေကြောင်းတွေ့ရသည်။

ထက်ခေါင်က -

"အိမ်အပြင်မထွက်ပဲ ထင်းပုံကြီးကို မီးရှို့နိုင်မယ့် နည်းလမ်း ရှိနိုင်ပါ့မလား"

စစ်ရန်နိုင်က လှမ်း၍ပြောသည်။

"ကောင်းကောင်း ရှိတာပေါ့ဗျာ။ အာမခံသေတ္တာ ကြီး[ကို] ဖွင့်လိုက်တဲ့ နည်းလမ်းကိုမြင်တာနဲ့ ဒီစိတ်ကူးပေါ်လာတာပဲ"





"ရှင်က ဘယ်လိုလုပ်မှာလဲ"

"ရောင်စုံမီးရှူးမီးပန်းတွေကိုဖောက်ပြီး အကူအညီတောင်းကြတာပေါ့"

သူမက အံ့ဩသံဖြင့် -

"ရောင်စုံမီးရှူး မီးပန်းတွေ ဟုတ်လား"

"ဟုတ်တယ် ..ဓာတ်ခွဲခန်းထဲမှာ မဂ္ဂနီဆီယမ်နဲ့ ဓာတုဗေဒပစ္စည်းမျိုးစုံ ရှိနေတယ် မဟုတ်လား။ အဲဒါတွေနဲ့ ပေါင်းစပ် ဖန်တီးလိုက်ရင် မီးရှူးမီးပန်းဖြစ်လာမှာပဲ။ ဒီကျွန်းပေါ်က ပစ်ဖောက်လိုက်တဲ့ မီးရှူး၊ မီးပန်းတွေကို ဗဟိုကုန်းမြေကနေ ကောင်းကောင်းမြင်ရမှာသေချာတယ်။ ဗဟိုကုန်းမြေပေါ်က လူတွေမြင်တာနဲ့၊ ဒီကျွန်းပေါ်မှာ တစ်ခု ခုဖြစ်နေပြီဆိုပြီး အကူညာအီပေးလာကြလိမ့်မယ်။ နိုက်ထြိုဂရစ်ဆလင်နဲ့ဓာတုဗေဒဆေးရည်နည်းနည်းရောပြီး ရော့ကက်တွန်းကန်အားရအောင် ဖန်တီးယူရုံပဲ"

နွယ်နီချိုခေါင်းညိတ်လိုက်ပြီး -

"ရှင်ပြောသလိုဖြစ်နိုင်ပါတယ်"

× × ×

ဓာတ်ခွဲခန်းအတွင်းသို့ဝင်၍နွယ်နီချိုလုပ်ငန်းစတော့သည်။

ဓာတုပစ္စည်းများဖြင့် ပေါင်းစပ်၍ ရောကတ်မီးရှူး မီးပန်းတစ်ခုဖြစ်လာစေရန် ဖန်တီးနေပေသည်။

စစ်ရန်နိုင်သည် ထက်ခေါင်ကိုခေါ်၍သတ္တုပေါင်းအိုးတလားကြီးများကို ဖွင့်၍စစ်ဆေးကြည့်ရှုရန်ပြင်သည်။

"ဒီပေါင်းအိုး ခေါင်းတလားကြီးတွေထဲမှာ လူတစ် ဦးရဲ့ ဝိညာဉ်မဲ့ ခန္ဓာကိုယ်တွေထည့်သွင်းထားကာ ကျွန်တော်တို့အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အသိပဲ မဟုတ်လား။ ဒါပေမယ့် တကယ်ရှိ၊ မရှိကတော့ ထုတ်ယူကြည့်မှ သိနိုင်မယ်"

အမှန်စဉ်နံပါတ် (၃၆၄ - ဘီ)ဟု ချိတ်ပိတ်၍ထား သော သတ္တုပေါင်းအိုး ခေါင်းတလားကြီးကို ဖွင့်ကြည့်ရန် ဆုံးဖြတ်လိုက်ကြသည်။

ချိတ်များကို ဓာ၍ဝက်အူလှည့်ဖြင့်ဖွင့်လိုက်လျှင် ဝက်အူများ လွယ်ကူစွာပြုတ်ထွက်လာကြသည်။

စဝ်ရန်နိုင်သည် အာမခံသေတ္တာကြီးထဲမှ ရလာ သော ဖိုင်တွဲမှတ်တမ်းကို ကြည့်လိုက်ပြီး -

"ဟောဒီဖိုင်တွဲထဲက မှတ်တမ်းအရဆိုရင် ဒီသတ္တုပေါင်းအိုး တလားကြီးထဲမှာ ရှိနေတဲ့ အေးခဲခံထားရတဲ့ ခန္ဓာကိုယ်ပိုင်ရှင်ဟာ အရှေ့အလယ်ပိုင်းဒေသက ရေနံ သူဌေးကြီးတစ်ယောက်ပဲ"

"ကဲ..ဒေါက်တာစံသာမြတ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီး၊ သူ့ရဲ့မှတ်တမ်း တွေအတိုင်း တကယ် အလုပ်.လုပ်ခဲ့သလား၊ မလုပ်ခဲ့ဘူးလားဆိုတာ ကြည့်လိုက်ကြရအောင်"

သတ္တုပေါင်းအိုးတလားကြီး၏အဖုံးကို မ,၍ဖွင့် လိုက်သည်။

ထက်ခေါင်က အတွင်းသို့ငုံ့ကြည့်လိုက်ပြီး -

"ခင်ဗျားယူဆထားတဲ့အတိုင်းပဲ..စဝ်၊ အထဲမှာ ဘာတစ်ခုမှ ရှိမနေဘူး"

စဝ်ရန်နိုင်က သတ္တုပေါင်းအိုးတလားကြီး အတွင်း ပိုင်းသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။ အတွင်း၌ ပြောင်လက်ချော မွတ်၍နေပြီး တစ်ကြိမ်တစ်ခါမျှပင် အသုံးပြုရသေးပုံမပေါ်သေးပေ။

ရုတ်တရက် -

အပေါ်ထပ်မှ နွယ်နီချို၏အသံ ပေါ်လာသည်။





"ဟော့..ရှင်တို့ရဲ့အလုပ်တွေ မပြီးကြသေးဘူးလား"

"ပြီးပါပြီ..မင်းကော အဆင်ပြေရဲ့လား"

နွယ်နီချို၏လက်တွင်း၌ ထုလုံးရှည်သဏ္ဍာန် သတ္တု ဗူးရှည်တစ်ခု...။

သူမက ဂုဏ်ယူဝမ်းမြောက်သော လေသံဖြင့် -

"ဒီပစ္စည်းက မဂ္ဂနီဆီယမ်ရောင်ခြည် မီးရှူးမီးပန်းပဲ။ ဒီပစ္စည်းပေါက်ကွဲသွားတဲ့အချိန်မှာ ကောင်းကင်တစ်ခုလုံးနေ့ခင်းလို ထိန်လင်းသွားလိမ့်မယ်။ ဒီအလင်းရောင်ကို မိုင်ငါးဆယ်အကွာ ကနေတောင်မှ ကောင်းကောင်းမြင်နိုင်တယ်"

စဝ်ရန်နိုင်က ခေါင်းညိတ်လျက် -

"သိပ်ကောင်းတဲ့ပစ္စည်းပဲ။ ဘယ်လိုလွှတ်တင်မလဲ"

"နိုက်တြိုဂျင်တွန်းအားနဲ့ လွှတ်တင်ပေးကြတာပေါ့။ လွှတ်စင်တစ်ခုလုပ်ပြီး ထိန်းပေးဖို့တော့လိုမယ်"

"ဒါက လွယ်ပါတယ်"

သုံးဦးသား လှေကားမှ အပေါ်ထပ်သို့ တက်လာကြသည်။

ထိုစဉ်မှာပင် -

သူတို့၏ဦးခေါင်းပေါ်ရှိအထပ်မှ အသံတစ်သံကို ကြားလိုက် ရသည်။

ထက်ခေါင်က -

"ဘာသံလဲ..စဝ်"

အသံမှာ မှန်များကွဲကြေထွက်ကျလာသည့်အသံမျိုး...။

နွယ်နီချိုက တုန်လှုပ်စွာဖြင့် -

"ဘုရား ..ဘုရား ..လူသစ်နဲ့တူတယ်။ သူ ..သူ အခန်းထဲကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီနဲ့တူတယ်"

စဝ်ရန်နိုင် ရှေ့သို့ပြုံးသွားသည်။

"ကဲ ... လာကြ။ ဒီတစ်ကြိမ်တော့ ကျွန်တော်တို့ လူရှ သူ့ကိုပုန်းနေစရာမလိုတော့ဘူး"

အဆောက်အအုံ၏ မြေညီထပ်သို့ စဝ်ရန်နိုင် ဦးစွာ ရောက်သွားသည်။

အိမ်ရှေ့ပြတင်းပေါက် မှန်ချပ်များ ကွဲကျနေသည် ကို မြင်လိုက်ရသည်။

ဒေါက်တာစံသာမြတ်၏ အလောင်းမှာ သူတို့ သယ်ရွှေ့ယူလာသည့်အတိုင်းပင် ဆော်ဖာပေါ်၌ ပက်လက်အနေအထားဖြင့် ရှိနေသည်။

သို့သော် -

သူ၏အနီး၌ လူတစ်ဦးရောက်နေသည်။

ထိုလူသည် "လူသစ်" ပင်ဖြစ်ပေသည်။

လူသစ်သည် ဒေါက်တာစံသာမြတ်၏ အလောင်း ဘေး၌ ဒူးထောက်၍ ထိုင်နေပြီး ဒေါက်တာစံသာမြတ်၏ အရေပြားများကို စမ်းသပ်ကြည့်ရှု၍နေသည်ကို စဝ်ရန်နိုင် တွေ့မြင်လိုက်ရသည်။

စဝ်ရန်နိုင်က ထက်ခေါင်အား

"သူမသိစေနဲ့"

စဝ်ရန်နိုင်က ရှေ့သို့ ဖြည်းဖြည်းရွေ့သွားသည်။

ရုတ်တရက် -

"လူသစ်" က လှုပ်ရှားလိုက်၏။

"ထက်ခေါင်" ၏ ဘောင်းဘီ "လူသစ်" က လှမ်း၍ဆွဲ လိုက်





သည်။

နှယ်နီချိုင်ယသံပါအောင် အော်ဟစ်လိုက်သည်။

"ထက်ခေါင်" ၏ ခန္ဓာကိုယ်ရှေ့သို့ ငိုက်၍ကျလာ သည်။

လူသစ်က ထက်ခေါင်၏လက်တွင်း၌ အသင့်ကိုင်ထားသော ပစ္စတိုကို လက်ဖြင့်ရိုက်ထုတ်ပစ်လိုက်သည်။

စဝ်ရန်နိုင်က လူသစ်၏ခန္ဓာကိုယ်ပေါ်သို့ခုန်အုပ်လိုက်သည်။

ကြမ်းပြင်ပေါ်၌ သုံးဦးသားလုံးထွေး၍သွားကြသည်။

ခေတ္တမျှအကြာ၌ -

"လူသစ်" နောက်ဆုတ်ရန် ဟန်ပြင်သည်။

ကြမ်းပြင်ပေါ်မှ ပစ္စတိုကို ကောက်ယူ၍ စဝ်ရန်နိုင် နှင့် ထက်ခေါင်ကို လှမ်း၍ချိန်ရွယ်သည်။

လူသစ်နောက်ဆုတ်၍သွားသည်။

လူသစ်သည် သူဝင်လာခဲ့သော ပြတင်းပေါက်မှ ဒိုင်ဗင်ထိုး၍ အပြင်သို့ ခုန်ထွက်သည်။ ချက်ခြင်းပင် အမှောင် ထုအတွင်းသို့ ပြေးလွှား၍ ပျောက်ကွယ်သွားသည်။

ထက်ခေါင်က တုန်လှုပ်သံဖြင့် -

"သေနတ် .. သေနတ် သူ့လက်ထဲပါသွားပြီ။ သူ့ အခြေအနေကိုကြည့်ရတာ ကြံရွယ်ချက်တော့တင်းမှုသိပ်မရှိလှဘူး။ သူ့လက်ထဲမှာ ပစ္စတိုပါမသွားခဲ့ရင် သူ့ကို ကျွန်တော် တို့ လွယ်လွယ်နဲ့ ဖမ်းလို့ရတယ်"

"သူ့ရဲ့ ဘယ်လက်က ဘာမှမလှုပ်ရှားနိုင်ဘူး။ စကား ပြောနိုင်ပုံလည်းမပေါ်ဘူး။ သူ့ဆီက ဘာသံမှထွက်မလာခဲ့ဘူး"

ထက်ခေါင်က -

"ဒေါက်တာအာကာ စိတ်ပူခဲ့တဲ့အတိုင်းပဲ လူသစ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ကစ်ဇိတ်တစ်ပိုင်းဟာ ချို့ယွင်းနေတာဖြစ်နိုင်တယ်"

"အဲဒီလို ဦးနှောက်ချို့ယွင်းခဲ့ရင် လူ့သတ်သမား တစ်ယောက်ဘဝရောက်သွားနိုင်သလား"

"ရောက်သွားနိုင်တယ်"

"ကဲ…ကျွန်တော်တို့ မီးရှူးမီးပန်းဒုံးကျည်လွှတ် ရအောင်။ အဖေပါထပ်တစ်နေရာရာမှာ လွှတ်ကြမယ်"

စင်ရန်နိုင်သည် သစ်သားပြားများကို ကပ်၍ရိုက် ပြီး ဒုံးကျည်လွှတ်စင်တစ်ခုပြုလုပ်သည်။

စင်ရန်နိုင်သည် သူ၏အိပ်ခန်းပြတင်းပေါက်မှနေ ၍အပြင်သို့ထွက်သည်။ ခေါင်မိုးတစ်နေရာ၌ ဒုံးကျည်လွှတ် စင်နှင့် မီးရှူးမီးပန်းကိုတပ်ဆင်သည်။

ဒုံးကျည်လွှတ်စင်ကို ထောင်လိုက်ပြီး ခနက်တံကို ချုပ်စစ်မီးခြစ်ဖြင့် ညှိလိုက်သည်။

နှယ်နီချို ပြုလုပ်ထားသည့် မဂ္ဂနီဆီယမ်အလင်း ရောင်မီးရှူးမီးပန်းသည် ကောင်းကင်ယံသို့ အရှိန်ပြင်းစွာ ပြေးတက်သွားသည်။

သတ္တုလုံးရှည်ဗူး၌ တပ်ဆင်ထားသည့် ဖော့ဆို့တံများ ခုန်ထွက်သွားသည်။ မျက်စိကျိန်းလောက်အောင် ဝင်းထိန် သော အလင်းရောင်တန်းတစ်ခုထွက်ပေါ်လာသည်။

ခေတ္တမျှအကြာ၌ -

ကောင်းကင်ယံ၌ ဖြူဖွေးတောက်ပသော အလင်းရောင်တန်းကြီးတစ်ခုဖြစ်ပေါ်လာလေသည်။

စင်ရန်နိုင်က မျက်မှောင်ကြုတ်၍ -

"နှယ်နီချို…တို့ရဲ့ဒုံးကျည်မှာ လေထီးတစ်ခု တပ်ပေးရင်





ပိုပြီးကောင်းမယ်"

"ဒါဆို…နောက်တစ်ခုလုပ်ရဦးမလား"

"စာတ်ခွဲခန်းထဲမှာ ပစ္စည်းတွေ ကျန်နေသေးရင်၊ နောက် တစ်ခုကိုလုပ်ပြီး လေထီးတပ်ပေးလိုက်ရုံပေါ့"

"ကောင်းပြီလေ။ ကျွန်မ နောက်တစ်ခု ထပ်လုပ်ပါ့မယ်"

× × ×

ညဥ့်သန်းခေါင်ယံအချိန်၌ -

ဒုတိယမြောက် မဂ္ဂနီဆီယမ်အလင်းရောင် သုံးကျည် တစ်ခုကို နှယ်နီချိုပြုလုပ်ပြီးစီးသွားသည်။ ဒုံးကျည်နှင့်အတူ လေထီးအသေးတစ်ခုပါအသင့်တပ်ထားပြီးသားဖြစ်၍နေ သည်။

စင်ရန်နိုင်သည်ပြတင်းပေါက်မှတစ်ဆင့်အိမ်ခေါင် မိုးပေါ်သို့ တက်လိုက်သည်။

ဒုံးကျည်လွှတ်စင်ကို ခပ်မတ်မတ်ပြုပြင်လိုက်သည်။

ဒုံးကျည်မှခနက်တံကိုချုပ်စစ်မီးခြစ်ဖြင့်ညှိလိုက်သည်။

ဒုံးကျည်သည် ကောင်းကင်ယံကို တစ်ရှိန်ထိုးတက်၍သွား သည်။

မဂ္ဂနီဆီယမ်ဒုံးကျည်သည် ကောင်းကင်ယံ၌ ပေါက်ကွဲ၍သွားသည်။

ဖြူဖွေးတောက်ပဝင်းထိန်နေသောအလင်းရောင်ထုကြီးက ဆက်သွားမှုကျွန်း တစ်ခုလုံးပေါ်၌ လွှမ်းခြုံ၍သွားသည်။

လေထီးတပ်ဆင်ထားသော ဒုံးကျည်သည် ပင်လယ် ရေမျက်နှာပြင်ပေါ်သို့ တဖြည်းဖြည်းကျဆင်း၍ လာသည်ကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့လိုက်ကြရသည်။

ညဥ့်၏ ကျန်အချိန်များကို ချောင်ခန်းကြီးအတွင်း၌ ပင်ကုန်ဆုံးစေလိုက်ကြသည်။

အရုဏ်ကျင်းစအချိန်၌အပြင်ကို ထွက်ခဲ့ကြသည်။

မြူနှင်းများက ဝေ့ဝဲ၍နေ၏။

သူတို့သုံးဦးသည် ထင်းပုံကြီးအနီးသို့ရောက်လာကြသည်။

ထင်းပုံအနီးရှိအပြင်ဖေါ်၌ ထက်ခေါင်က ရှာဖွေကြည့်သည်။

"ဘာသေနတ်မှ မရှိတော့ဘူး။ လေဆာသေနတ်ပါ လူသစ်ယူသွားပြီ"

စဝ်ရန်နိုင်သည် သူ၏အပြစ်ကို တွေးမိပြီး မကျေမနပ် ရေရွတ်လိုက်မိသည်။

ဆိပ်ခံတံတားဘက်သို့ရောက်သွားလျှင် -

ရေတိမ်ပိုင်း သောင်ပြင်ပေါ်၌ တင်နေသော လေဆာပစ္စတိုနှင့် အော်တိုမက်တစ်ပစ္စတိုအသေးကိုတွေ့လိုက်ကြရသည်။

သို့သော် သေနတ်များမှာ ရေစိုနေ၍ မည်သို့မျှ သုံး၍မရနိုင်ပဲ ဖြစ်၍နေပေသည်။

"ကဲ..ကျွန်မတို့လေ့အိမ်ဘက် သွားကြည့်ကြရအောင်"

လေ့အိမ်ဘက်သို့ရောက်လျှင် မော်တော်ဘုတ်ကို တွေ့ကြရသည်။ သို့သော် မော်တော်ဘုတ်အတွင်း၌ ရေများ စိမ့်၍ တစ်ဝက်ကျော်ဝင်နေပေပြီ။

× × × × ×





အခန်း (၂၆)

စဝ်ရန်နိုင်က ထင်းပုံမီးမွှေးရန် ပြင်ဆင်သည်။

မကြာခင်မှာပင် -

မီးတောက်ကြီးတစ်ခုအဖြစ် မီးခိုးခွဲ၍ထောင်လာသည်။

ထက်ခေါင်က -

"ကျွန်တော် ခွဲစိတ်ခန်းထဲ ခဏသွားလိုက်ဦးမယ်။ နွယ်နီ လိုက်ခဲ့ပါ ခေါ်သွားမယ်"

"ဘာကိစ္စရှိလို့လဲ"

"လူသစ်ရဲ့ နှလုံးခုန်နှုန်း နောက်ဆုံးအချက်ပြအမှတ်အသားကို သိချင်လို့ပါ"

"ကောင်းပြီလေ.."

သူတို့နှစ်ဦး ခွဲစိတ်ခန်းဘက်သို့ ထွက်သွားကြသည်။

စဝ်ရန်နိုင်က ထင်းပုံကြီးနောက်မှ [illegible] ၍ကြည့်နေသည်။

မီးတောက် မီးလျှံကြီးမှာ [illegible] ဖြည်းဖြည်းမြင့်တက်၍လာသည်။


www.burmeseclassic.com

www.burmeseclassic.com



မြို့နှင်းများကို တဖြည်းဖြည်းဖယ်ရှားနေသည်ကို မြင်ရသည်။

စီးပုံထဲသို့ထင်းချောင်းများကိုထပ်မံပစ်ထည့်သည်။

မကြာခင်မှာပင် -

အသံတစ်သံကိုကြားရသည်။

သေချာစွာ နားထောင်သည်။

ဟယ်လီကော်ပတာတစ်စီးကျွန်းပေါ်သို့ရောက်လာခြင်းပင်။

စဝ်ရန်နိုင်သည် ထက်ခေါင်နှင့် နွယ်နီချိုတို့ကို အသိပေးရန်အတွက် ခွဲစိတ်ခန်းမဘက်သို့ပြေးထွက်သွားသည်။

ရုတ်တရက် -

နွယ်နီချို၏အော်ဟစ်သံစူးစူးရှရှကိုကြားလိုက်ရသည်။

စဝ်ရန်နိုင်သည် အော်ပရေးရှင်းခန်းအတွင်းသို့ လျင်မြန်စွာပြေးဆင်းသွားသည်။

ထက်ခေါင်မှာ အခန်းထောင့်တစ်နေရာ၌ရောက်နေသည်။

သူ၏ရှေ့၌ "လူသစ်"

လူသစ်၏ လက်ထဲ၌ အသွားထက်မြနေသည့် ပုဆိန်ကြီးတစ်လက်။

စဝ်ရန်နိုင်ကိုမြင်လျှင် "လူသစ်" နောက်ဆုတ်သွားသည်။

စဝ်ရန်နိုင်က -

"ဘယ်လိုဖြစ်ရတာလဲ"

"လူသစ်က ဒီအခန်းထဲမှာ ကြို့ရောက်နေတယ်။ နွယ်နီချိုကို ငါးမန်းနှင်တုတ်တံနဲ့ လှမ်းရိုက်လိုက်တယ်"

ထက်ခေါင်က သူ၏ပခုံးကို ဆုတ်လျက်ပြောသည်။

ထက်ခေါင်၏ပခုံး၌ဒဏ်ရာရထားပုံရသည်။





ရုတ်တရက် -

ထက်ခေါင် ပြေး၍လိုက်ပါသွားသည်။

စဝ်ရန်နိုင်က ဆလင်ဒါပုံ သတ္တုအအေးခံဗူးကြီးများ စီထားရာ စင်အနီးသို့ ချဉ်းကပ်သွားသည်။

စင်၏အဆုံးသို့ ရောက်လာသည်။ သူ၏ဘေးပတ် လည်၌ အအေးခံသတ္တုပေါင်းအိုးတလားကြီးများ ဝန်းရံ၍နေသည်။

"လူသစ်" ကိုမည်သို့မျှ လျှော့တွက်၍မရနိုင်တော့ပေ။

စဝ်ရန်နိုင် ရှေ့သို့တိုးသွားစဉ်မှာပင် -

သူ၏ဦးခေါင်းတစ်ခုလုံးပြင်းထန်သော ထိုးနှက်မှုဝေဒနာကို ခံစားလိုက်ရသည်။ သံမဏိစင်ကြီးတစ်ခုအနီးသို့ နောက်ပြန်လန်၍ လဲကျသွားသည်။

နောက်ထပ် သတ္တုပေါင်းအိုးတလားကြီး တစ်ခု၏ ထိပ်များဘက်နှင့် ဝင်၍ဆောင့်မိသည်။

ထိုစဉ်မှာပင် -

"လူသစ်" ၏လက်ထဲ၌အသွားထက်မြနေသော ပုဆိန်တစ်လက်။

စဝ်ရန်နိုင်၏ လည်မျိုပေါ်သို့ ဖိခုတ်ချလိုက်သည်။

စဝ်ရန်နိုင်က အစွမ်းကုန် ပြန်၍တွန်းလိုက်သည်။

ရဲဒင်း၏အသွားက သူ၏လက်ဝါးပြင်ထဲသို့ တိုးဝင် နစ်မြုပ်စပြုလာသည်ကို သတိပြုမိသည်။

လူသစ်သည် သာမန်လူသားတစ်ဦးနှင့် မတူသော ကြံ့ခိုင်သန်စွမ်းသော စွမ်းအင်ရှိ၍နေသည်။

ရဲဒင်းအသွားက စဝ်ရန်နိုင်၏ လည်ပင်းနှင့် တဖြည်းဖြည်း နီးကပ်၍လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသစ်၏မျက်လုံးအစုံ၌ အေးစက်သောအငွေ့အသက်များ ဖုံးလွှမ်း၍နေ၏။ စဝ်ရန်နိုင်ကို အသေသတ်နိုင်ရန် ကြိုးစားနေသည်။

လူသစ်သည် လက်တစ်ဘက်တည်း သုံးနိုင်သူ။

စဝ်ရန်နိုင်က လက်နှစ်ဘက်စလုံး အသုံးချနိုင်သူဖြစ်သည်။ သို့သော် လူသစ်၏ခွန်အားကို မတွန်းလှန်နိုင်ပဲဖြစ်နေသည်။

ရဲဒင်းအသွားက ပို၍နီးကပ်လာသည်။

စဝ်ရန်နိုင်က လူသစ်၏ခြေထောက်ကို ဆောင့်ကန်သည်။

သို့သော် -

မည်သို့မျှ မထူးခြားပေ။

သေခြင်းတရားသည် သူနှင့် လွန်စွာနီးကပ်နေပြီ ဖြစ်ကြောင်း စဝ်ရန်နိုင် နားလည်သည်။

စက္ကန့်ပိုင်းမျှသော အချိန်အတွင်း၌ -

လူသစ်၏ လက်ချက်ဖြင့် သေဆုံးရပေတော့မည်ဟု စဝ်ရန်နိုင် တွေးလိုက်မိသည်။

ရုတ်တရက် -

သူ၏မျက်နှာအနီး၌ ကပ်နေသော လူသစ်၏မျက် လုံးများ အရောင်ပြောင်းသွားသည်။ မျက်ဖြူလန်၍ ထွက် သွားသည်ကို တွေ့လိုက်ရသည်။

ထို့ပြင် -

လူသစ်၏ ပါးစပ်အတွင်းမှ သွေးစိမ်းများ ထိုးအန် ကျလာသည်။

စဝ်ရန်နိုင်၏ လည်ပင်းပေါ်၌ ဖိတင်းထားသော သူ ၏ ဖိနှိပ်အားမှာလည်း ရုတ်ခြည်းပင် လျော့ကျသွားသည်။

လူသစ်သည် အဆက်မပြတ် ချောင်းဆိုး အော့အန် ၍





နောက်ပြန်လန်ကျသည်။

ထက်ခေါင်သည် စဝ်ရန်နိုင်အနီးသို့ ပြေးလာသည်။

စဝ်ရန်နိုင်က အံ့အားသင့်စွာဖြင့် -

"လူသစ် ဘာဖြစ်သွားရတာလဲ"

"သူ့ရဲ့နှလုံးကို ပြင်းပြင်းထန်ထန် ထိခိုက်သွားလို့ပဲ။ သူက အင်အားကို ဖိစိုက်လိုက်လို့ အခုလို ဖြစ်သွားရတာ။ သူ့ရဲ့နှလုံးပေါ်က ချုပ်ရိုးအသားမျှင်တွေ ပျက်စီးသွားတာပဲ ဖြစ်မယ်။ ကျွန်တော်တို့ တပ်ဆင်ထားတဲ့ ခန္ဓာကိုယ်အတွင်းပိုင်းက လီစာအစိတ်အပိုင်းတွေပါ ပျက်စီးသွားပြီထင်တယ်"

လူသစ်၏ မျက်နှာတစ်ခုလုံး သွေးများဖြင့် ရွှဲနစ်၍နေသည်။ ပါးစပ်ကိုဟ၍ ခက်ခဲပင်ပန်းစွာ အသက်ရှုရှိုက်နေရသည်။

စဝ်ရန်နိုင်က လူသစ်ကို ငုံ့ကြည့်လိုက်ပြီး -

လူသစ်ကို ခင်ဗျား ဘာမှ လုပ်မပေးနိုင်တော့ဘူး လား ကိုထက်ခေါင်"

ထက်ခေါင်က ခေါင်းခါလိုက်ပြီး -

"ဒီတစ်ကြိမ်မှာတော့ သူ့ကို ဘယ်လိုမှ ကယ်ပေးလို့ မရနိုင်တော့ပါဘူး"

နှယ်နီ ချိုမှာ သတိပြန်ရနေပြီး၊ ထ၍ထိုင်နေပြီဖြစ် သည်။

အပြင်ဘက်၌ -

ရဟတ်ယာဉ်တစ်စီး၏ ရိုတာဒလက်သံများကို ကျယ်လောင်စွာ ကြားလိုက်ရသည်။

စဝ်ရန်နိုင်က သူမအနီးသို့ လျှောက်သွားပြီး -

"အပြင်မှာ ရဟတ်ယာဉ်ဆင်းလာတော့မယ်။ ကိုယ်တို့ အပြင်ထွက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



နွယ်နီချိုက -

"လူသစ်ဘာဖြစ်သွားတာလဲ..ဟင်"

"လူသစ်ရဲ့ ဘဝနိဂုံးချုပ်ချိန် ရောက်နေပြီလေ။ ဒီတစ်ကြိမ်တော့ သူ အပြီးအပိုင် သေဆုံးသွားခဲ့ပါပြီ"

ခွဲစိတ်ခန်းမှ အပြင်သို့ ထွက်လာခဲ့ကြသည်။

အပြင်ဘက် မြေပြင်ပေါ်၌

ရဟတ်ယာဉ်တစ်စီး ဆင်းသက်ရပ်နားနေသည်ကို တွေ့လိုက်ရသည်။

"အထူးကယ်ဆယ်ရေးတပ်ဖွဲ့" ဝတ်စုံဝတ်ဆင်ထားသူ တစ်ဦး စစ်ရန်နိုင်တို့ထံသို့ လျှောက်လာသည်။

"ကျွန်းပေါ်ကနေ အရေးပေါ် အချက်ပြ မီးရှူး မီးပန်းတွေ လွှတ်တင်တာကို ကျွန်တော်တို့တွေ့ရတယ်။ ရေဒီယို၊ တယ်လီဖုန်း အဆက်အသွယ်တွေနဲ့ လှမ်းပြီး စုံစမ်း တော့လည်း ခင်ဗျားတို့ဆီက ဘာအဖြေမှ မရဘူး။ ဒါကြောင့် ဘာပြဿနာ ကြုံနေပြီလည်းဆိုပြီး ကျွန်တော်တို့အရောက်လာခဲ့ကြတာပါ"

စစ်ရန်နိုင်က သူ၏သက်သေခံကဒ်ပြားကို ထုတ်ပြလိုက်ပြီး

"ဒီကျွန်းပေါ်မှာ ကြုံနေရတဲ့ ပြဿနာတွေကတော့ အများကြီးပါပဲ၊ ပြောလို့မဆုံးနိုင်လောက်အောင်ပါပဲ"

အထူးကယ်ဆယ်ရေးတပ်ဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ ကို စစ်ရန်နိုင်က အိမ်ကြီးဘက်သို့ လက်ညှိုးညွှန်ပြလျက် -

"ဒီမှာဖြစ်တဲ့ အဖြစ်အပျက် ပြဿနာတွေအားလုံးကို ကျွန်တော်ကိုယ်တိုင် ပြည့်ပြည့်စုံစုံ ရှင်းပြပါ့မယ်၊ အိမ်ထဲကို သာ ကြွကြပါ"

× × × × ×





## အခန်း (၂၇)

ထိုနေ့ နံနက်ပိုင်း၌ပင် -

ဆတ်သွားဖူးကျွန်းပေါ်သို့ ဥပဒေရေးရာအဖွဲ့ဝင်များ၊ ရဲအဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ဆေး တပ်ဖွဲ့ဝင်များ ..တစ်ဖွဲ့ပြီးတစ်ဖွဲ့အဆက်မပြတ် ရောက်ရှိလာကြသည်။

ဟိုးဗားခရပ်(ဖ်)ရေယာဉ်ဖြင့် ရဲအဖွဲ့ဝင်များ ရောက်လာကြသည်။

ထိုနောက်

ဆေးတပ်ဖွဲ့နှင့်အတူ တာဝန်ခံအရာရှိတစ်ဦးရောက်လာသည်။

အဆောက်အအုံအတွင်းမှ အလောင်းများကို တစ်ဦးပြီးတစ်ဦး ထုတ်ယူလာသည်။

တာဝန်ခံဆရာဝန်က -

"တွေ့နေရတာကတော့ အော်ပရေးရှင်းနယ်မြေ တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ၊ ဒီနေရာမှာ ဘာတွေဖြစ်ခဲ့တာလဲ"

စဝ်ရန်နိုင် ရှင်းလင်းပြောပြလိုက်ရပြန်သည်။

သူ့အနေဖြင့် ဤကိစ္စကို အကြိမ်ပေါင်းမရေမတွက်နိုင်အောင် အထပ်ထပ်ရှင်းပြပြောဆိုခဲ့ရပြီးဖြစ်သည်။

စဝ်ရန်နိုင်အနေဖြင့်မူ -

ဆတ်သွားဖူးကျွန်းပေါ်မှ အမြန်ဆုံး ခွာချင်နေပေပြီ။

သေအံ့မူးမူးဖြစ်နေသော "လူသစ်" ၏နောက်ဆုံးအချိန်ကို အမြင်အာရုံထဲမှ ဖျောက်ဖျက်ပစ်ချင်နေပြီဖြစ်သည်။

နန်းဝတီမြို့သို့ အမြန်ဆုံးသွားမည်။

အစီရင်ခံစာပြုစုပြီး ကွန်ပျူတာဖြင့် ထိန်းချုပ်ထား သည့် မှတ်တမ်းဘဏ်တိုက်အတွင်းသို့ ထည့်သွင်း သိမ်းဆည်း ထားရဦးမည်ဖြစ်သည်။

ထို့ပြင် -

သူ၏ဆရာဖြစ်သည့် "ဘချုပ်" ထံသို့ သူကိုယ်တိုင် သွားရောက်၍ အစီရင်ခံ၊ အလုပ်တာဝန်ပြီးဆုံးကြောင်း သတင်းပို့၍ အနားယူခွင့်တောင်းခံရမည်။

ဆတ်သွားဖူးကျွန်းပေါ်၌ ကြုံခဲ့ရသော အဖြစ်ဆိုး များကို သူ၏အာရုံထဲမှ မေ့ပျောက်သွားစေရန် ကြိုးစားရ ပေဦးမည်။

သူ အနားယူလိုချင်နေပေပြီ။

သို့သော် အနားယူ၍ မရနိုင်သေးပေ။

ဆေးအဖွဲ့သည် မြေအောက် ခွဲစိတ်ခန်းကြီးအတွင်း၌ အလုပ်ရှုပ်၍နေကြသည်။

သတ္တုပေါင်းအိုးတလားများကိုဖွင့်၍ ဝိညာဉ်မဲ့ ခန္ဓာကိုယ်များ မည်မျှရှိနေသည်ကို စစ်ဆေးနေကြသည်။





ထိုအချိန်အတွင်း၌ -

စဝ်ရန်နိုင်ကိုယ်တိုင် အလုပ်ရှုပ်၍နေသည်။

နဝရတ် အေးဖွဲ့လွန်းသိပ္ပံ သုတေသနဌာန၏ လျှို့ဝှက် မှတ်တမ်းဖိုင်တွဲများ၊ ငွေကြေးစာရင်းများကို ကြည့်ရှုစစ် ဆေးရင်း အလုပ်များ၍နေသည်။

စဝ်ရန်နိုင်ကြည့်ရှုစစ်ဆေးနေရင်းမှ -

နဝရတ်အေးဖွဲ့လွန်း သိပ္ပံသုတေသနဌာန၏စာရွက်စာတမ်းများအပေါ်မှ အရေးကြီးသော အချက်တစ်ချက်ကို မြင်တွေ့လိုက်ရသည်။ စဝ်ရန်နိုင်သည် မှတ်သားထားရန် အတွက် အိတ်ထဲမှ ဘောလ်ပင်ကိုထုတ်ယူလိုက်သည်။

အိတ်ထဲမှ မမျှော်လင့်သော အရာတစ်ခုကို စမ်းသပ်ကြည့်မိသည်။ သူဆွဲထုတ်လိုက်သောအရာမှာ ဝါယာနန်းကြိုး ခွေတစ်ခုဖြစ်နေကြောင်း တွေ့လိုက်ရသည်။

စဝ်ရန်နိုင် မျက်မှောင်ကြုတ်လျက် ဝါယာနန်းကြိုး ခွေကို အကျီအိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

ထိုနောက် -

ထက်ခေါင်၊ နွယ်နီချိုတို့နှင့်တွေ့ရန် အပြင်သို့ထွက်လာသည်။

× × ×

စဝ်ရန်နိုင်ကိုတွေ့လျှင် နွယ်နီချိုက စိုးရိမ်သံဖြင့် -

"စဝ်..ရှင့်လက်က ဘာယ်လိုနေသေးလဲ"

စဝ်ရန်နိုင်က ပတ်တီးစည်းနှောင်ထားသော သူ၏လက်ကို ရှေ့သို့တစ်ချက်ဆန့်ထုတ်လိုက်ပြီး -

"ဒဏ်ရာက သိပ်မများလှပါဘူး...နွယ်နီချို"



www.burmeseclassic.com

www.burmeseclassic.com



ထက်ခေါင်မှာလည်း ဒဏ်ရာရထား၍ လက်မောင်း၌ ပတ်တီးစည်းထားသည်။ လက်တစ်ဘက်ကို ပခုံးသိုင်း ပတ်တီးကြိုး အတွင်း၌ထည့်ထားသည်။

ထက်ခေါင်က -

"ဒီအခြေအနေဆိုရင်တော့ ကျွန်တော်တို့သုံးယောက် သေချာပေါက် အသက်ရှင်နိုင်ပြီလို့ပြောနိုင်မယ်ထင်တယ်"

စဝ်ရန်နိုင်က ခေါင်းညိတ်ပြလိုက်သည်။

"စခန်းမှူးကြီးက ကျွန်တော်တို့သုံးယောက်ကို ဒက္ခိဏ မြို့အထိ ဟယ်လီကော်ပတာနဲ့ခေါ်သွားမယ်လို့ပြောတယ်။ ကျွန်တော် ကတော့ ဥတ္တရမြို့ကိုသွားချင်တယ်။ အဲဒီမှာက လေယာဉ်ခရီးစဉ်တစ် ခုခုကို ပိုပြီးလွယ်လွယ်ကူကူစီစဉ်နိုင်တယ်"

နွယ်နီချိုနှင့် ထက်ခေါင်တို့နှစ်ဦး အစစ်ဆေးခံချက် များကို ရဲအဖွဲ့ဝင်များက အသံသွင်းမှတ်တမ်းတင်ထားကြသည်။ ထိုအချိန်၌ စဝ်ရန်နိုင်သည် ဒေါက်တာစံသာမြတ်၏ လျှို့ဝှက်ဖိုင်တွဲများနှင့် လက်ကျာစာရင်းစာအုပ်များကို ဓာတ်ပုံရိုက်ကူးယူထားလိုက်သည်။

ဓာတ်ပုံရိုက်ကူးယူထားသည့်ကော်ပီများကို သူ၏ညွှန်ချုပ် ဖြစ်သူထံသို့တင်ပြအစီရင်ခံရမည်ဖြစ်သည်။

ဒေါက်တာစံသာမြတ်၏ရုံးခန်းတံခါးပွင့်သွားပြီး -

ထက်ခေါင်အခန်းတွင်းသို့ဝင်လာသည်။

"သက်ဆိုင်ရာ ရဲအရာရှိတွေက ဒေါ်သဇင်ရဲ့ရုပ် အလောင်း ကို စစ်ဆေးကြည့်ကြတယ်၊ ဒီအမျိုးသမီးဟာ သူ့ရဲ့ မျက်နှာကို သာမန်ရှိရင်းစွဲအရွယ်ထက် ပိုပြီးအသက်ကြီး နေအောင် မိတ်ကပ်နဲ့ သေသေချာချာ ပြုပြင်ထားတာကို တွေ့ကြရတယ်။ တကယ်တော့ ဒေါ်သဇင်ရဲ့အသက်အရွယ် ဟာ အများဆုံးရှိလှမှ သုံးဆယ်ပတ်ဝန်း





ကျင်ပဲရှိသေးတယ်"

စဝ်ရန်နိုင်က မသိမသာပြုံးလိုက်ပြီး -

"ကျွန်တော်ခန့်မှန်းထားတာ မလွဲလောက်ပါဘူး"

ထက်ခေါင်က စဝ်ရန်နိုင်အနီးရှိထိုင်ခုံ၌ ထိုင်လိုက် သည်။

စဝ်ရန်နိုင်က -

"ကျွန်တော်တွေးမိတာ တစ်ချက်ရှိတယ်၊ အဲဒါ နွယ်နီချိုနဲ့ ပတ်သက်တဲ့ ကိစ္စပဲ။ ဒီကျွန်းပေါ်က လူသတ်မှု အားလုံးက သူက သေသေချာချာ စီစဉ်ထားခဲ့ပုံရတယ်။ လူတွေတစ်ယောက်ပြီး တစ်ယောက်သေသွားဖို့က သူ့အတွက် အဒိကလိုအပ်ချက်ပဲဖြစ်မယ် ထင်တယ်"

ထက်ခေါင်က -

"မနေ့ညကလည်း အိမ်နောက်ဘက်ကနေ ဒေါက်တာ စံသာမြတ်ကို ဓားမြှောင်နဲ့ ပစ်ခဲ့တာပဲဖြစ်လိမ့်မယ်။ လူသတ် မှုတွေအားလုံးရဲ့ တရားခံအစစ်ဟာ "လူသစ်"ပဲ ဖြစ်မယ်လို့ ကျွန်တော်တို့အားလုံးလက်ခံယုံကြည်ထားပြီးသားပါ။ ခင်ဗျားအနေနဲ့ လည်း ဒီအတိုင်းပဲ ယုံကြည်ထားမယ်လို့ ကျွန်တော်ကတော့ ထင်ထားတယ်"

စဝ်ရန်နိုင်က ဖြည်းညင်းစွာ ခေါင်းခါလိုက်သည်။

"လူသတ်တရားခံဟာ "လူသစ်" ဖြစ်မယ်ဆိုတဲ့ အချက်ကို ကျွန်တော့်အနေနဲ့ အစကတည်းက လုံးဝလက်မခံ ခဲ့ပါဘူး။ ဒီကျွန်းပေါ်မှာဖြစ်ခဲ့တဲ့လူသတ်မှုတွေအားလုံးမှာ မဖြစ်နိုင်ဆုံးလူဟာ "လူသစ်" တစ်ယောက်တည်းပဲရှိပါတယ်"

ထက်ခေါင်က မျက်မှောင်တွန့်လိုက်ပြီး -

"ကျွန်တော့်ကို ကျေးဇူးပြုပြီး ရှင်းပြပေးပါလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



စဝ်ရန်နိုင်က လည်ချောင်းတစ်ချက်ရှင်းလိုက်သည်။

"ပထမဦးဆုံးအချက်က ဒေါက်တာမင်းဝေ အသတ် ခံရတဲ့ကိစ္စပဲ။ အဲဒီညမှာပဲ အချက်ပေးစနစ်တွေ အဖျက်ဆီး ခံလိုက်ရတယ်။ လူသတ်သမားဟာ အိမ်ကြီးထဲမှာ အတား အဆီးမရှိပဲ လွတ်လွတ်လပ်လပ် သွားလာနိုင်ဖို့အတွက်က အချက်ပေးစနစ် ပျက်စီးသွားဖို့လိုတယ်။ ပထမပိုင်းကတော့ ကျွန်တော်တို့အနေနဲ့ လူသတ်သမားဟာ "လူသစ်"ပဲဖြစ်တယ်လို့ထင်မိကြသေးတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်မှာ ဝိညာဉ်ကင်းမဲ့ နေတဲ့ အသိဉာဏ်ကင်းမဲ့နေတဲ့ လူတစ်ယောက်ဟာ လျှပ်စစ် အချက်ပေးကရိယာကို ချက်ခြင်း သိနိုင်ဦးမှာမဟုတ်ဘူး။ ဒေါသဇ္ဇာက အသတ်ခံရတဲ့စည်းရင်းထဲမှာ မပါဘူး။ သူ့ကိုစာရင်းဖယ်လိုက်။ ဒေါက်တာမင်းဝေနဲ့ ဒေါက်တာအာကာ တို့နှစ်ယောက်လုံး ခွဲစိတ်ခန်းထဲမှာပဲ အသတ်ခံခဲ့ကြရတယ်။ လူသစ်အနေနဲ့ လူသတ်သမားဖြစ်ခဲ့ရင် လျှပ်စစ်အချက်ပေးစနစ်ကို ဖျက်ဆီးပစ်စရာမလိုဘူး"

"လျှပ်စစ်အချက်ပေးစနစ် ဖျက်ဆီးခံရပြီးမှ လူနှစ်ယောက် အသတ်ခံလိုက်ရတာဖြစ်လို့ လူသတ်သမားဟာ "လူသစ်" လုံးဝ မဟုတ်ဘူးဆိုတာ ကျွန်တော်သိထားတယ်။ နောက်တစ်ခါ ဆက်မော်၊ ဗသုန်နဲ့ ဒေါက်တာစံသာမြတ်တို့ ဟာ အပြင်မှာ အသတ်ခံခဲ့ရတယ်။ ထမင်းချက်ဒေါ်သဇင်ကတော့ မီးဖိုဆောင်ထဲမှာပဲအသတ်ခံခဲ့ရတယ်။ အဲဒီလူ သတ်မှုတွေဟာ လျှပ်စစ်အချက်ပေး ကရိယာနဲ့ မပတ်သက်ခဲ့ဘူး။ လူသတ်သမားအစစ်ဟာ သူလုပ်ခဲ့တာတွေကိုမရိပ်မိနိုင်အောင် ပထမဦးဆုံး လျှပ်စစ်အချက်ပေးစနက်ကိုဖျက် ဆီးပစ်တယ်။ ပြီးတော့ ဒေါက်တာမင်းဝေနဲ့ ဒေါက်တာ အာကာကိုသတ်တယ်။ ပြီးတော့ ကျန်တဲ့လူတွေကိုတစ်ယောက်ပြီးတစ်ယောက် ဆက်သတ်ပြန်တယ်"





ဒေါက်တာထက်ခေါင်က ဘဝင်မကျသံဖြင့် -

"ဒါပေမယ့် လျှပ်စစ်အချက်ပေးစနစ်ကို ဖျက်ဆီး ပစ်တဲ့လူဟာ ဒေါက်တာစံသာမြတ်ကိုယ်တိုင်လည်း ဖြစ်နိုင် တယ်။ လူသတ်သမားက တစ်ယောက်၊ လျှပ်စစ်အချက်ပေး စနစ်ကို ဖျက်ဆီးပစ်တာက တစ်ယောက်လည်းဖြစ်နိုင်တယ်"

"ပထမဆုံး အသတ်ခံလိုက်ရတဲ့ ပုဂ္ဂိုလ်ဟာ ဒေါက်တာမင်းဝေ။ သူ့လည်ပင်းကို ဝါယာကြိုးနဲ့ ရစ်ပတ်ပြီး အသတ်ခံခဲ့ရတယ်။ ပြီးတော့ ဒေါက်တာစံသာမြတ်ရဲ့ အအေးခံ ခေါင်းတလားထဲမှာထည့်ပြီး ဝှက်ထားတာခံရ တယ်။ ဒီခေါင်းတလားကြီးတွေရဲ့ အပေါ်ဘက်မှာ တပ်ထား တဲ့ ဝက်အူခေါင်းတွေကို ဖွင့်တဲ့အခါမှာ အတော်ကြိုးစားပြီး ဖွင့်ခဲ့ကြရတယ်။ လူသစ်ဟာ ဦးနှောက် ချို့ယွင်းနေတယ်။ ဘယ်လက်တစ်ဘက်က အသုံးမချနိုင်ဘူး။ သူတိုက်ခိုက်သွား တဲ့အခါမှာတောင် ညာဘက်လက်တစ်ဘက်တည်းကိုပဲ သုံး သွားတယ်၊ တကယ်တော့ သူဟာ လက်တစ်ဘက်တည်းရှိတဲ့လူဖြစ်နေတယ်။

ဒီတော့ "လူသစ်"ဟာ ဒေါက်တာမင်းဝေရဲ့လည် ပင်းကို ဝါယာနန်းကြိုးနဲ့ ဆွဲညှစ်ပြီးသတ်လို့ ရနိုင်ပါ့မလား။ ပြီးတော့ လက်တစ်ဘက်တည်းနဲ့ အအေးခံ ခေါင်းတလား ကြီးကိုဖွင့်၊ ဒေါက်တာမင်းဝေရဲ့ အလောင်းထည့်၊ အဖုံးကို ပြန်ပိတ်၊ ဝက်အူခေါင်းတွေကိုပြန်ရစ် ...ဒီအလုပ်တွေကိုလက်တစ်ဘက်တည်းနဲ့ သူ လုပ်နိုင်ပါ့မလား။ ဒီအတိုင်းပါပဲ ဒေါက်တာအာကာကိုလည်း လက်တစ်ဘက်တည်းသုံးပြီးအသေရိုက်သတ်နိုင်မှာမဟုတ်ဘူး"

ဒေါက်တာထက်ခေါင်က -

"နွယ်နီရိုကိုမိန်းမသားတစ်ယောက်အနေနဲ့ဒီကျွန်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူခြောက်ယောက်ကို သေွးအေးအေးနဲ့ ရက်ရက်စက်စက် သတ်ပစ်နိုင်စွမ်းရှိတယ်ဆိုတဲ့ယူဆချက်မျိုး .. ခင်ဗျားမှာ မရှိသင့်ဘူး။ ဗသုန် အသတ်ခံရချိန်တုန်းက နွယ်နီချိုဟာ ဒေါက်တာစံသာ မြတ်နဲ့အတူ ထင်းချောင်းတွေ ရှာပေးနေခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်တော်နဲ့ ခင်ဗျားပါအတူရှိနေတယ်လေ"

စဝ်ရန်နိုင်က ခေါင်းညိတ်လိုက်ပြီး -

"မှန်ပါတယ် ..အဲဒီလို ထင်းတွေမရှာခင်မှာ ကျွန်တော်တို့ လေးယောက်စလုံး လူသစ်နဲ့ ဗသုန်ကို လိုက်ရှာ ခဲ့ကြသေးတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ဒေါသဇင် အသတ်ခံလိုက်ရတဲ့ အချိန်မှာ ဒေါသဥ္စာပါသေဆုံးသွားပြီလို့ကျွန်တော်က သိထားတယ်။ ဒါကြောင့် လူသတ်သမား ဟာ "လူသစ်" ပဲ ဖြစ်ရမယ်လို့ သတ်မှတ်ထားလိုက်ကြတယ်"

ထက်ခေါင်ကမျက်မှောင်ကြုတ်၍ -

"ဟုတ်တယ်လေ ..လူသတ်သမားဟာ "လူသစ်" က လွဲပြီး ဘယ်သူများဖြစ်နိုင်စရာ ရှိသေးလို့လဲ"

"ဗသုန်ဟာ ဓားနဲ့ အထိုးခံလိုက်ရပြီး ထင်းပုံကြီးဆီ ကို သွေးရူးသွေးတန်းနဲ့ အရောက်ကြိုးစားပြီး လာနိုင်ခဲ့ တယ်။ ဒီတော့ လူသတ်သမားဟာ ကျွန်တော်တို့အုပ်စုထဲက တစ်ယောက်ယောက်ပဲ"

ဒေါက်တာထက်ခေါင်က ဒေါသသံဖြင့် -

"ခင်ဗျား ..ဘယ်လိုပြောလိုက်တာလဲ။ ကျွန်တော်တို့အုပ်စု ထဲက တစ်ယောက်ယောက်ဖြစ်နိုင်တယ်ဟုတ်လား"

"မှန်ပါတယ် ..ဒေါက်တာထက်ခေါင်။ ခင်ဗျား ကိုယ်တိုင် လည်း လူသတ်သမားဖြစ်နိုင်တာပဲ"





"ခင်ဗျားဟာ နောက်ဆုံးအနေနဲ့ နွယ်နီချိုနဲ့ ကျွန်တော်ပဲ ကျန်တော့တယ်။ ဒီနှစ်ယောက်ထဲက တစ်ယောက်ဟာ လူသတ်သမား ဖြစ်ရမယ်ဆိုပြီး ခင်ဗျားက စွပ်စွဲလိုက်တာပေါ့ ...ဟုတ်လား။ ထားလိုက်ပါတော့ .. ခင်ဗျားအနေနဲ့ ကျွန်တော်တို့နှစ်ယောက်ထဲက ဘယ်သူလူသတ်သမားဆိုတာကို အတိအကျ မပြောနိုင်ပါဘူး"

"ဒါကတော့ ခင်ဗျားရဲ့ယူဆချက်ပဲဖြစ်မှာပါ"

ထိုအချိန်မှာပင် -

တံခါးဝ၌ နွယ်နီချိုပေါ်လာသည်။

သူမ၏လက်ထဲ၌ ကော်ဖီထည့်ထားသော ကြွေ ကရားအိုး တစ်လုံးနှင့်ပန်းကန်လုံးများ ကိုင်ထားသည်။

"ဟယ်လီကော်ပတာ ပြန်မလာသေးခင်မှာ ကောက်ဖီ သောက်လို့အချိန်ရှိပါသေးတယ်။ ရှင်တို့မဆာကြသေးဘူးလား"

ထက်ခေါင်က ကောက်ဖီပန်းကန်ကို လှမ်းလိုက်သည်။

"သောက်တာပေါ့ ..ကျွန်တော်လည်း ဆာနေပြီ"

စဝ်ရန်နိုင်ကပါ ကော်ဖီပန်းကန် လှမ်းယူလိုက်ပြီး

"အဆင်ပြေတာပေါ့။ ကိုယ်လည်း ကော်ဖီသောက် ချင်နေတယ်"

နွယ်နီချိုက ကော်ဖီငှဲ့ထည့်ပေးရင်းမှ -

"ရှင်တို့ဘာတွေ ပြောနေကြသလဲ"

ဒေါက်တာထက်ခေါင်က လေသံ ခပ်တင်းတင်းဖြင့်

"မင်းဟာ ဒီကျွန်းပေါ်က လူခြောက်ယောက်ကိုသတ်ပစ်ခဲ့တဲ့ လူသတ်ကောင်လို့ စဝ်ရန်နိုင်က ပြောနေတယ်"

ကော်ဖီကြွေကရားအိုးကို ကိုင်ထားသည့် သူမ၏ လက်မှာ တည်ငြိမ်လျက်ပင်ရှိနေသည်။

"ပြော် ..ဒီလိုလား။ ကျွန်မက ကြောက်ရွံ့ဘုန် လူပ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ မကောင်းဆိုးရွား မိန်းမကြီးတစ် ယောက်ဘဝ ဖြစ်သွား ရပြီပေါ့"

စဝ်ရန်နိုင်က အမူအရာမပျက် တည်ငြိမ်စွာပင် ပြောသည်။

"အင်း ..ကိုယ့်အနေနဲ့ ဖြစ်နိုင်တာတွေကို တွေး ကြည့်နေမိတာပါ"

ထက်ခေါင်က ရယ်မောလိုက်ပြီး -

"နွယ်နီချိုကို လူသတ်ကောင်လို့ ခင်ဗျား ယူဆထား ခဲ့ရင်တော့၊ သူယူလာတဲ့ ကော်ဖီကို ကျွန်တော်တို့နှစ် ယောက်စလုံး မသောက်သင့်ကြဘူး။ ဘာဖြစ်လို့လည်းဆို တော့ ဓာတ်ခွဲခန်းထဲက အရောင်အနံ့မရှိတဲ့ အဆိပ်ရည် တစ်မျိုးမျိုးကို ကောက်ဖီထဲမှာ ထည့်ဖျော်ယူလာပြီး၊ ကျွန်တော်တို့ကို တိုက်တာဖြစ်ချင် ဖြစ်နေ နိုင်တယ်"

စဝ်ရန်နိုင်က ပြုံးလိုက်သည်။

"ဟုတ်တယ် ..ခင်ဗျားနဲ့ ကျွန်တော် အဲတွေးချင်း တူသွားပြီ။ ကျွန်တော်လည်းအဲဒီလိုပဲ တွေးနေမိတယ်"

စဝ်ရန်နိုင်၏ မျက်လုံးအစုံက နွယ်နီချိုထံသို့ မသိ မသာ ရောက်သွားသည်။

စဝ်ရန်နိုင်သည် ကော်ဖီခွက်ထဲမှ ကောက်ဖီများကို တစ်ချက်တည်းမော့သောက်ချလိုက်သည်။

ထက်ခေါင်၏မျက်နှာ အမူအရာ မသိမသာပြောင်း သွားသည်။

"ခင်ဗျားက တကယ်သတ္တိရှိတဲ့လူတစ်ယောက်ပဲ"

စဝ်ရန်နိုင်က ထက်ခေါင်ကိုအေးစက်သောမျက်လုံးများဖြင့် စိုက်၍ကြည့်လိုက်ပြီး -

"ကျွန်တော်သတ္တိရှိတာမဟုတ်ပါဘူး ဒေါက်တာထက်ခေါင်။





စည်းစားဆင်ခြင်တတ်တဲ့ ဦးနှောက်နဲ့ ဉာဏ်ရှိ တာပါ။ တကယ်တော့ နွယ်နီချိုဟာ လူသတ်သမားလုံးဝ မဟုတ်ပါဘူး။ ကျွန်းပေါ်က လူခြောက်ယောက်ကို သတ်ခဲ့ တာ နွယ်နီချို မဟုတ်ပါဘူး။ လူသတ်ကောင်အစစ်ဟာ ခင်ဗျားကိုယ်တိုင်ပါပဲ ..ဒေါက်တာ ထက်ခေါင်"

ဒေါက်တာထက်ခေါင်က တစ်ချက်ရယ်မောလိုက်သည်။

စက္ကန့်ပိုင်းအတွင်းမှာပင် -

ထက်ခေါင်၏ညာလက်သည် ပတ်တီးကြိုးသိုင်းအောက်မှ အကျီအတွင်းသို့လျှောခနဲ တိုးဝင်သွားသည်။

သူ၏ညာလက်သည် မြွေပေါက်တစ်ကောင်နှယ် လျင်မြန်စွာပြန်ထွက်လာသည်။ သူ၏လက်ထဲ၌ နှစ်ဘက် သွားနှင့် အမဲလိုက်ဓားမြှောင်တစ်ချောင်းပါလာသည်။

ထက်ခေါင်က လျှပ်စီးလက်သည့်နှယ် လျင်မြန်စွာ လှုပ် ရှားလိုက်သည်။ စားပွဲခုံကိုကျော်၍ စဝ်ရန်နိုင်ထံသို့ခုန်အုပ်လိုက်သည်။

အမဲလိုက်ဓားမြှောင်ဖြင့် စဝ်ရန်နိုင်၏ ရင်ဝဆီသို့ အား ကုန်ထိုးသွင်းထည့်လိုက်သည်။

ထိုအချိန်၌ -

နွယ်နီချို၏လက်တွင်း၌ ကိုင်ထားသော ကော်ဖီ ကြွေကရားအိုးက အရှိန်ပြင်းစွာ ရိုက်ချလိုက်ပြီးသားဖြစ်သွားသည်။

ကော်ဖီကြွေကရားအိုးတစ်ခုလုံး အစိတ်စိတ်အမွှာ မွှာ ကွဲကျေလွင့်စဉ်ထွက်သွားသည်။

ဒေါက်တာထက်ခေါင်မှာ အသံပင်မထွက်နိုင်ပဲ ကြမ်းပြင် ပေါ်သို့အရုပ်ကြိုးပြတ်ပုံလျက်သားလဲကျသွားလေတော့သည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

စဝ်ရန်နိုင်က ထက်ခေါင်အားကြီးတစ်ချောင်းဖြင့်သေချာစွာ ချည်နှောင်ထားလိုက်သည်။

နွယ်နီချိုက ဝိုင်းစက်သော မျက်လုံးများဖြင့် စဝ်ရန်နိုင်ကို မော့ကြည့်လျက်...

"စဝ်...ကျွန်မတို့အဖွဲ့ထဲက လူတွေကို ထက်ခေါင် သတ်တယ်ဆိုတာ သေချာရဲ့လား"

"ဒါ့ထက်ပိုပြီး သေချာစရာ ဘာမှ မရှိတော့ဘူး။ မင်းက ကိုယ်ပြောတာမယုံရင် ဘာဖြစ်လို့ကိုယ့်ကိုဝင်ပြီး ကူညီရတာလဲ"

"အို...မကူလို့ ဖြစ်ပါ့မလား။ ရှင့်ကို သူက ဓား မြှောင်နဲ့ပ အသေထိုးနေတာ။ ကျွန်မ သံယောဇဉ်ရှိနေတဲ့ ရှင့်ကို ကျွန်မ...ကျွန်မ အသေမခံနိုင်ဘူး"

သူမ သက်ပြင်းတစ်ချက် ချလိုက်သည်။

"သူ လူသတ်သမားဖြစ်တယ်ဆိုရင်၊ ရှင့်မှာ ခိုင်လုံတဲ့ သက်သေအထောက်အထားတွေရှိရမှာပေါ့"





"သက်သေတွေ၊ အထောက်အထားတွေကတော့ အများကြီးပဲရှိတယ်၊ ဒီနေရာမှာဖြစ်ခဲ့တဲ့ လူသတ်မှုတွေဟာ အပြင်လူက လာပြီး လူသတ်တာမဟုတ်ဘူး။ အတွင်းထဲက လူကသာ လူခြောက်ယောက်ကို ဆက်တိုက် သတ်နိုင်ခဲ့တာ။ လူခြောက်ယောက်သေတဲ့အထိ တရားခံကို ရှာလို့မရနိုင် သေးဘူး။ ဒီကျွန်းပေါ်မှာ အပြင်က လာတဲ့ လူစိမ်းတစ်ယောက်မှ မရှိဘူး။ ဘာသဲလွန်စမှလည်း မတွေ့ရဘူး။ ဒီတော့ လူသတ်သမားဟာ ဒီကျွန်းပေါ်မှာရှိနေတဲ့ လူတွေထဲက တစ်ယောက်ယောက်ဖြစ်နေတယ်ဆိုတာ ပိုပြီးသေချာသွားတယ်"

"ဒေါက်တာစံသာမြတ်ရဲ့ ကျေးဇူးရှင်ကြီး ဒေါ်သဉ္ဇာ ဟာ ထမင်းချက်ပြီး ဒေါ်သဇင်ပဲ။ ဒေါက်တာစံသာမြတ်ဆီ ကရတဲ့ မှတ်တမ်းတွေထဲမှာ ဒေါ်သဇင်နဲ့ ဒေါ်သဉ္ဇာတို့ရဲ့ အကြောင်း မှတ်တမ်းပြည့်ပြည့်စုံစုံ မပါဘူး။ တကယ်တော့ ဒေါ်သဇင်ဟာ မိတ်ကပ်ပညာကျွမ်းကျင်တဲ့ သရုပ်ဆောင် တစ်ဦးပဲဖြစ်မယ်။ သူက ဒေါ်သဉ္ဇာနဲ့ ဒေါ်သဇင်အဖြစ် နှစ်ကိုယ်ခွဲပြီး အကောင်းဆုံး သရုပ်ဆောင်ပြခဲ့တယ်။

ဒေါ်သဉ္ဇာပျောက်သွားတဲ့အချိန်မှာ ဒေါက်တာစံသာမြတ်ရဲ့ အမူအရာ လုံးဝမပြောင်းလဲခဲ့ဘူး၊ ထမင်း ချက်ကြီး ဒေါ်သဇင် သေသွားပြီဆိုတာ သိလိုက်ရော ဒေါက်တာစံသာမြတ် ချင်ခြင်း ရုပ်ပျက်ဆင်းပျက်နဲ့ အရုပ် ကြိုးပြတ် လဲကျလုနီးပါးဖြစ်ခဲ့ရတယ်။ ဒေါက်တာစံသာမြတ်ဟာမလွှဲသာမရှောင်သာလို့ဒေါ်သဉ္ဇာရဲ့ပြရုပ်ကို ဖျောက် ဖျက်ပစ်ခဲ့ရတယ်၊ ဒေါ်သဉ္ဇာပျောက်သွားသလိုလိုနဲ့ သံယောင်လိုက်ညီး ပြောနေခဲ့တယ်။

ဒေါ်သဉ္ဇာနဲ့ ဒေါ်သဇင်ဟာ တစ်ယောက်တည်းပါဆို တဲ့ အချက်နဲ့ပတ်သက်ပြီး ခိုင်လုံတဲ့ အကြောင်းပြချက်တစ်ခု ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒေါက်တာ စံသာမြတ်အနေနဲ့ ဒေါ်သဥ္ဇာဟာ သူ့အတွက် အင်မတန်အရေးပါတဲ့ ကျေးဇူးရှင်ကြီးတစ် ယောက်လို့ သတ်မှတ်ထားတယ်။ သူ့ရဲ့လုပ်ငန်းတွေအောင်မြင်ဖို့အတွက်ဒေါ်သဥ္ဇာဟာက အကြီးမားဆုံးအကူအညီ ပေးခဲ့တယ်။ ဒီလိုလူမျိုး ရုတ်တရက် ပျောက်သွားတာကို သူက အေးတိ အေးစက်နေနိုင်ခဲ့တယ်။ ဗဟိုကုန်းမြေဆီကို သတင်းပေးတာမျိုး၊ အကြောင်းကြားတာမျိုး လုံးဝမလုပ် ခဲ့ဘူး။ အဲဒီအချိန်တုန်းက ဗဟိုကုန်းမြေနဲ့ ဆက်သွယ်ဖို့ ကျွန်း တို့ လုံးဝ အဆက်အသွယ် မပြတ်သေးဘူး။ ဒေါက်တာ စံသာမြတ်ဟာ ဒေါ်သဥ္ဇာ ရုတ်တရက် ပျောက်ဆုံးသွားတာ ကိုမတုန်မလှုပ်အေးတိအေးစက်နဲ့နေနိုင်ခဲ့တာကတော့ဒေါ်သဥ္ဇာဟာတကယ် မရှိခဲ့လို့ပဲ။ ဒေါ်သဥ္ဇာဟာ တကယ် တော့ ဒေါက်တာစံသာမြတ်က ဒေါ်သဥ္ဇာကိုဟန်ပြလုပ်ကြံဖန်တီးထားခဲ့လို့ပဲ။

အဲဒီနောက်ပိုင်း ဒေါ်သဥ္ဇာအဖြစ် ဟန်ဆောင်ထားတဲ့ ဒေါ်သဇင် အသတ်ခံလိုက်ရတယ်။ ဒီတော့ လူသတ် တရားခံဟာ ဒေါ်သဇင် မဖြစ်နိုင်ပြန်ဘူး။ နောက်ဆုံး အသက် မသေပဲ ကျန်ခဲ့တာဆိုလို့မင်းရယ်၊ ကိုယ်ရယ်၊ ထက်ခေါင်ရယ်ပဲ ကျန်တော့တယ်"

နွယ်နီချိုက မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး -

"ကျွန်မအပေါ်မှာပါ..ရှင်က သံသယဝင်ခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်..နွယ်နီချို။ မင်းအပေါ်မှာ သံသယဝင်တယ်ဆိုတာ ဖြစ်နိုင်ခြေရှိတဲ့ အချက်အလက်တွေအရ ထည့်ပြီးစဉ်းစားရတာပါ။ တွေ့ရတဲ့ သဲလွန်စတွေအားလုံး ကတော့ လူသတ်တရားခံဟာ ထက်ခေါင်ပဲဖြစ်ကယ်လို့ ညွှန် ပြနေကြတယ်။ လျှပ်စစ်အချက်ပေး စနစ် တည်ဆောက်ထား ပုံကို သိနိုင်ဖို့နဲ့ ဖျက်ဆီးပစ်နိုင်ဖို့ဆိုတာက လွယ်ကူတဲ့ ကိစ္စတစ်ခုပဲ။ မင်းနဲ့ ဗသုန်တို့က ဒီကျွန်းပေါ်ကို ကိုယ်





မရောက်ခင် တစ်ရက်ကြိုပြီး စောပြီးရောက်ခဲ့ကြတယ်။ ထက်ခေါင်က တော့ ဒီကျွန်းပေါ်ကို ရောက်နေတာ လ.နဲ့ချီပြီး ကြာနေပြီ၊ ထက်ခေါင်ဟာ ညအချိန်မှာ အိမ်ကြီးနေရာအနှံ့ သူ့စိတ်ကြိုက် ဝင်ထွက်သွားလာနိုင်တဲ့ လူဆိုတာကိုပါ ကိုယ် သိထားခဲ့တယ်။ ဘယ်နေရာမှာ ဘာရှိတယ်၊ ဘာတွေကို ဘယ်လိုလုပ်ခဲ့ရင် ဘာဖြစ်မယ်ဆိုတာကိုပါ .. ထက်ခေါင်က ကောင်းကောင်းသိထားတယ်"

"ဒေါက်တာအာကာ အသတ်ခံရတဲ့ ညက ကိုယ့်ဆီ ကို ထက်ခေါင်ကိုယ်တိုင်ပဲလာပြီး အကြောင်းကြားတယ်။ အခန်းထဲ သူဝင်လာတော့ လျှပ်စစ်အချက်ပေး ခေါင်း လောင်းသံ လုံးဝ မမြည်ခဲ့ဘူး။ ဆက်မော် အသတ်ခံရတဲ့ ကိစ္စကတော့ သူ့လက်ချက်ဆိုတာ သိပ်ရှင်းတယ်။ အဲဒီအချိန် ကတည်းက သူ့ကို သတိထားပြီး စောင့်ကြည့်နေခဲ့တယ်။

ထက်ခေါင်က သူ့ဇာတ်လမ်းကို သူထွက်ပြီး ခင်းခဲ့ တယ်။ ဆက်မော်ဆီ သူထမင်းသွားပို့တော့ ဆက်မော်က သူ့ကိုထိုးကြိတ်ပြီး ထွက်ပြေးသွားပြီလို့ ကိုယ်တို့ကို လာ အကြောင်းကြားတယ်။ အမှန်ကတော့ သူ့အကြံနဲ့ ဆက်မော်ကိုလွှတ်ပေးလိုက်တာပဲ။ ဆက်မော်က လည်း သူ့ကိုဖမ်းမိ ရင် ဒီကျွန်းပေါ်ကလူတွေက သူ့ကို ဘယ်လို အရေးယူကြ မလဲဆိုတာ သိထားတယ်။ ဒီလိုသိထားပါလျက်နဲ့ ဆက်မော်ဟာ ညဘက်မှာ ဒီကျွန်းပေါ်ကို ဘာဖြစ်လို့ပြန်လာရတာလဲ။ အဲဒီ အဖြေကို မင်းကိုယ်တိုင် သေသေချာချာစဉ်းစား ကြည့်စမ်း နွယ်နီချို။ သေချာပေါက်ဖြစ်နိုင်တဲ့ အချက်က တော့ ဆက်မော်ဟာ လူတစ်ယောက်.ယောက်နဲ့ တိတ်တဆိတ် လျှို့ဝှက်ပြီး ချိန်းထား လို့ပဲဖြစ်မယ်။ ဆက်မော်ဟာ ဒီကျွန်း ကနေ တစ်ခြားတစ်နေရာကို လွတ်မြောက်အောင် ထွက် မသွားခဲ့ဘူး။ ကျွန်းတစ်ကျွန်း..ကျွန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံးခိုအောင်း ပြီး နေခဲ့တယ်။ ညဘက်ရောက်လာတော့မှ ဆက်သွားဖူး ကျွန်းကို ပြန်လာခဲ့တယ်။ သူ ချိန်းထားတဲ့လူနဲ့ တွေ့ဖို့ပဲ ပေါ့"

"အဲဒီအချိန်မှာ လူသစ်က သတိပြန်မရသေးဘူး။ ဆက်မော်နဲ့တွေ့ဖို့ ချိန်းထားတဲ့လူဟာ ဆက်မော်ကို ချုပ်ထားတဲ့အခန်းထဲကနေ လွတ်မြောက်အောင် အကူအညီပေး လိုက်တဲ့လူပဲ။ အဲဒီလူက ထက်ခေါင်ကိုယ်တိုင်ပဲ။ သူ့အနေနဲ့ ဆက်မော်ကို အခန်းထဲမှာပဲ သတ်ပစ်ဖို့က မဖြစ်နိုင်ပြန်ဘူး။ ဒါကြောင့် ဆက်မော်အပြင်ကိုရောက်အောင် ဖန်တီးပေး လိုက်တာ။ ဆက်မော်နဲ့ သူ အပေးအယူ လုပ်လိုက်တာကြပဲ ဖြစ်မယ်။ ခွဲစိတ်ကုသမှု နည်းပညာသစ်တွေရှိချက်ကိုနေရာတိုင်းမှာ မျှဝေခံစားစေသင့်တယ်ဆိုတဲ့ဆက်မော်ပြောခဲ့တဲ့စကားကို သူ့အနေနဲ့ လက်ခံကြိုဆိုတယ်ဆိုတဲ့ အကြောင်း၊ ဆက်မော်အကြိုက်လိုက်ပြီး ပြောခဲ့တယ်။

နောက်ပြီး ဒီနေရာကနေ ထွက်ပြေးနိုင်အောင် သူက အကူအညီပေးမယ်။ အော်ပရေးရှင်းမှတ်တမ်း ဖလင်၊ တိပ်ခွေ၊ အသံသွင်းကြိုးခွေတွေနဲ့ လျှို့ဝှက်ဖိုင်တွဲတွေကို သူက ခိုးယူပြီး ဆက်မော်ကို ရောင်းမယ်လို့ပြောလိမ့်မယ်။ ဆက်မော်က ကျွန်းပေါ်ကနေ ထွက်ပြေးချင်ဟန်ဆောင်၊ ညဘက်ကျမှ ဒီကျွန်းကိုပြန်လာ၊ ကျွန်းရဲ့တစ်နေရာရာမှာ သူတို့နှစ်ယောက်ပြန်ဆုံကြမယ်လို့ချိန်းလိုက်တယ်။ တကယ်တော့ ထက်ခေါင်က ဆက်မော်ကြိုက်တတ်တဲ့ငါးစာကို ရွေးပြီး ချပေးလိုက်တာ။ ဆက်မော်က ငါးစာပဲမြင်တယ်။ ချိတ်ကိုမမြင်နိုင်ခဲ့ဘူး...။

ဆက်မော်အနေနဲ့ ထက်ခေါင်ရဲ့ အစီအစဉ်ကို အားရဝမ်းသာနဲ့ လက်ခံလိုက်လိမ့်မယ်။ ထက်ခေါင်ကတော့ ဆက်မော်ကို သွေးအေးအေးနဲ့ သတ်နိုင်အောင် အပြင်ကို ခေါ်ထုတ်လိုက်တာပဲ။





အပြင်မှာဆိုတော့ သူ့ကိုလွယ်လွယ်နဲ့ အမှုမပတ်နိုင်ဘူး။ ဒီလိုနဲ့ပဲ ညဘက်မှာ ဆက်မော် ပြန် ရောက်လာတယ်။ ဆက်မော်ဟာ သူ အင်မတန်လိုချင်နေတဲ့အော်ပရေးရှင်းမှတ်တမ်းတိပ်ခွေ၊ ဖလင်တွေနဲ့ ဖိုင်တွဲတွေကို မရလိုက်ပဲ အသွားထက်မြနေတဲ့ဓားမပုဆိန်ကြီးတစ်လက်ကိုပဲ ထက်ခေါင်ဆီက ရလိုက်တယ်။ ထက်ခေါင်ဟာ ညက်နီညက်နက်သိပ်များတဲ့ လူတစ်ယောက်ပဲ။ ဆက်မော်ရဲ့ ကိုယ်ပေါ်က အသားစဟစ်သျှူး၊ သွေးစတွေနဲ့ သောင်ပြင် ပေါ်က သဲပွင့်လေးတွေကို ယူလာပြီး "လူသစ်"ရဲ့ လက်သည်း ကြားနဲ့ လူသစ်ရဲ့ဘေးမှာ ချထားပစ်ခဲ့တယ်။ လူသစ်ကို လူသတ်တရားခံတစ်ယောက်အဖြစ်ဖန်တီးခဲ့တယ်"

"ကိုဗသုန်ကိုကျတော့ကော..."

"ထင်းတုံးတွေ ဖြတ်နေချိန်မှာ သူက ကိုယ့်ကို အကူ အညီ ပေးနေတယ် မဟုတ်လား။ မီးပုံက မီးခိုးတွေထွက် အောင် သစ်ရွက်စိမ်းတွေထည့်မှ ဖြစ်မယ်လို့ မင်းက ပြော တယ်၊ ထက်ခေါင်က တစ်ယောက်တည်း တောအုပ်ထဲဝင်သွားပြီး သစ်ရွက်စိမ်းတွေ သွားခူးတယ်။ အဲဒီအချိန်မှာ ကံဆိုးရှာတဲ့ဗသုန်နဲ့ သူ တောအုပ်ထဲမှာ ပက်ပင်းသွားတွေ့လိမ့်မယ်။ ဒီတော့ သူက အသင့်ပါလာတဲ့ဓားနဲ့ လွယ်လွယ်ပဲ ထိုးသတ်လိုက်တယ်။ ဒါပေမယ့် အော်သံဟစ်သံ ရှန်းကန်သံ မျိုးလုံးဝမကြားခဲ့ရဘူး။ ထက်ခေါင်ဟာ ဗသုန်ကိုလွယ်လွယ်နဲ့ အမြန်ဆုံး သတ်ပစ်နိုင်ခဲ့တယ်.."

"ကိုယ်တို့တွေ၊ အိမ်ကြီးထဲ ပြန်ဝင်သွားတဲ့အချိန် မှာပဲ ဗသုန်ဟာ မသေသေးပဲ၊ သွေးရှူးသွေးတန်းနဲ့ ထင်းပုံ ကြီးရှိတဲ့ နေရာအထိရောက်အောင် လာနိုင်ခဲ့တယ်။ အဲဒီအချိန်မှာပဲ "လူသစ်" ပျောက်သွားပြီလို့ ဒေါက်တာစံသာမြတ် က လာပြောတယ်။ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်.ယောက်က "ဗသုန်" ကို သတ် သွားခဲ့တယ်လို့ပဲ ယူဆခဲ့ကြတယ်။ ဗသုန်ကို သတ်သွားတဲ့ လူသတ်သမားဟာ "လူသစ်"ပဲ ဖြစ်ရမယ်လို့အားလုံးက သတ်မှတ်လိုက်ကြတယ်။

နွယ်နီချိုက ဆံနွယ်များကိုပင့်သပ်တင်လိုက်ရင်းမှ

"ဒေါက်တာစံသာမြတ်ကို ထက်ခေါင်အနေနဲ့ ဘယ်လိုလုပ်ပြီး သတ်လို့ရနိုင်မှာလဲ။ ရှင်တို့သုံးယောက်စလုံးက အတူတူ ရှိနေခဲ့ကြတယ်မဟုတ်လား"

စစ်ရန်နိုင်သည် သူ၏အင်္ကျီအိတ်အတွင်းမှ ဝါယာ နန်းကြိုးခွေကိုထုတ်ယူ၍သူမကိုပြလိုက်သည်။

"ဒေါက်တာ စံသာမြတ် အသတ်ခံလိုက်ရလို့၊ စဉ်း စားရတော်တော်ခက်သွားခဲ့ရသေးတယ်။ ဒေါက်တာ စံသာမြတ် အသတ်ခံရတဲ့အချိန်မှာ အဖြစ်နိုင်ဆုံး တရားခံ က မင်းဖြစ်နေတယ်။ အိမ်ပေါ်ကနေဆင်းလာပြီး အိမ်ကို ပတ်လျှောက်လာပြီး အိမ်ရှေ့ကနေ ဓားနဲ့လှမ်းပေါက်လိုက် လို့ဖြစ်နိုင်တာကိုး"

သူမက ကျောလေးတွန့်လိုက်ပြီး -

"ကျွန်မ အောက်ကိုဆင်းလာတာ သူများကိုသတ်ဖို့တောင် မကြံစည်နိုင်ပါဘူးရှင်။ လူသစ်နဲ့ ပက်ပင်းတိုးမှာ စိုးလို့ကြောက်ပြီး ဘာကိုမှတောင် မတွေးနိုင်တော့ဘူး"

"ထက်ခေါင်ကတော့ ရိုးရိုး အေးအေးကလေးပဲလုပ်သွားခဲ့တယ်။ ဒေါက်တာစံသာမြတ်နဲ့ကိုယ်တို့အိမ်ထဲမှာရှိနေကြတုန်း ထက်ခေါင်က အန္တရာယ်ရှိ၊ မရှိ အခြေအနေကြည့် ပေးမယ်ဆိုပြီး အပြင်ကိုထွက်သွားတယ်။ အဲဒီအချိန်မှာ သူက အလွယ်တကူ လုံးဝမမြင်နိုင်တဲ့ ဝါယာနန်းကြိုးခွေလေးကိုယူသွားခဲ့တယ်။ ပြီးတော့ လှေကားထစ်အစွန်း တစ်ခုမှာ ကန့်လန့်ဖြတ် ချည်ထားလိုက်တယ်။





ဒေါက်တာစံသာမြတ် ဆင်းလာတော့ ဝါယာနန်းကြိုးနဲ့ ခြေထောက်ချိတ်မိသွားပြီး မှောက်လျက်သား လဲကျသွားတယ်။ ဒီအခြေအနေမျိုးကို စောင့်နေတဲ့ ထက်ခေါင်က ဒေါက်တာစံသာမြတ်ကို အကူအညီပေးမယ့်ပုံစံနဲ့ ကိုယ့်ရှေ့ကနေ ဦးအောင် ပြေးဆင်းသွားတယ်။

ဒေါက်တာစံသာမြတ်ကို ပွေ့ထူပေးသလိုနဲ့ ရင်ဝကို ဓားနဲ့ အပြီးထိုးသွင်းလိုက်တယ်။ သူ့ရဲ့ဓား ဘယ်မှာဝှက် ထားတတ်တယ်၊ ဓားထုတ်ယူပုံ ဘယ်လောက်မြန်တယ်ဆိုတာ မင်းကိုယ်တိုင် မြင်ပြီးသားပဲ။ ထက်ခေါင်ဟာ သူ့ရဲ့ခန္ဓာကိုယ်နဲ့ကွယ်ပြီး ချည်ထားခဲ့တဲ့ ဝါယာကြိုးမျှင်ကို ဖြတ်ထုတ် ပစ်လိုက်မယ်။ အဲဒီအချိန်မှာ ဒေါက်တာစံသာမြတ်ဆီပဲ အာရုံရောက်နေတော့၊ ထက်ခေါင်ရဲ့ လှုပ်ရှားမှုကို လုံးဝ သတိမထားလိုက်မိဘူး။ မှောင်ရိပ်တစ်နေရာရာကနေ၊ တစ်ယောက်ယောက်က ဓားနဲ့လှမ်းပေါက်လိုက်တယ်လို့ပဲ ထင်ခဲ့မိတယ်"

"ဒါဆို ဒေါက်တာစံသာမြတ်က သူ့ကိုယ် ဘယ်သူသတ်တယ်ဆိုတာ ရှင့်ကို ဘာဖြစ်လို့ပြောမသွားခဲ့တာလဲ"

"ထက်ခေါင်နဲ့ လှုပ်ရှားမှုက လျှပ်စီးလက်လိုက်သလို မြန်လွန်းတော့၊ သူဘယ်လိုလုပ်လိုက်တယ်ဆိုတာ ဒေါက်တာ စံသာမြတ်ကိုယ်တိုင် သတိမထားလိုက်မိလို့ပဲ ဖြစ်လိမ့်မယ်။ ဒေါက်တာစံသာမြတ် မသေခင်မှာ ပြောသွားခဲ့တဲ့စကားက လည်း ထက်ခေါင်ကို အန္တရာယ်ဖြစ်စေနိုင်တဲ့စကားမျိုး မဟုတ်ခဲ့ပြန်ဘူး"

"အင်း..ထက်ခေါင်ဟာ ကံကောင်းတဲ့လူတစ်ယောက်ပဲ"

"နောက်ပိုင်း လူရှင်းတဲ့အချိန်မှာ ဝါယာနန်းကြိုးကို ဖြေထုတ်လိုက်ပြီး အိမ်အပြင်ဘက်ကိုလွယ်လွယ်လွှင့်ပစ်လိုက်တယ်။ ဒီနေ့မနက်ပိုင်းမှ ကိုယ်တွေ့မိလို့ကောက်ယူလာပြီး စဉ်းစားရမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခုမှပဲအဖြေကိုရတော့တယ်"

"ဒီတစ်ချက်တည်းနဲ့ရှင်က သက်သေပြစရာ ပြနိုင်တယ်လို့ ပြောချင်တာလား"

"မဟုတ်ပါဘူး။ တစ်ခြားအချက်တွေ ရှိပါသေး တယ်။ လူသစ်ဟာ လူသားတစ်ယောက်ပါပဲ။ သူ့ကိုအော်ပရေးရှင်းလုပ်ပေး ခဲ့တာ အပြည့်အဝ မအောင်မြင်ခဲ့ဘူး။ ဘယ်ဘက်လက်တစ်ဘက်ကို အသုံးချလို့မရနိုင်ခဲ့ဘူး။ ဒါပေမယ့်အသက်တော့ရှင်သန်နေခဲ့တယ်။ လူသတ်မှုဖြစ်ခဲ့တဲ့ ကိစ္စတွေမှာ လူသတ်သမားဟာ သူ့ရဲ့လက်ကိုပဲ အဓိကအသုံးပြုပြီး လုပ်သွားခဲ့တယ်။ ဒီတော့ လက်တစ်ဘက်တည်း သုံး နိုင်တဲ့ လူသစ်ဟာ ဘယ်နည်းနဲ့မှလူသတ်သမား မဖြစ်နိုင် တော့ဘူး။

ပြီးတော့ "လူသစ်ဟာ ကိုယ်တို့ကို သတ်ဖို့မကြိုးစားပါဘူး။ သူ့ အဓိကသတ်ဖို့ကြိုးစားခဲ့တဲ့လူဟာ "ထက်ခေါင်"ပဲ။ လူသစ်ဟာ ကိုယ်တို့နဲ့ နှစ်ကြိမ်ရင်ဆိုင်မိခဲ့ စဉ်တုန်းက ကိုယ်တို့ကို သူက လုံးဝဂရုမစိုက်ခဲ့ဘူး။ နှစ်ကြိမ်လုံး သူတစ်ဦးတည်းပြီး တိုက်ခိုက်ခဲ့တာ "ထက်ခေါင်"ကိုပဲ။ နောက်ဆုံးအကြိမ်ကျတော့မှပဲ သူက ကိုယ့် ကိုသတ်ဖို့ကြိုးစားခဲ့တော့တယ်။ ဒါကလည်း သူနဲ့ကိုယ်ချောင်ပိတ်မိပြီး သူသေ၊ ကိုယ်သေ ရင်ဆိုင်တိုက်ခိုက်ကြရတော့မှာ သိလို့ သူကိုယ်သူ ကာကွယ်တဲ့အနေနဲ့ ကိုယ့်ကိုပြန်ပြီးတိုက်ခဲ့တာပဲဖြစ်ရမယ်"

နွယ်နီရှိုခေါင်းတစ်ချက်ညိတ်လိုက်ပြီး -

"ဟုတ်တယ်..ရှင်ပြောတာ ဖြစ်နိုင်တယ်"

"ကောင်းပြီ..လူသစ်ဟာ ထက်ခေါင်းကိုမှ ဘာဖြစ်လို့ရွေးပြီး တိုက်ခိုက်ရတာလဲ။ သေသေချာချာစဉ်းစား ကြည့်ရင် အဖြေ တစ်ခုတည်းပဲပေါ်လာတယ်။ ထက်ခေါင် က ဒေါက်တာစံသာမြတ်ကို





သတ်လိုက်တာ၊ လူသစ်က အမှောင်ထဲကနေကြည့်ပြီး မြင်သွား ခဲ့လို့ပဲဖြစ်ရမယ်။ အိမ် ကြီးထဲက ဖြာထွက်နေတဲ့ မီးရောင်တွေက နေတစ်ထင့် ထက်ခေါင်ရဲ့လှုပ်ရှားမှုအားလုံးကို လူသစ် တွေ့နေလိမ့် မယ်"

"ထက်ခေါင်ရဲ့ကျောကွယ်နေတော့ ဒေါက်တာ စံသာမြတ်ရဲ ရင်ဘတ်ကိုဓားနဲ့ ထိုးသွင်းလိုက်တာ မမြင်နိုင် ကြဘူး။ ဒါပေမယ့် ရှေ့ဘက် မှောင်ရိပ်ထဲမှာရှိနေတဲ့ လူသစ် က ကောင်းကောင်း မြင် လိုက်ရမှာ သေချာတယ်။ ဒီတော့ ထက်ခေါင်ဟာ လူသတ်သမား ဆိုတာ လူသစ် နားလည်သွား လိမ့်မယ်။ ကျူးတဲ့လူတွေကိုထက်ခေါင် မသတ်နိုင်ခင်မှာ ထင်ခေါင်ကိုအလျင်ဦးအောင်သတ်မှ ဖြစ်မယ်ဆိုပြီး ထက်ခေါင်ကိုပစ်မှတ်အဖြစ် ရွေးချယ်လိုက်တာပဲဖြစ်ရမယ်၊ ပြီးတော့ လူသစ်ဟာ ခွဲစိတ်စားပွဲပေါ်မှာ ရှိနေစဉ်တုန်းက တည်းက သတိ မရတစ်ချက်၊ ရတစ်ချက်ဖြစ်နေနိုင်တယ်။ ခွဲစိတ်ခန်းထဲမှာ ဒေါက်တာမင်းဇေနဲ့ ဒေါက်တာအာကာကို ထက်ခေါင်က သတ်ပစ် လိုက်တာကို သူမြင်ခဲ့ပြီးသားလည်းဖြစ်လိမ့်မယ်"

ထိုအချိန်မှာပင် -

ထက်ခေါင်ပြန်၍သတိရလာသည်။

သူသည် ကြမ်းပြင်ပေါ်၌ ထိုင်နေလျက်မှ စံရန်နိုင် နှင့် နွယ်နီရှိုကိုမော့်ကြည့်လိုက်သည်။

"ခင်ဗျားတို့နှစ်ယောက် ကျွန်တော့်ကို ဘာလုပ်ကြမှာလဲ"

စံရန်နိုင်က အေးဆေးတည်ငြိမ်စွာဖြင့် ပြောသည်။

"ဟယ်လီကော်ပတာ ပြန်လာတဲ့အချိန်ကျမှ ခင်ဗျား ကို သက်ဆိုင်ရာရဲ့အဖွဲ့ဝင်တွေရဲ့လက်ထဲ အပ်လိုက်ရုံပါပဲ"

"ကျွန်တော် ..ရူးနေတယ်လို့ ခင်ဗျားတို့ထင် ကြပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကျွန်တော် လုံးဝမရှုပါဘူး"

နွယ်နီချိုက ဒေါသသံဖြင့် -

"ဒါဆို ..လူခြောက်ယောက်ကို ရှင်ဘာဖြစ်လို့ ရက်ရက်စက်စက် သတ်ပစ်လိုက်ရတာလဲ"

ထက်ခေါင်က သက်ပြင်းတစ်ချက်လေးပင်စွာချလိုက်သည်။

"လူခြောက်ယောက်ကို ကျွန်တော် ဘာဖြစ်လို့ သတ်ပစ်ခဲ့ရတယ်ဆိုတာ ပြောပြပါ့မယ်.."

× × × × ×





## အခန်း (၂၉)

"သူတို့ကို ဘာဖြစ်လို့ သတ်ရသလဲဆိုတော့ ဒီအော်ပရေးရှင်းကြီး အောင်မြင်မှုနဲ့ပတ်သက်ပြီး ဒေါက်တာမင်း ဝေနဲ့ ဒေါက်တာအာကာတို့ နှစ်ယောက်တည်းပဲ ဂုဏ်ယူဝင့်ကြွားချင်ကြတယ်။ ထော့င်လွှား ဂုဏ်တက်လွန်းကြတယ်။ တစ်ဦးက ခွဲစိတ်ဆရာဝန်ကြီး၊ တစ်ယောက် ဦးနှောက် အထူးကုဆရာဝန်ကြီး။ မူလကတည်းက ဂုဏ်သိက္ခာမြင့်မား မှုရှိတဲ့လူတွေ။ "လူသစ်" ရဲ့ အော်ပရေးရှင်းပြီးသွားချိန်မှာ သူတို့က ထပ်ပြီး ထင်ရှားကျော်ကြားလာကြဦးမယ်။ ဂုဏ် သိက္ခာပိုတက်လာကြဦးမယ်။ သူတို့ရှိနေတော့ ကျွန်တော့်ရဲ့နာမည်ဟာ ပိပြီး လောင်းရိပ်မိနေဘယ်။ သူတို့ရဲ့နာမည်တွေက အပေါ်ကနေ ဖိမိုးထားတယ်။ ဒီတော့ "ထက်ခေါင်" ဆိုတဲ့ နာမည် ထင်ရှားကျော်ကြားလာဖို့အတွက် သူတို့နှစ် ယောက်ကို အရင်ဆုံး ဖယ်ရှားပစ်လိုက်ရတာပေါ့"

"ဒါဆို ကျန်တဲ့ လူတွေကျတော့ကော ဘာဖြစ်လို့ထပ်ပြီး သတ်ရပြန်တာလဲ"

ထက်ခေါင်က မခိုးမခန့်ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းချက် မိန်းမကြီး ဒေါ်သာဇင်ကတော့ ကျွန်တော့်ရဲ့ လက်မှာသွေးစွန်းနေတာ တွေ့သွားလို့ပဲ။ ပြီးတော့ ဆက်မော်က သူလျှိုသစ္စာဖောက်။ သူ့ရဲ့လူတွေ ဒီကိစ္စထဲ ဝင်ပါလာမှာကို သဘောမတူနိုင်ဘူး။ ဆက်မော် အနေနဲ့ သူ့ရဲ့ ဝက်ဝံနီအဖွဲ့ကို ဘယ်လိုလျှို့ဝှက်ချက်တွေ ပေးမယ်ဆိုတာ မပြောနိုင်ဘူး။ ဗသုန်က သူနဲ့မသက်ဆိုင်ပဲ နဲ့၊ ကြားကနေဝင်ပြီး အချောင်နေရာယူမယ့် အကောင်ပဲ။ ဒီတော့ သူတို့နှစ်ယောက်ကိုလည်းတရွှေ့ဘဝပို့ပေးလိုက်တယ်။ လူသစ်နဲ့ပတ်သက်တဲ့ ထင်ပေါ်ကျော်ကြားမှု၊ ဂုဏ် ရှိန် တက်မှုတို့ဟာ သူတို့ထက်စာရင် ကျွန်တော်ပဲရသင့်ရထိုက်တယ်…"

စစ်ရန်နိုင်က –

"ဒေါက်တာစံသာမြတ်ကျတော့ကော"

"သူလည်း နာမည်ကျော်ကြား ထင်ရှားမှုနဲ့ ဂုဏ် သိက္ခာ တက်မှုတွေကို အင်မတန် မက်မောတဲ့လူကြီးပဲ။ သူ့ကို မသတ်ပဲ ထားရစ်ခဲ့ရင် နာမည်ထင်ရှားဂုဏ်သိက္ခာမြင့်မားကျော်ကြားမှုတွေကို ဒီလူကြီးက လက်ဝါးကြီးအုပ်ပြီး သိမ်းသွားလိမ့်မယ်။ သူကောင်းစားဖို့ အခွင့်ကောင်းယူနိုင်ဖို့ မာန်တက်နိုင်ဖို့ ကျွန်တော်က လူသတ်သမား လုပ်ပေးရ သလို ဖြစ်သွားလိမ့်မယ်။ ဒီလူကြီးဟာ အစကတည်းက လိမ်ခဲ့တဲ့လူလိမ်ကြီး။ "လူသစ်" ကိုသူ့သားအရင်းပါလို့ပြောလို့ပြော။ ကျွန်တော်ကတော့ လုံးဝအယုံအကြည် မရှိဘူး။ အမှန်ကတော့ "လူသစ်" ကို ကျွန်တော်တို့ ဖျက်ဆီးပစ်လိုက် မှာစိုးလို့ လှည့်စား ပြောတာပဲ"

"အလံတိုင်ထိပ်မှာ ကြက်လျှာစွန်းအလံတင်ထားတာ ခင်ဗျားပဲမဟုတ်လား"

ထက်ခေါင်ခေါင်းညိတ်ဝန်ခံသည်။





"ဟုတ်တယ်…ဒီကျွန်းပေါ်မှာ လုပ်စရာတွေ မပြီးပြတ်သေးဘူး။ ဒီကျွန်းပေါ်ကို ဝပိုကုန်းမြေက သက်ဆိုင်ရာ ရဲအဖွဲ့ဝင်တွေ ရောက်မလာစေချင်ဘူး…"

"အစပိုင်းတုန်းကတော့ ခင်ဗျားကိုယ်တိုင် "လူသစ်" ကို အသက်ရှင်နေစေချင်တယ်မဟုတ်လား"

"သူ့ကို အသက်ရှင်နေစေချင်တာ အမှန်ပါပဲ။ သူဟာ ကျွန်တော်ရဲ့အောင်မြင်ကျော်ကြားမှု နန်းတော်ကို ဝင်သွားလို့ရစေမယ့် အောင်မြင်မှု သရဖူလက်မှတ်ပဲ မဟုတ် လား။ လူသစ်ရဲ့ အသက်ရှင်သန်လာမှုကို ဖန်တီးပေးခဲ့တဲ့ အရှင်သခင်ဟာ ကျွန်တော်ပဲ။ ကျွန်တော်ရော လူသစ်ပါအောင်မြင်ထင်ရှားကျော်ကြားမှုကိုရလာကြမယ်"

ဟယ်လီကော်ပတာ အင်ဂျင်စက်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

နွယ်နီချိုက ပြတင်းပေါက်ဆီသို့သွား၍ကြည့်သည်။

"ဟယ်လီကော်ပတာပြန်လာပြီနဲ့တူတယ်…စစ်"

ဒေါက်တာထက်ခေါင်က –

"ကျွန်တော့်ကိုခင်ဗျားလွှတ်ပေးလိုက်ပါလားဗျာ"

စစ်ရန်နိုင်က အေးစက်သောအကြည့်ဖြင့် ထက် ခေါင်ကို ကြည့်လိုက်ပြီး –

"ခင်ဗျားက သိပ်ပြီးအကြံကြီးတယ်။ သိပ်ပြီးတော့ရက်စက်လွန်းတယ်။ အခွင့်အရေးရလာတာနဲ့ ကျွန်တော်တို့ အားလုံးကို တစ်ယောက်မကျန် သတ်ပစ်ဖို့ ကြံစည်ထားတဲ့ လူပဲ။ ခင်ဗျားရဲ့ မကောင်းတဲ့အကြံအစည်တွေ ထပ်ထုတ်ဖို့မကြိုးစားချင်ပါနဲ့တော့။ ခင်ဗျားရဲ့ အောင်မြင်ကျော် ကြားထင်ရှားမှုနဲ့ ဂုဏ်သိက္ခာကြီး



www.burmeseclassic.com

www.burmeseclassic.com



မြင့်မှုတွေအတွက် လူ့ခြောက်ယောက်ကို စတေးပစ်ခဲ့တယ်"

ထက်ခေါင်မျက်နှာပျက်သွားပြီး -

"ခင်ဗျား ..ခင်ဗျား။ ကျွန်တော့်ကို သက်ဆိုင်ရာ ရဲအဖွဲ့ဝင်တွေလက်ထဲအပ်လိုက်တော့မှာလား"

"ခင်ဗျားနဲ့ ထိုက်တန်တဲ့ နေရာတစ်နေရာကို သူတို့ ကပို့ပေးကြပါလိမ့်မယ်"

ထက်ခေါင်က သူ့ကိုယ်သူ နှစ်သိမ့်စကားဆိုသည်။

"နောက်ဆုံးမှာတော့ ကျွန်တော့်ရဲ့နာမည် ဒေါက်တာ "ထက်ခေါင်" ဆိုတာ နာမည်ကျော်ကြားမှုနဲ့အတူ ပေါ်ထွက်လာဦးမှာသေချာပါတယ်။ လူသားအသစ်တစ်ဦးကို ပြန်လည်ရှင်သန်နိုးထစေခဲ့ဖို့ ပြုစုစောင့်ရှောက်ကုသပေးခဲ့တဲ့ ပထမဦးဆုံး ဆရာဝန်ဒေါက်တာထက်ခေါင်ဆိုပြီး နာမည်ထင်ရှားလာဦးမှာပါ။ ဒီအချက်က လူသားတွေအားလုံးကို အမှတ်တရရှိနေစေမှာပါ"

စဝ်ရန်နိုင် အံ့ဆောက်အအုံအပြင်သို့ ထွက်လာခဲ့သည်။

ရဲစခန်းမှူးကြီးနှင့် တွေ့ဆုံ၍ ဒေါက်တာထက်ခေါင် နှင့်ပတ်သက်သည့် အဖြစ်အပျက်များကို ရှင်းလင်းပြောပြလိုက်သည်။

ရဲစခန်းမှူးကြီးက တည်ငြိမ်စွာ နားထောင်ပြီး ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

ထို့နောက်

ဒေါက်တာထက်ခေါင်ကို သံမဏိ လက်ထပ်တစ်စုံ ခတ်၍ လွှဲပြောင်းခေါ်ဆောင်သွားကြသည်။ ။





## နိဂုံးချုပ်

စဝ်ရန်နိုင်သည် သက်ဆိုင်ရာ ရဲအရာရှိများနှင့် တွေ့ဆုံ၍ အသေးစိတ်ဆွေးနွေးတိုင်ပင်ကြသည်။

"ဆတ်သွားဖုံးကျွန်းလူ့ခြောက်ယောက် အသတ်ခံရမှု" နှင့်ပတ်သက်ပြီး သက်ဆိုင်ရာက သာမန်လူသတ်မှုတစ်ခု အဖြစ်သာကိုင်တွယ် ဖြေရှင်းသွားကြမည်ဖြစ်သည်။

ဒေါက်တာထက်ခေါင် မျှော်လင့်ထားခဲ့သည့် -

ဝိညာဉ်မဲ့ ခန္ဓာကိုယ်ကို ပြန်လည်အသက်သွင်းရာမှ အောင်မြင်မှုရရှိလာခဲ့ရသည်။ အောင်မြင်မှုနှင့်ပတ်သက်၍ နာမည်ဂုဏ်သတင်း ထင်ရှားကျော်ကြားလိုမှုကို မက်မောစိတ်ဖြင့် လူသတ်မှုများ ဖြစ်ပွားပေါ်ပေါက်လာခဲ့ရသည့် အချက်ကို ဖော်ပြခြင်းမပြုကြတော့ပဲ နေလိုက်ကြမည်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် -

ကာယကံရှင် "လူသစ်" မှာ သေဆုံးသွားခဲ့ရပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သက်သေပြစရာ အချက်ဟူ၍လည်း မရှိတော့ပေ။

ဒေါက်တာထက်ခေါင်၏ဆန္ဒအတိုင်း ဖွင့်ဟဖော်ထုတ်လိုက်ခဲ့ပါက ကြီးမားရှုပ်ထွေးသော ပြဿနာရပ်များ ထပ်မံပေါ်ပေါက်လာလိမ့်မည်။

သတင်းစာနယ်ဇင်းသမားများ၊ ဉစ္စာရှပြည်နယ် ဒေသသို့ အုပ်စုလိုက် စုပြုံရောက်ရှိလာကြမည်။ ပြည်သူ လူထု ထိတ်လန့်ချောက်ချားမှုများ ဖြစ်လာနိုင်ပေသည်။ မလိုလားအပ်သော ပြဿနာရပ်များ ထပ်မံဖြစ်ပွားလာနိုင် သည်ဟု သက်ဆိုင်ရာမှ ဆုံးဖြတ်ချက်ချလိုက်သည်။

"မကောင်းဆိုးရွား မိစ္ဆာတစ္ဆေနန်းတော်" ဇာတ်လမ်း ကို သိလိုက်ရသဖြင့် ရဲစခန်းမှူးကြီးကိုယ်တိုင်ပင်လျှင် တုန် လှုပ်ချောက်ချားသွားခဲ့ရသည်။

"ဆတ်သွားဖူး" ကျွန်းပေါ်၌ ကျန်ရှိနေသေးသော ဝိညာဉ်မဲ့ ခန္ဓာကိုယ်များကို အခြားသော အေးဖွဲ့လွှန် နည်းစနစ်အသုံးပြုသည့် အသင်းများသို့ လွှဲပြောင်းပေးမည်ဟု စီစဉ်ထားကြသည်။

ဆတ်သွားဖူးကျွန်းပေါ်၌ -

သက်ရှိလူသားတစ်ဦး၊ တစ်ယောက်မျှ မကျန်ရှိတော့သော်လည်း -

"တစ္ဆေခြောက်ခေါင်"၏ဝိညာဉ်များမှာမူ....

× × × × × ×

ပြီး

ဇော်ထက်အောင်

မိုးဆမ်းပန်းစာပေ

BURMESE CLASSIC .com

www.burmeseclassic.com